www.burmeseclassic.com

NDSP

# ဦးနု

# ကျေးဇူးရှင်

BURMESE CLASSIC

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူမူပိုင် © ဒေါ်စန်းစန်းနု

ငါတို့စာပေမှ တတိယအကြိမ်အဖြစ်
၂၀၁၆၊ ဇွန်လတွင် ထုတ်ဝေသည်။
ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်တွင်
အုပ်ရေ ၁၀၀၀ ပုံနှိပ်ထုတ်ဝေသည်။

'ကျေးဇူးရှင်' စာအုပ်တွင်
ဖော်ပြထားသည်များမှ
တစ်စိတ်တစ်ပိုင်းကိုသော် လည်းကောင်း၊
အခန်းလိုက်ကိုသော် လည်းကောင်း၊
တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ
တစ်ဆင့်ပြန်လည်ကူးယူဖော်ပြခြင်းကို ခွင့်မပြု၊
မူပိုင်ခွင့်ရရှိထားသူ သို့ ထုတ်ဝေသူထံမှ
ခွင့်ပြုချက်ရမှသာ တစ်ဆင့်ဖော်ပြရန်
အသိပေးအပ်သည်။
(စာအုပ်အညွှန်းရေးသားရန်အတွက်
ခွင့်ပြုချက်တောင်းရန် မလိုပါ။)

တန်ဖိုး - ၂၀၀၀ ကျပ်

Printed in Myanmar

www.burmeseclassic.com

www.burmeseclassic.com

NDSP

# ဦးနု
# ကျေးရွာ

Like NDSP Books on facebook

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ပဏာမ ၉
နိဒါန်း ၁၁

**အခန်း ၁**
သားလိမ္မာ နဲ့ သားလိမ္မာ ၁၅

**အခန်း ၂**
သားလိမ္မာရဲ့ ပညာမဲ့ဒေါသ ၂၁

**အခန်း ၃**
ပရိတ်တရားတော်ရဲ့အကျိုး ၂၉
- ဦးကျည်ပွေ့ ၃၀
- မေတ္တသုတ် ရွတ်ရကျိုး ၃၂
- ရတနသုတ် ရွတ်ရကျိုး ၃၅
- ခန္ဓပရိတ်ဆုတ် ရွတ်ရကျိုး ၃၇
- လင်းနို့သား ငါးရာ ၃၈
- ပဥ္စဂ္ဂ ပုဏ္ဏားလင်မယား ၃၉
- အနတ္တလက္ခဏာသုတ် ရွတ်ရကျိုး ၄၁

www.burmeseclassic.com

www.burmeseclassic.com



**အခန်း ၄**


သမီးကညာ ရှယ်ရောက်လာသော် ၄၇

- ဘရိယသုတ် ၅၃
- ဥဂ္ဂဟာသုတ် ၅၅
- အကြင်လင်မယားဘဝ ရောက်ပြီးသောအခါ ၅၈
- မမြင်နိုင်သော လူ့ကံ ၆၁


**အခန်း ၅**


သားဦး ကင်ပွန်းတပ်မင်္ဂလာ ၆၅

- ဆွမ်း အနုမောဒနာ တရား ၆၆
- သုဝဏ္ဏသျှံဇာတ် ၆၈
- သိကြားမင်းစည်းစိမ် ၇၀
- အရှင် မဟာမောဂ္ဂလာန် အလောင်းအလျာ ၇၁


BURMESE CLASSIC

**အခန်း ၆**


မိဘအမွေရ သူဌေး ၇၇

- သူဌေးကတော်နှင့် သမီးသုံးယောက် ၈၃
- သမီးကြီး မြိုင်မြိုင် ၈၃
- သမီးလတ် လှိုင်လှိုင် ၁၀၃


**အခန်း ၇**


တက္ကသိုလ်က စခဲ့တဲ့ အချစ်ကြိုးမျှင် ၁၀၅


**အခန်း ၈**


လက်ထပ်မင်္ဂလာပွဲရက် ဆိုင်းခဲ့ရသောအခါ ၁၁၇


**အခန်း ၉**


ကြားလေသွေးတော့ ဝေးခဲ့ရပြီပေါ့ ၁၂၃


www.burmeseclassic.com

www.burmeseclassic.com



**အခန်း ၁၀**
မိဘရင်ခွင်မှ ချစ်သူရင်ခွင်သို့ ၁၄၁

**အခန်း ၁၁**
သမီးလိမ္မာကို ပစ်ပယ်တဲ့အဖေ ၁၅၁
- ဘုရင်လီယာပြဇာတ် ၁၅၂
- သူဌေးသမီး သောဏာ ၁၆၂

**အခန်း ၁၂**
လက်သည်အစစ်ကို မရှာနိုင်သေးမီ ၁၇၃
- အပုတ္တက သူဌေးကြီး ၁၉၉

**အခန်း ၁၃**
သမီးနဲ့ သား အိုအောင်မင်းအောင် ပေါင်းရပါစေ ၂၀၉

စာရေးသူ၏ စာပေနှင့် ဘဝဖြစ်စဉ် မှတ်တမ်း ၂၂၃
စာရေးသူ ရေးသားထုတ်ဝေခဲ့သည့် စာအုပ်များ ၂၂၇

❑

www.burmeseclassic.com

www.burmeseclassic.com

# ပဏာမ

၁။ ဗုဒ္ဓဂုဏော အနန္တော။

၂။ ဓမ္မဂုဏော အနန္တော။

၃။ သံဃဂုဏော အနန္တော။

၄။ မာတာပိတုဂုဏော အနန္တော။

၅။ အာစရိယဂုဏော အနန္တော။

၆။ ဧတေန သစ္စ ဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။

၁။ မြတ်စွာဘုရား၏ ကျေးဇူးတော် ဂုဏ်တော်တို့သည် အတိုင်းမသိ ကြီးမားတော်မူပါပေ၏။

၂။ တရားတော်မြတ်၏ ကျေးဇူးတော် ဂုဏ်တော်တို့သည် အတိုင်းမသိ ကြီးမားတော်မူပါပေ၏။

၃။ သံဃာတော်မြတ်၏ ကျေးဇူးတော် ဂုဏ်တော်တို့သည် အတိုင်းမသိ ကြီးမားတော်မူပါပေ၏။

၄။ မိဘတို့၏ ကျေးဇူးတော် ဂုဏ်တော်တို့သည် အတိုင်းမသိ ကြီးမားတော်မူပါပေ၏။

၅။ ဆရာသမားများ၏ ကျေးဇူးတော် ဂုဏ်တော်တို့သည် အတိုင်းမသိ ကြီးမားတော်မူပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



၆။ ဤသို့ မှန်သောစကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာသည် ဖြစ်ပါစေသတည်း။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတည်းဟူသော အနန္တော အနန္တ ငါးပါးကို အကျွန်ုပ်သည် အလွန် ရိုသေစွာ ခြေတော်ဦးခိုက် ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါသည်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

ကျွန်တော်ငယ်စဉ်က ကျွန်တော့်ဖခင်ဟာ ကျွန်တော့်ကို အတော်ချစ်တယ်၊ တော်တော်လည်း အလိုလိုက်တယ်၊ ဒီလိုချစ်တာ အလိုလိုက်တာတွေကို အခွင့်ကောင်းယူပြီး 'အလိုလိုက် အမိုက်စော်ကား' ဆိုတဲ့ စကားအတိုင်း ကျွန်တော်ဟာ ကျွန်တော့်ရဲ့ဖခင်ကို အတော် စော်ကားခဲ့ဖူးတယ်၊ ဖခင်ကို ကျွန်တော် ခံပြောတယ်၊ ခံအော်တယ်။ ဖခင်က မလုပ်နဲ့ ဆိုတာကိုမှ ဇွတ်တရွတ် လုပ်တယ်၊ လူသူစိမ်းတွေရှေ့မှာ ဖခင်ကို ခံပြီး ပြောရရင် ဟုတ်လှပြီလို့ထင်ပြီး လူသူစိမ်းတွေရှေ့မှာမှ ဖခင်ကို အကြိမ်ပေါင်းများစွာ ခံပြောခဲ့ဖူးတယ်။ ခံအော်ခဲ့ဖူးတယ်။ ဖခင်ကြီးဟာ သားကို ချစ်တဲ့အရှိန်နဲ့ ဒီလို အကြိမ်ကြိမ်စော်ကားတာတွေကို ဗွေမယူဘူး၊ သည်းခံခဲ့တယ်။

အတော်ကလေး လူလားမြောက်လာတဲ့အခါမှ အမိအဘရဲ့ ဂုဏ်ကျေးဇူးဟာ အတိုင်းမသိ ကြီးမားတယ်ဆိုတာကို ကျွန်တော် သဘောပေါက်တယ်။ ဒီလို သဘောပေါက်တဲ့အချိန်မှာ ငယ်ငယ်က ဖခင်ကြီးအား စော်ကားမိခဲ့တာတွေကို တွေးမိပြီး အပြစ်ကြောက်တဲ့စိတ်တွေနဲ့ ကျွန်တော် အင်မတန် တုန်လှုပ်သွားတယ်။ ဒီအပြစ်တွေက ခွင့်လွှတ်ဖို့ ဖခင်ကြီး အနိစ္စ မရောက်ခင်က ကန်တော့ပြီး တောင်းပန်လိုက်ရတဲ့အတွက် ကျွန်တော့်စိတ်ထဲမှာ အတော် သက်သာရာ ရသွားတယ်။ ဖခင်ကြီး အနိစ္စရောက်ပြီးမှသာ သံဝေဂ ရမယ်ဆိုရင် ကျွန်တော့်အတွက် အင်မတန်ခက်မယ်။

အမိအဘတို့ရဲ့ ဂုဏ်ကျေးဇူးဟာ ဘယ်လောက်ကြီးတယ်ဆိုတာ မသိတဲ့အတွက် ကျွန်တော် ငယ်ငယ်တုန်းက ဖခင်ကြီးကို စော်ကားခဲ့ဖူးသလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ရဲ့ အမိကိုသော်လည်းကောင်း၊ အဘကိုလည်းကောင်း၊ အမိအဘနှစ်ဦးစလုံးကိုသော်လည်းကောင်း စော်ကားနေတဲ့ လူငယ်တွေ အတော်များများ ရှိကြပါလိမ့်မယ်။

အမိကိုလည်းကောင်း၊ အဘကိုလည်းကောင်း စော်ကားနေကြတဲ့ သားသမီးတွေထဲမှာ အနည်းဆုံး တစ်ယောက်တည်းဖြစ်ဖြစ် ဒီဝတ္ထုကိုဖတ်ပြီး သူစော်ကားနေတဲ့ အမိအဘတွေအပေါ်မှာ ရိုသေကိုင်းရှိုင်းတဲ့စိတ်တွေ ပေါ်ပေါက်လာမယ်ဆိုရင် ဒီဝတ္ထုကို ကျွန်တော် ရေးရကျိုးနပ်ပါပြီ။

ဒီဝတ္ထုရဲ့ ပထမခန်းမှာ ဖော်ပြထားတဲ့ အဖြစ်အပျက်ဟာ တကယ့်အဖြစ်အပျက်တစ်ခုအပေါ်မှာ မှီပြီး ဖော်ပြထားကာ ဖြစ်တယ်။

အနှစ် ၃၀ ကျော်လောက်က ကျွန်တော် မြို့တစ်မြို့ကို ရောက်သွားတယ်။ အဲဒီမှာ မိတ်ဆွေကြီးတစ်ဦးနဲ့ စကားပြောနေရင်း မိဘကို စော်ကားရင် ချက်ချင်း ဘေးတွေ့တတ်တဲ့အကြောင်းကို ရောက်သွားတယ်။ အဲဒါနဲ့ သူတို့မြို့ကို အညာက ပြောင်းပြေးလာကြတဲ့ သူနဲ့ ဆွေရိပ်မျိုးရိပ်မကင်းထဲက သားအမိသုံးဦး အကြောင်းကို သူက ပြောပြတယ်။

သားအကြီးဟာ သိပ်ဆိုးတယ်၊ အမေ မုဆိုးမကြီးမုန့်လည်ရောင်းလို့ ရတဲ့ပိုက်ဆံကို ခဏခဏလုပြီး ဖဲရိုက် အရက်သောက်ပစ်တယ်။ တစ်နေ့မှာ ဒီလို ပိုက်ဆံလုရာက သံတုတ်နဲ့ရိုက်လိုက်တာ အမေ လက်ကျိုးသွားတယ်။ ညီလည်း အနားမှာရှိတယ်။ ဒါပေမယ့် အစ်ကိုကြီးကို ကြောက်ပြီး ဘာမှ ပြန်မပြောရဲဘူး။ ညသန်းခေါင်လောက်ကျတော့ အစ်ကိုကြီးရဲ့ခေါင်းကို ညီက တအား ရိုက်တယ်။ အစ်ကိုကြီးက ကုန်းအထ ခေါင်းရင်းက ထရံမှာ ထိုးထားတဲ့ ထန်းလှီးဓားနဲ့ ညီက အစ်ကိုကြီးရဲ့လည်ကို လှီးတယ်။ နောက်ပြီးတော့ အစ်ကိုကြီးရဲ့ကိုယ်ကို မြစ်လယ်ကောင်မှာ သွားမြှုပ်ပစ်တယ်။ နောက်ပြီးတော့မှ သားအမိနှစ်ယောက် ခုနကပြောတဲ့ ကျွန်တော့်မိတ်ဆွေကြီးဆီကို ထွက်ပြေးလာခဲ့ကြတယ်။

နောက်ပြီးတော့လည်း

အနှစ် ငါးဆယ်ကျော်လောက်က ဝါးခယ်မက ပုဂ္ဂိုလ်တစ်ဦးက စိန်လယ်ဂျာထီကို ဒုတိယ ပေါက်ဖူးတယ်။ ဒုတိယပေါက်ပုံကလည်း အတော်ထူးဆန်းတယ်။ ဟိုတုန်းက စိန်လယ်ဂျာထီဖွင့်ပုံက အခု သိန်းထီဖွင့်ပုံမျိုး မဟုတ်ဘူး။ ပထမ၊ ဒုတိယ၊ တတိယ ဆုတွေပေးပြီး ဆုပေါင်းအားလုံး

www.burmeseclassic.com

www.burmeseclassic.com



၁၅ ဆု ရှိတယ်ဆိုရင် ပေါက်ဂဏန်း ၁၅ခုကို ရှေးဦးမှာ မဲချပြီး ဆွဲထုတ်လိုက်တယ်။ အဲဒီ ပေါက်ဂဏန်းရတော့မှ စိန်လယ်ဂျာဖလားပွဲမှာ ပြေးမယ့်မြင်း ၁၅ ကောင်ကို ဒီနံပါတ်တွေ မဲချပြီး ပေးလိုက်တယ်။ ဒီဖလားပွဲမှာပထမရဖို့ သေချာတဲ့မြင်းကို စီးရမယ့် ဂျော်ကီက သူ့မြင်းကို ကျတဲ့ဂဏန်းရဲ့ထီလက်မှတ်ပိုင်ရှင်ကိုသွားပြီး ပထမရရင် သူ့ကို တစ်ဝက်ပေးဖို့ ပြောတယ်။ ပထမဆုဟာ တစ်သိန်းလောက် ရှိလိမ့်မယ်။ အဲဒီတော့ ထီလက်မှတ်ပိုင်ရှင်က မပေးနိုင်ဘူးလို့ ငြင်းလိုက်တယ်။ အဲဒါနဲ့ မြင်းပွဲကျတော့ ဂျော်ကီဟာ မြင်းကိုကောင်းကောင်း မစီးဘူး။ ကိုးရိုးကားရား လုပ်တာပါပဲ။ အဲဒီမြင်းဟာ လမ်းတစ်ဝက်ကျတော့ မပြေးဘဲ ပတတ်ရပ်လိုက်တယ်။ သူ့နောက်က ကပ်လိုက်လာတဲ့ မြင်းတွေလည်း လန့်ပြီး အရှိန်ပျက်ကုန်ကြတယ်။ အဲဒီတော့မှ နောက်ဆုံးက လိုက်လာတဲ့မြင်းနှစ်ကောင်ထဲက တစ်ကောင်က ပထမရသွားတယ်။ နောက်တစ်ကောင်က ဒုတိယရပြီး ဝါးခယ်မက ပုဂ္ဂိုလ်ဟာ စိန်လယ်ဂျာထီမှာ မမျှော်လင့်ဘဲ ဒုတိယဆု ပေါက်သွားတာပါပဲ။ ကံအကျိုးပေးပုံက အတော်ထူးဆန်းတယ်။ အဲဒီအဖြစ်အပျက်ကလေးကိုလည်း ပထမအခန်းမှာ ဆီလျော်အောင် ထည့်ထားလိုက်တယ်။ ကျွန်တော်လည်း အချိန်ရသည်နှင့် …

၁။ ကာမတဏှာ

၂။ ငရဲဆို ချိုနဲ့လားဗျို့

၃။ ကျေးရွာရှင်

ဆိုတဲ့ ဝတ္ထုသုံးပုဒ်ကို ယခု ဖော်ပြထားတဲ့ အစီအစဉ်အတိုင်း ရေးပြီးခဲ့တယ်။ ဝတ္ထုများကို ရေးတဲ့နေရာမှာ မိသားစုအား ပုံပြောသလို ရေးသားခဲ့ပါတယ်။

မောင်နု

၁၃၂၆ ခု၊ နယုန်လဆန်း ၁၃ ရက်။

၂၃၊ ၅၊ ၁၉၆၄။

www.burmeseclassic.com

www.burmeseclassic.com

မမြရီ၊ မိစန်းတို့၊ ဖိုးထိုက် တို့၊ မောင်အောင်တို့၊ သန်းသန်းတို့၊ ချိုချိုတို့ လာကြဦးဟေ့။ 'ကျေးစူးရှင်' ဆိုတဲ့ ပုံတစ်ပုံကို ထပ်ပြီးပြောဦးမယ်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁

## သားလိမ္မာနဲ့ သားလိမ္မာ

ဝါးခယ်မမြစ်ဟာ အရှေ့က အနောက်ကို စီးနေတယ်။ အဲဒီမြစ်ရဲ့ လက်ဝဲဘက်မှာ ဝါးခယ်မရှိတယ်။ လက်ယာဘက်ရဲ့ အရှေ့ဖျားမှာ ထော်ကန္တတ်၊ ထော်ကန္တတ်ရဲ့ အောက်နားဆီမှာ တရုတ်စု၊ အလယ်ပိုင်းမှာ ရွာသစ်၊ အနောက်ဖျားမှာ သော်ကဆိုတဲ့ ရွာကြီး လေးရွာရှိတယ်။

ရွာသစ်ရဲ့အနောက်ဘက် အစွန်မှာ မုဆိုးမ မညွှာ၊ သားကြီး ဘိုးလုံး၊ သားငယ် ဘိုးသုံတို့ဟာ ဓနိမိုး ဓနိကာ တဲကလေးတစ်လုံးနဲ့ နေကြတယ်။ ဘိုးလုံး၊ ဘိုးသုံတို့အဖေ ကိုသော့ဟာ ရွာသစ်က ဦးဘိုးဗျော့ရဲ့ လှေစင်မှာ လှေဆွဲတယ်။ သူ အနိစ္စရောက်တော့ ဘိုးလုံးဟာ ၁၂ နှစ်၊ ဘိုးသုံ ၉ နှစ်သား ရှိသေးတယ်။ ကိုသော့ အနိစ္စရောက်တာ ၁၁ နှစ် ရှိသွားပြီဆိုတော့ ဘိုးလုံးရဲ့အသက်ဟာ ၂၃နှစ်၊ ဘိုးသုံရဲ့ အသက်ဟာ ၂၀ ရှိသွားပြီ။

ကိုသော့ ဆုံးတုန်းက မညွှာရဲ့အသက်ဟာ ၄၀ ကျော်ကျော်ကလေးပဲ ရှိသေးတယ်။ နောက်အိမ်ထောင်ပြုဖို့ အရွယ်ကောင်းတုန်းပေ့ါ။ ဒါပေမယ့် သားကလေးနှစ်ယောက်ကို ပထွေးနှိပ်စက်မှာ မကြည့်ရက်တာနဲ့ သုံးလေးဦး လာပြီး နားဖောက်ပေမယ့် မညွှာဟာ သူ့ရာဂစိတ်ကို အရှုံးမပေးဘဲ နိုင်အောင် ထိန်းလာခဲ့တယ်။ အငြိမ်မနေတတ်တဲ့ မညွှာ လင်ရှိကတည်းက လင့်လုပ်စာကို ထိုင်မစားဘဲ မနက်တိုင်း ရွာထဲမှာ မုန့်ဟင်းခါး လျှောက်ရောင်းပြီး ရသမျှ ငွေပို ငွေလျှံကလေးကို တုံးလုံးစာအတွက် ကျစ်ကျစ်ပါအောင် စုလာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



လင်သေတဲ့အခါ သားနှစ်ယောက်ကို ကြီးပြင်းလာအောင် ကျွေးမွေးဖို့ တာဝန်ဟာ သူ့အပေါ်မှာ လုံးလုံးကျနေတဲ့အတွက် မနက်ဘက်မှာ မုန့်ဟင်းခါး ရောင်းရုံသာမကတော့ဘူး၊ ညနေဘက်မှာလည်း အေးမုန့်ကိုပါ ထွက်ရောင်းပြီး ရှိသမျှကလေးနဲ့ သားနှစ်ယောက်ကို လူလားမြောက်အောင် ကျွေးမွေးလာ ခဲ့တယ်။

သားနှစ်ယောက် ရှိတဲ့အထဲက အကြီး ဘိုးလုံးဟာ ဆိုးချင်တယ်။ ငယ်ငယ်တုန်းကဆိုရင် အမေ ဈေးရောင်းသွားတဲ့အခါ အစ်ကိုကြီးဘိုးလုံးဟာ ညီလေး ဘိုးသုံကို သိပ်သိပ်ရိုက်တာပဲ။ အဲဒီလို ရိုက်ပြီးတော့မှ အမေပြန်လာလို့ သူရိုက်တာကို ပြန်တိုင်ရင် လည်ပင်းကို ဓားနဲ့လှီးသတ်မယ်လို့ နောက်ဖေးက သားလှီးဓားကိုပြပြီး အစ်ကိုကြီး ဘိုးလုံးက ညီလေး ဘိုးသုံကို ခြောက်ထား တယ်။ ဒါကြောင့် ဘိုးသုံဟာ ဘိုးလုံးနှိပ်စက်တာကို ကြိတ်ပြီး ခံခဲ့ရတယ်။ အမေကို ပြန်မတိုင်ရဲဘူး။

အဲဒီလို ငယ်ငယ်ကတည်းက ကြောက်ခဲ့ရတဲ့ အရှိန်ကြောင့် ဘိုးသုံ ဟာ အရွယ်ရောက်လာတဲ့တိုင်အောင် အစ်ကိုကြီး ဘိုးလုံးကို ဖိန့်ဖိန့်တုန်နေ အောင် ကြောက်နေတုန်းပဲ။ ဘိုးလုံးရှိတဲ့နေရာမှာဆိုရင် ဘိုးသုံဟာ အသက် တောင် ပြင်းပြင်းမရှူဝံ့ဘူး။

သူတို့အဖေ ကိုသော့ ဆုံးပြီးလို့ သုံးနှစ်လောက်ကြာတဲ့အခါ ကိုသော့နဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့ ဝါးခယ်မအရှေ့ပိုင်း သုခဗလဆန်စက်မှာ စက်ဆရာ လုပ်နေတဲ့ ကိုချင်းကိုယ်တိုင် လာခေါ်တာနဲ့ မညွာဟာ သားနှစ်ယောက်ကို စက်ဆရာအလုပ် သင်ရအောင် ထည့်လိုက်တယ်။

ညီလေးဘိုးသုံကသာ စက်ဆရာအလုပ်ကို ကြိုးစားသင်တယ်။ အစ်ကိုကြီး ဘိုးလုံးကတော့ စက်နောက်ဖေးက ဖဲဝိုင်းတို့၊ မျောက်ပန်းဝိုင်း တို့မှာပဲ အချိန်ကုန်နေတာနဲ့ ဦးလေးဦးချင်းက သုံးလလောက်ကြာတဲ့အခါ ဘိုးလုံးကို သူ့အမေဆီ ပြန်ပို့လိုက်တယ်။ နောက် ခြောက်နှစ်လောက် ကြာတဲ့အခါ ဘိုးသုံဟာ စက်ဆရာအတတ်ကို အတော်တတ်သွားပြီ။

တစ်နေ့ကျတော့ ရွာသစ်နားက ချစ်တီးဆန်စက်မှာ စက်ဆရာလုပ်တဲ့ သူ့သူငယ်ချင်း ကိုရွှေ လာခေါ်တာနဲ့ ဦးလေးချင်းဆီမှာ ခွင့်တောင်းပြီး ဘိုးသုံ ဟာ ချစ်တီးဆန်စက်မှာ ဒုတိယစက်ဆရာအဖြစ်နဲ့ အလုပ်လက်ခံလိုက်တယ်။ တစ်လ လေးဆယ်ကျပ်ရတယ်။ အစ်ကိုကြီးဘိုးလုံးကတော့ ဘာအတတ်မှ

www.burmeseclassic.com

www.burmeseclassic.com



မတတ်ဘူး။ မုဆိုးမ အမေကြီးရှာစာကို ထိုင်စားပြီး ရွာသစ်ရွာထဲက အရက်ဝိုင်း၊ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ မျောက်ပန်းဝိုင်းတွေမှာပဲ တစ်နေ့တစ်နေ့ အချိန်ကုန်ရင်း ကြီးပြင်းလာခဲ့ရတာပဲ။

သူ့အမေဟာ နောက်အိမ်ထောင်မပြုဘဲ ကိုယ့်ဒူးကိုယ်ချွန်ပြီး သူတို့ ညီအစ်ကိုနှစ်ယောက် ကြီးပြင်းလာအောင် မွေးကျွေးခဲ့တာကို တွေးမိတိုင်း ဘိုးသံ့ဟာ သူ့အမေကို သိပ်ပြီး ကျေးဇူးတင်တယ်။ အဲဒါကြောင့် သူ့အမေ ရှိသရွေ့ သူလည်း အိမ်ထောင်မပြုဘဲ သူ့အမေကို တတ်အားသရွေ့ လုပ်ကျွေးပြုစုမယ်လို့ ဘိုးသံ့ဟာ သန္နိဋ္ဌာန်အရ သူရတဲ့လခ လေးဆယ်ကျပ်ကို တစ်ပြားတစ်ချပ်မှ မဖြုတ်ဘဲ ရသမျှ သူ့အမေကို အားလုံး အပ်တယ်။ အဲဒီလိုအပ်ပြီးတော့မှ လက်ဖက်ရည်ဖိုး တစ်နေ့ကို တစ်ပဲ တစ်ပဲ ပြန်ပြီး တောင်းတယ်။ အဝတ်အစားဆိုရင်လည်း ဘိုးသံ့ဟာ ဘာမှ ဇီဇာမကျယ်ဘူး။ သူ့အမေ ဝယ်ပေးတာကိုပဲ ဝတ်တယ်။

အစ်ကိုကြီး ဘိုးလုံးကတော့ ဒီလို မဟုတ်ပါဘူး။ သူ့မှာ မည်မည်ရရ အလုပ်တော့မရှိဘူး။ တစ်ခါတစ်ခါ အရက်ခိုးချက်တာက ငွေနည်းနည်းပါးပါး ရတယ်။ ဖဲဝိုင်းကလည်း နည်းနည်းပါးပါး ရတယ်။ အဲဒီရတဲ့ငွေ သူ့အမေကို တစ်ပြားတစ်ချပ်မှ မအပ်တဲ့အပြင် ဖဲရှုံးလာတဲ့အခါ သူ့အမေဆီက ပိုက်ဆံ ပြန်တောင်းသေးတယ်။ အမေ မညာဟာ သားကြီးရဲ့ရန်ကို ကြောက်တာနဲ့ နောက်တစ်နေ့ ဈေးရောင်းဖို့ အရင်းကလေးလောက်ကိုသာ ချန်ထားပြီး တခြား ရှိစုမဲ့စုကလေးကို အိမ်နီးနားချင်းဖြစ်တဲ့ ဘောက်တူဆရာ ဦးချက်ဖူးဆီမှာ အပ်ထားရတယ်။

ဘိုးလုံးဟာ သူတောင်းတဲ့ပိုက်ဆံကို အေးအေးဆေးဆေးရရင် ရတာ ကိုယူပြီး ဖဲဝိုင်းထွက်သွားတာပဲ။ တောင်းတာမရရင်တော့ တစ်အိမ်လုံး ပြောင်းဆန်နေအောင် သူ့အမေဝှက်ထားတဲ့ ပိုက်ဆံကို လိုက်ရှာတာပဲ။ ဝှက်ထားတဲ့ပိုက်ဆံကို တွေ့ခါနီးတဲ့အခါ အမေကလည်း သားကို အတင်းဆွဲ၊ သားကလည်း ပိုက်ဆံယူရအောင် အတင်းရုန်း၊ ရုန်းလို့မရရင် အမေကို အတင်း တွန်းလား၊ ထိုးလား၊ ရိုက်လား နှက်လားလုပ်ပြီး တွေ့သမျှ ပိုက်ဆံကို အကုန် ယူသွားတာပဲ။ အမေလည်း ဘာမှ မတတ်နိုင်ဘူး။ မျက်ရည်နဲ့မျက်ခွက် ဖြစ်ပြီး ကျန်ရစ်ခဲ့ရရှာတယ်။

သားငယ်ဘိုးသံ့ဟာ သူ့အမေ ဒီလို အစော်ကားခံရပြီး မျက်ရည်ကျရ

www.burmeseclassic.com



ရှာတာကို မကြည့်ရက်ဘူး။ ဒီလို မကြည့်ရက်တဲ့အတွက် ဝင်ပြောဖို့ဆိုတာကလည်း သူက ငယ်ကြောက်ဆိုတော့ သူ့အတွက် ခက်တယ်။ ဒါပေမယ့် သူ့အမေ ဒီလို မျက်ရည်ကျရတာကို သူ မခံနိုင်ဘူး။ အဲဒါကြောင့် တစ်နေ့ကျရင်တော့ ဘာပဲဖြစ်ဖြစ် သူ ဝင်ပြောမှပဲလို့ ဘိုးသုံဟာ သန္နိဋ္ဌာန်ချထားတယ်။

ဘိုးသုံဟာ ညစာထမင်းစားပြီးရင် အိမ်နားက ဘောက်တူဆရာ ဦးချက်ဖူးဆီကို ခဏတဖြုတ်လောက် အလည်သွားလေ့ရှိတယ်။ ဘိုးသုံဟာ ဦးချက်ဖူးကို ချစ်လည်း ချစ်တယ်၊ ကြည်လည်း ကြည်ညိုတယ်။ ဘိုးသုံဟာ ဆေးလိပ်မသောက်၊ ကွမ်း မစားဘူး။ ဦးချက်ဖူးလည်း ဆေးလိပ် မသောက်၊ ကွမ်း မစားဘူး။ ဘိုးသုံဟာ အရက်မသောက်ဘူး။ အလောင်းကစား အကစား မရှိဘူး။ ဦးချက်ဖူးလည်း အရက်မသောက်ဘူး၊ အလောင်းစား အကစားမရှိဘူး။

ဘိုးသုံဟာ သူ့အမေကို ချစ်တယ်။ ဦးချက်ဖူးလည်း အသက်ရှစ်ဆယ်လောက်ရှိတဲ့ သူ့အမေကို ချစ်တယ်။ ဒီလိုတူတဲ့အချက်တွေကြောင့် ဘိုးသုံဟာ ဦးချက်ဖူးကို ချစ်တယ်။

ဘိုးသုံဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ပေမယ့် ဘုရားအကြောင်း၊ တရားအကြောင်း၊ သံဃာအကြောင်း ကောင်းကောင်းမသိရှာဘူး။ ဦးချက်ဖူးဆီကို ဘိုးသုံ အလည်သွားတိုင်း ဦးချက်ဖူးက တို့ဘုရားက ဘယ်လိုဘုရားမျိုးကွ၊ တရားတော်က ဘယ်လိုတရားတော်ကွ၊ သံဃာတော်က ဘယ်လိုသံဃာတော်ကွ စသည်ဖြင့် ပြောပြတယ်။

နောက်ပြီးတော့လည်း ဘိုးသုံဟာ အမေကို ချစ်တယ်ဆိုပေမယ့် အမေရှိသရွေ့ သူ အိမ်ထောင်မပြုဘဲ လုပ်ကျွေးမယ်ဆိုတာလောက်၊ ရတဲ့လခကို အကုန်အပ်တာလောက်ပဲ ရှိတယ်။ အမေကို ဘယ်လို ခြေဆုပ်လက်နယ် လုပ်ကျွေးပြုစုရမယ်ဆိုတာ သူ နားမလည်သေးဘူး။

ဦးချက်ဖူးကတော့ ဒီလို မဟုတ်ဘူး။ ဘာအလုပ်ကြီးပဲရှိရှိ အသက်ရှစ်ဆယ်လောက်ရှိတဲ့ မျက်မမြင် အမေအိုကြီး ရေချိုးချိန်ကျရင် သူကိုယ်တိုင် ရေလာချိုးပေးတယ်။ ရေကိုလည်း ဘယ်သူ့မှ မခပ်ရဘူး။ ဦးချက်ဖူးကိုယ်တိုင် ကမ်းနားမှာ ဆင်းခပ်တယ်။ အမေရဲ့ထဘီ အင်္ကျီ အဝတ်အစားမှန်သမျှကို ဦးချက်ဖူးကိုယ်တိုင် ဖွပ်တယ်။ အမေလိမ်းဖို့သနပ်ခါးကို သူကိုယ်တိုင် သွေးပေးတယ်။ အမေကြီးဟာ ထမင်းကို ယူမစားနိုင်ဘူး။ အဲဒါကြောင့် ဦးချက်ဖူးကိုယ်တိုင် ခွံ့ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးချက်ဖူးမှာ မြတင့်နဲ့ မြဆင့်ဆိုတဲ့ သမီးနှစ်ယောက်ရှိတယ်။

သူတို့က 'ဖေဖေ၊ ဘွားဘွားကို သမီးတို့ပြုစုပါ့မယ်၊ ဖေဖေ ပြုစုတာ ထက် မညံ့စေရပါဘူး'လို့ ပြောပါသေးတယ်။

ဒါပေမယ့် 'နင်တို့ ကျေးဇူးသိတတ်ရင် ငါ့ကို ပြုစုကြ၊ အဖေအမေ ဆိုတာ အသက်ရှင်တုန်းသာ သားသမီးတွေက ကျေးဇူးဆပ်နိုင်သော၊ သေသွား ရင် အဖေစား အမေစား ရနိုင်တာ မဟုတ်ဘူး၊ ဒါကြောင့် ငါ့အမေကို ငါပဲ ပြုစုမယ်၊ ဘယ်သူမှ မပြုစုရဘူး' လို့ ဦးချက်ဖူးက သမီးနှစ်ယောက်ကို ပြန်ပြောတယ်။

ညဘက်ကျရင်လည်း အမေကြီးက ရှစ်နာရီလောက်မှာ အိပ်တတ် တယ်။ မအိပ်ခင် ဦးချက်ဖူးဟာ အမေကို နာရီဝက်လောက် နှိပ်ပေးတယ်။

ပြီးတော့မှ 'အမေ ရှိရှိသေသေနာနော်' လို့ ပြောပြီး ညတိုင်း သူရွတ်နေကျ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်တွေကို ရွတ်တယ်။

အမေကြီးဟာ သူငယ်ပြန်နေတဲ့အတွက် တစ်ခါတစ်ခါ တွေ့ကရာ တွေကို ပြောချင် ပြောနေတယ်။ အနေအထိုင်မှာလည်း နေချင်သလို နေ၊ ထိုင်ချင်သလို ထိုင်တယ်။ အဲဒါကို 'အမေကလည်း' လို့ ဦးချက်ဖူးဟာ တစ်ခါမှ မအော်ဖူးဘူး။ သူ့အမေကိုကြည့်ပြီး 'တို့လည်း ဒီအရွယ်အထိနေရရင် ဒီလိုနေမှာပဲ'လို့သာ သံဝေဂရတယ်။

ဦးချက်ဖူးဟာ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်လေ့ရှိတယ်။ အကယ်၍ အလုပ်အရေးကြီးတာကြောင့် ဥပုသ်နေ့မှာ အလုပ်လုပ်ရင် ဘာပဲဖြစ်နေနေ တစ်လမှာ အနည်းဆုံး လေးရက်ထက်မနည်း ဥပုသ်စောင့်တယ်။ ညဘက်မှာ ပုတီးမှန်မှန်စိပ်တယ်။ အလှူအတန်းမှာလည်း တွန့်တိုခြင်းမရှိဘူး။ အဲဒီလို ဦးချက်ဖူးဟာ ရတနာသုံးပါးကို ကိုင်းရှိုင်းတဲ့နေရာမှာရော၊ လောကုတ္တရာ ဗဟုသုတရှိတဲ့နေရာမှာရော မိခင်ကို ပြုစုတဲ့နေရာမှာရော သူ့ထက်သာတဲ့ အတွက် ဘိုးသုံဟာ ဦးချက်ဖူးကို ကြည်ညိုတယ်။

ဘိုးသုံဟာ ဦးချက်ဖူးဆီက အတုရပြီး သူ့အမေ မညာကို ကမ်းနား ရေမချိုးစေတော့ဘူး။ စဉ့်အိုးတစ်လုံးဝယ်ပြီး သူ အလုပ်မသွားခင်ဖြစ်ဖြစ်၊ အလုပ်က ပြန်လာတဲ့အခါ ဖြစ်ဖြစ် သူ့အမေချိုးဖို့ သူကိုယ်တိုင် ရေခပ်ထည့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့အမေ အဝတ်အစားတွေကိုလည်း သူကိုယ်တိုင် ဖွပ်တယ်။ မနက်ဘက်မှာတော့ သူ့အမေကို ပြုစုဖို့အချိန်မရဘူး။ ငါးနာရီလောက် အိပ်ရာကထ ထမင်းချက်၊ ညဘက်ကချက်ထားတဲ့ ဟင်းကလေးနဲ့ ထမင်းစားပြီး ခြောက်နာရီလောက်မှာ အလုပ်သွားရတယ်။

သူ့အမေ မညွှာကလည်း ခြောက်နာရီလောက်မှာပဲ မုန့်ဟင်းခါး အရောင်းထွက်တယ်။ 'ဒီမုန့်ဟင်းခါးကို မရောင်းပါနဲ့တော့၊ သူရတဲ့ လခနဲ့ပဲ ထိုင်စားပါ' လို့ အမေ့ကို ပြောလို့မရဘူး။ သားက ဒီလိုပြောတိုင်း 'မင်းဘာဖြစ်မယ်၊ ငါဘာဖြစ်မယ်ဆိုတာ မပြောနိုင်ဘူး၊ တစ်ခုခုဖြစ်လို့ တို့အလုပ်မလုပ်နိုင်ရင် တို့မှာ ထိုင်စားစရာ ငွေထုပ်ကြီး မရှိဘူး၊ အဲဒီတော့ အလုပ်လုပ်နိုင်တုန်း ကြိုးစားပြီး လုပ်ရမယ်' လို့ အမေက သားကို ပြန်ပြောလေ့ရှိတယ်။

ဘိုးသုံ့ဟာ အမေကို ပြုစုဖို့ မနက်ဘက်မှာ အချိန်မရတာကြောင့် ညဘက်ကျတော့မှပဲ အမေကို နှိပ်နင်းပေးတယ်။

'လူကလေးရယ်၊ အမေ မညောင်းပါဘူး၊ ကလေးလည်း တစ်နေ့လုံး စက်ထဲမှာ အလုပ်လုပ်လာရတာ၊ မောနေမှာပေါ့၊ သွားအိပ်တော့' လို့ ပြောပေမယ့် မရဘူး။

ဦးချက်ဖူးလိုပဲ သူ့အမေ မအိပ်ခင် ညတိုင်း မှန်မှန်နှိပ်ပေးပြီးမှ ဘိုးသုံ့ အိပ်တယ်။ ဘိုးသုံ့ဟာ ဦးချက်ဖူးလို သူ့အမေကို ပရိတ်ရွတ်ပြချင်တယ်။

ဒါပေမယ့် ပါဠိကို အလွတ်ရွတ်ဖို့ မပြောထားနဲ့ ကောင်းကောင်းတောင် ပီပီသသ မဖတ်နိုင်သေးတဲ့အတွက် 'ပရိတ်မှန်မှန်ရွတ်ဖို့ ကိစ္စကို ဘယ်လိုများ လုပ်ရပါ့မလဲ' လို့ သူ့စိတ်ထဲမှာ ဝေခွဲလို့ မရလောက်အောင် ဖြစ်နေတယ်။

❑

www.burmeseclassic.com

# အခန်း ၂

## သားလိမ္မာရဲ့ ပညာမဲ့ဒေါသ

အဲဒီလို နေလာလိုက်ကြတာ တစ်နေ့ကျတော့ အစ်ကိုကြီးဘိုးလုံးဟာ ဘိုးသုံ အလုပ်လုပ်နေတဲ့ဆန်စက်ကို လိုက်လာတယ်။ အဲဒီနေ့ဟာ အင်္ဂလိပ် လဆန်း တစ်ရက်နေ့ဆိုတော့ သူ့ညီဘိုးသုံဟာ လခထုတ်ရမယ်ဆိုတာ ဘိုးလုံး သိတယ်။ သူ့မှာ ဖဲရှုံးနေတဲ့အတွက် ညီဘိုးသုံဆီက ငွေတစ်ဆယ်လောက် တောင်းရအောင် ဘိုးလုံး စက်ကို လိုက်လာတာဖြစ်တယ်။ ဘိုးလုံး ရောက်တဲ့ အခါမှာ ဘိုးသုံဟာ လခထုတ်ပြီးခါစပဲ ရှိသေးတယ်။

ဘိုးလုံးက…

"အစ်ကို့ကို ငွေတစ်ဆယ်ချေးပါ၊ နောက်တစ်ခါ အရက်ချက်ပြီးရင် ပြန်ပေးပါ့မယ်"

လို့ ဘိုးသုံဆီမှာ ချေးတယ်။

ဘိုးသုံလည်း ကြောက်ကြောက်နဲ့ပဲ…

"အစ်ကိုကြီးရယ်၊ ကျွန်တော် လခရတဲ့နေ့ကစပြီး ဒီကနေ့အထိ ရသမျှလခကို တစ်ပြားတစ်ချပ်မှ မဖြုတ်ဘူး၊ အမေ့ကို အကုန်အပ်တာပဲ၊ အစ်ကိုကြီးလည်း သိသားပဲ၊ အဲဒီတော့ ဒီအစဉ်အလာကို ကျွန်တော် မပျက် ရစေနဲ့၊ အမေ့လက်ထဲကို လခအကုန်ထည့်ပါရစေ၊ အမေ့လက်ထဲရောက်ပြီး တော့မှ အစ်ကိုကြီး လိုချင်သလောက် အမေ့ဆီက တောင်းယူပါ၊ ကျွန်တော် ဘာမှ မပြောပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ညီဘိုးသုံက ဘိုးလုံးကို ပြောတယ်။

ဘိုးလုံးကလည်း...

"မင်းငွေကို ငါ အလကားမယူပါဘူးကွ၊ ငါ အရက် ချက်ပြီးရင် ပြန်ပေးမှာပဲ"

လို့ သုံးလေးကြိမ် ထပ်ပြောတယ်။

ဒီလိုပြောတိုင်း ဘိုးသုံကလည်း...

"ဒီငွေ အမေ့လက်ထဲရောက်တော့မှ အစ်ကိုကြီး လိုချင်သလောက် တောင်းယူပါ၊ ကျွန်တော် အစဉ်အလာ မဖျက်ချင်ဘူး"

လို့ပဲ ပြန်ဖြေတယ်။

တအောင့်လောက်ကြာတဲ့အခါ ဘိုးလုံးဟာ စိတ်ဆိုးလာပြီး...

"မအေ-က စက်ဆရာကလေးဖြစ်တာနဲ့ လူပါးဝလာတယ်၊ မင်း ထမင်းကောင်းကောင်းစားထား၊ မင်းဟာ ခေါင်းတခြား ကိုယ်တခြား ဖြစ်သွား အောင်ကို ငါ လုပ်ပြမယ်၊ စောင့်ကြည့်ပါ"

လို့ ဆဲဆိုပြီး ထွက်သွားတယ်။

ဘိုးသုံ အိမ်ပြန်ရောက်တဲ့အခါ ဘိုးလုံးဟာ သူ့အိပ်ရာပေါ်မှာ လက်နှစ်ဖက်ကို နောက်ပစ်ပြီး လှဲနေတာကို တွေ့ရတယ်။ ဘိုးသုံလည်း ဘိုးလုံးကို ခဏကလေး လှမ်းကြည့်ပြီး သူ့အမေလက်ထဲကို အပ်နေကျအတိုင်း သူ့လခ လေးဆယ်ကို အပ်လိုက်တယ်။

ဘိုးလုံးလည်း အိပ်ရာပေါ်မှာ လှဲနေရာက သူ့အမေဆီကို ထလာပြီး..

"ကျွန်တော့်ကို ငွေတစ်ဆယ်ပေးပါ၊ မကြာခင် ကျွန်တော် ပြန်ပေးမယ်"

လို့ သူ့အမေဆီမှာ တောင်းတယ်။

သူ့အမေကလည်း...

"မပေးနိုင်ဘူး၊ မင်းအလုပ်လည်း ကောင်းကောင်း လုပ်တာ မဟုတ်ဘူး၊ ငါ့ဆီက ယူသွားသမျှ ပိုက်ဆံတွေကို အလကား အရက်သောက် ဖဲရိုက်ပစ်တာပဲ၊ မပေးဘူး"

လို့ ပြန်ပြောတယ်။

ဘိုးလုံးကလည်း...

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားငွေကို ကျွန်တော် ပြန်ပေးမယ်၊ ငွေတစ်ဆယ်ပေးပါ"

လို့ ထပ်ပြောတယ်။

အမေကလည်း…

"မပေးဘူး"

လို့ပဲ ပြောပြီး ဒီငွေလေးဆယ်ကို ခါတိုင်းလိုပဲ ဦးချက်ဖူးဆီမှာ အပ်ရအောင် တဲအပြင်ထွက်ဖို့ လုပ်တယ်။ ဘိုးလုံးကလည်း သူ့အမေလက်ထဲက ငွေကို အတင်းလိုက်လုတယ်။

မညွာလည်း ငွေဆုပ်ထားတဲ့သူ့လက်ကို အတင်းဖြေနေတဲ့ ဘိုးလုံးရဲ့ လက်ကို ကိုက်လိုက်တယ်။ ဘိုးလုံးလည်း ဒေါသထွက်ထွက်နဲ့ သူ့အမေရဲ့ ပါးစပ်ကို လက်သီးနဲ့ထိုးလိုက်တာ မညွာရဲ့ပါးစပ်ထဲက သွေးတွေထွက်လာတယ်။ အနားက ရပ်ကြည့်နေတဲ့ ဘိုးသုံလည်း မခံမရပ်နိုင်အောင်ဖြစ်လာပြီး…

"အစ်ကိုကြီး ခင်ဗျားလွန်ပြီ"

လို့ ဘိုးလုံးကို ငေါက်လိုက်တယ်။

အဲဒီတော့မှ ဘိုးလုံးဟာ ပိုဒေါသထွက်လာပြီး…

"အံမာ၊ မအေ--နင်ကလား ငါ့ကို"

လို့ ပြောပြောဆိုဆို သူ့အိပ်ရာခေါင်းရင်းမှာ ထောင်ထားတဲ့ ဝါးရင်းတုတ်ကို သွားယူတယ်။

မညွာလည်း သူ့ပါးစပ်ထဲက သွေးထွက်နေတာကိုတောင် ဂရုမစိုက်နိုင်ဘူး။ သားငယ်ကို ရိုက်မှာစိုးတာနဲ့ သားကြီးနောက်ကို အတင်းလိုက်ရရှာတယ်။ ဘိုးလုံးဟာ သူ့အိပ်ရာခေါင်းရင်းမှာ ထောင်ထားတဲ့ ဝါးရင်းတုတ်ကို ယူပြီး ဘိုးသုံကို ရိုက်ရအောင်အလာ၊ မညွာက ဘိုးလုံးကို အတင်းဝင်ဖက်တယ်။ ဘိုးလုံးလည်း အတင်းရုန်းပြီးအထွက်မှာ မညွာဟာ ဆွဲမိ ဆွဲရာကို ဆွဲလိုက်တာ ဘိုးလုံးရဲ့လုံချည်စကို ဆွဲမိရက်သား ဖြစ်နေတယ်။

ဘိုးလုံးလဲ သိပ်ဒေါသကြီးပြီး သူ့လုံချည်စ ဆွဲထားတဲ့ မညွာရဲ့ လက်ကို တုတ်နဲ့ တအားရိုက်လိုက်တာ မညွာရဲ့လက် ကျိုးသွားတယ်။

မညွာလည်း…

"အံမာလေးတော့"

လို့ အော်ပြီး ဘိုးလုံးကို ဆက်မဆွဲနိုင်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးလုံးဟာ မညွာရဲ့လက်က လွတ်တာနဲ့ တစ်ပြိုင်နက်…

"ဘိုးလုံး၊ နင် လွန်ပြီနော်၊ နင် လွန်ပြီနော်"

လို့ သူ့အမေက ယော်သံပါအောင် အော်ပြောနေတဲ့အထဲက ဘိုးသုံကို တအားပြေးရိုက်တာပဲ။ တစ်ချက်က ဘိုးသုံရဲ့နဖူးကို ထိသွားတယ်။ နောက်တစ်ချက်က ချိုစောင်းနားဆီကို ထိသွားတယ်။ နှစ်ချက်စလုံးပေါက်ပြီး သွေးတွေထွက်လာတယ်။ ဒုတိယအချက် အရိုက်ခံရပြီး ဘိုးသုံဟာ မတ်တတ် မရပ်နိုင်တော့ဘူး။ သတိလစ်ပြီး လဲကျသွားတယ်။ ဘိုးလုံးလည်း သူ့အမေ လက်ထဲက ငွေလေးဆယ်စလုံးကို ယူပြီး ဖဲဝိုင်းထွက်သွားတယ်။

မညွာဟာ လက်တစ်ဖက်ကလည်း ကျိုးနေတယ်။ သားဘိုးသုံလည်း သွေးတွေနဲ့ လဲနေတယ်ဆိုတော့ ပြန်ပြီး လူမနေနိုင်တော့ပါဘူး၊ လဲနေတဲ့ သားငယ်ဆီကိုသွား လက်တစ်ဖက်နဲ့ ဘိုးသုံရဲ့ ဦးခေါင်းပေါ် အသာတင်…

"ဘိုးသုံ ဘိုးသုံ၊ သား သားရေ၊ သား"

လို့ ခေါ်ရင်း မျက်ရည်တွေ ကျနေရှာတယ်။ တအောင့်လောက်ကြာ တော့မှ ဘိုးသုံသတိရလာပြီး ထထိုင်တယ်။

အမေ့လက် ဘယ့်နှယ်နေသေးလဲလို့ မေးပြီး ကျိုးနေတဲ့လက်ကို ယောင်ပြီး ကိုင်မိတဲ့အခါ အကိုင်မခံနိုင်ဘူး။ ဘိုးသုံလည်း သူ့မိတ်ဆွေကြီး ဦးချက်ဖူးကို သတိရတာနဲ့ အမေ ခဏနေဦးနော်၊ ဦးတို့ကို ကျွန်တော် သွားခေါ်လိုက်ဦးမယ် ဆိုပြီး ထွက်သွားတယ်။ ဦးချက်ဖူးလည်း ဘိုးသုံဆီက အဖြစ်အပျက်တွေကို အကုန်သိပြီးတာနဲ့ သမီးမြတင့်နဲ့ မြဆင့်တို့ကို ဘိုးသုံနဲ့ အတူ အရင်ကြိုပြီးလွှတ်လိုက်တယ်။ ရေနွေးတည်ထားဖို့လည်း မှာလိုက်တယ်။ ကျိုးသွားတဲ့လက်ကို ကျပ်စည်းပေးဖို့ တုတ်တစ်ချောင်း ခပ်မြန်မြန်လုပ်၊ ရှိတဲ့ဆေးနဲ့ ကျပ်စည်းဖို့ အဝတ်စကိုယူပြီး ဦးချက်ဖူးလည်း မကြာခင် ထပ်လိုက်သွားတယ်။

ဦးချက်ဖူးနဲ့ သမီးနှစ်ယောက်တို့ တတ်သရွေ့ မှတ်သရွေ့ ပြုစုကြ တယ်။ တအောင့်လောက်ရှိတဲ့အခါ…

"အမေ့ကို နှိပ်ပေးစရာနဲ့ ပရိတ်ရွတ်စရာ ရှိသေးတယ်၊ အခုည ကျပ်စည်းထားတာကတော့ ယာယီပဲ၊ မနက်ကျတော့မှ ဆေးရုံကို ကိုယ်တိုင် လိုက်ပို့မယ်"

www.burmeseclassic.com



လို့ ပြောပြီး ဦးချက်ဖူး ပြန်သွားတယ်။

သမီးမြတင့်နဲ့ မြဆင့်တို့လည်း ကူညီစရာ ရှိတာကလေးတွေကို ကူညီပေးပြီး တစ်နာရီလောက် ကြာတဲ့အခါ ပြန်သွားကြတယ်။

မညွာလည်း သူ့အိပ်ရာပေါ်မှာ လှဲနေရင်း လက်ကကိုက်တာနဲ့ ညည်းနေတယ်။ ဘိုးသုံလည်း သူ့အိပ်ရာပေါ်မှာ လှဲနေရင်း စိတ်တွေဟာ ဟိုရောက် ဒီရောက် ရောက်နေတယ်။ ဒါပေမယ့် သူ့စိတ် အများဆုံး ရောက်နေတာကတော့ တခြားဟာ မဟုတ်ဘူး။ 'ဒင်းဟာ သိပ်ရက်စက်တယ်၊ အမေရဲ့ပါးစပ်ထဲက သွေးထွက်အောင် ထိုးရက်တယ်၊ လက်ကိုလည်း ရိုက်ချိုးရက်တယ်၊ အမေနဲ့ ငါတော့ သူသတ်လို့ သေရမှာပဲ၊ သူ့ကို ငါသတ်ရင် သူနဲ့ ငါသာ သေမယ်၊ အမေ အသတ်မခံရတော့ဘူး' ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။

အတော်ကလေးကြာတဲ့အခါ ဘိုးသုံဟာ သက်မချလိုက်ပြီး နောက်ဖေးမှာ သားလှီးဓားကို သွားသွေးနေတယ်။ နောက်ပြီးတော့မှ သစ်သားရေတ်ကျည်ပွေ့ကို သူအိပ်တဲ့ ဖျာအောက်မှာ သွင်းထားလိုက်တယ်။

သန်းခေါင်ကျလာတော့ ဘိုးလုံး ဖဲရှုံးပြီး ပြန်လာတဲ့အသံကို ဘိုးသုံ ကြားရတယ်။ ဘိုးသုံလည်း အိပ်ချင်ယောင်ဆောင်နေတယ်။ ဆယ့်ငါးမိနစ်လောက်ကြာတော့ ဘိုးလုံးဟောက်သံကို ကြားရတယ်။ အဲဒါနဲ့ ဘိုးသုံဟာ ဓားကို ခါးမှာထိုး၊ ရေတ်ကျည်ပွေ့ကို မြဲမြဲကိုင်ပြီး ဘိုးလုံးအိပ်ရာကို ထသွားတယ်။ ရောက်တာနဲ့ စောင်းလျက်အိပ်နေတဲ့ ဘိုးလုံးရဲ့နားထင်ကို ရေတ်ကျည်ပွေ့နဲ့ တအားရိုက်လိုက်တာ ရေတ်ကျည်ပွေ့ ထက်ပိုင်း ကျိုးသွားတယ်။ ဘိုးလုံးဟာ ကုန်းထပါသေးတယ်။

ဒါပေမယ့် ဘိုးသုံက အပေါ်က အတင်းဖိပြီး သားလှီးဓားနဲ့ ဘိုးလုံးရဲ့လည်ပင်းကို လှီးချလိုက်တာ သားနှစ်ယောက်ကို ဖျဉ်ဖို့ အမေ အနားရောက်လာတဲ့အခါ ဘိုးလုံးမှာ အသက်မရှိတော့ဘူး။

- ဘိုးလုံးဟာ မညွာအပေါ်မှာ အတော်ဆိုးခဲ့တာပဲ၊ ဒါပေမယ့် ဒီလို မရှုမလှ မြင်ရပြန်တော့လည်း မိခင်တို့ရဲ့ သံယောဇဉ်နဲ့ မချိတင်ကဲဖြစ်ပြီး မညွာဟာ သားကြီး ဘိုးလုံးကို ကြည့်ရင်း မျက်ရည်ကျနေတယ်။

ဘိုးသုံလည်း သူ့အမေနားသွားပြီး…

www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့အမေ၊ သူ မသေရင် သူသတ်လို့ အမေ သေမှာပဲ၊ ကဲ အမေ ကျွန်တော် အမေနဲ့ တစ်သက်လုံး မခွဲဘဲ အမေ့ရဲ့ကျေးဇူးတွေကို တတ်နိုင်သလောက် ပြန်ဆပ်မယ်လို့ သန္နိဋ္ဌာန်ချထားခဲ့တယ်၊ ဒါပေမယ့် အခုတော့ ကျွန်တော် ဒီမှာနေလို့ မဖြစ်တော့ဘူး၊ ကျွန်တော်မရှိတဲ့အခါ အမေ့ကို စောင့်ရှောက်လိုက်ပါလို့ ဦးကို ကျွန်တော် အပ်ပစ်ခဲ့ပါမယ်"

လို့ ပြောတယ်။

"ငါ့သား ဘယ်သွားမလို့လဲ"

လို့ အမေက မျက်ရည်တွေကျပြီး မေးတယ်။

သားကလည်း မျက်ရည်တွေ မဆည်နိုင်တော့ဘဲ…

"မပြောတတ်သေးဘူး အမေ၊ ဦးနဲ့ တိုင်ပင်ရဦးမယ်၊ ကဲ၊ ကျွန်တော် မြန်မြန်သွားမှပဲ အမေ၊ ဒီမှာ ကြာရှည်နေလို့ မဖြစ်တော့ဘူး"

လို့ ပြောပြီး သူ့အမေကို ဘိုးသုံ ကန်တော့တယ်။

အမေလည်း ရှိုက်ရှိုက်ပြီး ငိုရင်း…

"ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့် ဘေး ဝေးပါစေ၊ ငါ့သား သူတော်ကောင်း လိုရာဆုနဲ့ ပြည့်စုံပါစေကွယ်"

လို့ ဆုတောင်းနေတယ်။

ဘိုးသုံဟာ ဦးချက်ဖူးကို နှိုးပြီး တွေ့တွေ့ချင်း…

"ဦးရေ၊ အစ်ကိုကြီးကိုတော့ ကျွန်တော် သတ်လိုက်ပြီ"

လို့ ပြောတယ်။ ဦးချက်ဖူးလည်း အတော်အံ့အားသင့်ပြီး ဘိုးသုံကို ကြည့်နေတယ်။

ပြီးတော့မှ…

"ကျွန်တော် ထွက်ပြေးရရင် ကောင်းမလား၊ သူကြီးအိမ်မှာ သွားပြီး အဖမ်းခံရရင် ကောင်းမလား"

လို့ ဘိုးသုံက ဦးချက်ဖူးကို မေးတယ်။

ဦးချက်ဖူးက…

"ထွက်လည်း မပြေးနဲ့၊ သူကြီးဆီကိုလဲ သွားအဖမ်းမခံနဲ့"

လို့ ပြောပြီး အကြံတစ်ခုကို ပေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးသုံလည်း သိပ်ဝမ်းသာပြီး အိမ်ပြန်သွားတယ်။ တအောင့်လောက်ကြာတဲ့အခါ . . .

"ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ"

ဆိုတဲ့ ငယ်သံပါအောင် အော်နေတဲ့ မညွှာရဲ့အသံကို အိမ်နီးနားချင်းတွေ ကြားရပြီး ကူရအောင် ပြေးလာကြတယ်။

အိမ်နီးနားချင်းတွေ ရောက်လာတဲ့အခါ မညွှာက . . .

"လူဆိုးတွေ သူ့တဲပေါ် တက်ပြီး သားကြီးကိုလည်း သတ်သွားတယ်၊ သားငယ်ကိုလည်း ထိပ်မှာ နှစ်ချက်ရိုက်သွားတယ်၊ သူ့လက်ကိုလည်း ရိုက်ချိုးသွားတယ်၊ ကယ်တော်မူကြပါ"

လို့ ငိုပြီး တိုင်တယ်။

မကြာမီ သူကြီးရောက်လာလို့ မညွှာက ခုနက ပြောခဲ့တဲ့အတိုင်း ထပ်ပြီးတိုင်တယ်။ အဲဒီလို ဦးချက်ဖူး အကြံအစည်ကောင်းတာနဲ့ ဘိုးသုံလည်း စက်တိုင်မတက်ရတော့ဘူး။ အမေ မညွှာလည်း သူ့သားနဲ့ မခွဲရတော့ဘူး။ သူ့အမေကို တစ်သက်လုံး လုပ်ကျွေးနေချင်တဲ့ ဘိုးသုံရဲ့ ဆန္ဒကြီးလည်း ပျက်မသွားရတော့ဘူး။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၃

## ပရိတ်တရားတော်ရဲ့အကျိုး

ဘိုးသုံဟာ သွေးဆာနေတဲ့သူငယ် မဟုတ်ပါဘူး။ မတတ်နိုင်လွန်းလို့ ဘိုးလုံးကို သတ်လိုက်ရတာပဲ။ အဲဒါကြောင့် အစိုးရ အပြစ်ဒဏ်ကို မခံရပေမယ့် သူ ဝမ်းမသာဘူး။ ဘိုးလုံးကို သတ်ခဲ့မိတာကိုပဲ သူ့မျက်စိထဲမှာ ခဏခဏ မြင်နေရတယ်။ တစ်နေ့ကျတော့ ဒီအကြောင်းကို ဦးချက်ဖူးကို ဘိုးသုံက ပြောပြတယ်။ ဦးချက်ဖူးက…

"ပရိတ်ရွတ်၊ ပရိတ်ရွတ်ရင် ဒီအာရုံတွေ ပျောက်သွားလိမ့်မယ်"

လို့ အကြံပေးတယ်။

အဲဒီလို အကြံပေးပြီးတော့မှ ဦးချက်ဖူးက…

"မောင်ဘိုးသုံ၊ မင်း ပရိတ် ဘယ်နှပုဒ်ရသလဲ"

လို့ ဘိုးသုံကို မေးတယ်။

"တစ်ပုဒ်မှ မရဘူး"

လို့ ဘိုးသုံက ဖြေတယ်။

"ပရိတ်ကို ဘာကြောင့်ရွတ်သလဲ"

လို့ ဦးချက်ဖူးက ထပ်မေးတယ်။

"မသိဘူး"

လို့ ဘိုးသုံက ပြန်ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ဦးချက်ဖူးက…

“ပရိတ်ဆိုတာ မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားတော်တွေ ပဲကွယ်၊ အဲဒီတရားတော်တွေကို မရွတ်ခင် နတ်တွေကို တရားနာလာကြဖို့ ရှေးဦးစွာ ပင့်ရတယ်၊ အဲဒီလိုပင့်ပြီးမှ တရားတော်တွေကို ရွတ်တယ်၊ အဲဒီတော့ ပရိတ်ရွတ်တယ်ဆိုတာ တခြားမဟုတ်ပါဘူး၊ မြတ်စွာဘုရားရဲ့ တရားတော်တွေကို နတ်တွေ နာရအောင် လုပ်တာပါပဲ၊ အဲဒါကြောင့် ပရိတ်ရွတ်တိုင်း နတ်တွေကို ဘုရားတရားတော်တွေ လှူတယ်လို့လည်း ဆိုနိုင်တယ်၊ ဒီလို တရားတော်တွေကို လှူတဲ့ အလှူဟာ တခြား ဘယ်အလှူနဲ့မှ မတူဘူး၊ အခု မောင်ဘိုးသုံတို့ ဦးတို့တတွေ အမေကို လုပ်ကျွေးပြုစုနေတဲ့ အလှူတွေဟာ အင်မတန် အကျိုးကြီးတာပဲ၊ ဒါပေမယ့် တရားအလှူကို ဒီအလှူတွေ လိုက်လို့ မမီနိုင်ဘူး၊ တရားအလှူကို ဘယ်အလှူမှ လိုက်လို့ မမီနိုင်ဘူး၊ ‘သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ’ လို့ မြတ်စွာဘုရားဟောထားတာ အထင်အရှားရှိတယ်၊ အဓိပ္ပာယ်ကတော့ ဒီလို၊ အားလုံးသော အလှူတွေထဲမှာ ဓမ္မအလှူဟာ အမြတ်ဆုံးပဲတဲ့၊ အဲဒါကြောင့် မောင်ဘိုးသုံလည်း ပရိတ်ကို နေ့တိုင်း ကြိုးစားပြီး ရွတ်စေချင်တယ်”

လို့ ပြောတယ်။

အလှူတွေထဲမှာ အမြတ်ဆုံးအလှူလို့ ဦးချက်ဖူးပြောတာကို ကြားရပြီးကတည်းက ဘိုးသုံမှာ ပရိတ်ရွတ်ချင်တဲ့ စိတ်တွေ ရှေးကထက် ပိုပြီး ပြင်းထန်လာတယ်။

အဲဒါကြောင့်…

“ဦးရယ်၊ ပါဠိကို ကျွန်တော် ကောင်းကောင်း မဖတ်တတ်ဘူး၊ အဲဒီတော့ ဒီပါဠိ အရှည်ကြီးတွေကို ကျွန်တော် အလွတ်ရအောင် ကျက်နိုင်ပါ့မလား”

လို့ ဘိုးသုံက ဦးချက်ဖူးကို မေးတယ်။

ဦးကျည်ပွေ့

မောင်ဘိုးသုံရယ်၊ တို့ရာဇဝင်ထဲမှာ ပုဂံခေတ် ကျွစွာဆိုတဲ့ မင်းတစ်ပါး ရှိတယ်၊ ဒီမင်းဟာ ပိဋကတ်သုံးပုံကိုလည်း တော်တော်တတ်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရတနာသုံးပါးကိုလည်း ကြည်ညိုတယ်၊ ရဟန်းတော်တွေကိုလည်း ထောက်ပံ့လှူဒါန်းတယ်၊ တစ်နေ့ကျတော့ ရဟန်းအိုကြီးတစ်ပါးဟာ ပေရွက်နဲ့ ကညစ်တံကို အလှူခံရအောင် နန်းတော်ကိုကြွသွားတယ်၊ မင်းကြီးက ဒီပစ္စည်းတွေရရင် ဘာလုပ်မလို့လဲ မေးတဲ့အခါ ပိဋကတ်သုံးပုံကို သင်မယ်လို့ ဖြေတယ်၊ 'အရင်က သင်ဖူးတဲ့အခံရှိသလား' လို့ မေးတယ်၊ 'မရှိဘူး၊ အခုမှ စပြီး သင်ရမယ်' လို့ ရဟန်းကြီးက ဖြေတယ်၊ 'အသက်ဘယ်လောက် ရှိပြီလဲ' လို့ မင်းကြီးက ဆက်ပြီးမေးတဲ့အခါ 'ခြောက်ဆယ်ရှိပြီ' လို့ ဖြေတယ်၊ အဲဒီအခါ မင်းကြီးက ပြုံးပြီး 'အရှင်ဘုရား၊ ကျည်ပွေ့မှာ အတက်ပေါက် ရင်သာ ပေါက်ရမယ်၊ အရှင်ဘုရား ပိဋကတ်သုံးပုံ တတ်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါဘူး' လို့ ပြောလိုက်တယ်။

နှစ်အတော်ကြာတဲ့အခါ ဒီရဟန်းကြီးဟာ ကျည်ပွေ့မှာ သစ်ကိုင်း တစ်ကိုင်းကို ချည်ပြီး နန်းတော်ထဲကို ပြန်သွားတယ်၊ မင်းကြီးနဲ့တွေ့တဲ့အခါ 'မင်းကြီး၊ ကျည်ပွေ့မှာ အတက်ပေါက်လာပြီ၊ အဲဒီတော့ ငါ့ကို ပိဋကတ်ထဲက ကြိုက်တာမေး၊ ငါ ဖြေမယ်' လို့ ပြောပြီး ရေကန်ထဲမှာ ရဟန်းကြီးက ငုပ်နေ တယ်၊ ရေထဲက ပေါ်လာတာနဲ့ မင်းကြီးက မေးရတယ်၊ ရဟန်းကြီးလည်း ချက်ချင်းဖြေနိုင်တယ်၊ အဲဒီလို မင်းကြီးမေးတိုင်း ဖြေနိုင်တော့မှ မင်းကြီးက 'တပည့်တော် ပြက်ရယ်ပြုခဲ့မိတာ မှားပါတယ်' လို့ ရဟန်းကြီးကို ဝန်ချ တောင်းပန်ရတယ်၊ အဲဒီအချိန်ကစပြီး ရဟန်းကြီးဟာ ဦးကျည်ပွေ့လို့ နာမည်တွင်သွားတယ်။

ဒီဦးကျည်ပွေ့တောင် အသက်ခြောက်ဆယ်ကျော်မှ ပိဋကတ်သုံးပုံကို သင်လို့ ဖြစ်နိုင်သေးရင် မောင်ဘိုးသုံး၊ မင်းကော ဘာဖြစ်လို့ ပရိတ်ကို ကျက်လို့ မရနိုင်ရမှာလဲ၊ ဒါပေမယ့် မင်းမှာ အလုပ်များနေရင် အလွတ်ကျက်ဖို့ မလိုသေးပါဘူး၊ စာအုပ်ကို ကြည့်ပြီး ရွတ်နိုင်တယ်၊ အဲဒီလို စာကြည့်ပြီး ရွတ်တာ ကြာလာတော့ သူ့ဟာသူ အလိုလို ရလာတာပါပဲ၊ အဲဒီတော့ စာကြည့်ရွတ်နိုင်အောင် ပါဠိကို ဘယ်လိုဖတ်ရတယ်ဆိုတာ မနက်ဖြန်ကစပြီး ငါသင်ပေးမယ်၊ မခက်ပါဘူးကွာ၊ မြန်မာစာ ဖတ်တတ်ရင် ပါဠိကိုလည်း ခဏလေးနဲ့ ဖတ်တတ်တာပါပဲ၊ ဒီကနေ့တော့ မင်း စပြီး ရွတ်ရမယ့် မေတ္တသုတ်အကြောင်းကို ငါ နည်းနည်းပြောပြမယ်။

မြတ်စွာဘုရားဟာ ဒီမေတ္တသုတ်ကို ဘာကြောင့် ဟောရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြောတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ဖြစ်သွားတယ် ဆိုတာတွေ ပေါ်ကွယ်၊ ဒါတွေကို သိထားရင် မေတ္တာသုတ်အပေါ်မှာ မင်းရဲ့ယုံကြည်ချက်တွေ ပိုပြီး တိုးတက်လာမယ်၊ အဲဒါကြောင့် အခု ပြောမှာတွေကို မင်း ဂရုစိုက်ပြီး နားထောင်။

မေတ္တာသုတ် ရွတ်ရကျိုး

ရှင်တော်မြတ်ဘုရားဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတော်မူတဲ့အခါ ရဟန်းငါးရာဟာ မြတ်စွာဘုရားဆီမှာ ကမ္မဋ္ဌာန်းတရားကို နာယူပြီး တရားအားထုတ်ရအောင် တောတစ်ခုသို့ ကြွသွားတယ်၊ ဒီရဟန်းတော်များ တရားအားထုတ်တဲ့နေရာမှာ ရှိကြတဲ့ ရုက္ခစိုးနတ်တွေဟာ ရဟန်းတော်တွေရဲ့ သီလတန်ခိုးကြောင့် သစ်ပင်တွေပေါ်မှာ မနေနိုင်ဘဲ သားငယ် သမီးငယ်တွေကို ခေါ်ပြီး တခြားမှာ သွားနေရတယ်၊ ဒီလိုနေရတာ အတော်ကြာလာတော့ ရုက္ခစိုးနတ်တွေ စိတ်ဆိုးလာပြီး သစ်ပင်ရင်းတွေမှာ တရားအားထုတ်နေတဲ့ ရဟန်းတွေကို အမျိုးမျိုးခြောက်လှန့်ပြတယ်၊ အပုပ်နံ့တွေ ပေးတယ်၊ ရဟန်းတွေလည်း ကြောက်လန့်ပြီး တရားအားမထုတ်နိုင်ကြဘူး၊ အတော်များများဟာ မကျန်းမမာဖြစ်ပြီး အတော်တောင် ပိန်ချုံးသွားကြတယ်၊ အဲဒါကြောင့် မြတ်စွာဘုရားဆီကို ဒီရဟန်းတော်တွေ ပြန်ကြွသွားပြီး အကျိုးအကြောင်း လျှောက်ထားကြတယ်၊ အဲဒီအခါ မြတ်စွာဘုရားက…

"ချစ်သားတို့ သင်တို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေရဖို့ သင်တို့ရဲ့ နေရာဟောင်းထက် ကောင်းတဲ့နေရာကို ငါဘုရား မမြင်ဘူး၊ ဒါကြောင့် ဒီနေရာဟောင်းကိုပဲ ပြန်သွားကြ၊ ငါဘုရား လက်နက်ကောင်းတစ်ခု ပေးလိုက်မယ်၊ ဘာမှ မကြောက်ကြနဲ့"

ဆိုပြီး ဒီမေတ္တာသုတ်ကို ဟောတော်မူတာပဲ။

ရဟန်းတော်တွေလည်း သူတို့ရဲ့နေရာဟောင်းကို ပြန်ရောက်တဲ့အခါ တောအုပ်ထဲကို မဝင်ခင်ကတည်းက ဒီမေတ္တာသုတ်ကို ရွတ်သွားကြတယ်၊ ဒီမေတ္တာသုတ်ရဲ့တန်ခိုးကြောင့် အရင်တုန်းက ခြောက်လှန့်ပြခဲ့ကြတဲ့ ရုက္ခစိုးနတ်တွေဟာ တောအုပ်ဝကနေပြီး ရဟန်းတော်တွေကို ခရီးဦးကြိုပြုကြတယ်၊ သပိတ် သင်္ကန်းတွေကို လှမ်းယူကြတယ်၊ ကျောင်းနဲ့ ကမ္မဋ္ဌာန်းထိုင်တဲ့နေရာ

www.burmeseclassic.com



တွေမှာ တံမြက်စည်း လှဲပေးတယ်၊ သောက်ရေ သုံးရေ ခပ်ပေးတယ်၊ ရဟန်းတော်တွေကို နှိပ်ပေးတယ်၊ ရဟန်းတော်တွေလည်း အခြောက်အလှန့် အနှောင့်အယှက်၊ အဖျက်အဆီးတွေမရှိဘဲ ချမ်းချမ်းသာသာနဲ့ တရားအားထုတ်ရတဲ့အတွက် မကြာခင် ရဟန္တာတွေဖြစ်ကုန်ကြတယ်။

အဲဒီတော့ ဒီမေတ္တသုတ်ကို စပြီး ရွတ်နှင့်ဦး၊ တော်တော် လည်လည် ပတ်ပတ် ရွတ်နိုင်ပြီဆိုတော့မှ တခြားသုတ်တွေကို ဆက်ပြီး သင်ပေးမယ်၊ မေတ္တသုတ်ရွတ်နည်းကို သင်ရအောင် မနက်ဖြန်လာခဲ့' လို့ မှာလိုက်တယ်။

နောက်တစ်နေ့ ဘိုးသုံလာတဲ့အခါ ဦးချက်ဖူးက…

"ပရိတ်ရွတ်ရင် ရှေးဦးစွာ နတ်တွေပင့်ရတယ်လို့ မနေ့က ဦးပြောလိုက်တာ မှတ်မိတယ် မဟုတ်လား၊ အဲဒီတော့ နတ်ပင့်တဲ့ ပါဠိရွတ်နည်းကို မင်း စပြီးသင်ရမယ်၊ အကောင်းဆုံးနည်းကတော့ မင်းဟာ မင်း စမ်းပြီးဖတ်၊ မှားတဲ့နေရာမှာ ငါပြင်ပေးမယ်"

လို့ဆိုပြီး ဘိုးသုံကို သူ အသင့်ယူထားတဲ့ ပရိတ်စာအုပ် ပေးလိုက်တယ်။

ဘိုးသုံလည်း နတ်ပင့်ကို လျှောက်ဖတ်တယ်။ အဲဒီလို ဖတ်နေရင်း…

"ပါဠိဆင့်တွေကိုမြင်ပြီး စမ်းမကြည့်ဘဲနဲ့ ငါ့ဟာငါ လန့်နေတာပဲ၊ အခုတော့ ပါဠိကိုဖတ်ရတာ သိပ်မခက်လှပါဘူး၊ နည်းနည်းပါးပါး ပြင်ပေးမယ့် ဆရာရှိရင် ဖတ်ရတာ အလွယ်ကလေးပဲ"

လို့ ဘိုးယုံ သဘောပေါက်နေတယ်။

ဦးချက်ဖူးလည်း ဘိုးယုံရဲ့အမှားတွေကို ဘေးကနေပြီး ပြင်ပေးနေတယ်။ နတ်ပင့်ကို တော်တော်ကလေးဖတ်နိုင်တော့ မေတ္တသုတ်ကို ဖတ်ပြန်တယ်။ ဦးချက်ဖူးလည်း ရှေးနည်းအတိုင်း ပြင်ပေးတယ်။

မေတ္တသုတ်ကို အတော်ကလေးဖတ်နိုင်ပြီဆိုတော့မှ ဦးချက်ဖူးက…

"မောင်ဘိုးသုံရေ၊ ပရိတ်ရွတ်တိုင်း နတ်ပင့်ကို စရွတ်ရတယ်ဆိုကတော့ မင်း သိပြီနော်"

လို့ မေးတယ်။ ဘိုးသုံက ခေါင်းညိတ်တယ်။

အဲဒီတော့ ဦးချက်ဖူးက…

"ပရိတ်ရွတ်ပြီးတဲ့အခါ အဲဒီကြွလာတဲ့ နတ်တွေ ကြွလိုရာ…ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြွနိုင်ကြပါပြီလို့ ဆိုရတယ်၊ အစည်းအဝေးတစ်ခုကို ပထမ လူတွေ လာအောင် ဖိတ်ရတယ်၊ အစည်းအဝေး ပြီးတဲ့အခါ အစည်းအဝေးပြီးပါပြီလို့ အစည်းအဝေးတက်တဲ့လူတွေကို ပြောရသလိုပေါ့ကွယ်၊ နတ်တွေ တရားနာ လာအောင် ရွတ်တဲ့စာကို နတ်ပင့်လို့ခေါ်တယ်၊ နတ်တွေ ကြွလိုရာအရပ်ကို ပြန်ကြွဖို့ ရွတ်တဲ့စာကို နတ်ပို့လို့ခေါ်တယ်၊ ပရိတ်မရွတ်ခင် နတ်ပင့်ကို ရွတ်ရသလို ပရိတ်ရွတ်ပြီးရင် နတ်ပို့ကို ရွတ်ရတယ်။ အဲဒီလို နတ်ပို့တဲ့သုတ်ကို ပုဗ္ဗဏှသုတ်လို့ ခေါ်တယ်။ ဒီသုတ်ထဲမှာ ဘုရားဂုဏ်တော်တွေကို သစ္စာဆိုပြီး မေတ္တာပို့တာတွေပါတယ်၊ သီပ်သာယာတယ်၊ သိပ်ကောင်းတယ်၊ အနက်ကို မင်းဖတ်ရရင် သိပ်စိတ်ချမ်းသာမယ်၊ အဲဒီသုတ်ကိုလည်း မင်းရွတ်ရမယ်''

လို့ ဦးချက်ဖူးက ပြောတယ်။

အဲဒါနဲ့ ပုဗ္ဗဏှသုတ်ကို ဘိုးသုံ ဆက်ဖတ်တယ်၊ ဦးချက်ဖူးလည်း ဘေးကနေပြီး ပြင်ပေးနေတယ်၊ အတော်ကြာပြီဆိုတော့မှ ဘိုးသုံလည်း ပရိတ်စာအုပ်ကိုယူပြီး အိမ်ကိုပြန်သွားတယ်၊ အိမ်ရောက်တော့လည်း မအိပ်ဘူး၊ သူ့အမေကို နှိပ်ပေးပြီး နတ်ပင့်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်တွေကို အခေါက် ခေါက်ရွတ်နေတာ ည ၁၁ နာရီခွဲလောက်အထိ ရောက်သွားတယ်။

အလုပ်ဆင်းတဲ့အခါလည်း ဘိုးသုံဟာ ပရိတ်စာအုပ်ကိုယူသွားပြီး အလုပ်နည်းနည်းအားတာနဲ့ ပရိတ်ကို ကောက်ဖတ်နေတာပဲ။ ခုနစ်ရက်လောက် ဆက်ပြီး ဘိုးသုံဟာ ဦးချက်ဖူးအိမ်ကိုတောင် မသွားနိုင်ဘူး။ ပရိတ်ကိုပဲ အကြိမ်ကြိမ်ရွတ်နေတာနဲ့ နတ်ပင့်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်တွေကို နှုတ်တက် ရသလောက်နီးနီး ဖြစ်သွားတယ်။ ခုနစ်ရက်လောက်ကြာပြီးမှ ဘိုးသုံဟာ ဦးချက်ဖူးအိမ်ကို ရောက်သွားတယ်။

''ဦးလေးရေ၊ ပရိတ်ကို ခပ်သွက်သွက်ကလေး ရွတ်နိုင်လာပါပြီ''

လို့ ဝမ်းသာအားရနဲ့ ဦးချက်ဖူးကို ပြောပြတယ်။

''ကဲ၊ မောင်ဘိုးယုံ၊ မင်း ဒီပရိတ်ရဲ့ အနက်အဓိပ္ပာယ်ကို သိရရင် ဒါထက် ဝမ်းသာဦးမယ်၊ အနက်အဓိပ္ပာယ်ကတော့ စာအုပ်ရဲ့ နောက်ပိုင်းမှာ ပါတယ်၊ ကိုယ်ရွတ်နေတဲ့ ပရိတ်ရဲ့ အနက်အဓိပ္ပာယ်ကိုသိပြီး ရွတ်ရင် ပိုကောင်းတာပေါ့ကွယ်''

လို့ ဦးချက်ဖူးက ပြောပြတယ်။

ဘိုးသုံကလည်း…

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လို့ ပြန်ပြောတယ်။

နောက် ဆယ်ရက်လောက်ကြာတဲ့အခါ ဦးချက်ဖူးဟာ…

"မောင်ဘိုးသုံ၊ မေတ္တသုတ်ကိုတော့ မင်းဟာ အတော်ကျေနေပါပြီ၊ ဒီကနေ့ ရတနသုတ်ကို တက်ရအောင်၊ ရတနသုတ်အကြောင်းကို ဦး ပြောပြမယ်၊ မင်း ရိုရိုသေသေနားနော်"

လို့ အစချီလိုက်တယ်။

ဘိုးသုံက…

"ဟုတ်ကဲ့ခင်ဗျာ"

လို့ ပြန်ပြောတယ်။

## ရတနသုတ်ရွတ်ရကျိုး

မြတ်စွာဘုရားလက်ထက်တော်တုန်းက ဝေသာလီပြည်မှာ ဝေါ်မွတ်ခေါင်းပါးတဲ့ ကပ်ကြီးဆိုက်ရောက်တယ်။ လူတွေအတော်များများ ဝေါ်ပြီးသေကြတယ်။ အလောင်းတွေကို အကုန်လုံး မမြှုပ်နိုင်တော့ဘူး။ ဒီလိုပဲ ပစ်ထားရတယ်။ အဲဒီလူသေတွေက ထွက်တဲ့အပုပ်နံ့တွေကြောင့် ဘီလူးတွေ၊ သရဲတွေ မြို့ထဲဝင်လာပြီး ဝေသာလီပြည်သူပြည်သားတွေကို နှိပ်စက်ဖမ်းစားကြပြန်တယ်။ မူလ အပုပ်နံ့တွေမှာ ဘီလူးတွေ၊ သရဲတွေစားထားတဲ့ လူသေကောင်တွေရဲ့ အပုပ်နံ့တွေက ထပ်တိုးပေးလိုက်တဲ့အတွက် အပုပ်နံ့တွေက မခံမရပ်နိုင်အောင် ဖြစ်ပြီး ရောဂါဆိုးတွေ ပေါ်လာကြပြန်တယ်။

အဲဒီအခါကျတော့ မင်းတွေနဲ့ တိုင်းသူပြည်သားတွေ တိုင်ပင်ကြပြီး ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို သွားပင့်ကြတယ်။ ဝေသာလီပြည်ရဲ့မြေကြီးပေါ်ကို မြတ်စွာဘုရားရဲ့ခြေ ချတော်မူတာနဲ့ တစ်ပြိုင်နက် မိုးအကြီးအကျယ် ရွာချတယ်။ လူသေကောင်တွေနဲ့ အပုပ်အသိုးတွေမှန်သမျှ မိုးရေတွေထဲမှာ မျောပါသွားကုန်ကြတယ်။

ဝေသာလီပြည်တွင်းကို ရောက်တဲ့အခါ မြတ်စွာဘုရားရဲ့ ဩဝါဒအရ အရှင်အာနန္ဒာရယ်၊ ရဟန်းသံဃာတော်တွေရယ်၊ ဝေသာလီပြည်သူပြည်သားတချို့ရယ် ဝေသာလီမြို့ကိုပတ်ပြီး ရတနသုတ်ကို တစ်ညလုံး ရွတ်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ မြို့တွင်းဝင်နေတဲ့ ဘီလူးတွေ၊ သရဲတွေလည်း ထွက်ပြေးကုန်ကြတယ်။ မမာမကျန်းဖြစ်နေတဲ့လူတွေလည်း ကျန်းမာလာကြတယ်။ ဒီရတနသုတ်ဟာ တခြားမဟုတ်ပါဘူး။ ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို ချီးကျူးပြီး ဒီဂုဏ်တော်တွေနဲ့ပြည့်စုံတဲ့ ရတနာသုံးပါးဟာ လောကီရတနာတွေထက် မြတ်တယ်။ ဒီမှန်ကန်တဲ့ သစ္စာစကားကြောင့် ဝေသာလီ ပြည်သူပြည်သားတွေ ချမ်းသာကြပါစေလို့ သစ္စာဆိုတဲ့ သုတ်တော်ကြီး ဖြစ်တယ်။

"အဲဒီ ရတနသုတ်ကို မင်း တိုးပြီး ရွတ်လိုက်ဦးကွာ"

လို့ ဦးချက်ဖူးက ပြောတယ်။

"ဟုတ်ကဲ့ခင်ဗျာ"

လို့ ပြောပြီး ဘိုးသုံဟာ ရှေးတုန်းကအတိုင်းပဲ လျှောက်ဖတ်တယ်။ ဦးချက်ဖူးက အမှားတွေကို ပြင်ပေးတယ်။ ဘိုးသုံဟာ အိမ်ပြန်ရောက်ပြီး ဦးချက်ဖူးပြောတဲ့အတိုင်း မေတ္တသုတ်နဲ့ ရတနသုတ်ရဲ့ အနက်အဓိပ္ပာယ်တွေကို လျှောက်ဖတ်ကြည့်တယ်။ အင်မတန် သဘောကျတဲ့အတွက် ရှေးတုန်းက တစ်ခါမှ မဖြစ်စဘူး တစ်ကိုယ်လုံး ပီတိတွေ ထူးထူးကဲကဲ ဖြစ်နေတယ်။ အဲဒီနေ့ ညလည်း သန်းခေါင်ကျော်လောက်ရှိမှ မနက် အလုပ်ဆင်းစရာရှိသေးတာနဲ့ အတင်းအိပ်ပစ်လိုက်ရတယ်။

နောက်ဆယ့်ငါးရက်လောက်ကြာတဲ့အခါ…

"မောင်ဘိုးသုံရေ၊ ဓမ္မစကြာသုတ်ကို တိုးပြီး ရွတ်လိုက်ဦးကွာ"

လို့ ဦးချက်ဖူးက ပြောတယ်။

ဘိုးသုံက…

"ဟုတ်ကဲ့ခင်ဗျာ"

လို့ ဖြေတယ်။

"မင်း ဓမ္မစကြာသုတ်ဆိုတာ ကြားဖူးသလား"

လို့ ဦးချက်ဖူးက ထပ်မေးတယ်။

"မကြားဖူးပါဘူး ဦး"

လို့ ဘိုးသုံက ဖြေတယ်။

"တို့ရဲ့ ဂေါတမမြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက် ရှေးဦးစွာ

www.burmeseclassic.com



ဟောတော်မူတဲ့ သစ္စာလေးပါး တရားတော်ပဲ၊ သစ္စာလေးပါးဆိုတာကိုကော မင်း ကြားဖူးသလား''

လို့ ဦးချက်ဖူးက မေးတယ်။

ဘိုးသုံက…

''ကြားဖူးတယ်''

လို့ ဖြေတယ်။

''အဲဒီ သစ္စာလေးပါးဆိုတာ ဘာတွေလဲ''

လို့ ဦးချက်ဖူးက ထပ်မေးတယ်။

''အဲဒါတော့ ကျွန်တော် မသိဘူး''

လို့ ဘိုးသုံက ဖြေတယ်။

မမွစကြာသုတ် ရွတ်ရကျိုး

သစ္စာဆိုတာ ဘယ်အခါမဆို မဖောက်မပြန် မှန်ကန်သောတရားလို့ အဓိပ္ပာယ်ရတယ်။ အဲဒီလို မှန်ကန်တဲ့တရားဟာ လေးပါးရှိတယ်။

အဖန်ဖန် ပဋိသန္ဓေနေရတဲ့ ဆင်းရဲ၊ အိုရတဲ့ ဆင်းရဲ၊ နာရတဲ့ ဆင်းရဲ၊ လိုတာမရတဲ့ ဆင်းရဲ အစရှိတဲ့ ဆင်းရဲတွေဟာ ရှိတယ်။

အဲဒီ ဆင်းရဲတွေဆိုတာက သစ္စာတစ်ပါး။

အဲဒီ ဆင်းရဲတွေက အဆက်မပြတ် ဖြစ်နေအောင် လုပ်ပေးနေတဲ့ အကြောင်းတွေ ရှိတယ်။ ဒီအကြောင်းတွေဆိုတာက သစ္စာတစ်ပါး။

သစ္စာ နှစ်ပါး ရှိသွားပြီနော်။

ဒီဆင်းရဲတွေ အလျဉ်းကိုမရှိတဲ့ နည်းနည်းကလေးမှ မရှိတဲ့ ချုပ်ငြိမ်းကုန်တဲ့ နိဗ္ဗာန်ဆိုတာ ရှိတယ်။ ဒီနိဗ္ဗာန်ဆိုတာက သစ္စာတစ်ပါး။

သစ္စာ သုံးပါး ရှိသွားပြီနော်။

အဲဒီဆင်းရဲတွေ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့ မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားဆိုတာ ရှိတယ်။ ဒီမဂ္ဂင်ရှစ်ပါးဆိုတာက သစ္စာတစ်ပါး။

အားလုံးပေါင်း သစ္စာလေးပါး ရှိသွားပြီ။

မမွစကြာဆိုတာ ဒီသစ္စာလေးပါး၏ အကြောင်းနဲ့ ဒီသစ္စာလေးပါးကို

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းခြားထင်ထင် ကောင်းစွာ သိမြင်တော်မူပြီးမှ မြတ်စွာဘုရားဟာ 'ငါ ဘုရားဖြစ်ပြီ' လို့ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေကို ဝန်ခံတော်မူတယ်ဆိုတာကို ဟောတော်မူထားတဲ့ တရားတော်ပါပဲ။

ဒီသစ္စာလေးပါး တရားတော်ဖြစ်တဲ့ ဓမ္မစကြာကို အမြဲမပြတ် ရွတ်ဖတ်နေတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူး ဖြစ်နိုင်တယ်ဆိုတာ သဘော ပေါက်အောင် သာဓကနှစ်ခုကို ဦး ပြောပြမယ်။

လင်းနို့သား ငါးရာ

တို့ရဲ့ဂေါတမ မြတ်စွာဘုရားမပွင့်ခင်က ဒီကမ္ဘာမှာ ကဿပမြတ်စွာ ဘုရားဆိုတာ ပွင့်တော်မူသွားတယ်။ အဲဒီ ကဿပမြတ်စွာဘုရား လက်ထက် တော်တုန်းက လိုဏ်ဂူကြီးတစ်ခုထဲမှာနေကြတဲ့ လင်းနို့သားငါးရာဟာ ရဟန်း တစ်ပါး အဘိဓမ္မာရွတ်သံကို ကြားရပြီး ကြည်ညိုတဲ့စိတ်တွေ ဖြစ်ကြတယ်။

အဲဒီစိတ်တွေကြောင့် လူတွေ နတ်တွေ အကြိမ်ကြိမ်ဖြစ်ကြပြီး တို့ရဲ့ ဂေါတမမြတ်စွာဘုရားလက်ထက်တော်မှ ရဟန်းငါးရာ လာဖြစ်ကြတယ်။

မြတ်စွာဘုရားဟာ တာဝတိံသာမှာ အဘိဓမ္မာတရားဟောပြီး တရားအကျဉ်းချုပ်ကို မြောက်ကျွန်းမှာ အရှင်သာရိပုတ္တရာကို ပြန်ဟောတော် မူတယ်။ အရှင်သာရိပုတ္တရာက ဒီအကျဉ်းချုပ်တရားတော်ကို ခုတင်က ပြောခဲ့ တဲ့ ရဟန်းငါးရာကို ပြန်ဟောတယ်။ ဒီအဘိဓမ္မာတရားကို ကြားနာရပြီး ရဟန်းငါးရာဟာ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

တရားတော်ကို ဘာမှ မသိဘဲ တရားသံကို ကြည်ညိုခဲ့တဲ့ စိတ်ကြောင့် နောက်ဘုရားတစ်ဆူကို ဖူးတွေ့ရပြီး အဘိဓမ္မာတရားတော်ကို နာရရုံနဲ့ ရဟန္တာဖြစ်နိုင်ရင် သစ္စာလေးပါးအကြောင်းကိုသိပြီး နေ့စဉ် ဓမ္မစကြာ ကို ရွတ်နေတဲ့သူတွေမှာ ဘယ်ပြောစရာရှိတော့မလဲ။ ဒီလိုရွတ်နေတဲ့ လူတွေဟာ ဒီဘဝမှာပဲ တရားအားထုတ်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရချင်ရ မရသေး ရင် ဓမ္မစကြာကို နေ့စဉ်မပြတ် ရွတ်ဖတ်ရတဲ့ ကုသိုလ်တွေကြောင့် လူတွေ နတ်တွေ အကြိမ်ကြိမ်ဖြစ်ပြီး အရိမေတ္တယျ မြတ်စွာဘုရားပွင့်တော်မူတဲ့အခါမှာ သစ္စာလေးပါး တရားတော်ကို နာရရုံနဲ့ ပင်ပင်ပန်းပန်း အားထုတ်စရာမလိုဘဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို ရနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်ဘိုးသုံကို နောက်ထပ် သာဓကတစ်ခု ပြောပြဦးမယ်။

ပဥ္စဂုပုဏ္ဏားလင်မယား

မြတ်စွာဘုရားလက်ထက်တော်က ပဥ္စဂုဆိုတဲ့ပုဏ္ဏားကြီးတစ်ယောက် ရှိတယ်။ ဒီပုဏ္ဏားကြီးဟာ လယ်ထဲက ပြန်လာပြီး သူ့အိမ်ထဲမှာ လမ်းဘက်ကို ကျောပေးပြီး ထမင်းစားနေတယ်။ သူ့မိန်းမက သူ့အနားမှာ လမ်းမဘက်ကို မျက်နှာမူပြီး ရပ်နေတယ်။ အဲဒီအချိန်မှာ ဒီပုဏ္ဏားကြီးဟာ ကျွတ်ချိန်တန်ပြီလို့ ဉာဏ်တော်မှာ ပေါ်လာတာနဲ့ မြတ်စွာဘုရားဟာ ဒီပုဏ္ဏားကြီးဆီကို ဆွမ်းခံရအောင် သွားတယ်။ မြတ်စွာဘုရားကို ပုဏ္ဏားကြီးက မမြင်ရဘူး။ ပုဏ္ဏေးမကြီးကသာ မြင်တယ်။

အဲဒီတော့ သူ့ယောကျ်ား ပုဏ္ဏားကြီးဟာ မြတ်စွာဘုရားကို သူစားနေတဲ့ ထမင်းတွေ ဟင်းတွေကို အကုန်လောင်းပစ်လိုက်ရင် ပြန်ချက်ပေးနေရမှာစိုးတာနဲ့ မြတ်စွာဘုရားကို သူ့ယောကျ်ားမမြင်ရအောင် မြတ်စွာဘုရားအနားကို အသာကလေးသွားပြီး…

"ကန်တော့ဆွမ်းပါ"

လို့ တိုးတိုးလျှောက်တယ်။

မြတ်စွာဘုရားက…

"ငါမသွားဘူး"

ဆိုတဲ့အနေနဲ့ ခေါင်းခါပြတယ်။ အဲဒါကိုမြင်ရတော့ ပုဏ္ဏေးမကြီးက သူ့ကိုယ်သူ မထိန်းနိုင်တော့ဘူး။ အသံထွက်အောင် ရယ်လိုက်တယ်။ အဲဒီအချိန်မှာပဲ မြတ်စွာဘုရားက ပုဏ္ဏားကြီးမြင်အောင် အိမ်ထဲကို ရောင်ခြည်တော်တွေ လွှတ်လိုက်တယ်။ ပုဏ္ဏားကြီးဟာ သူ့မိန်းမ ရယ်တဲ့အသံကိုလည်း ကြားပြီး ရောင်ခြည်တော်တွေကိုလဲ ဖူးရတာနဲ့ လမ်းမဘက် လှည့်ကြည့်လိုက်တဲ့အခါ မြတ်စွာဘုရားကို မြင်ရတယ်။

အဲဒီအခါ မြတ်စွာဘုရားကြွလာတာ သူ့ကို အကြောင်းမကြားကောင်းလားလို့ ပုဏ္ဏေးမကြီးကို ကြိမ်းမောင်းပြီး သူစားလို့ တစ်ဝက်ကျန်နေတဲ့ ထမင်း ဟင်းတွေကို ဆွမ်းလောင်းရအောင် ယူသွားတယ်။

မြတ်စွာဘုရားရဲ့အနားကို ရောက်တဲ့အခါ…

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား… တပည့်တော် စားပြီးသား အကျန်တွေကို ဆွမ်းလောင်းကောင်းပါရဲ့လား"

လို့ လျှောက်လိုက်တယ်။

"ဦးဦးဖျားဖျားလည်း လောင်းကောင်းတာပဲ၊ စားပြီးတဲ့ အကျန်ကို လည်း လောင်းကောင်းတာပဲ၊ မြတ်စွာဘုရားတို့မည်သည် ဒကာ ဒကာမတွေ လောင်းတာကို သုံးဆောင်ရမယ်"

လို့ မိန့်တော်မူတယ်။

"ဘုရားဖြစ်အောင်မကျင့်ဘဲ မင်းအဖြစ်နဲ့သာ နေမယ်ဆိုရင် လေးကျွန်းကို အစိုးရတဲ့ စကြဝတေးမင်းဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ ငါ စားပြီးသား အကျန်ကို မငြင်းပယ်ဘဲ အလှူခံတော်မူတာ အံ့သြဖွယ်ကောင်းလှတယ်"

လို့ တွေးပြီး မြတ်စွာဘုရားကို ပုဏ္ဏားကြီးဟာ သိပ်ကြည်ညိုသွားတယ်။

အဲဒါနဲ့…

"အရှင်ဘုရား၊ ဘိက္ခုဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို ခေါ်ပါသလဲ"

လို့ ဒုတိယမေးခွန်းတစ်ခုကို ထပ်လျှောက်တယ်။

ဒီပုဏ္ဏားလင်မယားဟာ ကဿပမြတ်စွာဘုရား လက်ထက်တော် တုန်းက ရဟန်းတွေဟောတဲ့ နာမ် ရုပ်ဆိုတဲ့ တရားစကားကို ကြားနာခဲ့ရ ဖူးတယ်။ အဲဒါကြောင့် အဲဒီအချိန်မှာ နာမ် ရုပ်ပါတဲ့ တရားစကားတော်ကို ကြားရရင် ပုဏ္ဏားလင်မယားနှစ်ဦးစလုံး မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရမယ် ဆိုတာကို မြင်တော်မူတာနဲ့…

"ဘိက္ခုဆိုတာ တခြား မဟုတ်ဘူး၊ အားလုံးသော နာမ် ရုပ်တွေမှာ ငါ ငါ၏ ဥစ္စာလို့ တပ်မက်စွဲလမ်းခြင်းမရှိ၊ ဒီနာမ်ရုပ်တွေပျက်ပေကုန်ပေတဲ့ စိုးရိမ်ခြင်းမရှိတဲ့သူကို ဘိက္ခုလို့ ခေါ်တယ်"

လို့ မြတ်စွာဘုရားက မိန့်တော်မူတယ်။

အဲဒီလို နာမ်ရုပ်ဆိုတဲ့ တရားစကားတော်ကို ကြားရရုံနဲ့ ပုဏ္ဏားကြီး လင်မယားနှစ်ယောက်စလုံးဟာ ဒီနေရာမှာပဲ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ကို ရကြတယ်။

"အဲဒီတော့ ပရိတ်ရွတ်တာကို တော်ရိလျော်ရိ မသင်နဲ့၊ ပရိတ်

www.burmeseclassic.com



ရွတ်တိုင်း ရွတ်တိုင်း မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ သစ္စာလေးပါး၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ လက္ခဏာရေး သုံးပါး အစရှိတဲ့ တရားတော်တွေကို ပြန်ပြန်ပြီး သတိရနေလိမ့်မယ်။ ဒီလိုအဖန်ဖန် သတိရတဲ့ ကုသိုလ်တွေဟာ များလာတဲ့အခါကျတော့ ပါရမီတွေ ဖြစ်လာမယ်။ ဒီပါရမီတွေကြောင့် နောင်ပွင့်တော်မူမယ့် အရိမေတ္တယျ မြတ်စွာဘုရားကို ဖူးတွေ့တဲ့အခါ မြတ်စွာဘုရားက ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ကိုပဲဖြစ်ဖြစ်၊ သစ္စာလေးပါးကိုပဲဖြစ်ဖြစ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကိုပဲဖြစ်ဖြစ် ဟောတော်မူတာကို နာရရုံနဲ့ မောင်ဘိုးသုံဟာ ပင်ပင် ပန်းပန်း တရားအားမထုတ်ရဘဲ ပဋိသမ္ဘိဒါ ပုဏ္ဏားကြီးလင်မယားလို မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရနိုင်တယ်''

လို့ ဦးချက်ဖူးက ပြောပြတယ်။

ဘိုးသုံလည်း သိပ်သဘောကျပြီး ရှေးတုန်းကလိုပဲ ဦးချက်ဖူးရှေ့မှာ ဓမ္မစကြာကို လျှောက်ဖတ်တယ်။ ဦးချက်ဖူးက ပြင်ပေးတယ်။ သူ့အိမ်ကို ပြန်ရောက်တဲ့အခါမှာလည်း ဓမ္မစကြာကို အကြိမ်ပေါင်းများစွာ ထပ်ပြီး ရွတ်လိုက်သေးတယ်။

နောက်တစ်လလောက်ကြာတဲ့အခါ အနတ္တလက္ခဏာသုတ်ကို တက်ပြီး ရွတ်ဖို့ ဦးချက်ဖူးက မောင်ဘိုးသုံကို တိုက်တွန်းပြန်တယ်။ ဘိုးသုံကို အနတ္တလက္ခဏာသုတ် အဖတ်မခိုင်းခင် ပြောနေကျအတိုင်း ဦးချက်ဖူးက ဒီလို ပြောပြန်တယ်။

လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ်၊ တိရစ္ဆာန်ပဲဖြစ်ဖြစ် သတ္တဝါဆိုတာတွေမှာ ခန္ဓာငါးပါး ရှိကြတယ်။

## အနတ္တလက္ခဏာသုတ် ရွတ်ရကျိုး

ဒီခန္ဓာငါးပါးဆိုတာက . . .

၁။ ရူပက္ခန္ဓာ

၂။ ဝေဒနက္ခန္ဓာ

၃။ သညက္ခန္ဓာ

၄။ သင်္ခါရက္ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



၅။ ဝိညာဏက္ခန္ဓာ ဆိုတာတွေပါပဲ။

ရူပက္ခန္ဓာဆိုတာ ဒီရုပ်ကို ခေါ်တာဆိုပြီး သူ့ရင်ဘတ်ကို ပုတ်ပြတယ်။

"မောင်ဘိုးသုံ့ဟာ ကြိုက်တာနဲ့တွေ့ရင် ဝမ်းသာတယ်၊ စိတ်ချမ်းသာတယ်၊ မကြိုက်တာနဲ့တွေ့ရင် ဝမ်းနည်းတယ်၊ စိတ်ဆိုးတယ်၊ စိတ်ဆင်းရဲတယ် မဟုတ်လား"

လို့မေးတယ်။

ဘိုးသုံ့က…

"ဟုတ်ကဲ့"

လို့ ဖြေတယ်။

"အဲဒီလို စိတ်ချမ်းသာတာ၊ စိတ်ဆင်းရဲတာတွေဟာ ဝေဒနက္ခန္ဓာရဲ့ သဘောတွေပဲ"

"မောင်ဘိုးသုံ့ဟာ မညာကိုမြင်တဲ့အခါ အမေလို့ သိတယ်၊ ဦးကိုမြင်တဲ့အခါ ဦးချက်ဖူးလို့ သိတယ်၊ မိတ်ဆွေကိုမြင်တဲ့အခါ မိတ်ဆွေ၊ ရန်သူကိုမြင်တဲ့အခါ ရန်သူလို့ သိတယ်မဟုတ်လား"

လို့ ဦးချက်ဖူးက ထပ်မေးပြန်တယ်။

"ဟုတ်ကဲ့"

လို့ ဘိုးသုံ့က ဖြေတယ်။

"အဲဒီလို သက်ရှိသတ္တဝါတွေကိုမြင်တဲ့အခါ ဒါတွေဟာ ဘယ်သူတွေ ဘယ်ဝါတွေပဲလို့ သိတာ၊ မှတ်မိတာ၊ သက်မဲ့အရာဝတ္ထုတွေကို မြင်ရင်လည်း ဒါတွေဟာ ဘာတွေလဲလို့ သိတာ၊ မှတ်မိတာတွေဟာ သညက္ခန္ဓာရဲ့ သဘောတွေပဲ…၊

… နောက်ပြီးတော့လည်း မောင်ဘိုးသုံ့ဟာ သဘောကျတာတွေနဲ့ တွေ့ရင် ကြည့်လိုက်၊ နားထောင်လိုက်၊ ရှူလိုက်၊ စားလိုက်၊ ပြောလိုက်၊ ထိလိုက်၊ လုပ်လိုက်လို့ မောင်ဘိုးသုံ့ရဲ့ ကိုယ်ထဲက မောင်ဘိုးသုံ့ကို တိုက်တွန်းနေတာတွေ၊ သဘောမကျတာတွေနဲ့ တွေ့ရင် မကြည့်နဲ့၊ နားမထောင်နဲ့၊ မရှူနဲ့၊ မစားနဲ့၊ မပြောနဲ့၊ မလုပ်နဲ့လို့ မောင်ဘိုးသုံ့ရဲ့ကိုယ်ထဲက မောင်ဘိုးသုံ့ကို တိုက်တွန်းနေတာတွေကို မောင်ဘိုးသုံ့ တစ်ခါတစ်ခါ သတိထားမိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဦးချက်ဖူးက မေးတယ်။

ဘိုးသုံးက…

“ဟုတ်ကဲ့ သတိထားမိပါတယ်”

လို့ ဖြေတယ်။

“အဲဒါတွေဟာ သင်္ခါရက္ခန္ဓာရဲ့ သဘောတွေပဲ”

“မောင်ဘိုးသုံးဟာ တစ်ခုခုကိုမြင်ရင် မြင်တယ်လို့ သိတယ် မဟုတ်လား၊ အသံကို ကြားရင် ကြားတယ်လို့ သိတယ်မဟုတ်လား၊ အနံ့ကို ရှူရင် နံ့တယ်လို့ သိတယ်မဟုတ်လား၊ အရသာတစ်ခုခုကိုစားရင် စားတယ်လို့ သိတယ်မဟုတ်လား၊ တစ်ခုခုနဲ့ထိမိရင် ထိတယ်လို့ သိတယ်မဟုတ်လား”

လို့ ဦးချက်ဖူးက မေးတယ်။

“ဟုတ်ကဲ့၊ သိပါတယ် ဦး”

လို့ ဘိုးသုံးက ဖြေတယ်။

“အဲဒီလို သိတာတွေဟာ **ဝိညာဏက္ခန္ဓာရဲ့** သဘောတွေပဲ”

“မောင်ဘိုးသုံးဟာ ဒီဝိညာဏက္ခန္ဓာသာ မရှိဘူးဆိုရင် မောင်ဘိုးသုံးရဲ့ မျက်စိရှေ့မှာ ဘာကြီးပဲရှိနေနေ မောင်ဘိုးသုံးဟာ မြင်မှာ မဟုတ်ဘူး၊ ဘယ်အသံကိုပဲဖြစ်ဖြစ် မောင်ဘိုးသုံး ကြားမှာ မဟုတ်ဘူး၊ ဘယ်အနံ့ကိုပဲ ဖြစ်ဖြစ် မောင်ဘိုးသုံး နံ့မှာ မဟုတ်ဘူး၊ ဘယ်အရသာကိုဖြစ်ဖြစ် မောင်ဘိုးသုံး သိမှာ မဟုတ်ဘူး၊ ဘယ်အထိအတွေ့ကိုဖြစ်ဖြစ် မောင်ဘိုးသုံး သိမှာ မဟုတ်ဘူး…

… မောင်ဘိုးသုံးကို ဦး အရွတ်ခိုင်းတဲ့ အနတ္တလက္ခဏသုတ်ထဲမှာ မြတ်စွာဘုရားက **ဒီခန္ဓာငါးပါးဟာ မမြဲဘူး– အနိစ္စ၊ ချမ်းသာ မဟုတ်ဘူး၊ ဆင်းရဲ သက်သက်သာ ဖြစ်တယ်– ဒုက္ခ၊ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါ့ အလိုမလိုက်– အနတ္တ** လို့ ဟောတော်မူထားတယ်…

… မောင်ဘိုးသုံးဟာ မောင်ဘိုးသုံးရဲ့ခန္ဓာငါးပါးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့တရားသုံးပါးကို မြင်အောင်ကြည့်နိုင်ရင် မောင်ဘိုးသုံးဟာ ဒီခန္ဓာ ငါးပါးမှာ ငြီးငွေ့လာမယ်၊ ဒီလိုငြီးငွေ့လာရင် ဒီခန္ဓာငါးပါးမှာ စွဲလန်း တပ်မက်နေတဲ့ စိတ်တွေ ခန်းခြောက်ကုန်မယ်၊ ဒီတပ်မက်နေတဲ့စိတ်တွေ ခန်းခြောက်ကုန်ရင် မောင်ဘိုးသုံးဟာ မအိုရ၊ မနာရ၊ မသေရ၊ မချစ်တဲ့သူတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မပေါင်းရ၊ ချစ်တဲ့သူတွေနဲ့ မကွေကွင်းရတဲ့ ချမ်းသာခြင်းအစစ်ရဲ့တည်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်…

… အဲဒီလို မျက်မှောက်ပြုပြီး မောင်ဘိုးသုံဟာ ဒီတစ်ဘဝပဲ သေရတော့မယ်၊ ဒီဘဝပြီးရင် နိဗ္ဗာန်စံဝင်သွားတဲ့အတွက် အဖန်ဖန် ပဋိသန္ဓေနေရ၊ အိုရ၊ နာရ၊ သေရ၊ မချစ်သူတွေနဲ့ ပေါင်းသင်းရ၊ ချစ်သူတွေနဲ့ ကွေကွင်းရ ဆိုတဲ့ သံသရာဝဋ်ဆင်းရဲတွေနဲ့ ဘယ်တော့မှ မတွေ့ရတော့ဘူး…

… အနတ္တလက္ခဏသုတ်ထဲမှာ အဲဒီတရားတွေကို မြတ်စွာဘုရား ဟောထားတော်မူတယ်…

… အဲဒီတော့ အနတ္တလက္ခဏသုတ်ကို နေ့စဉ်မှန်မှန် ရွတ်နေရင် ဒီတရားတွေကို မောင်ဘိုးသုံ နေ့စဉ် သတိရနေမယ်…

… ဒီလို သတိရနေတဲ့အတွက် အခုဘဝမှာပဲ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်အောင် တရားအားထုတ်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို မြန်မြန် ထူးထူးခြားခြားရမယ်…

… အကြောင်းမညီညွတ်လို့ အခုဘဝမှာ တရားအားမထုတ်နိုင်သေး ရင် ဒီလို နေ့စဉ်ရွတ်ထားတဲ့ ကုသိုလ်တွေကြောင့် လူတွေ နတ်တွေ အကြိမ် ကြိမ်ဖြစ်ပြီး အရိမေတ္တယျ မြတ်စွာဘုရားပွင့်တော်မူတဲ့အခါ မြတ်စွာဘုရားကို မောင်ဘိုးသုံ ဖူးရမယ်…

… မြတ်စွာဘုရားက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လက္ခဏာရေးသုံးပါး တရားဟောတာကို နာရရုံနဲ့ပဲ ပင်ပင်ပန်းပန်း တရားအားမထုတ်ရဘဲ ပဋ္ဌဂ္ဂပုဏ္ဏားလင်မယားလို မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေကို မောင်ဘိုးသုံ ရရမယ်‥

… ပရိတ် မှန်မှန်ရွတ်တဲ့အကျိုးဟာ ဘယ်လောက်ကြီးသလဲကွယ်၊ အဲဒီတော့ မောင်ဘိုးသုံ အနတ္တလက္ခသုတ်ကို တက်ပြီး ရွတ်လိုက်ဦး”

လို့ ဦးချက်ဖူးက ပြောတယ်။

ဘိုးသုံကလည်း သဘောတူတယ်။ အဲဒါကြောင့် အနတ္တလက္ခဏ သုတ်ကို ဦးချက်ဖူးရှေ့မှာ လျှောက်ဖတ်တယ်။ ဦးချက်ဖူးက အမှားတွေကို ပြင်ပေးတယ်။

ဘိုးသုံဟာ စိတ်သိပ်ပါနေတဲ့အတွက် နှစ်လလောက်ကြာတဲ့အခါမှာ မေတ္တာသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ ပုဗ္ဗဏှသုတ် ငါးသုတ်စလုံးကို အလွတ်ရသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီငါးသုတ်စလုံးကို နေ့စဉ်မှန်မှန် ရွတ်ရုံသာမကဘူး၊ သူ့အလုပ်ဟာ လက်နဲ့လုပ်ရတဲ့အလုပ်ဖြစ်တဲ့အတွက် ဘယ်သူနဲ့မှ စကားမပြောရတဲ့အခါ လက်က သူ့အလုပ်ကို လုပ်နေရင်း သူ့ပါးစပ်က တစ်သုတ်ပြီး တစ်သုတ် ရွတ်နေတာပဲ။

အဲဒီလိုရွတ်တာ တစ်လလောက်ကြာတော့ ဘိုးလုံးကို သတ်မိတဲ့ သူ့ရဲ့စိတ်ဆင်းရဲနေတာတွေဟာ ပျောက်ပျက်ကုန်ကြတယ်။ စိတ်အားငယ် သလိုလို ဖြစ်နေတာတွေလည်း ပျောက်ပျက်ကုန်တယ်။ ပရိတ်ရဲ့တန်ခိုးတွေကို ယုံကြည်မှုကြောင့် သူ့စိတ်ဓာတ်တွေ တက်လာတာကို သူကိုယ်တိုင် တွေ့မြင် နေရတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၄

## သမီးကညာ ရှယ်ရောက်လာသော်

နောက် ခြောက်လလောက်ကြာတဲ့အခါ ဦးချက်ဖူးရဲ့အမေကြီး အနိစ္စ ရောက်သွားတယ်။ ဦးချက်ဖူးလည်း သားကောင်းတစ်ယောက်ပီပီ မိခင်ကြီးရဲ့ ဈာပနကိစ္စကို သူတတ်နိုင်သလောက် လိုလေသေးမရှိရအောင် ဆောင်ရွက် လိုက်တယ်။

နောက်တစ်လလောက်ကြာတဲ့အခါ ဦးချက်ဖူးက…

"မောင်ဘိုးသုံရေ၊ မင်း အိမ်ထောင်ပြုဖို့အတွက် မင်းနဲ့ စပ်ဟပ် ထားတာများ ရှိပြီလား"

လို့ မေးတယ်။

"မရှိပါဘူး၊ ဦးရယ်"

လို့ ဘိုးသုံက ဖြေတယ်။

"ဒီလိုဆိုရင် မောင်ဘိုးသုံမှာ လူငယ်အချင်းချင်း မေတ္တာရှိနေတာများ ကော ရှိနေပြီလား"

လို့ မေးတယ်။

"ဦးရယ်၊ ကျွန်တော့်အမေရဲ့တစ်သက်မှာ ကျွန်တော် အိမ်ထောင် မပြုဘဲ အမေကို တတ်နိုင်သမျှ လုပ်ကျွေးမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်၊ ဒါကြောင့် ကျွန်တော့်မှာ လူငယ်ချင်း မေတ္တာရှိနေတာလည်း မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဘိုးသုံက ဖြေတယ်။

"သာဓုကွယ် သာဓု သာဓု"

လို့ ဦးချက်ဖူးက သာဓု သုံးကြိမ် ခေါ်တယ်။

နောက် ဆယ်ရက်လောက်ကြာတော့ ဦးချက်ဖူးက…

"မောင်ဘိုးသုံရေ၊ မြတင့်ကို မောင်ဘိုးသုံနဲ့ ဦး ပေးစားချင်တယ်"

လို့ နိဒါန်းတွေမပါဘဲ တဲ့တိုး ပြောလိုက်တယ်။

ဘိုးသုံလည်း ဦးချက်ဖူးကို မျက်လုံးပြူးကြည့်ပြီး ဘာမှမပြောဘဲ ခေါင်းပြန်ငုံ့သွားတယ်။

"ဦးက ဒီလို စိတ်ကူးထားတယ်၊ မညွှာဟာ နောင်ရေးအတွက် အင်မတန် စိတ်ပူတတ်တယ်၊ သူ့ကို မုန့်ရောင်းမထွက်ပါနဲ့တော့လို့ ပြောပြီး ငွေဝင်လမ်းတစ်ခုခု အစားထိုးမပေးနိုင်ရင် သူ နားထောင်မှာ မဟုတ်ဘူး။ အဲဒီတော့ မင်းတို့ အိမ်ထောင်ကျပြီးရင် မြတင့်က အခု မညွှာရောင်းနေတာ တွေကို ထွက်ပြီးရောင်းရမယ်၊ မညွှာဟာ အလကားထိုင်မနေချင်ဘူးဆိုရင် သူ့ဖို့ အိမ်ဆိုင်ကလေးတစ်ခု တည်ပေးထား၊ မောင်ဘိုးသုံရဲ့အမေ နားပါ စေတော့ကွယ်၊ အိုလည်း အိုလာပါပြီ"

လို့ ဦးချက်ဖူးက ပြောတယ်။

ဦးချက်ဖူးရဲ့စီမံကိန်းဟာ သူ့အမေဈေးမထွက်ရတော့တဲ့စီမံကိန်း ဖြစ်တဲ့အတွက် ဒီစီမံကိန်းကို ဘိုးသုံ ကြိုက်တယ်။ နောက်ပြီးတော့လည်း မြတင့်ဟာ ယဉ်တယ်၊ ဣန္ဒြေရှိတယ်၊ ဝီရိယရှိတယ်၊ လိမ္မာတယ်။ သူ့အမေ မရှိတော့လို့ သူသာ မိန်းမယူရမယ်ဆိုရင် မြတင့်ကိုယူမှာပဲလို့ ဘိုးသုံ မကြာခဏ တွေးခဲ့ဖူးတယ်။ ဒါပေမယ့် သူမိန်းမယူမယ့်အချိန်မှာ မြတင့်လည်း အိမ်ထောင်နဲ့ဖြစ်နေပါပြီလို့လည်း စိတ်မကြာခဏ လျှော့ရဖူးတယ်။ အဲဒါကြောင့် ဦးချက်ဖူးက မြတင့်ကို သူနဲ့ပေးစားဖို့ စပြီး ပြောတဲ့အခါ ဘိုးသုံ ဝမ်းသာတယ်။ အများကြီး ဝမ်းသာတယ်။

ဒါပေမယ့် အချက်တစ်ချက်ကြောင့် မိန်းမယူရမှာကို ဘိုးသုံ သိပ်ကြောက်နေတယ်။ သူ့မိန်းမဟာ သူ့အမေနဲ့မတည့်ရင် ခက်မယ်ဆိုတဲ့ အချက်ဟာ သူ သိပ်ကြောက်နေတဲ့ အချက်ပဲဖြစ်တယ်။ အဲဒါကြောင့် ဦးချက်ဖူးပြောပြီးတဲ့အခါ…

www.burmeseclassic.com

www.burmeseclassic.com



"ဦးရယ်၊ ဦးကို ကျွန်တော် အဖေလိုပဲ သဘောထားပါတယ်၊ ဦးရဲ့စကားဆိုရင် ကျွန်တော် မပယ်ပါဘူး၊ ဒါပေမယ့် ကျွန်တော့်မှာ မိန်းမ ယူရမှာကို ကြောက်နေတဲ့ အချက်တစ်ချက်ရှိတယ်၊ မိန်းမနဲ့ အမေနဲ့ မတည့်ရင် သိပ်ခက်မှာပဲဆိုတဲ့ အချက်ကိုတွေးပြီး ကျွန်တော် မိန်းမယူရမှာကို သိပ်ကြောက် နေပါတယ် ဦးရယ်"

လို့ ဘိုးသုံးက ပြောတယ်။

"ဒါကတော့ မိန်းမဆိုတာ အစားစားရှိပါတယ် မောင်ဘိုးသုံးရယ်၊ မြတင့်ဟာ မောင်ဘိုးသုံးလည်း အမြင်ပဲ၊ အင်မတန် လိမ္မာတယ်၊ မောင်ဘိုးသုံးမှာ ဒီလိုကြောက်စိတ်မျိုး ရှိတယ်ဆိုတာသိလို့ ဦးလည်း မြတင့်နဲ့ တမင်ရွေးပြီး ပေးစားတာပဲ"

လို့ ဦးချက်ဖူးက ပြောတယ်။

"ဒီကိစ္စကို အမေနဲ့ တိုင်ပင်ပါရစေဦး ဦးရယ်"

လို့ ဘိုးသုံးက ပြန်ပြောတယ်။

ဘိုးသုံး အိမ်ပြန်ရောက်တဲ့အခါ ဦးချက်ဖူး ပြောသမျှတွေအားလုံး သူ့အမေကို ပြန်ပြောပြတယ်။ သူ့အမေက တအောင့်လောက်စဉ်းစားပြီး…

"သူ့သမီးကို ယူပါဆိုနေတာ ငြင်းလို့ ဖြစ်ပါ့မလား သားရယ်၊ သားမယူရင် လူသတ်မှုကို ဂါတ်သွားတိုင်ရင် ဘယ့်နှယ်လုပ်မလဲ"

လို့ မညွာက စိုးရိမ်တကြီး ပြန်ပြောတယ်။

"ဦးက ဒီလိုမဟုတ်ပါဘူး အမေရယ်၊ သူတော်ကောင်းကြီးပါ၊ ကျွန်တော့်ကိုလည်း သူ အင်မတန်ချစ်ပြီး သူ့သမီးနဲ့ ပေးစားချင်တာပဲ"

လို့ ဘိုးသုံးက ရှင်းပြတယ်။

"အမေတော့ မပြောတတ်ဘူးကွယ်၊ သားဟာ သား စဉ်းစား၊ သူငယ်မလေးအနေနဲ့တော့ မဆိုးပါဘူး၊ ဣန္ဒြေလည်း အင်မတန်ရှိပါတယ်'

လို့ မညွာက ပြောတယ်။

"ဣန္ဒြေရှိတာက အရေးမကြီးဘူး၊ အမေနဲ့ တည့်ပါ့မလား"

လို့ ဘိုးသုံးက မေးတယ်။

"သားရယ်၊ ကိုယ့်ချွေးမဖြစ်လာရင် ကိုယ့်သမီးလို သဘောထားရမှာ ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လို့ မညွာက ဖြေတယ်။

ဘိုးသုံက တအောင့်လောက် စဉ်းစားပြီး…

"အမေကတော့ သမီးလို သဘောထားမယ်ဆိုတာ ဟုတ်ပြီ၊ သူက အမေလို သဘောထားနိုင်ပါ့မလား"

လို့ ထပ်မေးပြန်တယ်။

"ဒီသူငယ်မလေးကို ကြည့်ရတာ မရိုင်းပါဘူးကွယ်၊ တော်တော် မွန်မွန်ရည်ရည်ရှိပါတယ်၊ ဆိုးမယ်လို့တော့ အမေ မထင်ဘူး"

လို့ အမေက ဖြေတယ်။

တခြားလူတစ်ယောက်လောက်ကသာ မိန်းမယူဖို့ပြောရင် ဘိုးသုံ ငြင်းလိုက်တာ ကြာပြီ။ 'သူယူမယ့် နောက်ယောက်ျားဟာ သူ့သားတွေကို နှိပ်စက်မှဖြင့် ခက်ရချည်ရဲ့' လို့ တွေးပြီး နောက်လင်ယူရမှာကို သူ့အမေ ကြောက်သလို 'သူ့မိန်းမဟာ သူ့အမေနဲ့မတည့်ရင် ခက်ရချည်ရဲ့' လို့ တွေးမိပြီး မိန်းမယူရမှာကို သူ ဒီလောက် ကြောက်နေတယ်။

အခုတော့ သူ့အသက်သခင်လည်းဖြစ်တဲ့ သူတော်ကောင်းကြီး တစ်ယောက်အနေနဲ့ သူ အင်မတန် ရိုသေနေတဲ့ ဦးချက်ဖူးကိုယ်တိုင်က သူ့သမီးကို ယူဖို့ ပြောတယ်ဆိုတော့ ဘိုးသုံမှာ စဉ်းစားရ အင်မတန် ကျပ်နေတယ်။ အဲဒါကြောင့် သူရွတ်နေကျ ပရိတ်တွေကို ထိုင်ရွတ်နေတဲ့အခါ သူ့စိတ်တွေဟာ ရှေးကလို မငြိမ်သက်တော့ဘူး။ သိပ်ပြီး လွင့်နေတယ်။ ပရိတ်ရွတ်ပြီးတော့ လည်း အိပ်ရာပေါ်မှာလှဲရင်း ဟိုစဉ်းစား ဒီစဉ်းစားနဲ့ စဉ်းစားနေလိုက်တာ သန်းခေါင်ကျော် နှစ်ချက်တီးလောက်ရှိတော့မှ သူ အိပ်ပျော်သွားတယ်။

စက်ရုံထဲမှာလည်း အလုပ်လုပ်ရင် အရင်ကလို ပရိတ်ကို ကောင်းကောင်း မရွတ်နိုင်တော့ဘူး။ သူ့စိတ်တွေဟာ မိန်းမ ယူသင့် မယူသင့် ကိစ္စနဲ့ ပတ်သက်ပြီး ဟိုရောက်ဒီရောက် ရောက်နေတယ်။ ညဘက်ရောက်တဲ့ အခါ အဖြေတစ်ခုခုကို အတိအကျ မပေးနိုင်တာနဲ့ သူသွားနေကျအချိန်မှာ ဦးချက်ဖူးတို့အိမ်ကို သူ မသွားတော့ဘူး။ သူ့အိပ်ရာပေါ်မှာပဲ လှဲပြီးစဉ်းစား နေတယ်။

သူလာနေကျအချိန် မလာတဲ့အတွက် တစ်နာရီလောက်ကြာတော့ ဦးချက်ဖူး ဘိုးသုံတို့တဲကို ပေါက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးသုံနဲ့တွေ့တဲ့အခါ…

"မောင်ဘိုးသုံ မနေ့က ဦးပြောလိုက်တဲ့ကိစ္စကို မင်းစိတ်ထဲမှာ သိပ်ပြီး စွဲစွဲလမ်းလမ်းကြီး ဖြစ်မနေနဲ့နော်၊ ဦးကတော့ မင်းကို သားအရင်းလို လည်း ချစ်နေတယ်၊ သမီးတွေ အရွယ်ရောက်လာတဲ့အခါ သင့်တင့်တဲ့ သူတစ်ဦးဦးနဲ့ ပေးစားဖို့ မိဘဝတ္တရားတွေလည်း ရှိနေတယ်၊ အဲဒါကြောင့် မနေ့ကကိစ္စကို ပြောလိုက်တာပဲ၊ မောင်ဘိုးသုံ မယူချင်ရင်လည်း မောင်ဘိုးသုံ ကို ဦး ဘယ်လိုမှ အထင်မလွဲဘူး၊ မောင်ဘိုးသုံရဲ့သဘောကို ဦး ကောင်း ကောင်းသိတယ်၊ မောင်ဘိုးသုံမှာလည်း ဒီအမေတစ်ယောက်တည်း ရှိတယ်၊ နောက်ပြီးတော့လည်း ဒီအမေကို သိပ်ချစ်တယ်ဆိုတော့ မိန်းမနဲ့အမေနဲ့ မတည့်မှာကို သိပ်ကြောက်မှာ ဓမ္မတာပဲ၊ ဒီလိုကြောက်တဲ့စိတ်ကို ဦး လေးစား ပါတယ်၊ ဒါပါပဲကွယ်၊ မနေ့က ဦးပြောလိုက်မိတဲ့အတွက် မောင်ဘိုးသုံ သိပ်ပြီး စိတ်မချမ်းမသာ ဖြစ်နေမှာစိုးလို့ ဦးလာခဲ့တာပဲ၊ စိတ်ချမ်းချမ်းသာသာ နေပါ မောင်ဘိုးသုံရယ်"

လို့ ပြောပြီး ပြန်သွားတယ်။

သူတစ်ယောက်တည်းရှိတဲ့အခါ သူ့အပေါ်မှာ ဒီလောက်ကျေးဇူးရှိတဲ့ လူကြီးတစ်ယောက်ရဲ့ စကားကို သူ နားမထောင်နိုင်တာ သူသိပ်ဆိုးတာပဲဆိုပြီး ဘိုးသုံဟာ သူ့ကိုယ်သူ အများကြီး အပြစ်တင်နေတယ်။ ဒါပေမယ့် တစ်ဖက်က လည်း မိန်းမယူရမှာ ကြောက်တဲ့စိတ်ကလည်း ရှိနေသေးတဲ့အတွက် သူလည်း ဘယ်လိုမှ ဆုံးဖြတ်ချက် မချနိုင်ဘူး၊ သူ့ကိုယ်သူ အပြစ်တင်တဲ့စိတ်နဲ့ မိန်းမ ယူရမှာ ကြောက်တဲ့စိတ်ဟာ အကြီးအကျယ် နပန်းလုံးနေတာဟာ ဘတစ်ပြန် ကျားတစ်ပြန်ဖြစ်ရင်း ည ၁၂ နာရီလောက် ဖြစ်သွားတယ်။

အဲဒီအချိန်ကျတော့မှပဲ ဦးဟာ ပညာရှိတယ်၊ ငါ့သဘောကိုလည်း ဦး ကောင်းကောင်းသိတယ်၊ အဲဒီတော့ သမီးဟာ ငါ့အမေနဲ့ တည့်မယ်ဆိုတာ ကိုသိလို့ ဦးပေးစားတာ ဖြစ်မှာပဲ၊ ဦးဟာ ငါ ပျက်စီးမယ့်အကြံကို တစ်ခါမှ မပေးဖူးဘူး။ ဦးရဲ့အကြံကို နားထောင်မိခဲ့တဲ့ အတွက် ငါဟာ စက်တိုင်က လည်း လွတ်ခဲ့ပြီ၊ မိခင်ကိုလုပ်ကျွေးမွေးမြူတတ်တဲ့ သားကောင်းတစ်ယောက် လည်း ဖြစ်လာပြီ၊ ရတနာသုံးပါးကို ကြည်ညိုကိုင်းရှိုင်းတဲ့သူလည်း ဖြစ်လာပြီ၊ ဒီတော့ ဦးရဲ့စကားကို ငါ နားထောင်ပါတော့မယ်လို့ ဘိုးသုံ ဆုံးဖြတ်ချက် ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဆုံးဖြတ်ချက်ချပြီး သူ့အမေကို နှိုးတယ်။ သူ့အမေ နိုးလာတဲ့အခါ သူ့ဆုံးဖြတ်ချက်ကို သူ ပြောပြတယ်။

သူ့အမေကလည်း…

"အမေနဲ့မတည့်တဲ့သူ မရှိပါဘူး သားရယ်၊ စိတ်ချပါ၊ ငါ့သား မပူပါနဲ့"

လို့ သူ့သားကို ပြောတယ်။

သူ့အတွက်နဲ့ ဦးချက်ဖူးဟာ တစ်ညလုံး စိတ်မချမ်းမသာဖြစ်နေမှာ စိုးတာနဲ့ သူ့အမေက…

"မနက်မှ သွားပါလား"

လို့ ပြောတာတောင် သူ့အမေကို တောင်းပန်ပြီး ဦးချက်ဖူးကို သွားနှိုးတယ်။ ဦးချက်ဖူးလည်း ဘိုးသုံရဲ့ဆုံးဖြတ်ချက်ကို ကြားရတဲ့အခါ ဝမ်းသာသွားတယ်။

နောက်တစ်ညကျတော့ ဦးချက်ဖူး၊ မညှာ၊ ဘိုးသုံတို့ သုံးဦးတွေ့ကြပြီး မင်္ဂလာဆောင်ဖို့ အစီအစဉ်တွေ စဉ်းစားကြတယ်။

"တို့မှာ ငွေထုပ်ကြီး ရှိတာ မဟုတ်ဘူး၊ ရှိသမျှကလေးကို ရင်းနှီးစားရမယ်၊ မင်္ဂလာဆောင်တဲ့ကိစ္စမှာ အလကား ဖြုန်းမပစ်နိုင်ဘူး၊ အဲဒီတော့ ရွာသစ်ရွာထဲက လူကြီးဆယ်ယောက်လောက်ကိုပဲ ဖိတ်ပြီး မင်္ဂလာဆောင်မယ်"

လို့ ဦးချက်ဖူးက အကြံပေးတာကို မညှာနဲ့ ဘိုးသုံတို့က သဘောတူတယ်။ အဲဒီနောက် နေ့ကောင်းရက်သာကို ရွေးကြတယ်။

ဘိုးသုံတို့ သားအမိ ပြန်သွားကြတဲ့အခါ ဦးချက်ဖူးဟာ သမီးမြတင့်ကို ခေါ်ပြီး ဘိုးသုံ စိတ်မချမ်းသာအောင် မလုပ်ဖို့နဲ့ မညှာကို အမေအရင်းလို ရိုသေဖို့၊ လုပ်ကျွေးပြုစုဖို့ အကြိမ်ကြိမ် မှာနေတယ်။

သမီးလိမ္မာကလည်း…

"စိတ်ချပါအဖေ၊ သမီး အဖေ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်"

လို့ အကြိမ်ကြိမ် ကတိပေးတယ်။

ဒီလို အကြိမ်ကြိမ်မှာပြီး မြတ်စွာဘုရားဟောတော်မူတဲ့ ဘာရိယသုတ်ကို ဒီလို ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာရိယသုတ်

သမီးရေ၊ တစ်နေ့ကျတော့ မြတ်စွာဘုရားဟာ အနာထပိဏ်သူဌေးရဲ့ အိမ်ကို ကြွသွားတယ်။ အနာထပိဏ်သူဌေးရဲ့ ချွေးမဟာ အော်ကျယ်ဟစ်ကျယ်နဲ့ အော်ငေါက်နေတဲ့အသံတွေကို မြတ်စွာဘုရား ကြားတော်မူတဲ့အခါ...

"သူကြွယ်၊ သင့်အိမ်က လူတွေဟာ ဘာဖြစ်လို့ တံငါတွေ ငါးလုနေသလို ဆူညံနေကြတာလဲ"

လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

'အရှင်ဘုရား၊ တပည့်တော်ရဲ့ချွေးမဟာ တပည့်တော်ကိုလည်း လူမထင်ဘူး၊ တပည့်တော်ရဲ့မိန်းမကိုလည်း လူမထင်ဘူး၊ လင်ယောက်ျားကိုလည်း လူမထင်ဘူး၊ မြတ်စွာဘုရားကိုတောင်မှ အရိုအသေမပြု၊ အလေးအမြတ်မပြု၊ မမြတ်နိုး၊ မပူဇော်ပါဘုရား"

လို့ အနာထပိဏ်သူဌေးက လျှောက်ထားတယ်။

အဲဒီအခါ မြတ်စွာဘုရားက...

"သုဇာတာ လာခဲ့ဦး"

လို့ အနာထပိဏ်ရဲ့ချွေးမကို ခေါ်တော်မူလိုက်တယ်။

သုဇာတာ ရောက်လာတဲ့အခါ မြတ်စွာဘုရားက...

"သုဇာတာ မယား ခုနစ်မျိုးရှိတယ်၊ အဲဒီခုနစ်မျိုးဟာ...

၁။ သူသတ်နဲ့တူတဲ့ မယား

၂။ သူခိုးနဲ့တူတဲ့ မယား

၃။ အရှင်နဲ့တူတဲ့ မယား

၄။ အမိနဲ့တူတဲ့ မယား

၅။ နှမနဲ့တူတဲ့ မယား

၆။ အဆွေခင်ပွန်းနဲ့တူတဲ့ မယား

၇။ ကျွန်မနဲ့တူတဲ့ မယားတို့ ဖြစ်တယ်။

၁။ သူသတ်နဲ့တူတဲ့ မယားဟာ ဒေါသ အင်မတန်ကြီးတယ်၊ စီးပွားဥစ္စာကိုလည်း ကောင်းကောင်း မစောင့်ရှောက်ဘူး၊ မိမိ

www.burmeseclassic.com

www.burmeseclassic.com



လင်ယောကျ်ားအပြင် တခြား ယောကျ်ားတွေကို တပ်မက်တဲ့ စိတ် ရှိတယ်၊ လင်ကိုမရိုသေဘူး၊ မထီမဲ့မြင် လုပ်တတ်တယ်၊ ငွေဝယ်ကျွန်တွေကို သတ်သလို မိမိလင်ယောကျ်ားကိုလည်း သတ်ဖို့ ကြိုးစား အားထုတ်တတ်တယ်။

၂။ သူခိုးနဲ့တူတဲ့ မယားဟာ မိမိလင်ယောကျ်ားရှာလို့ရလာတဲ့ ဥစ္စာပစ္စည်းကို လင်ယောကျ်ားမသိအောင် အပြင်ကို ခိုးထုတ်လိုက်တယ်။

၃။ အရှင်နဲ့တူတဲ့ မယားဟာ အလုပ် လုပ်ချင်စိတ် မရှိဘူး၊ ပျင်းတယ်၊ အစားကြီးတယ်၊ စိတ်ကြမ်းတယ်၊ ကိုယ်အမူအရာလည်း ကြမ်းတယ်၊ နှုတ်အမူအရာလည်း ကြမ်းတယ်၊ လုံ့လဝီရိယရှိတဲ့ လင်ယောကျ်ားကိုလည်း နိုင်ထက်စီးနင်းလုပ်ပြီး ခိုင်းတတ်တယ်။

၄။ အမိနဲ့တူတဲ့ မယားဟာ စီးပွားဥစ္စာကိုလည်း အမြဲစောင့်ရှောက်တတ်တယ်။

၅။ နှမနဲ့တူတဲ့ မယားဟာ မိမိတို့ရဲ့အစ်ကို၊ မိမိတို့ရဲ့မောင်တွေကို အစ်မတွေ ညီမတွေက ရိုသေသလို မိမိတို့ရဲ့ လင်ယောကျ်ားကို ရိုသေတယ်၊ အရှက်နဲ့ယှဉ်တဲ့ စိတ်ရှိတယ်၊ လင်ရဲ့အလိုကို လိုက်တတ်တယ်။

၆။ အဆွေခင်ပွန်းနဲ့တူတဲ့ မယားဟာ အကြာကြီးကွဲနေတဲ့ အဆွေခင်ပွန်းတစ်ယောက်ကို မြင်တဲ့အခါ တခြားအဆွေခင်ပွန်းတစ်ယောက်ဟာ ဝမ်းသာသလို မိမိလင်ယောကျ်ားကို မြင်ရင် အင်မတန် ဝမ်းသာတယ်၊ သီလရှိတယ်၊ လင်ကို ရိုရိုသေသေ လုပ်ကျွေးတယ်။

၇။ ကျွန်မနဲ့တူတဲ့ မယားဟာ မိမိလင်ယောကျ်ားက ကြိမ်းမောင်းတဲ့အခါပဲဖြစ်ဖြစ်၊ ရိုက်နှက်တဲ့အခါပဲဖြစ်ဖြစ် လင်ကို စိတ်နဲ့တောင် မပြစ်မှားဘူး၊ သည်းခံတတ်တယ်၊ လင်ရဲ့အလိုကို လိုက်တတ်တယ်။

သူသတ်သမားနဲ့တူတဲ့ မယား၊ သူခိုးနဲ့တူတဲ့ မယား၊ အရှင်နဲ့တူတဲ့ မယားတွေ သေရင် ငရဲကျရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အမိနဲ့တူတဲ့မယား၊ နှမနဲ့တူတဲ့မယား၊ အဆွေခင်ပွန်းနဲ့တူတဲ့မယား၊ ကျွန်မနဲ့တူတဲ့ မယားတွေ သေရင် နတ်ပြည်ကို ရောက်ရမယ်။

အဲဒီတော့ 'သုဇာတာ၊ ဒီမယားခုနစ်မျိုး ရှိတဲ့အထဲက ချစ်သမီးဟာ ဘယ်လိုမယားမျိုးလဲ' ''

လို့ မြတ်စွာဘုရားက မေးတော်မူတယ်။

အဲဒီအခါ…

''ဒီနေ့ကစပြီး တပည့်တော်မဟာ ကျွန်မနဲ့တူတဲ့ မယားဖြစ်ပါတယ်လို့ မှတ်တော်မူပါဘုရား''

လို့ မြတ်စွာဘုရားကို သုဇာတာက လျှောက်တယ်။

'ငါ့သမီးကိုလည်း အဖေက မေးရဦးမယ်၊ ငါ့သမီးဟာ အိမ်ထောင်ကျပြီးရင် ဘယ်လို မယားမျိုးဖြစ်မလဲ''

လို့ ဦးချက်ဖူးက သမီးကို မေးတယ်။

''သမီးဟာ ကျွန်မနဲ့တူတဲ့ မယားမျိုး ဖြစ်ပါမယ်အဖေ''

လို့ သမီးလိမ္မာက ဖြေတယ်။ အဖေက သာဓု သုံးကြိမ်ခေါ်တယ်။

သူ့သမီးမြတင့်ဟာ အင်မတန် လိမ္မာတယ်ဆိုတာ ဦးချက်ဖူးသိတယ်။ ဒါပေမယ့် မှာစရာရှိတာတွေ မမှာလိုက်မိဘူး၊ နည်းနည်းလိုသွားတယ်လို့ နောင်တ မရ ရလေအောင် နှစ်ရက်လောက်ကြာတော့ သမီးကို ခေါ်ပြန်တယ်။

''သမီးရေ၊ သမီးကို အဖေ **ဥဂ္ဂဟသုတ်** ကို ဟောဦးမယ်၊ ရိုရို သေသေ နားထောင်နော်''

လို့ ဦးချက်ဖူးက စကား စလိုက်တယ်။

''ဟုတ်ကဲ့ အဖေ''

လို့ သမီးက ဖြေတယ်။

## ဥဂ္ဂဟသုတ်

မြတ်စွာဘုရားဟာ ဘဒ္ဒိယမြို့ မြတ်လေးတောမှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအခါ မေဏ္ဍကသူဌေးရဲ့မြေး ဥဂ္ဂဟဟာ မြတ်စွာဘုရားနဲ့ သံဃာတော်သုံးပါးကို ဆွမ်းစားကြွဖို့ ဖိတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဥဂ္ဂဟက…

"အရှင်ဘုရား၊ တပည့်တော်ရဲ့ သမီးတွေဟာ အိမ်ထောင်ကျတဲ့အတွက် သူတို့ရဲ့ လင်ယောကျ်ားတွေနောက်ကို လိုက်သွားရပါတော့မယ်ဘုရား၊ အဲဒါကြောင့် သူတို့အတွက် အကျိုးရှိမယ့် ဩဝါဒကို ပေးသနားတော်မူပါဘုရား"

လို့ လျှောက်ထားတယ်။

အဲဒီအခါ မြတ်စွာဘုရားက ဒီလို ဆုံးမတော်မူတယ်။

၁။ ချစ်သမီးတို့၊ ယောကျ်ားတွေအရင် အိပ်ရာက ထတဲ့သူတွေဖြစ်အောင်၊ သူတို့နောက်မှာ အိပ်တဲ့သူတွေဖြစ်အောင်၊ သူတို့ရဲ့ အမိန့်ကို နာခံတဲ့သူတွေဖြစ်အောင်၊ သူတို့ နှစ်မြိုက်တာကို လုပ်နိုင်တဲ့သူတွေဖြစ်အောင်၊ ချစ်ဖွယ်သောစကားကို ဆိုတတ်တဲ့သူတွေ ဖြစ်အောင် ငါတို့ကြိုးစားမယ်လို့ ချစ်သမီးတို့ ဆုံးဖြတ်ကြပြီး အဲဒီဆုံးဖြတ်ချက်အတိုင်းဖြစ်အောင် ကြိုးစားကြရမယ်။

၂။ ချစ်သမီးတို့၊ မိမိတို့ လင်ယောကျ်ားတွေက ရိုသေလေးစားတဲ့ အမိအဘ သာမဏေ ဗြာဟ္မဏဖြစ်တဲ့ ပုဂ္ဂိုလ်တွေကို အရိုအသေပြုရမယ်၊ အလေးအမြတ် ပြုရမယ်၊ မြတ်နိုးရမယ်၊ ပူဇော်ရမယ်၊ မိမိတို့ဆီကို လာတဲ့သူတွေကိုလည်း နေရာထိုင်ခင်းပေးရမယ်၊ ရေပေးရမယ်၊ ပူဇော်ရမယ်လို့ ဆုံးဖြတ်ကြပြီး အဲဒီဆုံးဖြတ်တဲ့အတိုင်း ဖြစ်အောင် ကြိုးစားရမယ်။

၃။ ချစ်သမီးတို့၊ အိမ်တွင်းမှု အလုပ်တွေမှာလည်း မပျင်းရဘူး၊ ဒီအလုပ်တွေနဲ့ ပတ်သက်ပြီး မသိတာကို စုံစမ်းရမယ်။ ကျွမ်းကျင်အောင် သင်ရမယ်၊ ကိုယ်တိုင် စီမံခန့်ခွဲနိုင်အောင် ကြိုးစားရမယ်လို့ ဆုံးဖြတ်ကြပြီး အဲဒီ ဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင် ကြိုးစားကြရမယ်။

၄။ ချစ်သမီးတို့၊ အိမ်မှာ အလုပ်လုပ်ကြတဲ့ အစေခံ အလုပ်သမားတွေဟာ အလုပ်လုပ်ရင်လည်း လုပ်တယ်ဆိုတာ သိအောင်၊ မလုပ်ရင်လည်း မလုပ်ဘူးဆိုတာ သိအောင်၊ သူတို့ မမာမကျန်းဖြစ်ပြီးတဲ့အခါ အလုပ်လုပ်ဖို့အတွက် သူတို့မှာ အားရှိတယ်

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးဆိုတာသိအောင်၊ ဒီသူတွေ ရခွင့်ရထိုက်ရှိမယ့် ခဲဖွယ် ဘောဇဉ်တွေကိုလည်း သူတို့တတွေ တရားသဖြင့် ရအောင် ငါတို့ ဆောင်ရွက်မယ်လို့ ဆုံးဖြတ်ပြီး အဲဒီဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင် ကြိုးစားကြရမယ်။

၅။ ချစ်သမီးတို့၊ လင်ယောကျ်ားတွေ ရှာဖွေပေးတဲ့ ပစ္စည်းကို လုံလုံခြုံခြုံထိန်းသိမ်းမယ်၊ တိုးပွားအောင် ဆောင်ရွက်မယ်၊ အပျော်အပါး လိုက်စားခြင်း၊ ခိုးယူခြင်း၊ အရက်သောက်ခြင်း ဆိုတဲ့ ပစ္စည်းဥစ္စာပျက်စီးကြောင်း တရားတွေကို ရှောင်ရှားပြီး လင်ယောကျ်ားတွေ ရှာဖွေပေးတဲ့ ပစ္စည်းဥစ္စာတွေ မပျက်စီးရအောင် အပျော်အပါး လိုက်စားခြင်း၊ ခိုးယူခြင်း၊ အရက်သောက်ခြင်းဆိုတဲ့ ပစ္စည်းဥစ္စာပျက်စီးကြောင်း တရားတွေကို ရှောင်ရှားမယ်လို့ ဆုံးဖြတ်ပြီး အဲဒီဆုံးဖြတ်တဲ့အတိုင်း ဖြစ်အောင် ကြိုးစားကြရမယ်။

ချစ်သမီးတို့၊ ဒီတရားငါးပါးနဲ့ ပြည့်စုံတဲ့ မယားမျိုးဟာ သေတဲ့အခါ နှစ်သက်ဖွယ်ရာ ကိုယ်အင်္ဂါရှိတဲ့ နတ်တွေဖြစ်တယ်။

အလုပ်ကို ကြိုးကြိုးစားစားလုပ်ပြီး မိမိမယားကို ဂရုတစိုက် ထောက်ပံ့လုပ်ကျွေးတဲ့ လင်ယောကျ်ားကို မယားကောင်း တစ်ယောက်ဟာ မထီလေးစား မပြုရဘူး။

အဲဒီမယားကောင်းဟာ ပြုစုညစ်ညမ်းတဲ့စိတ်နဲ့ မိမိလင်ယောကျ်ားကို မချုပ်ချယ်ဘူး။ မိမိလင်ယောကျ်ားကို ရှိသေလေးစားတဲ့ ပုဂ္ဂိုလ်အားလုံးကို လည်း မြတ်နိုးပူဇော်တယ်။

မယားကောင်းဟာ ထကြွလုံ့လရှိတယ်။ မပျင်းဘူး၊ မိမိကိုယ်တိုင် တတ်အားသရွေ့ ချီးမြှောက် ထောက်ပံ့ထားတဲ့အတွက် ဒီမယားကောင်းမှာ မိမိနဲ့ ထိုက်တန်တဲ့ အခြွေအရံ ပရိသတ်ရှိတယ်။ ဒီမယားကောင်းဟာ လင်ယောကျ်ား နှစ်သက်တာကို ဆောင်ရွက်ပေးလေ့ရှိတယ်။ လင်ယောကျ်ား ရှာဖွေပေးတဲ့ ပစ္စည်းကိုလည်း ကောင်းကောင်း ထိန်းသိမ်းစောင့်ရှောက်တယ်။

လင့်အလိုကိုလိုက်ပြီး အခုဟောတော်မူခဲ့တဲ့အတိုင်း ကျင့်တဲ့ မယားကောင်းတွေဟာ သေတဲ့အခါ…

www.burmeseclassic.com

www.burmeseclassic.com



'မနာပ' ဆိုတဲ့ နတ်တွေနေတဲ့ နိမ္မာနရတိနတ်ဘုံကို ရောက်ရမယ်လို့ မြတ်စွာဘုရားက ဟောတော်မူတယ်။

"အဲဒီတော့ အဖေ့သမီးဟာ အိမ်ထောင်ကျပြီးရင် အခုပြောခဲ့တဲ့ မယားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနိုင်ပါ့မလား"

လို့ ဦးချက်ဖူးက သူ့သမီး မြတင့်ကို မေးတယ်။

သမီးမြတင့်က…

"စိတ်ချပါ ဖေဖေ၊ သမီး ကြိုးစားပါ့မယ်"

လို့ ဖြေတယ်။ အဲဒီအခါ ဦးချက်ဖူးက သာဓု သုံးကြိမ် ခေါ်တယ်။

## အကြင်လင်မယားဘဝ ရောက်ပြီးသောအခါ

မင်္ဂလာဆောင်ဖို့ ဆယ်ရက်လောက်လိုတဲ့ နေ့တစ်နေ့မှာ ဘိုးသုံဟာ ဦးချက်ဖူးဆီကို ပေါက်လာတယ်။

"ဦးရေ၊ မင်္ဂလာဆောင်ပြီး ကျွန်တော်တို့နေဖို့အတွက် ကျွန်တော်တို့ရဲ့ တဲကလေးကို အသစ်ပြင်ဆောက်မယ်လို့ ကျွန်တော် စိတ်ကူးနေတုန်းကိစ္စတစ်ခု ဒီလိုဖြစ်လာတယ်၊ စက်ဘက်မှာ လက်ဖက်ရည်ရောင်းတဲ့ ကိုတင်ဟာ ဖဲရှုံးပြီး သူ့ဆိုင်ကို ၁၅၀ ကျပ်နဲ့ ကျွန်တော့်ကိုရောင်းချင်တယ်၊ အဲဒီဆိုင်ရောင်းပြီး ဝါးခယ်မဘက်ကို သူတို့ပြောင်းကြမယ်၊ သူတို့အိမ်ကို ကျွန်တော်ရမယ်၊ အိမ်ကတော့ သူ့ဌေးအိမ်ပါပဲ၊ ပိုက်ဆံပေးစရာ မလိုပါဘူး၊ လက်ဖက်ရည် ဆိုင်ကလေးဟာ တော်တော်ရောင်းရတယ်၊ ကိုတင်တို့ လင်မယားနှစ်ယောက် စလုံးဟာ ဆိုင်ကိုပစ်ထားပြီး တစ်နေ့လုံး ဖဲချလို့ ဒီဆိုင်ပြုတ်တာပဲ၊ အဲဒီတော့ ကျွန်တော် ဒီဆိုင်ကို ဝယ်မလို့ စိတ်ကူးတယ်၊ ဒီဆိုင်ဝယ်လိုက်ရင် တဲအသစ် ဆောက်ဖို့ မလိုတော့ဘူး၊ ကျွန်တော်တို့ စက်ဘက်ကို ပြောင်းနေမယ်၊ ပြီးတော့မှ လက်ဖက်ရည်ဆိုင်အသစ် ပြန်ဖွင့်မယ်၊ အဲဒီလို ကျွန်တော်စိတ်ကူးရတယ်၊ အမေနဲ့တိုင်ပင်တော့ အမေကလည်း သဘောတူတယ်၊ ဦးကော သဘောတူ ရဲ့လား၊ မမြတင့်ကိုလည်း မေးကြည့်ပါဦး၊ စက်ဘက်ကိုပြောင်းရရင်တော့ ဦးနဲ့ နည်းနည်းဝေးသွားမယ်"

လို့ ဘိုးသုံက ပြောပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပျော်ရာမှာ မနေရဘူး၊ တော်ရာမှာနေရမယ်၊ မောင်ဘိုးသုံရဲ့စိတ်ကူးကို ဦး သဘောကျတယ်"

လို့ ဦးချက်ဖူးက ဖြေတယ်။

မမြတင့်ကိုလည်း မေးပါဦးလို့ ဘိုးသုံက တောင်းပန်တဲ့အတွက် သမီးကိုလည်း ခေါ်ပြီး တိုင်ပင်တယ်။ သမီးကလည်း အဖေနဲ့ ကိုဘိုးသုံ သဘောကျရင် ပြီးရော သူ့အတွက်က အထူးပြောဖို့ မလိုပါဘူးလို့ ဖြေတယ်။

အဲဒါနဲ့ မင်္ဂလာဆောင်ပြီးတဲ့အခါ ဘိုးသုံ၊ မြတင့်နဲ့ အမေ မညွာတို့ဟာ စက်ဘက်ကို ပြောင်းသွားကြတယ်။ စက်ဘက်မှာ မမြတင့်က လက်ဖက်ရည်ဆိုင် ထွက်ရတယ်၊ လက်ဖက်ရည်ဆိုင်ဘေးမှာ မညွာက သူ မုန့်ဟင်းခါးကို ရောင်းချင်သေးတယ်။ သားနဲ့ ချွေးမက အတော်တောင်းပန်ထားရတယ်။ ချစ်တီးစက်က အတော်လူစည်တယ်။ မူလဆိုင်ရှင်များဖြစ်တဲ့ ကိုတင်တို့ လင်မယားဟာ ဆိုင်ကိုပစ်ထားပြီး ဖဲလည်ရိုက်နေလို့သာ ဒီဆိုင်ပြုတ်ရတာ။ ဆိုင်ကို ဂရုစိုက်မယ်ဆိုရင် ဒီဆိုင်ကရတဲ့ အမြတ်အစွန်းကလေးဟာ အတော်စားသာပါတယ်။

ဘိုးသုံဟာ သူ့အမေနဲ့ သူ့မိန်းမ တည့်မှ တည့်ကြပ့ါမလား၊ ဘယ်လိုများဖြစ်လာကြဦးမလဲလို့ မင်္ဂလာဆောင်ပြီးစက တထိတ်ထိတ်နဲ့ ဖြစ်နေသေးတယ်။ ဒါပေမယ့် မြတင့်ရဲ့လိမ္မာပုံတွေ၊ သူ့အမေကို ရိုသေပုံတွေ၊ သူ့စကားနားထောင်ပုံတွေ၊ လုံ့လဝီရိယရှိပုံတွေကို မြင်လာတဲ့အခါ တစိမ့်စိမ့် ဝမ်းသာနေတယ်။

မြတင့်က သူ့အမေကို သူခေါ်သလိုပဲ အမေလို့ ခေါ်တယ်။ အဲဒါကြောင့် သူကလည်း မြတင့်အဖေကို မြတင့်ခေါ်သလိုပဲ အဖေလို့ ခေါ်တယ်။ ဦးလို့ မခေါ်တော့ဘူး။

မင်္ဂလာဆောင်ပြီးလို့ ခြောက်လလောက်ကြာတဲ့အခါ ဘိုးသုံက ဦးချက်ဖူးကို…

"အဖေရယ်၊ အမေနဲ့ မမြတင့်ဟာ လုံးနေတာပဲ၊ ကျွန်တော်သိပ်ပြီး ဝမ်းသာတယ်"

လို့ ဝမ်းသာအားရ ပြောနေတယ်။

ဦးချက်ဖူးက ဘာမှမပြောဘူး ပြုံးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့နှစ်ယောက် တကျက်ကျက်များဖြစ်နေရင် ကျွန်တော် ရေထဲ ဆင်းသေမယ်လို့ စိတ်ကူးထားတာပဲ"

လို့ ဘိုးသုံက ဆက်ပြောတယ်။

ဦးချက်ဖူးလည်း ပြုံးမြ ပြုံးနေပြီးတော့မှ…

"အိမ်သူအိမ်သားတွေ ဒီလို သင့်သင့်မြတ်မြတ်ရှိတဲ့ အိမ်မျိုးဟာ အင်မတန် ကျက်သရေမင်္ဂလာ ရှိတယ်၊ ဒီလို အိမ်သူအိမ်သားမျိုးတွေဟာ လွန်ခဲ့တဲ့ဘဝတွေက ဒါနမျိုးစေ့တွေ ပါမလာလို့ ဆင်းရဲရရင်တောင် မွဲခြောက် ခြောက်ဖြစ်ပြီး မဆင်းရဲဘူး၊ သူတို့ရဲ့အစဉ် ရွှင်ပြုံးနေတဲ့ ဟဒယ နှလုံးရောင် ကြောင့် သူတို့တစ်ကိုယ်လုံးဟာ တောက်ပြောင်သလို ဖြစ်နေတယ်၊ ဆင်းရဲ လည်း ပြောင်ပြောင်ပဲဆိုတဲ့ ဒီစကားဟာ ဒီဟာမျိုးကို ရည်ရွယ်ပြီး ပြောတာပဲ၊ တချို့မိသားစုတွေရှိတယ်၊ လင်ကလည်း မယားမျက်နှာ မကြည့်ချင်၊ မယားက လည်း လင့်မျက်နှာမကြည့်ချင်၊ သမက်ကလည်း ယောက္ခမမျက်နှာ မကြည့် ချင်၊ ယောက္ခမကလည်း သမက်မျက်နှာ မကြည့်ချင်၊ ချွေးမကလည်း ယောက္ခမမျက်နှာ မကြည့်ချင်၊ ယောက္ခမကလည်း ချွေးမမျက်နှာ မကြည့်ချင်၊ ဒီလိုမိသားစုမျိုးနေတဲ့အိမ်ဟာ ကျောက်သံပတ္တမြားတွေ စီထားတဲ့ အိမ်မျိုး ဖြစ်ပါစေ ကျက်သရေမရှိဘူး၊ ဒီမိသားစုတွေဟာ ဘဝက ဒါနမျိုးစေ့တွေ ပါခဲ့တာကြောင့် အင်မတန်ချမ်းသာတဲ့ သူဌေးကြီးတွေ ဖြစ်နေပါစေ၊ သူတို့ရဲ့ အစဉ် ညစ်ပုပ်နေတဲ့ ဟဒယ နှလုံးရောင်ကြောင့် သူတို့ကိုယ်တွေဟာ ညစ်ပုပ်ပုပ် မွဲခြောက်ခြောက် ဖြစ်နေတယ်၊ သူတို့ကိုယ်ကို စိန်တွေ ဘယ်လိုပဲ ဆင်ထားထား သူတို့ဟာ စိုစိုပြည်ပြည် ပြောင်ပြောင်ရောင်ရောင် မရှိဘူး၊ အဲဒါကြောင့် မောင်ဘိုးသုံတို့ အခုလို သင့်သင့်မြတ်မြတ် ရှိကြတယ်ဆိုတာ ကြားရတာ အဖေသိပ်ဝမ်းသာတယ်"

လို့ ပြောပြီး…

"ဒီသား၊ ဒီသမီး၊ ဒီလင်၊ ဒီမယား အိုအောင်မင်းအောင် အခုအတိုင်း ချစ်ချစ်ခင်ခင် သင့်သင့်မြတ်မြတ် ပေါင်းသင်းကြရပါစေကွယ်"

လို့ ဦးချက်ဖူးက ဆုတောင်းတယ်။

ဆုတောင်းပြီးတော့မှ…

"မင့် လက်ဖက်ရည်ဆိုင်က နေရာကျရဲ့လား"

လို့ ဦးချက်ဖူးက မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နေရာကျတယ်အဖေ၊ လက်ဖက်ရည် ကော်ဖီတင် မဟုတ်ဘူး၊ မုန့်၊ သကြားလုံး၊ စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ကွမ်းယာတွေကိုပါ ရောင်းသေးတယ်၊ အဲဒါတွေက အနည်းဆုံး တစ်နေ့ကို ကျွန်တော်တို့အတွက် နှစ်ကျပ်လောက် ကျန်တယ်၊ တစ်လဆိုတော့ ခြောက်ဆယ်လောက် ဖြစ်နေပြီ၊ ကျွန်တော့်လခ လေးဆယ့်ငါးကျပ်ထက်တောင် ဒီဆိုင်ကလေးက နှစ်ဆယ်ကျပ် ပိုပြီး ဝင်နေတယ်၊ အဲဒါကြောင့် ကျွန်တော်ဖြင့် ဒီလခစား အလုပ်ကိုတောင် မလုပ်ချင်တော့ဘူး၊ ဈေးထွက်ရောင်းချင်တယ်"

လို့ ဘိုးသုံက ပြောတယ်။

ခဏလောက်စဉ်းစားပြီး…

'ရောင်းသင့်လည်း ရောင်းရမှာပေါ့ကွာ၊ ဒါပေမယ့် မင်း ဘာရောင်းချင်တယ်ဆိုတာ သေသေချာချာ စဉ်းစားပြီးပြီးလား"

လို့ ဦးချက်ဖူးက မေးတယ်။

"မစဉ်းစားရသေးဘူးအဖေ"

လို့ ဘိုးသုံက ဖြေတယ်။

"အဲဒီလိုဆိုရင် မင်း ဘာရောင်းချင်တယ်ဆိုတာ သေသေချာချာ စဉ်းစားဦး၊ အဲဒီလို စဉ်းစားပြီး ကိုယ်လုပ်မည့်အလုပ်ကို နားလည်အောင် လေ့လာကြည့်ဦး၊ အဲဒီလို လေ့လာပြီးတော့မှ အခုလစာ အလုပ်က ထွက်သင့်လည်းထွက်ပြီး ကိုယ်လုပ်ချင်တဲ့ အရောင်းအဝယ်ကို လုပ်တာပေါ့ မောင်ဘိုးသုံရယ်၊ ဒီလို မစုံစမ်းဘဲ ဖြုန်းခနဲ အလုပ်ကထွက်လိုက်ရင် အရောင်းအဝယ်က လည်း နေရာမကျ၊ လက်ရှိအလုပ်ကလည်း ပြုတ်၊ မျောက် သစ်ကိုင်းလွတ် သလို ဖြစ်နေမယ်"

လို့ ဦးချက်ဖူးက သတိပေးတယ်။

## မမြင်နိုင်သော လူ့ကံ

ဘိုးသုံက ပြုံးပြီး…

"ကျွန်တော် သိပ်လုပ်ချင်နေတဲ့ အလုပ်တစ်ခုတော့ ရှိတယ် အဖေ၊ ဒီအလုပ်က ကောင်းကင်က လကို တက်ပြီးကိုင်ချင်တယ် ဆိုတဲ့အလုပ်မျိုးများ ဖြစ်နေမလား မဆိုနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြုံးစိစိလုပ်ပြီးပြောတယ်။

"ဘာအလုပ်များလဲကွ"

လို့ ဦးချက်ဖူးက မေးတယ်။

"ဆန်စက်တစ်လုံး ဝယ်ချင်တယ်"

လို့ ဘိုးသုံက ဖြေတယ်။

"ဒီအလုပ်ဟာ လကို တက်ပြီး ကိုင်ချင်တဲ့ အလုပ်မျိုး မဟုတ်ပါဘူး မောင်ဘိုးသုံရယ်၊ ဝါးခယ်မက သူဌေးဦးသိန်းဒန်ရဲ့ အဖေ ဦးဖြိုးဟာ အညာက ဝါးခယ်မကို ဆင်းလာတုန်းက လှေသူကြီးရဲ့ ထမင်းစားပြီး တစ်လ ကျပ်တစ်ဆယ်ရတဲ့ လှေထိုးသားကွ၊ နောက်တော့ ဝါးခယ်မတစ်နယ်လုံးမှာ သူ့လောက် ချမ်းသာတဲ့သူဟာ မြန်မာထဲမှာရော၊ ကုလားထဲမှာရော၊ တရုတ်ထဲမှာရော မရှိပါဘူး၊ အဲဒီတော့ မောင်ဘိုးသုံ တည်ချင်တဲ့ ဆန်စက်ဟာ တစ်နေ့တည်ရမှာပေါ့၊ လှမ်းဆိုတာ မမြင်နိုင်ပါဘူး"

လို့ ဦးချက်ဖူးက သူ့သမက်ကို နှစ်သိမ့်စေတယ်။

နောက် ၁၅ ရက်လောက်ကြာတဲ့အခါ စိန်လယ်ဂျာထီ ပထမ ပေါက်တယ်ဆိုတဲ့ သံကြိုးတစ်စောင်ကို ဘိုးသုံရတယ်။ ဘိုးသုံလည်း သိပ်ဝမ်းသာပြီး ထီပေါက်တဲ့အကြောင်း အမေနဲ့ မယားကို ချက်ချင်းပြေး ပြောတယ်။ ယောက္ခမကြီး ဦးချက်ဖူးကိုလည်း ချက်ချင်းပြေးပြောတယ်။ အဲဒီနေ့မှာပဲ သူ့အလုပ်ကထွက်လိုက်ပြီး သူ့သူငယ်ချင်း စက်ဆရာကိုရွှေနဲ့ ဘိုးသုံနဲ့ ဆန်စက်တစ်လုံး တည်ဖို့ တိုင်ပင်ကြတယ်။

နောက် ဆယ်လလောက်ကြာတော့ ရွာသစ်ရွာရဲ့ အနောက်ဘက် ဘိုးသုံ လူပျိုတုန်းက နေခဲ့ဖူးတဲ့ တဲပုတ်ကလေးနားမှာ ခံ့ညားထည်ဝါတဲ့ ဆန်စက်တစ်လုံး ပေါ်လာပြီး

ဘိုးသုံဟာ စက်သူဌေးဦးဘိုးသုံ ဖြစ်လာတယ်။

မြတင့်ဟာ စက်သူဌေးကတော် ဒေါ်မြတင့် ဖြစ်လာတယ်။

မညွာဟာ သူဌေးအမေ ဒေါ်ညွာ ဖြစ်လာတယ်။

ဦးချက်ဖူးဟာ သူဌေးယောက္ခမ ဦးချက်ဖူး ဖြစ်လာတယ်။

မြဆင့်လည်း သူဌေးခယ်မ ဖြစ်လာတယ်။

သူဌေးအမေနဲ့ ယောက္ခမကြီးတို့လည်း ဘာမှ မလုပ်ရတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးနဲ့ သူဌေးကတော်တို့က ခေါင်းရင်းခန်းမှာတင်ပြီး အမြတ်တနိုး ပူဇော်ထားကြတယ်။

ချစ်တီးစက်က အလုပ်ထွက်ပြီး သူဌေးဦးဘိုးသုံရဲ့ဆန်စက်မှာ စက်ဆရာအဖြစ် အလုပ်ဝင်လုပ်တဲ့ စက်ဆရာကိုရွှေလည်း သူဌေးရဲ့သူငယ်ချင်း စက်ဆရာကြီးဦးရွှေ ဖြစ်လာတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၅

## သားဦး ကင်ပွန်းတပ်မင်္ဂလာ

သားဦးကလေးမွေးလာတဲ့အခါ အဖေ အမေ ဘွားအေကြီး ဒေါ်ညွှာ တို့ထက် ဘိုးအေကြီး ဦးချက်ဖူးက ပိုပြီး ချစ်နေတယ်။ သူ့အမေ မသေခင်က 'ဖြစ်ရာဘဝမှာ ယောက်ျားဖြစ်ရပါလို၏' လို့ အမြဲတမ်းဆုတောင်းတာကို ဦးချက်ဖူးက မကြာခဏ ကြားရတယ်။ နောက်ပြီးတော့ ဘိုးသုံနဲ့ မြတင့်တို့ အိမ်ထောင်ကျပြီးလို့ မကြာခင် ဦးချက်ဖူးဟာ သူ့အမေကို အိပ်မက် မက်တယ်။

အိပ်မက်ထဲမှာ သူ့အမေက ငါ့သား အမေ ဘယ်မှ မသွားချင်ဘူး၊ လူကလေးတို့နဲ့ပဲ အတူနေမယ်လို့ သူ့ကိုပြောတာ သူ အစဉ်သတိရနေတယ်၊ နောက်ပြီးတော့ ကလေးရဲ့ကျောမှာ အနက်မှတ်ကြီးတွေ ပါတယ်။ ဒါတွေကို စုပေါင်းပြီး ဦးချက်ဖူးက ဒီကလေးဟာ သူ့အမေဝင်စားတာပဲလို့ တစ်ထစ်ချ တန်းတန်းစွဲ ယုံကြည်နေတယ်။

ကလေးကို ကင်ပွန်းတပ်တဲ့နေ့မှာ ရွာသစ်ဘက် တာဝတိံသာကျောင်း ဆရာတော်နဲ့ သံဃာကိုးပါးကို ဆွမ်းကပ်တယ်။ လူတွေကိုလည်း မုန့်ဟင်းခါး ကျွေးတယ်။ သူ့ဒွေးအမေ ဒေါ်ညွှာလည်း မုန့်ဟင်းခါးကို မချက်ရတာကြာလို့ အဲဒီနေ့ သူ့မြေး ကင်ပွန်းတပ်ပွဲအတွက် ချက်ရတာ သိပ်ပျော်တယ်၊ မီးဖိုထဲကကို မထွက်ဘူး။ တပြုံးပြုံးနဲ့ ချက်တယ်။ ကလေးဟာ တနင်္လာသားလည်း ဖြစ်တယ်။ သားဦးလည်း ဖြစ်တယ်။ ဘိုးအေကလည်း သိပ်ချစ်တယ်၊ အဲဒါကြောင့် မောင်ချစ်ဦးလို့ ဦးချက်ဖူးကိုယ်တိုင် နာမည်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်များ ဆွမ်းစားပြီးတဲ့အခါ ဆွမ်းအနုမောဒနာတရားအနေနဲ့ တာဝတိံသာဆရာတော်က ဒီလိုဟောတယ်။

ဆွမ်း အနုမောဒနာတရား

"ဒကာကြီးဦးချက်ဖူးရဲ့ အင်မတန် ရိုရိုသေသေ အမေကို လုပ်ကျွေးတဲ့ ကောင်းသတင်းဟာ ရွာသစ်တစ်ရွာလုံးမှာ နံ့နေတာပါပဲ၊ မသိတဲ့လူ မရှိပါဘူး၊ ဒကာကလေး မောင်ဘိုးသုံရဲ့ အင်မတန် ရိုရိုသေသေ အမေကို လုပ်ကျွေးတဲ့ ကောင်းသတင်းဟာလည်း ရွာသစ်တစ်ရွာလုံးမှာကို နံ့နေတာပဲ၊ မသိတဲ့လူ မရှိပါဘူး၊ ဒကာကြီးတို့၊ ဒကာမကြီးတို့ အခုလို သားနဲ့သမီးနဲ့ မြေးနဲ့ သိုက်သိုက်ဝန်းဝန်း ရွှင်ရွှင်ပျပျ ချမ်းချမ်းသာသာ နေရတာဟာ ဒကာကြီး ဦးချက်ဖူးတို့ ဒကာလေး မောင်ဘိုးသုံတို့ အမိ အဘကို ရိုရိုသေသေ လုပ်ကျွေး ပြုစုခဲ့တဲ့ ကုသိုလ်တွေ အကျိုးပေးတာပဲ၊ ဒီကုသိုလ်တွေဟာ ဒီလောက်နဲ့ မပြီးသေးပါဘူး၊ နိဗ္ဗာန်မရမီစပ်ကြား လူစည်းစိမ်၊ နတ်စည်းစိမ်တွေကိုလည်း နောက်ထပ် အများကြီး အကျိုးပေးပါလိမ့်ဦးမယ်။

တို့ရဲ့ ဂေါတမမြတ်စွာဘုရားလက်ထက်တော်တုန်းက သူဌေးသား တစ်ယောက်ဟာ သံဝေဂရပြီး ရဟန်းပြုသွားတယ်၊ ရဟန်းပြုလို့ ဆယ့်နှစ်နှစ် လောက်ကြာတော့ သူ့မိဘတွေ အင်မတန် ဆင်းရဲနေတယ်ဆိုတဲ့သတင်းကို ဒီရဟန်းဟာ ကြားရတယ်၊ အဲဒါနဲ့ စိတ်မကောင်းဖြစ်တာကြောင့် လူထွက်ပြီး မိဘတွေကို လုပ်ကျွေးဖို့ ဒီရဟန်း ဆုံးဖြတ်လိုက်တယ်၊ အဲဒီလို ဆုံးဖြတ်ပြီး လူမထွက်ခင် မြတ်စွာဘုရားကို ကန်တော့ရအောင် ဇေတဝန်ကျောင်းတော်ကို သွားတယ်။

မြတ်စွာဘုရားဟာ ဒီရဟန်းရဲ့ အလိုဆန္ဒကို သိတော်မူတာနဲ့ အမိ အဘရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးကျူးပြီး ရဟန်းအဖြစ်နဲ့ပဲ အမိအဘကို လုပ်ကျွေးနိုင်တဲ့အကြောင်း မိန့်ကြားတော်မူတယ်၊ အဲဒီအခါ ဒီရဟန်းဟာ လူမထွက်တော့ဘဲ မိဘတွေကို ဆွမ်းခံကျွေးတယ်၊ ဒီလို ဆွမ်းခံကျွေးနေတာကို တချို့ ပုထုဇဉ်ရဟန်းတွေမြင်တဲ့အခါ ရဟန်းဖြစ်ပြီး လူတွေကို ဆွမ်းခံကျွေးရ မလားလို့ ကဲ့ရဲ့ကြတယ်၊ အကယ်၍ ဒီရဟန်းဆွမ်းခံကျွေးတာ မိဘတွေ မဟုတ်ဘဲ တခြားသူတွေဆိုရင် ကဲ့ရဲ့ရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းဆိုတာ မလုပ်အပ်တဲ့ **အနေသန ၂၁ ပါး** ရှိတယ်၊ အနေသနဆိုတာ ရဟန်း သာမဏေတို့ မလုပ်အပ်တဲ့ ပစ္စည်းရှာနည်းလို့ အဓိပ္ပာယ်ရတယ်။

အဲဒီ ၂၁ ပါး ကတော့ ...

၁။ လူအများကို ဆေးကုပေးခြင်း၊
၂။ လူတွေ မှာလိုက်တဲ့စကား၊ လူတွေ ပေးလိုက်တဲ့ စာတွေကို ဟိုပို့ ဒီပို့ ပို့ပေးခြင်းဆိုတဲ့ စေတမန်အလုပ်ကို လုပ်ခြင်း၊
၃။ လူတွေခိုင်းတာကို လျှောက်လုပ်ပေးခြင်း၊
၄။ အနာကို ဓားခွဲပေးခြင်း၊
၅။ ဆေးလိမ်းပေးခြင်း၊
၆။ ပျို့အန်ဆေးပေးခြင်း၊
၇။ ဝမ်းလျှောဆေးပေးခြင်း၊
၈။ နှာပေးခြင်း၊
၉။ မျက်စဉ်းပေးခြင်း၊
၁၀။ ဝါးပေးခြင်း၊
၁၁။ အိမ်မိုးရန်အတွက် သက်ငယ် ခနဲ စသော သစ်ရွက်ပေးခြင်း၊
၁၂။ ပန်း၊
၁၃။ သစ်သီး အစရှိသော စားဖွယ်
၁၄။ ရေချိုးဆပ်ပြာ၊
၁၅။ တံပူ (သွားတိုက်တံ)၊
၁၆။ မျက်နှာသစ်ရေ၊
၁၇။ မျက်နှာချေမှုန့်၊
၁၈။ မြေညက်တို့ကို ပေးခြင်း၊
၁၉။ စကားပြောတဲ့အခါ မိမိကိုယ်ကို အောက်ချပြီး လူတွေကို မြှောက်ပင့်ပြောခြင်း၊
၂၀။ အနပ်နည်းပါး မနပ်များသော ပဲနောက်ဟင်းကဲ့သို့ အမှန်နည်းပါး အမှားများသောစကားကို ပြောခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၂၁။ ကလေးထိန်းများကဲ့သို့ လူတို့၏ ကလေးများကို ချီပွေ့ချော့မြှူခြင်း ဆိုတဲ့ ၂၁ပါးပဲ ဖြစ်တယ်။

အခုပြောခဲ့တာတွေကို လျှောက်လုပ်ပြီး ဒကာ ဒကာမတွေနဲ့ အကျွမ်းတဝင်ဖြစ်လာရာက လှူကြ တန်းကြတဲ့ ပစ္စည်းတွေမှန်သမျှ မသန့်ဘူး၊ ဒီပစ္စည်းမျိုးကို ရဟန်းများ မသုံးဆောင်ကောင်းဘူး။

အဲဒါကြောင့် အဲဒီရဟန်းက ဆွမ်းခံကျွေးနေတာကို မြင်ရတဲ့အခါ ပုထုဇဉ်ရဟန်းတချို့က ကဲ့ရဲ့ကြတာပါပဲ၊ ဒီလို ကဲ့ရဲ့ကြတာကို မြတ်စွာဘုရား သိတော်မူတဲ့အတွက် ရဟန်းစုံညီရှေ့မှာ ဒီရဟန်းကို ခေါ်တော်မူပြီး…

"ရဟန်းတွေ ကဲ့ရဲ့တဲ့အတိုင်း ဆွမ်းခံကျွေးနေတယ်ဆိုတာ မှန်သလား"

လို့ မေးတော်မူတယ်။

ဒီရဟန်းကလည်း…

"ဆွမ်းခံကျွေးနေတယ်ဆိုတာ မှန်ပါတယ်၊ တပည့်တော် ဒီလို လုပ်ကျွေးနေသူတွေဟာ တခြား မဟုတ်ပါ၊ တပည့်တော် အမိနဲ့အဘ ဖြစ်ပါတယ်"

လို့ လျှောက်တယ်။

အဲဒီအခါ မြတ်စွာဘုရားက သာဓု သုံးကြိမ်ခေါ်တော်မူပြီး…

"ချစ်သား ရဟန်း၊ ချစ်သားဟာ ငါ ဘုရားသွားရာ အမိအဘကို လုပ်ကျွေးသော လမ်းကြောင်းအတိုင်း အစဉ်လိုက်ပါပေတယ်"

လို့ ချီးမွမ်းတော်မူတယ်။

သုဝဏ္ဏသျှံဇာတ်

ဒီလို ချီးမွမ်းပြီးတော့မှ သုဝဏ္ဏသျှံဇာတ်တော်ကို ဘုရားသခင် ပြန်ပြီး ဟောတော်မူတယ်။

ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားဟာ ဘုရားလောင်း သုဝဏ္ဏသျှံ ဘဝတုန်းက မျက်စိမမြင်တဲ့ ဒုကူလနဲ့ ပါရိကာ ဆိုတဲ့ အမိအဘတွေကို မငြီးမငြင်ဘဲ ရိုရိုသေသေ လုပ်ကျွေးပြုစုနေတယ်၊ တစ်နေ့ကျတော့

www.burmeseclassic.com



အမဲလိုက်ရအောင်ထွက်လာတဲ့ ပီဠိယက္ခမင်းကြီးရဲ့ မြားဒဏ်ကြောင့် အလောင်းတော် သုဝဏ္ဏသျှံဟာ သတိမေ့ပြီးလဲနေတယ်၊ အဲဒီအခါ ခမည်းတော် ဒုကူလက ခေါင်းရင်းက၊ မယ်တော်ပါရိကာက ခြေရင်းကထိုင်ပြီး သစ္စာဆို ကြတယ်။

၁။ ကျွန်ုပ်တို့၏သား သာမသည် ရှေးအခါက တရားကိုသာ ကျင့်လေ့ ရှိပါ၏။

၂။ ကျွန်ုပ်တို့၏သား သာမသည် ရှေးအခါက မြတ်သော အကျင့်ကို သာ ကျင့်လေ့ရှိပါ၏။

၃။ ကျွန်ုပ်တို့၏သား သာမသည် ရှေးအခါက မှန်သောစကားကိုသာ ပြောလေ့ရှိပါ၏။

၄။ ကျွန်ုပ်တို့၏သား သာမသည် အမိအဘတို့ကို လုပ်ကျွေးသောသူ ဖြစ်ပါ၏။

၅။ ကျွန်ုပ်တို့၏သား သာမသည် အမျိုးထဲမှာ ကြီးကုန်သော သူတို့ကို ရိုသေသမှုပြုပေ၏။

၆။ ကျွန်ုပ်တို့၏သား သာမကို ကျွန်ုပ်တို့အသက်ထက် ပို၍ ချစ်ပေ၏၊ ဤစကားများ မှန်သည်ဖြစ်အံ့၊ ကျွန်ုပ်တို့သား၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း။

၇။ ကျွန်ုပ်တို့ ပြုအပ်သော ကုသိုလ်အလုံးစုံကြောင့်သာမ၏ အဆိပ် သည် ပျောက်ကင်းပါစေသတည်း။

အဲဒီလို သစ္စာဆို ဆုတောင်းပြီးတဲ့အခါ အလောင်းတော် သုဝဏ္ဏသျှံ ဟာ မြားဆိပ်တက်တာက သက်သာရာရလာပြီး ဟိုဘက် သည်ဘက်ပြောင်း အိပ်တယ်၊ အဲဒီအခိုက်မှာ အလောင်းတော်ရဲ့ လွန်ခဲ့တဲ့ ခုနစ်ခုမြောက်ဘဝမှာ မိခင်ဖြစ်ခဲ့ဖူးပြီး အလောင်းတော် သုဝဏ္ဏသျှံ ဖြစ်လာတဲ့အခါ ဟိမဝန္တာ ဂန္ဓမာဒနတောင်မှာ နတ်သမီးဖြစ်နေတဲ့ ဗဟုသုန္ဒရီနတ်သမီး ရောက်လာတယ်။

နတ်သမီးကလည်း…

"ကျွန်ုပ်သည် ဟိမဝန္တာ ဂန္ဓမာဒနတောင်မှာနေတာ ကြာပါပြီ၊ အဲဒီအတောအတွင်း သုဝဏ္ဏသာမထက် ပိုလွန်၍ ချစ်အပ်သောသူ ကျွန်ုပ်မှာ တစ်စုံတစ်ယောက်မှ မရှိပါ၊ ဤစကားမှန်သည်ဖြစ်အံ့၊ သာမ၏ အဆိပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းပါစေသတည်း၊ ကျွန်ုပ်၏နေရာ ဂန္ဓမာဒနတောင်မှာ သစ်ပင်ဟူသမျှသည် နံ့သာပင်ချည်းသာ ဖြစ်သည်၊ ဤစကားမှန်သည် ဖြစ်အံ့၊ သာမ၏ အဆိပ်သည် ပျောက်ကင်းပါစေသတည်း"

လို့ သစ္စာပြုပြန်တယ်၊ ဒီသစ္စာတွေရဲ့ တန်ခိုးကြောင့် အလောင်းတော်ဟာ မြားမှန်ထားတဲ့ ဝေဒနာက ပျောက်ကင်းသွားတယ်။

မိဘတွေကို ရိုရိုသေသေ ပြုစုလုပ်ကျွေးတဲ့သူတွေဟာ မိမိတို့ရဲ့ အတိတ်အကုသိုလ်ကံ တစ်ခုခုကြောင့် အင်မတန်ကြီးမားတဲ့ ဘေးအန္တရာယ်နဲ့ တွေ့ရပေမယ့်လည်း နာလန်မထူနိုင်အောင် ဒုက္ခရောက်မသွားဘူး၊ ကယ်မမယ့်သူတွေ တစ်နည်းနည်းနဲ့ ပေါ်လာပေးရတယ်ဆိုတာ ဒီဇာတ်တော်အရ ထင်ရှားတယ်။

မိဘတွေကို ရိုရိုသေသေ လုပ်ကျွေးပြုစုတဲ့ ကုသိုလ်ဟာ အကျိုးပေး အင်မတန်ကြီးမားတယ်ဆိုတာ သဘောပေါက်ဖို့ နောက်ထပ် သာဓကတစ်ခုကို ဘုန်းကြီး ဟောဦးမယ်။

## သိကြားမင်းစည်းစိမ်

တာဝတိံသာက နတ်တို့ အရှင်သိကြားမင်းဟာ ဘုန်းတန်ခိုးလည်း အင်မတန်ကြီးတယ်။ သိကြားမင်းရဲ့စည်းစိမ်ဥစ္စာ မိဖုရား မောင်းမမိဿံ ခြွေရံသင်းပင်းတွေကလည်း အံ့ဩယူရလောက်အောင်ကို ကြီးကျယ်လှပါပေတယ်။ အဲဒီလို တန်ခိုးတွေ စည်းစိမ်တွေ အင်မတန် ကြီးမားလှတဲ့ သိကြားမင်းဖြစ်အောင် အရင်ဘဝက ဘယ်ကုသိုလ်တွေကို လုပ်ခဲ့ဖူးသလဲ၊ သိကြားမင်း မဖြစ်ခင် **မာဃလုလင်** ဘဝတုန်းက မာဃလုလင် အစဉ်အားထုတ် လုပ်ဆောင်တဲ့ ကျင့်ဝတ်ဟာ ခုနစ်ပါးရှိတယ်။

ဒီ **ကျင့်ဝတ် ခုနစ်ပါး** ကတော့ ...

၁။ အသက်ထက်ဆုံး မိဘကို လုပ်ကျွေး မွေးမြူခြင်း၊

၂။ အသက်ထက်ဆုံး မိကြီး မိထွေး ဘကြီး ဘထွေး အဘိုး အဘွား အစရှိတဲ့ အမျိုးထဲမှာ အသက်အရွယ် ကြီးရင့်သူတွေကို ရိုသေလေးစားခြင်း၊

၃။ အသက်ထက်ဆုံး သိမ်မွေ့နူးညံ့ ပြေပြစ်သော စကားကို ပြောခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၄။ အသက်ထက်ဆုံး ကြမ်းတမ်းသောစကား၊ ကုန်းတိုက်ပေးသော စကားတို့ကို ရှောင်ခြင်း၊

၅။ အသက်ထက်ဆုံး ဝန်တိုခြင်းကင်းတဲ့စိတ်နဲ့ မိမိအိမ်ကို အုပ်ချုပ်ခြင်း၊

၆။ ပေးကမ်းစွန့်ကြဲရာ၌ မွေ့လျော်တဲ့ စိတ်နှလုံးရှိခြင်း၊ တောင်းရန်လာသောသူ၊ ခရီးသွားဧည့်သည်၊ ကိုးကွယ်ရာမဲ့သူတို့ကို အစဉ်ပေးကမ်း စွန့်ကြဲခြင်း၊ မိမိ စားနေတုန်း အလှူခံပုဂ္ဂိုလ်တစ်ဦးဦး ရောက်လာရင် စားနေသည့်ထမင်းကိုပင် ခွဲပြီး လှူသည်အထိ စွန့်ကြဲခြင်း၌ မွေ့လျော်ခြင်း၊

၇။ အသက်ထက်ဆုံး မှန်ကန်သောစကားကိုသာ ဆိုလေ့ရှိခြင်း၊ အမျက်ဒေါသ နည်းခြင်း၊ အမျက်ထွက်လာလျှင်လည်း ဒီအမျက်ကို တိုးပွားအောင် မလုပ်ဘဲ လျှင်လျှင်မြန်မြန် ပပျောက်သွားအောင် အသင့်အတင့် နှလုံးသွင်းခြင်း၊

ဆိုတဲ့ တရားခုနစ်ပါးပဲ ဖြစ်တယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

ယခု ဘုန်းကြီးဟောခဲ့တာတွေက မိဘကို ရိုရိုသေသေ လုပ်ကျွေးတဲ့အတွက် ရရှိမယ့် အကျိုးကျေးဇူးတွေ ဖြစ်တယ်၊ အခု နောက်ထပ်ပြီး မိဘကို စော်ကား နှိပ်စက်ရင် ဘယ်လိုအပြစ်တွေ ဖြစ်နိုင်တယ်ဆိုတာ အတိုချုပ်ပြီး ဘုန်းကြီး ဟောဦးမယ်။

## အရှင်မဟာမောဂ္ဂလာန် အလောင်းအလျာ

အတိတ်ဘဝတစ်ခုတုန်းက အရှင်မဟာမောဂ္ဂလာန် အလောင်းအလျာဟာ ဗာရာဏသီပြည်မှ အမျိုးကောင်းသားတစ်ဦး ဖြစ်လာတယ်၊ ဒီအမျိုးကောင်းသားဟာ မျက်မမြင် မိဘနှစ်ပါးတို့ကို ရိုရိုသေသေ လုပ်ကျွေးတယ်။ မိဘတွေကလည်း သားတစ်ယောက်တည်း အလုပ်လုပ်ရတဲ့အတွက် ပင်ပန်းမှာပဲလို့ စဉ်းစားမိတာနဲ့ အကူအညီရအောင် အိမ်ထောင်ပြုဖို့ သားကို တိုက်တွန်းတယ်။

သားကလည်း မိဘတွေ အသက်ရှည်သရွေ့ကာလပတ်လုံး သူ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မပြုဘဲ ကိုယ်တိုင်လုပ်ကျွေးချင်တယ်လို့ ပြောပြီး မိဘတွေက အိမ်ထောင်ပြုဖို့ ပြောတာကို ငြင်းပယ်တယ်၊ နောက်ဆုံးကျတော့ မိဘတွေက တိုက်တွန်းလွန်းအားကြီးတာနဲ့ ဒီအမျိုးကောင်းသားဟာ အိမ်ထောင်ပြုလိုက်ရတယ်။

သူ အိမ်ထောင်ပြုတဲ့ မိန်းမဟာ ယောက္ခမကြီးတွေနဲ့ ခဏလောက်ပဲ သင့်မြတ်တယ်၊ မကြာခင် ဒီယောက္ခမကြီးတွေကို မကြည့်နိုင် မမြင်နိုင်တဲ့ အထိ ဖြစ်လာတယ်၊ အဲဒါကြောင့် အိမ်ခွဲနေဖို့ လင်ကို ပူဆာတယ်၊ လင်က လည်း အဲဒါကိုတော့ အလိုမလိုက်ဘူး။

အဲဒါကြောင့် လင်ယောက်ျား အပြင်ကို သွားနေတုန်း ဒီမိန်းမဟာ အိမ်ကို အမှိုက်သရိုက်တွေနဲ့ ညစ်ပတ်အောင် လုပ်ထားတယ်၊ လင်ယောက်ျား ပြန်လာတဲ့အခါ ဒီမျက်မမြင် အဘိုးကြီး အမယ်ကြီး လင်မယားဟာ အိမ်ကို ညစ်ပတ်အောင် လုပ်ထားတယ်လို့ ကုန်းတိုက်တယ်၊ အဲဒီလို မကြာခဏ ကုန်းတိုက်ဖန်များလာတဲ့အခါ အဂ္ဂသာဝက ပါရမီတွေကို အတော် ဖြည့်ဆည်း ပူးထားတဲ့ အမျိုးကောင်းသားတစ်ယောက်ဖြစ်တာတောင်မှ မခံနိုင်တော့ဘူး၊ မိဘတွေအပေါ်မှာ မေတ္တာပျက်လာတယ်။

အဲဒါကြောင့် တစ်နေ့ကျတော့ မိဘတွေကို ထမင်းကျွေး၊ ဆွေမျိုးတွေ ဆီကို သွားလည်ရအောင်လို့ပြောပြီး လှည်းနဲ့ တောထဲကို လိမ်ခေါ်သွားတယ်၊ တောထဲရောက်တဲ့အခါ…

"ဒီနေရာမှာ လူဆိုးတွေပေါ်တယ် သတိထားပါ၊ ကျွန်တော် ဒီနားခဏသွားလိုက်ဦးမယ်"

လို့ ပြောပြောဆိုဆို မျက်မမြင် ဖခင်ကြီးရဲ့လက်ထဲမှာ နဖားကြိုးကို ထည့်ပစ်ခဲ့ပြီး လှည်းအောက် ဆင်းသွားတယ်၊ တစ်အောင့်လောက်ကြာတဲ့အခါ ဒီသားဟာ လူဆိုးလို အသံပြောင်းအော်ပြီး ပြန်လာတယ်။

မျက်မမြင် မိဘနှစ်ပါးကလည်း တကယ့်လူဆိုးပဲလို့ ထင်ပြီး…

"သားကြီးရေ အဖေတို့ဆီကို မလာနဲ့ အဖေတို့ ကိစ္စမရှိဘူး၊ သားကြီးသာ လွတ်အောင်ပြေး"

လို့ အော်ကြတယ်။

သားလည်း မျက်မမြင် မိဘနှစ်ပါးကို စိစိညက်ညက် ကြေနေအောင် ရိုက်နှက် သတ်ဖြတ်ပြီး အလောင်းတွေကို တောထဲမှာ စွန့်ပစ်ထားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကုသိုလ်ကံကြောင့် ဒီသားဟာ ငရဲမှာ နှစ်ပေါင်း သိန်းပေါင်းများစွာ ခံခဲ့ရတယ်၊ ငရဲက လွတ်ပြန်တော့လည်း ဘဝပေါင်းတစ်ရာလောက် ဒီလိုပဲ စိစိညက်ညက် ကြေနေအောင် အရိုက်နှက်ခံပြီး သေခဲ့ရဖူးပြီ၊ အခု နောက်ဆုံးဘဝ အဂ္ဂသာဝက ဖြစ်လာတဲ့အခါမှာလည်း အဲဒီကံကြွင်းကြောင့်ပဲ စိစိညက်ညက်ကြေအောင် အရိုက်အနှက်ခံရတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

မိဘကို နှိပ်စက်ခဲ့တဲ့ အကုသိုလ်ကံဟာ ငရဲကျတာနဲ့လည်း မကြေဘူး၊ နောက်ဆုံးဘဝမှာ မြတ်စွာဘုရားကလွဲရင် တန်ခိုးအကြီးဆုံးဖြစ်တဲ့ အဂ္ဂသာဝကကြီး ဖြစ်လာတာတောင်မှ ဒီအကုသိုလ် ကံကြွင်းရဲ့ နှိပ်စက်တာကို ခံသွားရရှာသေးတယ်၊ မိဘကို နှိပ်စက်တာဟာ တယ်ကြောက်စရာကောင်းတယ်၊ တခြား အကုသိုလ်တွေကို လုပ်မိရင် သေတဲ့အခါ အပါယ်မကျအောင် ကုစားလို့ ရနိုင်သေးတယ်။

**အင်္ဂုလိမာလ** ဟာ လူတွေကို သတ်လိုက်တာမှ မနည်းပါဘူး၊ ဒါပေမယ့် မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရအောင် အားထုတ်နိုင်တာကြောင့် အပါယ်မကျဘူး၊ နိဗ္ဗာန်စံဝင်သွားရတယ်။

နောက်ပြီးတော့လည်း ရာဇဂြိုဟ်မှာ **တမ္ဗဒါဠိက** ဆိုတဲ့ သူသတ်ဗိုလ်ကြီး တစ်ယောက် ရှိတယ်၊ သေဒဏ်အပေးခံရတဲ့သူတွေကို သူက ဓားနဲ့ ခုတ်သတ်ရတယ်၊ သေခါနီးကျတော့ အရှင်သာရိပုတ္တရာရဲ့တရားတော်ကို နာရတဲ့အတွက် ကုသိုလ်တွေဖြစ်ပြီး သေတဲ့အခါ တုသိတာနတ်ပြည်မှာ နတ်သားသွားဖြစ်တယ်။

ဒီ အင်္ဂုလိမာလနဲ့ တမ္ဗဒါဠိက တို့ဟာ တခြားလူတွေလို မဟုတ်ဘဲ သူတို့ရဲ့ အမိကိုဖြစ်ဖြစ် အဖကိုဖြစ်ဖြစ် တစ်ဦးဦးကို သတ်ခဲ့မိရင် အရှင်သာရိပုတ္တရာလည်း တရားဟောလို့ရမှာ မဟုတ်တော့ဘူး၊ သေတာနဲ့ ငရဲကိုကျရမယ်၊ မိဘကို နှိပ်စက်တာဟာ ဒီလောက် ကြောက်စရာကောင်းတယ်၊ အဇာတသတ်သူ့အဖေ ဗိမ္ဗိသာရမင်းကိုသတ်ပြီး စိတ်ညစ်ညစ်နဲ့ တစ်နေ့ကျတော့ မြတ်စွာဘုရားကို သွားဖူးတယ်၊ မြတ်စွာဘုရားက အဇာတသတ်ကို **သာမညဖလသုတ်** ဟောတော်မူတယ်၊ တရားပြီးဆုံးလို့ အဇာတသတ်ပြန်သွားတဲ့အခါ…

"ဒီမင်းဟာ သူ့အဖေကို သတ်ခဲ့တဲ့ ပိတုကာရကကံသာ မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ငါဘုရား ဟောတော်မူတဲ့ တရားကို နာပြီးတဲ့အဆုံးမှာ အနည်းဆုံး သောတာပတ္တိမဂ်ကို ရရမယ်၊ အခုတော့ အဖကိုသတ်ခဲ့တဲ့ ကံကြီးကြောင့် ဒီဘဝမှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ရှာသာမကသေးဘူး၊ ဒီပိတုကာရက ကံကြီးကြောင့် သေတဲ့အခါ အဇာတသတ်ဟာ ငရဲကိုကျရသေးတယ်၊ လူဖြစ်ရကျိုးနည်းတဲ့သူတွေထဲမှာ ဒီအဇာတသတ်ဟာ အနာဆုံးပုဂ္ဂိုလ်တစ်ဦးပဲ။

နောက်ပြီးတော့လည်း **အင်္ဂုတ္တိုရ်ပါဠိတော် (ဒုက္ခ?)** က မေးလျှောက်တဲ့ အတွက် မြတ်စွာဘုရား ဖြေတော်မူတဲ့ ဝသလသုတ်မှာ...

"ယော-အကြင်သူသည်၊ ဇိဏ္ဏကံ-အိုမင်းသော၊ ဂတ ယောဗ္ဗနံ- အရွယ်လွန်ပြီးသော၊ မာတရံဝါ-အမိကိုဖြစ်စေ၊ ပိတရံဝါ-အဖကိုဖြစ်စေ၊ ပဟုသန္တော-တတ်အားစွမ်းနိုင်ပါလျက်၊ ဒုဘရတိ-မကျွေးမွေး မပြုစုငြားအံ့၊ တံ-ထိုသူကို၊ ဝသလောတိ- သူယုတ်မာဟူ၍၊ ဇညာ-သိရာ၏"

လို့ ဟောကြားထားတော်မူတာကို ထောက်ထားခြင်းအားဖြင့် မိဘ တွေကို မလုပ်ကျွေးတဲ့အပြစ်ကို ဘုရားအစရှိတဲ့ သူတော်ကောင်းတွေ ဘယ်လောက် စက်ဆုပ်တော်မူကြတယ်ဆိုတာ ထင်ရှားတယ်။

နောက်ထပ်ပြီးတော့ နတ်တွေက မေးလျှောက်တဲ့အတွက် မြတ်စွာ ဘုရား ဖြေတော်မူတဲ့ **ပရာဘဝသုတ်** မှာ...

"ယော-အကြင်သူသည်၊ ဇိဏ္ဏကံ-အိုမင်းသော၊ ဂတ ယောဗ္ဗနံ- အရွယ်လွန်ပြီးသော၊ မာတရံဝါ-အမိကိုလည်းကောင်း၊ ပိတရံဝါ-အဖကို လည်းကောင်း၊ ပဟု-ပြုစုနိုင်သည်၊ သန္တော- ဖြစ်ပါလျက်၊ နဘရတိ-မကျွေးမွေး မပြုစုငြားအံ့၊ တံ-ထိုမကျွေးမွေး မပြုစုခြင်းသည်၊ ပရာဘဝတော-ပျက်စီးခြင်း၏၊ မုခံ-အကြောင်း ပေတည်း"

လို့ ဟောကြားတော်မူတာကို ထောက်ထားခြင်းအားဖြင့်လည်း မိဘတွေကို မလုပ်ကျွေး၊ မပြုစုတဲ့အပြစ်ဟာ ဘယ်လောက်ကြီးတယ်ဆိုတာ အင်မတန် ထင်ရှားတယ်။

အဲဒါကြောင့် တရားနာ ပရိသတ်တွေဟာ မိဘတွေကို မရိုမသေ ဆက်ဆံခြင်း၊ စိတ်နဲ့ပြစ်မှားခြင်း၊ နှုတ်နဲ့ဖြစ်စေ၊ ကိုယ်နဲ့ဖြစ်စေ စော်ကားခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်ခြင်းတို့မှ အစွမ်းရှိသရွေ့ ရှောင်ရှားကြပြီးလျှင် မြင်းမိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူးရှင် မွေးသမိခင် မွေးသဖခင်တို့ကို ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ အသက်ထက်ဆုံး ရိုရိုသေသေ လေးလေးမြတ်မြတ် ဆည်းကပ်ကိုးကွယ် လုပ်ကျွေးပြုစုနိုင်ကြပါစေလို့ ဘုန်းတော်ကြီး တိုက်တွန်းပါတယ်။

တာဝတိံသာဆရာတော် တရားဟောအပြီးမှာ အားလုံး သာဓု ခေါ်ကြတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၆

## မိဘအမွေရ သူဌေး

ဝါးခယ်မမှာ သူဌေးကြီး ဦးဖြိုးရဲ့သား သူဌေး ဦးသိန်းဒန် သူဌေးကတော် ဒေါ်အုံးကြည်ဆိုရင် မသိတဲ့သူ မရှိပါဘူး။ ဒီလို လူသိများတာက သူဌေးဖြစ်လို့ ဒီလို မဟုတ်ပါဘူး။ ဦးသိန်းဒန်ကိုယ်တိုင်မှာကို လူသိများစရာ အကြောင်းတွေ အများကြီးရှိတယ်။

သူဟာ ငွေကို မနှမြောတတ်ဘူး။ သူ့ဆီမှာ လက်သွားဖြန့်တဲ့သူတွေဟာ ဘာမှမရဘဲ ပြန်သွားရတယ်လို့ မရှိဘူး။ အထိုက်အလျောက်တော့ ရတာပဲ။ သာရေး နာရေးတွေမှာလည်း အလှူလာခံတာကို ဘယ်တော့မှ မစောင့်ဘူး။ သူက လက်ဦးအောင် ထည့်တာပဲ။ ထည့်ပြန်တော့လည်း ဦးသိန်းဒန်ထည့်တာ နည်းပါတယ်၊ နည်းနည်း ထပ်ထည့်ပါဦးလို့ ပြောတာမျိုး ဘယ်တော့မှ မရှိဖူးဘူး။

ပေးကမ်းစွန့်ကြဲတဲ့နေရာမှာ ဒီလို လွယ်သလို ဦးသိန်းဒန်ဟာ တစ်ဖက်သား ပြောတာကို ယုံတဲ့နေရာမှာလည်း အင်မတန်လွယ်။ ဥပမာ တပည့်နှစ်ယောက် ရန်ဖြစ်ရင် မှားမှားမှန်မှန် သူ့ဆီကို ဦးအောင် သွားပြောတဲ့ တပည့်ဘက်ကို သူပါတာပဲ။ ပေးကမ်းစွန့်ကြဲတဲ့နေရာ သူတစ်ဖက်သား စကားကို ယုံကြည်တဲ့နေရာတွေမှာ အင်မတန်လွယ်သလို ဦးသိန်းဒန်ဟာ ရှူးရှူးရှဲရှဲ ဒိုင်းဒိုင်း စိတ်လိုက်မာန်ပါ ပြောတဲ့နေရာ၊ လုပ်တဲ့နေရာတွေမှာလည်း အင်မတန် လွယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ ဦးသိန်းဒန်ဟာ သူ့တပည့် ဘိုးတင့်ကို သွားအခေါ်ခိုင်းလိုက်တယ်။ ဘိုးတင့်ဟာ လာခေါ်တဲ့ လူနဲ့ ချက်ချင်းထလိုက်မလာဘူး။ မိနစ် ၂၀ လောက်ကြာတော့မှ လိုက်လာတယ်။ အဲဒီလို သူခေါ်တာကို ချက်ချင်း ထမလာကောင်းလားဆိုပြီး ဘိုးတင့်ဟာ ဦးသိန်းဒန်ရဲ့ ဝင်းထဲကို မဝင်ရတော့ဘူး။ ဒီကောင့်မျက်နှာ ငါမကြည့်ချင်ဘူးဆိုပြီး ခြံဝကနေ နှင်လွှတ်လိုက်တယ်။ အဲဒီနေ့ကစပြီး ဘိုးတင့်ကို သူ ထောက်ပံ့ထားတာတွေ အကုန်ဖြတ်လိုက်တယ်။

တစ်ခါတုန်းကလည်း သူ့ကထိန်ပွဲတစ်ခုမှာ ဓမ္မကထိကကိုယ်တော်က ဒါနဟာ သီလလောက် မမြတ်ဘူး။ ကထိန်ပွဲမှာ လှူသမျှတန်းသမျှဟာတွေဟာ ငါးပါးသီလကို တစ်နေ့လောက် မကျိုးမပေါက် မကြားမပြောက်အောင် စောင့်ထိန်းတာလောက် အကျိုးအာနိသင် မကြီးလို့ ဟောမိတာနဲ့ ကထိန်ပွဲပြီးတဲ့အခါ ကထိန်သင်္ကန်းတွေကိုသာ ကျောင်းကိုပို့လိုက်တယ်။ ကျန်တဲ့ လှူဖွယ်ပစ္စည်းတွေကို မပို့ဘူး။

အဲဒီလို စိတ်လိုက်မာန်ပါ ပြောတာ လုပ်တာတွေကတော့ ဦးသိန်းဒန် တစ်ကိုယ်လုံးမှာ ပြည့်နေတယ်။ ဒါမျိုးတွေဟာ မမြင်ချင်အဆုံး မကြားချင်အဆုံးပဲ။

ဦးသိန်းဒန်ဟာ စွန့်ကြဲတဲ့နေရာ၊ တစ်ဖက်သားပြောတာ ယုံကြည်တဲ့နေရာ၊ ရှူးရှူးဒိုင်းဒိုင်း လုပ်တဲ့နေရာတွေမှာ လွယ်သလောက် သူ့ကို ပြန်ပြောရင်လည်း အင်မတန် စိတ်ဆိုးလွယ်တယ်။ အဲဒါကြောင့် သူ့တပည့် ငယ်သားတွေ သူ့ကျေးဇူးနဲ့ မကင်းသူတွေ၊ သူ့ကျေးဇူးနဲ့ ကင်းသော်လည်း သူနဲ့ ပဋိပက္ခ မဖြစ်ချင်သူတွေဟာ သူနဲ့တွေ့တဲ့အခါ သူပြောတာကိုသာ ခေါင်းညိတ်နေကြရတာပဲ။ သူ့ကျေးဇူးနဲ့လည်း ကင်းတယ်၊ ဒီလိုလည်း ပုတ်သင်ညို မလုပ်ချင်ကြတဲ့ လူတွေကျတော့ ဦးသိန်းဒန်ဆိုရင် အဝေးကြီးက ရှောင်ရှား သွားကြတယ်။

ဝါးခယ်မတစ်မြို့လုံးမှာ သူ့ဌေးဦးသိန်းဒန်ကို ပြန်ပြောရဲတာ ဒုတိယတန်း ရှေ့နေ ဦးနေဒွန်း တစ်ယောက်ပဲ ရှိတယ်။

ဦးနေဒွန်းဟာ ဦးသိန်းဒန်နဲ့ ကျောင်းနေဖက် သူငယ်ချင်းလည်း ဖြစ်တယ်။ ရိုးသားဖြောင့်မတ်တဲ့ သီလဂုဏ်လည်း ရှိတယ်။ ဦးသိန်းဒန်ရဲ့ ကျေးဇူးနဲ့လည်း ကင်းတယ်။ ပြောစရာရှိရင် မကြောက်မရွံ့ပြောတဲ့ ဝါသနာ

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိတယ်။ ဦးသိန်းဒန် ဒုက္ခရောက်မယ့်ကိစ္စမျိုးမှာ သူငယ်ချင်းဝတ္တရား အတိုင်း တားမြစ်လေ့ရှိတယ်။ ဒုက္ခရောက်နေတဲ့အခါများမှာလည်း ကိုယ်စွမ်း ရှိသရွေ့၊ ဉာဏ်စွမ်း ရှိသရွေ့ ဦးနေဒွန်းက ဦးသိန်းဒန်ကို ကူညီခဲ့ဖူးတယ်။ အဲဒါကြောင့် ဦးနေဒွန်းဟာ ဦးသိန်းဒန် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေ သူများတွေလို ပုတ်သင်ညို လုပ်မနေဘဲ ဦးသိန်းဒန်မှားတယ်လို့ ထင်တိုင်း အကျိုးအကြောင်း ပြောပြပြီး ကန့်ကွက်လေ့ရှိတယ်။

ဦးသိန်းဒန်ဟာ ဦးနေဒွန်းပြောတဲ့စကားကိုတော့ သူများတွေပြောတဲ့ စကားလိုမဟုတ်ဘဲ လေးစားတယ်၊ နာယူတယ်။ ဒီလို လေးစားတယ်၊ နာယူတယ် ဆိုတာတောင် တစ်ခါတစ်ခါ ဒီဦးသိန်းဒန်နဲ့ ဦးနေဒွန်းဟာ ဘာမဟုတ်တာကလေးတွေနဲ့ စကား ကတောက်ကဆတ် များကြသေးတယ်။

တစ်နေ့မှာ ဦးသိန်းဒန်ဆီက ငွေချေးနေရတဲ့ စပါးကုန်သည် ဦးဘိုးမောင်၊ ဦးနေဒွန်းနဲ့ ဦးသိန်းဒန်တို့ သုံးယောက်ဟာ ရောက်တတ်ရာရာ စကားပြောနေကြရင်း ဦးသိန်းဒန်ရဲ့ တပည့်ကလေး သာဆန်းတစ်ယောက် မယား လင်ငယ်နောက် လိုက်ပြေးတဲ့အတွက် စိန်သောက်တဲ့ အကြောင်းကို ရောက်သွားတယ်။ သာဆန်းရဲ့ မိဘများက ဝါးခယ်မမှာ အင်မတန်နာမည် ကြီးတဲ့ မြန်မာ့ဆေးဆရာကြီး ဦးရွှေယားကို ခေါ်ပြီး ကုတယ်။ ဆရာကြီး ဦးရွှေယားက ချင်းရည်တိုက်ပြီး ကုတာနဲ့ ပျောက်သွားတယ်။ အဲဒီအကြောင်း ကို ရောက်တော့ ဦးသိန်းဒန်က…

"ငါသာ ကြိုပြီးသိရရင် ဒီဆရာရွှေယားကို မခေါ်ရပါဘူး၊ ဒီမြန်မာ့ ဆေးဆရာတွေ ဘာတတ်လို့လဲ၊ ဖော်နည်းကား ဆေးမြီးတိုကလေး နှစ်ခု သုံးခုနဲ့ လူတွင်ကျယ်လုပ်နေကြတာ၊ ဆေးပညာကို ဇာစ်ဇာစ်မြစ်မြစ် ကျကျနန လေ့လာကြတာမဟုတ်ဘူး"

လို့ သူ့ကို ထောက်ခံစေချင်တဲ့ အနေနဲ့ ဦးဘိုးမောင်ဘက်ကို လှည့်ပြောလိုက်တယ်။

ဦးဘိုးမောင်ဟာ ဆရာကြီးဦးရွှေယားကို အင်မတန် ယုံတယ်။ သူ့မိတ်ဆွေတွေနဲ့ တွေ့မှဖြင့်…

"မိုးပေါ်မှာ ဘိုးတော်သိကြား၊ လူ့ပြည်မှာ ဆရာကြီးရွှေယားပဲ၊ ကုသတဲ့နေရာမှာ နှစ်ယောက်မရှိဘူး"

လို့ ဆရာကြီး ဦးရွှေယားရဲ့ဂုဏ်ကို မကြာခဏ ဖော်လေ့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ဂုဏ်ဖော်တာကလည်း အကြောင်းမဲ့မဟုတ်ဘူး။ သူ့သားကြီး အေးမောင် နေးဖျားဖျားတုန်းက ဆေးရုံက ဆရာဝန်လည်း လက်လွှတ်ပြီးပြီ၊ မြို့ထဲမှာ ဆေးဆိုင်ဖွင့်ပြီး ကုနေတဲ့ကုလား ဆရာဝန်ဒေါက်တာနန္ဒီလည်း လက်လွှတ်ပြီးပြီ၊ ဆရာကြီး ဦးရွှေယား ကုတော့မှပဲ ချမ်းသာတယ်။ နောက်ပြီး တော့လည်း သူ့မယား မရွှေခင် မျက်နှာမြင်ပြီး ချည့်သွားတာ ဆရာဝန် နှစ်ယောက်စလုံး လက်လွှတ်ပြီးပြီ၊ ဆရာကြီးဦးရွှေယား ကုတော့မှပဲ နာလန်ထ တော့တယ်။ အဲဒါကြောင့် သူ့ဆရာကြီး ဦးရွှေယားကို သူ့သူငွေး ဦးသိန်းဒန်က သူ့မျက်ခွက်ကြည့်ပြီး ပုတ်ခတ်နေတဲ့အခါ ဦးဘိုးမောင်ဟာ စိတ်မကောင်းဘူး။

ဒါပေမယ့် သူ့ဆေးဆရာကြီး မကောင်းကြောင်း သူ့ကိုလှမ်းပြော လိုက်တဲ့အခါ ဦးဘိုးမောင်ဟာ ငွေမျက်နှာကိုကြည့်ပြီး…

"ဟုတ်ပါတယ် သူငွေးမင်းရယ်၊ ဒီမြန်မာဆေးဆရာတွေဟာ ဘာမှ မတတ်ကြပါဘူး၊ ရမ်းကုနေကြတာပါ"

လို့ ဆိုပြီး သူငွေး ဦးသိန်းဒန်ကို မချိသွားဖြဲ ထောက်ခံရတယ်။

ဦးသိန်းဒန်က ဆက်ပြီး ပြီးတော့လည်း…

"ဒီရွှေယားဟာ ကုတဲ့ သတဲ့ နေရာမှာ အင်မတန်ရမ်းတယ်"

လို့ ဦးဘိုးမောင်ကိုပဲ ကြည့်ပြောပြန်တယ်။ သူ့ထိပ်ပေါ်မှာတင်ပြီး ကိုးကွယ်ထားတဲ့ ဆရာကြီးဦးရွှေယားကို ရင့်ရင့်သီးသီး 'ရွှေယား' လို့ သူ့သူငွေး က ခေါ်လိုက်တဲ့အခါ ဦးဘိုးမောင်ဟာ သူ့ရင်ဝကို ဖနောင့်နဲ့ ပေါက်လိုက်သလို ဖြစ်သွားတယ်။ ဒါပေမယ့် ငွေမျက်နှာကိုပဲ ကြည့်ပြီး ဦးဘိုးမောင်က…

"ဟုတ်ပါတယ် သူငွေးမင်း၊ ဒီဆရာကြီးဟာ ကုတဲ့သတဲ့နေရာမှာ အင်မတန် ကြမ်းပါတယ်"

လို့ သူ့သူငွေးကို ဒုတိယမ္ပိ ထောက်ခံလိုက်ရပြန်တယ်။

ဒီလို ထောက်ခံလိုက်ရပြီး ဒီရှေ့နေ ဦးနေဒွန်းကလည်းဗျာ 'သိန်းဒန် မင်း တယ်မိုက်တဲ့ကောင်ပဲ၊ ဆရာကြီးကို မစော်ကားနဲ့၊ မင်းမှားလိမ့်မယ်' လို့ တစ်ခွန်းလောက်များ ဝင်ပြောရောပေါ့လို့ ဦးဘိုးမောင်က သူ့စိတ်ထဲမှာ ကြိတ်ပြီး အကူအညီတောင်းနေတုန်း ဦးနေဒွန်းက…

"ကိုသိန်းဒန်ရေ၊ ကိုယ့်အလုပ်က သူငွေးအလုပ်ပဲ၊ ကိုယ်မသိတဲ့ ဆေးကုတဲ့အလုပ်မှာ သူတစ်ဖက်သားကို ဘာ့ကြောင့် ဒီလောက်တောင် ချိုးချိုးဖဲ့ဖဲ့ ပြောချင်ရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဝင်ပြီး ဟန့်လိုက်တယ်။

"မင်းကို ဘယ်သူက ရှေ့နေအလိုက်ခိုင်းလို့လဲ"

လို့ ဦးသိန်းဒန်က ဦးနေဒွန်းကို ပေါက်လိုက်တယ်။

"ဘယ်သူမှ အလိုက်မခိုင်းပါဘူး၊ ဒါပေမယ့် ဒီဆရာကြီးကို ထိရင်တော့ ငါ ကာကွယ်ရလိမ့်မယ်၊ ငါ့သား ဘိုးညဏ် ကျောက်ပေါက်တုန်းက ဆရာဝန်တွေ လက်လွှတ်ကုန်ပြီ၊ ဒီဆရာကြီးကို သွားပင့်တော့မှာပဲ ငါ့သား အသက်ချမ်းသာတယ်"

လို့ ဦးနေဒွန်းက ပြောတယ်။

နောက်ပြီးတော့ ဦးဘိုးမောင်ဘက်လှည့်ပြီး ဦးနေဒွန်းက…

"ဦးဘိုးမောင်၊ ခင်ဖျားသားကလေး အရင်တစ်ခါ နေမကောင်းတုန်းကလည်း ဆရာဝန်တွေ လက်လွှတ်တော့မှ ဒီဆရာ ဝင်ကုတာ ပျောက်တယ်မဟုတ်လား၊ အဲဒါ ခင်ဖျားသူဌေးကို ပြောပြလေ"

လို့ ပြောတယ်။

ဦးဘိုးမောင်လည်း ဦးနေဒွန်းကို ကြောင်တောင်တောင်ကြီး ကြည့်နေတယ်။ ဘာမှ မပြောဘူး။

အဲဒီအခါ ဦးသိန်းဒန်က ဦးဘိုးမောင်ဘက်ကိုလှည့်ပြီး…

"ဦးဘိုးမောင်၊ ခင်ဖျားသားကို ဒီရွှေယား အဟုတ်တတ်လို့ ကုတာလား၊ ဝင်ပြီး လက်တည့်စမ်းတာ၊ ကုသိုလ်ကောင်းလို့ ပျောက်သွားတာလား"

လို့ မေးလိုက်တယ်။

ဦးဘိုးမောင်လည်း မချိသွားဖြဲပြုံးပြီး…

"လက်တည့်စမ်းတာ ကုသိုလ်ကောင်းတာနဲ့ ပျောက်သွားတာပဲ ထင်ပါရဲ့ သူဌေးရယ်"

လို့ သူဌေးအလိုလိုက်ပြီး တတိယမ္ပိ ပြောလိုက်ရပြန်တယ်။

ဦးနေဒွန်းလည်း ဦးဘိုးမောင်နဲ့ ဦးသိန်းဒန် နှစ်ယောက်စလုံးမှာ စိတ်တိုလာတာနဲ့ ဦးသိန်းဒန်ကိုကြည့်ပြီး…

"မင်းကိုကော ဒီလူဟာ ဘာမှတတ်လို့ မဟုတ်ဘူး၊ ကုသိုလ်ကောင်းလို့ သူဌေးဖြစ်လာတာဆိုရင် မင်း ဘယ့်နှယ်နေမလဲ"

လို့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကတော့ ဦးသိန်းဒန်ဟာ အလုပ်ကို ဘာမှ နားမလည်ရှာပါဘူး။ သူ့ကုသိုလ်ကြောင့် သူ့အဖေရှာပေးခဲ့တဲ့ ပစ္စည်းတွေနဲ့ သူဌေးဖြစ်နေတာပဲ။ အဲဒါကြောင့် ဦးနေဒွန်းဟာ ရိုးရိုး မေးလိုက်ပေမယ့် ဦးသိန်းဒန်အတွက် ဒီအမေးဟာ အနာပေါ်ကို တုတ်ကျသလို ဖြစ်သွားတယ်။

အဲဒါကြောင့် ဦးသိန်းဒန်ဟာ သူ့ဝါသနာအတိုင်း ရှူးရှူးရှဲရှဲဖြစ်လာပြီး…

"ရွှေယားဟာ မင်းအဖေမို့ မင်းက ဒီလောက်တောင် နာရသလား"

လို့ ဦးနေဒွန်းကို ငေါက်လိုက်တယ်။

"ငါ့အဖေဆိုရင် ငါသတ်တာနဲ့ ဒီလောက်ရှိရင် မင်းသေနေပြီ"

လို့ ဦးနေဒွန်းက ခပ်အေးအေးပဲ ပြန်ပြောတယ်။

ဒေါသတွေကြောင့် ဦးသိန်းဒန်ဟာ စကားမပြောနိုင်အောင် ဖြစ်လာပြီး ဝုန်းဒိုင်းနဲ့ အိမ်ထဲကို ဝင်သွားတယ်။ နှစ်ယောက်တည်းကျန်တဲ့အခါ ဦးနေဒွန်းက…

"ဦးဘိုးမောင်ကလည်းဗျာ၊ ဆရာကြီးကို ဒီလောက်ပုတ်ခတ်နေတာ တစ်လုံး နှစ်လုံးတော့ ဝင်ပြောဦးမှပေါ့"

လို့ ဦးဘိုးမောင်ကို ပြောတယ်။

ဦးဘိုးမောင်က သူ့ရင်ဘတ်ကိုပုတ်ပြီး…

'အမယ်လေး၊ သူဌေးကို ကျုပ်တို့ ဘယ်ပြောရဲမလဲဗျာ၊ ကျုပ်တို့ သူ့နှာခေါင်းပေါက်နဲ့ အသက်ရှူနေရတာ၊ ဝါးခယ်မတစ်မြို့လုံးမှာ ကျုပ်တို့ သူဌေးကို ပြန်ပြောရဲတာ အမိန့်တော်ရမင်း တစ်ယောက်ပဲ ရှိတယ်ဗျ"

လို့ ဦးဘိုးမောင်က ဖြေတယ်။

ဒီလို စကားကတောက်ကဆတ်ဖြစ်ပြီး ဦးသိန်းဒန်က ဦးနေဒွန်းကို စကားမပြောဘဲ ဆယ်ရက် ဆယ့်ငါးရက် ဖြတ်ဖြတ်ထားတာမျိုးတွေဟာ တစ်နှစ်ကို လေးငါးကြိမ်လောက် ရှိမယ်။ ဦးနေဒွန်းကတော့ သဘောထားကြီးပါတယ်။ သူ့သူငယ်ချင်း ဦးသိန်းဒန်ကို ကလေးဆိုးကြီးလို သဘောထားပြီး ဦးသိန်းဒန် စိတ်ကောက်တိုင်း လိုက်မကောက်ပါဘူး။ ဦးသိန်းဒန်အိမ်ကို ဝင်မြဲတိုင်း၊ ထွက်မြဲတိုင်း ဝင်ထွက်သွားလာနေတာမပါပဲ။

အခုပြောခဲ့တဲ့ ရက်ရောမှု၊ တစ်ဖက်သားကို ပသ်ပွယ်မှု၊ ရှူးရှူး

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းဒိုင်း လုပ်တတ်မှု၊ ဆန့်ကျင်ဘက်ကို သည်းမခံနိုင်မှုတွေဆိုတာဟာ ဦးသိန်းဒန်ကို လူသိများအောင်လုပ်ပေးတဲ့ အကြောင်းတွေထဲမှာ အကြောင်းကြီးတွေအဖြစ်နဲ့ ပါကြတယ်။ ဦးသိန်းဒန်ရဲ့အမည်ကို ကြားရရင် ကြားရတဲ့သူတွေရဲ့ စိတ်ထဲမှာ ဦးသိန်းဒန်ရဲ့ ရုပ်ပုံသာပေါ်တာမဟုတ်ဘူး။ အခု ပြောခဲ့တဲ့ ဦးသိန်းဒန်ရဲ့ အကျင့်တွေလည်း ထင်ထင်ရှားရှားကြီး ပေါ်နေကြတယ်။

### သူဌေးကတော် နှင့် သမီးသုံးယောက်

သူဌေးကတော် ဒေါ်အုံးကြည်ဟာ အပျိုတုန်းက အချောအလှမှာ အတော်နာမည်ရတယ်။ သူဌေးဦးသိန်းဒန်နဲ့ အိမ်ထောင်ကျပြီးလို့ သားသမီး ခုနစ်ယောက် မွေးပြီးမှတောင် အင်မတန် ချောတုန်းလှတုန်းပါပဲ။ ကလေး ခုနစ်ယောက်အနက် မြိုင်မြိုင်၊ လှိုင်လှိုင်၊ ကြိုင်ကြိုင် ဆိုတဲ့ သမီးသုံးယောက်ပဲ အဖတ်တင်တယ်။ ကြိုင်ကြိုင့်အောက်ကို မွေးတဲ့ ယောကျ်ားကလေး နှစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက်ဟာ မွေးပြီးလို့ သုံးလေးလလောက်အရမှာပဲ ဆုံးကုန်ကြတယ်။ မြိုင်မြိုင်၊ လှိုင်လှိုင်နဲ့ ကြိုင်ကြိုင်တို့ဟာ နှစ်နှစ်စီကွာတယ်။ မြိုင်မြိုင်ဟာ သူ့အဖေနဲ့တူပြီး နည်းနည်း အကျည်းတန်တယ်။ လှိုင်လှိုင်ကတော့ ဘယ်သူနဲ့မှ မတူဘူး။ ရုပ်ကတော့ တော်ရုံပါပဲ။ ကြိုင်ကြိုင်ကတော့ အမေနဲ့တူပြီး ချောတယ်။

မြိုင်မြိုင်နဲ့ လှိုင်လှိုင်ဟာ ဉာဏ်ကတော့ ဒီလောက်မထိုင်းပါဘူး။ ဒါပေမယ့် စာကြည့်ပျင်းတယ်။ အဲဒါကြောင့် လေးတန်းမှာ ညီအစ်မနှစ်ယောက်စလုံးဟာ သုံးကြိမ်စီ ဆက်ပြီးကျတာနဲ့ ကျောင်းက ထွက်လိုက်ကြတယ်။

ကြိုင်ကြိုင်တစ်ယောက်ပဲ ဉာဏ်လည်းကောင်းတယ်၊ ဝီရိယလည်း ရှိတယ်၊ စာထဲမှာလည်း စိတ်ဝင်စားတာနဲ့ တစ်နှစ်တစ်တန်းအောင်ရုံ မဟုတ်ဘူး၊ လေးတန်းမှာ စကောလားရှစ်တောင် ရလိုက်သေးတယ်။ အဲဒါနဲ့ ညီအစ်မသုံးဦးရှိတဲ့အနက် ကြိုင်ကြိုင်တစ်ယောက်ပဲ ကျောင်းဆက်နေတယ်။

### သမီးကြီး မြိုင်မြိုင်

မြိုင်မြိုင်ဟာ ၁၈နှစ်ထဲ ဝင်လာသောအခါ အိမ်မှာ ထမင်းချက်တဲ့ ချမ်းဆိုတဲ့ ကုလားကို တော်တော်တမ်းတမ်းစွဲ ဖြစ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို တမ်းတမ်းစွဲ ဖြစ်ရတာဟာ ဌုန်ဟာ ချောလို့ မဟုတ်ပါဘူး။

ဌုန်ဟာ အသက် ၃၀ လောက်ရှိနေပြီ။ မြိုင်မြိုင်ထက် ၁၂ နှစ်လောက် ကြီးတယ်။ အသားကလည်း မည်းလိုက်တာ၊ ပြာသလိုလိုတောင် ဖြစ်နေတယ်။ ခေါင်းမှာ လူးထားတဲ့ အုန်းဆီတွေဟာ မီးဖိုက မီးပူကြောင့် အရည်ပျော်ပြီး မျက်နှာပေါ် စီးကျနေတဲ့အခါ သူ့မျက်နှာဟာ ပိုပြီးတော့တောင် အရုပ်ဆိုးလိုက်သေးတယ်။ အဲဒီအထဲ သူ ရယ်လိုက်ပြီဆိုမှဖြင့် ဖရိုဖရဲဖြစ်နေတဲ့ သူ့သွားတွေကြောင့် အရုပ်ဆိုးနေတဲ့ မျက်နှာဟာ ကြောက်စရာကောင်းသလိုလိုတောင် ဖြစ်လာတယ်။ နေဝင်ရီတရောအချိန် လမ်းကြိုလမ်းကြားထဲမှာ နှစ်ယောက်ချင်း တွေ့ရရင် သရဲလို့တောင် အထင်မှားနိုင်တယ်။

ဒါပေမယ့် ဌုန်ရဲ့ ပွေ့တာ၊ ဖက်တာ၊ နမ်းတာ၊ ရှုပ်တာ အစရှိတာတွေကို ခံချင်နေတဲ့ မြိုင်မြိုင်ဟာ သရဲတစ္ဆေနဲ့ အထင်မှားလောက်တဲ့ ဌုန်ရဲ့ မျက်နှာကို မမြင်ဘူး။ ဌုန်ရဲ့ ပွေ့တာ၊ ဖက်တာ၊ နမ်းတာ၊ ရှုပ်တာ အစရှိတာတွေကိုပဲ တမြင်တည်း မြင်နေတယ်။ မြိုင်မြိုင်ဟာ အဲဒါတွေကိုပဲ တွေးတွေးပြီး တစ်နေ့တစ်နေ့ စားနေရင်းလည်း ဌုန်ရဲ့စိတ်၊ သွားနေရင်းလည်း ဌုန်ရဲ့စိတ်၊ ထိုင်နေရင်းလည်း ဌုန်ရဲ့စိတ် ဖြစ်လာတယ်။ ဒီစိတ်တွေကြောင့် ညည ကောင်းကောင်း မအိပ်နိုင်ဘဲ ခြောက်လကြာတဲ့အခါ ကျစ်ကျစ်လျစ်လျစ် ထောင်ထောင်မောင်းမောင်း တောင့်တောင့်တင်းတင်း ဖြစ်ခဲ့ဖူးတဲ့ မြိုင်မြိုင်ဟာ အတော် ချုံးကျသွားတယ်။

တစ်ညကျတော့ ခါတိုင်းလိုပဲ အိပ်ရာပေါ်မှာ ဟိုလိမ့်ဒီလိမ့် လိမ့်နေရင်း မြိုင်မြိုင်ဟာ သန္နိဋ္ဌာန်ချလိုက်တယ်။ သန္နိဋ္ဌာန်က တခြားမဟုတ်ပါဘူး။ ဌုန်ရဲ့အိပ်ခန်းကို ထသွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ဖြစ်တယ်။ အချိန်ဟာ ည ၁၂ နာရီလောက် ရှိနေပြီ။ သူ့မိဘတွေ အိပ်မောကျနေတဲ့အချိန်ပဲ။ အဲဒါကြောင့် မြိုင်မြိုင်ဟာ သူ့အခန်းတံခါးကို အသံမကြားအောင် အသာဖွင့်၊ ခြေသံမကြားအောင် တိုက်ပေါ်က ဆင်း၊ တိုက်ကနေပြီး မီးဖိုကိုသွားတဲ့ တံခါးမကြီးကိုဖွင့်၊ နောက်တစ်ခါ မီးဖိုရဲ့ဘေး တံခါးကို ဖွင့်ပြန်ပြီး အိမ်ရဲ့ အနောက်ဘက် အိမ်ဝင်းထဲမှာ ရှိတဲ့ ဌုန်ရဲ့အိမ်ကို တန်းသွားတယ်။ ဌုန်လည်း အိပ်မောကျနေလို့ မြိုင်မြိုင် တံခါးခေါက်နေတာ အတော်ကြာတယ်။ တော်တော်နဲ့ မနိုးဘူး။ ဌုန် တံခါးဖွင့်လိုက်တာနဲ့ တစ်ပြိုင်နက် မြိုင်မြိုင်ဟာ ဘာမှ မပြောဘူး။ သူ့တိုက်ဘက်ဆီကို တစ်ချက်လှည့်ကြည့်ပြီး နောက်က ရှုံ့သူလိုက်လာသလို

www.burmeseclassic.com



ဂျွန်ရဲ့အိမ်ထဲ အတင်းတိုးဝင်လိုက်တယ်။ ဂျွန်လည်း အံ့အားသင့်ပြီး…

"မြိုင်မြိုင် ဘာလာလုပ်တာလဲ"

မြိုင်မြိုင်ကို မေးတယ်။ မြိုင်မြိုင်က ဘာမှ ပြန်မပြောဘူး။ တံခါးကို မြန်မြန်ပိတ်လိုက်ဖို့ တံခါးကို လက်ညှိုးနဲ့ ထိုးပြတယ်။

ဂျွန်လည်း ဘာလုပ်ရမှန်း မသိသေးဘဲ ကြောက်စိတ်တွေသိပ်များပြီး…

"သူဌေးသိရင် ငါ့ကို သတ်လိမ့်မယ်၊ ပြန်ပါကွယ်"

လို့ မြိုင်မြိုင်ကို တောင်းပန်တယ်။

မြိုင်မြိုင်လည်း စိတ်မရှည်နိုင်တော့ဘဲ တံခါးကို သူ့ဟာသူပိတ်ပြီး မင်းတုပ် ထိုးလိုက်တယ်။

"မြိုင်မြိုင် ဘာလုပ်လာတာလဲ"

လို့ ဂျွန်က ထပ်မေးတယ်။

မြိုင်မြိုင်က…

"နင့်ကို ချစ်လို့ လာတာပေါ့"

လို့ ဖြေလိုက်တယ်။

နာရီပြန် နှစ်ချက်ထိုးပြီးလောက်ရှိတော့မှ မြိုင်မြိုင် တိုက်ပေါ် ပြန်တက်သွားတယ်။

မြိုင်မြိုင်ဟာ ည ၁၂ နာရီလောက် တိုက်ပေါ်က ဆင်း၊ ဂျွန်ရဲ့အိမ်ကို သွား၊ တစ်ချက် နှစ်ချက်ထိုးပြီးလောက်မှ တိုက်ပေါ်ပြန်တက်လာတယ်။ ဒီလိုချည်းပဲ ဂျွန်နဲ့ ညတိုင်း စခန်းသွားနေတာ စနေ တနင်္ဂနွေ နှစ်ပတ်လောက် ရှိတော့ မြိုင်မြိုင်ဟာ တိုက်အောက်ထပ်က တံခါးကို ဖွင့်နေတာကို တိုက်အောက်ထပ်မှာ အိပ်ကြတဲ့ အစေခံမကလေးတွေထဲက ခေါင်းကိုက်လို့ အိပ်မပျော်သေးတဲ့ အစေခံမကလေးခင်ဉက မြင်ရတယ်။ ဒါပေမယ့် ရိုးရိုးပဲ ထင်ပြီး ခင်ဉဟာ အမှတ်တမဲ့ နေလိုက်တယ်။

ဒါပေမယ့် နာရီဝက်လောက်ကြာလို့ အိမ်ပေါ်ကို ပြန်တက်တာ မမြင်ရတော့…

"မြိုင်မြိုင်ဟာ ဘာကိစ္စများ မီးဖိုထဲမှာ ဒီလောက်ကြာအောင် နေရသလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ခင်ဥရဲ့စိတ်ထဲမှာ စနောင့်စနင်း ဖြစ်လာတယ်။ အဲဒါနဲ့ ခင်ဥလည်း အိပ်မပျော်ဘူး၊ နားစွင့်နေတယ်။ နှစ်နာရီလောက်ကြာမှ မြိုင်မြိုင်ပြန်လာတဲ့အသံကို ကြားရတယ်။ ဒီလိုကြားတဲ့အတွက် ခင်ဥမှာ ပိုပြီး မသင်္ကာတဲ့စိတ်တွေ ဖြစ်လာတယ်။

နောက်ညကျပြန်တော့လည်း ၁၂ နာရီလောက်မှာပဲ မြိုင်မြိုင်ဆင်းလာပြန်တယ်။ အဲဒီညကျတော့ ဆယ့်ငါးမိနစ်လောက်အကြာမှာ ခင်ဥလည်း မီးဖိုထဲကို အသာ ဝင်လိုက်သွားတယ်။ မီးဖိုထဲမှာ မြိုင်မြိုင်ကို မတွေ့ဘူး။ မီးဖိုဘေးတံခါးပွင့်နေတာကိုသာ ခင်ဥ တွေ့ရတယ်။ ခင်ဥလည်း ဟိုကြည့်ဒီကြည့် ကြည့်ပါသေးတယ်။ မြိုင်မြိုင်ကို သူမြင်ရတဲ့နေရာတွေမှာ ဘယ်နေရာမှာမှ မတွေ့ဘူး။ ခင်ဥလည်း ဖွဲကောင်းကောင်းနဲ့ မြိုင်မြိုင်ရဲ့ပြန်အလာကို မီးဖိုထဲက စောင့်နေတယ်။

နောက် နှစ်နာရီလောက်ရှိတော့ ဂျွန်ရဲ့အိမ်တံခါးဖွင့်သံကို ကြားရတယ်။ အဲဒီအိမ်ထဲက မြိုင်မြိုင်ထွက်လာပြီး တိုက်ဘက်ဆီကို လာနေတာ ခင်ဥ မြင်ရတယ်။ အဲဒါကြောင့် မြိုင်မြိုင် မရောက်ခင် ခင်ဥလည်း တိုက်ထဲကို ပြေးဝင်လာပြီး သူ့အိပ်ရာထဲမှာ အိပ်ချင်ယောင်ဆောင်နေတယ်။ မြိုင်မြိုင်လည်း ခါတိုင်းလိုပဲ တိုက်တံခါးပိတ်ပြီး တိုက်ပေါ်တက်သွားတယ်။

နောက်တစ်နေ့မနက်ကျတော့ ခင်ဥဟာ သူတို့အစေခံမလေးတွေထဲမှာ အကြီးအကဲဖြစ်တဲ့ မနှင်းစိန်ကို တစ်နေ့ညကနဲ့ မနေ့ညက သူမြင်ရတာတွေ အကုန်ပြောပြတယ်။ မနှင်းစိန်လည်း အံ့အားသင့်ပြီး မယုံနိုင်အောင် ဖြစ်နေတာနဲ့…

"--ကမြင်းမ၊ သူ့သမီးကို ဒီလို သားပုပ်လေလွင့်တွေ သွားပြောတာ သူ့အဖေကြီး ကြားရင် ညည်းရဲ့လျှာကို ဖြတ်ပစ်လိမ့်မယ်"

လို့ ခင်ဥကို မာန်လိုက်တယ်။

"ကာလနာတိုက် သေရပါစေရဲ့ မနှင်းစိန်ရယ်၊ ကျွန်မ မျက်စိနဲ့ကို သေသေချာချာ မြင်ရလို့ ပြောတာပါ၊ ရှင့်ကို ဒီကနေ့ည ကျွန်မပြမယ်၊ ရှင်ကိုယ်တိုင်မြင်ရရင် ယုံမယ်မဟုတ်လား"

လို့ ခင်ဥက မေးတယ်။

မနှင်းစိန်ကလည်း…

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှ ဖြစ်ရပလေ၊ တော်တော်ဆန်းကြယ်တဲ့ အဖြစ်အပျက်ပဲနော်၊ သူဌေးများသိသွားရင် မိုးမီးလောင်တော့မှာပဲ"

ဆိုပြီး တောင်တွေး မြောက်တွေး တွေးနေတာနဲ့ ခင်ဥမေးတာကို ရုတ်တရက် ပြန်မဖြေနိုင်ရှာဘူး။

ည ၁၂ နာရီလောက်ရှိတဲ့အခါ ညတိုင်းလိုပဲ မြိုင်မြိုင် တိုက်ပေါ်က ဆင်း၊ တံခါးဖွင့်ပြီး မီးဖိုထဲ ဝင်သွားတယ်။ အသင့်စောင့်နေတဲ့ မနှင်းစိန်နဲ့ ခင်ဥလည်း နောက်ယောင်ခံပြီး လိုက်သွားတယ်။ တစ်အောင့်လောက်ကြာတဲ့ အခါ မြိုင်မြိုင်ဟာ ဂျွန်ရဲ့အိမ်တံခါးကို အသာတွန်းပြီး အိမ်ထဲဝင်သွားတာ မီးဖိုချောင်ထဲက သူတို့ သေသေချာချာ မြင်လိုက်ရတယ်။ မနှင်းစိန်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ပြီး သူဌေးကတော်ကို တိုင်ရအောင် တိုက်ပေါ် ခပ်သုတ်သုတ်တက်သွားတယ်။

သူဌေးကတော် အိပ်ခန်းအပြင်ဘက် ထွက်လာတာနဲ့ တစ်ပြိုင်နက် သူဌေးကြားမှာစိုးလို့ မနှင်းစိန်ဟာ အသံတွေတုန်တုန်ယင်ယင်နဲ့ သူဌေးကတော် ရဲ့ နားဝကိုကပ်ပြီး…

"မြိုင်မြိုင် ဂျွန်ရဲ့အိမ်ထဲကို ဝင်သွားတယ်"

လို့ ပြောလိုက်တယ်။

ဦးသိန်းဒန်က အိပ်ရာထဲကနေပြီး…

"မအုံးကြည်၊ ဘာတဲ့လဲ"

လို့ လှမ်းမေးတယ်။

"အို၊ ဘာမှ မဟုတ်ပါဘူး၊ ကျွန်မ အခုပဲ ပြန်လာမယ်"

ဆိုပြီး ဒေါ်အုံးကြည်နဲ့ မနှင်းစိန်တို့လည်း သုတ်သီးသုတ်ပျာ တိုက်အောက်ဆင်းလာခဲ့ကြတယ်။ ဂျွန်လည်း သူဌေးကတော်ရဲ့အသံကို ကြားတာနဲ့ တံခါးမဖွင့်ဘဲ မနေရဲဘူး။ ဖွင့်ပေးရတယ်။

"မြိုင်မြိုင် ဘယ်မှာလဲ"

လို့ ဂျွန်ကို သူဌေးကတော်က ငေါက်လိုက်တယ်။

"ကျွန်တော် မသိဘူး မမ"

လို့ ဂျွန်က လိမ်ပြောတယ်။

သူဌေးကတော်ကလည်း ဒေါသသိပ်ထွက်နေတာနဲ့ မီးဖိုထဲက စီးကာ တဲ့ ခုံဖိနပ်ကိုချွတ်ပြီး…

www.burmeseclassic.com

www.burmeseclassic.com



"မအေ--၊ နင် ငါ့ကိုလိမ်ဦး"

လို့ ပြောပြောဆိုဆို ဂျွန်ရဲ့ ပါးကို ရိုက်လိုက်တယ်။ ဒေါ်အုံးကြည်နဲ့ မနှင်းစိန်တို့ ဂျွန်ရဲ့အိပ်ခန်းထဲကို ရောက်တဲ့အခါ အခန်းထဲမှာ ဘယ်သူ့ကိုမှ မတွေ့ရဘူး။

"ညည်းတို့ ပြောတာ ဟုတ်မှ ဟုတ်ရဲ့လား"

ဆိုတဲ့ သံသယရှိတဲ့ မျက်နှာထားမျိုးနဲ့ ဒေါ်အုံးကြည်ဟာ မနှင်းစိန်ကို လှည့်ကြည့်တယ်။

မနှင်းစိန်ဟာ သူ့မျက်စိနဲ့ကို သေသေချာချာ မြင်လိုက်ရလို့ သူပြောတဲ့ ကိစ္စဟာ မမှားနိုင်ဘူးလို့ မဗိုတ်မသုန် ယုံတယ်။ အဲဒါကြောင့်...

"နေဦး မမ"

လို့ ဆိုပြီး ဂျွန်ရဲ့ ခုတင်အောက်ကို ငုံ့ကြည့်တဲ့အခါ ခုတင်အောက်မှာ ဝပ်နေတဲ့ မြိုင်မြိုင်ကို တွေ့ရတယ်။

"ဟောဒီမှာ မမ"

လို့ မနှင်းစိန် ပြောတာကြားတာနဲ့ ဒေါ်အုံးကြည်လည်း ငုံ့ကြည့်တဲ့ အခါ သူ့သမီး မြိုင်မြိုင်ကို တွေ့ရတယ်။ ဒေါ်အုံးကြည်လည်း ဒေါသ သိပ်ထွက်နေတယ်။

ဒါပေမယ့် လူသိရှင်ကြား ဖြစ်ကုန်မှာစိုးတာနဲ့ သူ့သမီးကို တွေ့တွေ့ ချင်း ဘာမှ မပြောသေးဘူး။ ခေါ်ရုံသာ ခေါ်လာခဲ့တယ်။ ဂျွန်ကိုလည်း...

"ခွေးကုလား၊ နင့်မျက်နှာ ငါ မကြည့်ချင်ဘူး၊ ဒီဝင်းထဲက ခုည ထွက်သွား၊ နောက်တော့ ငါ့ကို အဆိုးမဆိုနဲ့"

လို့ ပြောခဲ့တယ်။

မီးဖိုထဲကိုရောက်တာနဲ့ ဒေါ်အုံးကြည်လည်း ဒေါသကို မထိန်းနိုင်ဘူး။

"--ကမြင်းမ၊ ဖြစ်စရာလူတွေရှားလွန်းလို့ ဒီခွေးကုလားနဲ့မှ သွားဖြစ်ရသလားဟင်"

ဆိုပြီး သူ့သမီးရဲ့ပါးကို တစ်ချက်ရိုက်လိုက်တယ်။

"ဒီခွေးကုလားနဲ့မှ သွားဖြစ်ရသလား ဟင်"

ဆိုပြီး ဒုတိယတစ်ချက် ပါးကို ရိုက်ပြန်တယ်။ မြိုင်မြိုင်လည်း ဘာမှ ပြန်မပြောဘူး။ နှုတ်ခမ်းကြီး စူပြီး မှုန်ကုပ်ကုပ်လုပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အုံးကြည်လည်း ဒေါသမပြေသေးတာနဲ့…

"ဒီခွေးကုလားနဲ့မှ ဖြစ်ရသလား ဟင်"

ဆိုပြီး နောက်တစ်ချက် ထပ်ရိုက်ပြန်တယ်။ ဒီတစ်ချက်ကျတော့ မြိုင်မြိုင်ဟာ သူ့အမေရဲ့လက်ကို သူ့လက်နှစ်ဘက်နဲ့ ဖမ်းလိုက်ပြီး အတင်းကိုက်တယ်။

ဒေါ်အုံးကြည်လည်းအတင်းရုန်းရင်း…

"ကြည့်စမ်း၊ ကြည့်စမ်း၊ ငါ့ကို ပြန်လုပ်တယ်"

လို့ ပြောနေတုန်း မြိုင်မြိုင်ဟာ သူ့အမေရင်ဘတ်ကို တအား ဆောင့်တွန်းလိုက်တာ ဒေါ်အုံးကြည် ထိုင်လျက်ကျသွားတယ်။ မြိုင်မြိုင်လည်း လှေကားကို ဆောင့်ဆောင့်နဲ့ နင်းပြီး တိုက်ပေါ်တက်သွားတယ်။

အိပ်ခန်းထဲက အဖေက…

"ဟဲ့ ဘယ်သူလဲ၊ ခြေနင်း ကြမ်းလှချည်လား"

လို့ လှမ်းမေးတာနဲ့…

"သမီး"

လို့ ဖြေပြီး မြိုင်မြိုင်ဟာ သူ့အခန်းထဲ ဝင်သွားတယ်။

ဒေါ်အုံးကြည်ဟာ တိုက်ပေါ်ကို ဖြုန်းခနဲ မတက်သေးဘူး။ သူ့အခန်းထဲ ပြန်ရောက်ရင် ဦးသိန်းဒန်က ဘာဖြစ်ကြတာလဲလို့ မေးတော့မယ်။ အဲဒီလို မေးရင် တစ်ခုခု ပြောရတော့မယ်ဆိုတာ ဒေါ်အုံးကြည် စဉ်းစားမိတယ်။ အဲဒီလိုပြောရတဲ့အခါ အဖြစ်အပျက်အမှန် အကုန်လုံးကို ပြောလိုက်ရင် သူ့ယောကျ်ားဟာ ရှူးရှူးရှဲရှဲ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ တစ်ခုခု လုပ်တော့မယ် ဆိုတာကိုလည်း ဒေါ်အုံးကြည် စဉ်းစားမိတယ်။ ဒီလိုဖြစ်မှာစိုးတဲ့အတွက် လုံးလုံးအုပ်ထားလို့ မဖြစ်သေးဘူး။ ဂွန်ကို ဦးသိန်းဒန် အင်မတန် သဘောကျတယ်။ မနက်ကျ ဂွန်ကို မတွေ့ရင် ဦးသိန်းဒန်က မေးမှာပဲ။ အဲဒီတော့ ညကတည်းက နည်းနည်းပါးပါး ကြိုတင်ပြောထားမှ ကောင်းမယ်လို့လည်း ဒေါ်အုံးကြည် စဉ်းစားမိတယ်။

နောက်ပြီးတော့လည်း ခြံခုန်ဖူးတဲ့နွားလို သူ့သမီးဟာ ဒါမျိုး တစ်ခုခု နောက်ထပ်လုပ်ဦးမှာပဲ။ အဲဒီတော့ ကျော်မကောင်း ကြားမကောင်းမဖြစ်ခင် သင့်တော်သူ တစ်ယောက်ယောက်နဲ့ ခပ်မြန်မြန် နေရာချလိုက်အောင် ဒီကနေ့

www.burmeseclassic.com

www.burmeseclassic.com



ညပဲ သူ့ယောက်ျားကို ပြောတော့မယ်လို့လဲ ဒေါ်အုံးကြည် စဉ်းစားမိတယ်။ အဲဒါကြောင့် တိုက်အောက်ထပ်မှာပဲ ရေသောက်လိုက်၊ ဆေးလိပ်သောက်လိုက်နဲ့ တစ်ယောက်တည်း အကြံယူနေတယ်။

တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတာတွေ သက်သာသွားတဲ့အခါ ဒေါ်အုံးကြည် တိုက်ပေါ်တက်သွားတယ်။ သူမျှော်လင့်ထားတဲ့အတိုင်း အခန်းထဲ ပြန်ရောက်တာနဲ့…

"ဘာဖြစ်ကြတာလဲ"

လို့ ဦးသိန်းဒန်က မေးတယ်။

'မြိုင်မြိုင်ဟာ တယ်မိုက်တယ်၊ ဂျွန်နဲ့ မီးဖိုထဲမှာ နှစ်ယောက်တည်း ထိုင်စကားပြောနေကြတယ်၊ ဟိုကုလားက ရီးတယ်၊ အတယ်၊ ရှုပ်ရှုပ်ပွေပွေ မလုပ်တတ်ပါဘူးဆိုပေမယ့် အပျိုအရွယ်ကလေးဟာ ဒီလို အချိန်မတော်ကြီးမှာ သူစိမ်းယောက်ျားနဲ့ နှစ်ယောက်တည်းနေတာ ဘယ်ကောင်းမလဲ၊ ယောက်ျားနဲ့ မိန်းမ မဟုတ်တာယုတ် ဖြစ်သွားကြတယ်ဆိုတာ ဒီလို နှစ်ယောက်တည်း တွေ့တာမျိုးကစပြီး ဖြစ်တာပဲ မဟုတ်လား ကိုသိန်းရဲ့၊ အဲဒီတော့ ကျွန်မလည်း စိတ်ပေါက်ပေါက်ရှိတာနဲ့ ဂျွန်ကို နှင်ပစ်လိုက်ပြီ၊ သမီးတွေ အရွယ်ရောက်လာတဲ့အခါ အိမ်မှာ လူမွေးတာ အင်မတန် သတိထားရတယ်၊ တခြားအမှားတွေဟာ ပြင်လို့ရတယ်၊ မိန်းကလေးတွေဟာ ဒီဘက်မှာ တစ်ခါမှားသွားရင် ပြင်လို့ မရတော့ဘူး"

လို့ ဒေါ်အုံးကြည်က ပြောပြတယ်။

ဦးသိန်းဒန်ဟာ ဒေါ်အုံးကြည် ပြောတာကို သဘောကျသွားတယ်။

"အေးကွာ၊ ဒီကုလားကို နှင်လိုက်တာပဲ ကောင်းပါတယ်"

လို့ ပြောပြီး သူ့မယား ဒေါ်အုံးကြည်ကို ထောက်ခံတယ်။

သူ အင်မတန်သဘောကျတဲ့ ဂျွန်ကို သူ မသိရဘဲ နှင်ပစ်လိုက်တဲ့အတွက် ဘာအပြစ်များ ဖြစ်ဦးမလဲလို့ တထိတ်ထိတ်ဖြစ်နေတဲ့ ဒေါ်အုံးကြည်ဟာ သူ့ယောက်ျားရဲ့ သဘောတူသံကို ကြားရတော့မှ ရင်ထဲအေးသွားတယ်။ အဲဒါနဲ့ဆက်ပြီး…

"မြိုင်မြိုင်ကို ကြည့်ရတာ ကျွန်မတော့ သိပ်အားမရဘူး၊ ကျော်မကောင်း ကြားမကောင်းများ ဖြစ်မလားလို့ သူ့အတွက် ကျွန်မ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူတယ်၊ အဲဒီတော့ သင့်တော်တဲ့သူတစ်ယောက်ယောက်နဲ့ မြန်မြန် နေရာချထားလိုက်ရင် ကောင်းမယ် ကိုသိန်းရဲ့''

လို့ ဒေါ်အုံးကြည်က အဆို တင်သွင်းလိုက်တယ်။

''ဒါကတော့ မင်း ကြိုက်သလိုသာ ကြည့်စီမံပါ၊ ငါကတော့ ဘာမှ ပြောစရာ မရှိပါဘူး၊ ဟုတ်တယ်၊ သမီးဆိုတာ သားကို ထိန်းရတာထက် ခက်တယ်၊ တစ်ခုခု ကျော်မကောင်း ကြားမကောင်းဖြစ်လိုက်ရင် အဖေ အမေ လည်ပင်း အိုးဆွဲပြီး ရေထဲဆင်းသေပစ်လိုက်ဖို့သာ ကောင်းတော့တယ်၊ အဲဒီတော့ မင်းသဘောအတိုင်းပဲ''

လို့ ဦးသိန်းဒန်က ဒေါ်အုံးကြည်ကို ထောက်ခံပြန်တယ်။

''ကျွန်မက တခြားမှာတော့ မမြင်ပါဘူး၊ ကိုသိန်းရဲ့မန်နေဂျာ မောင်လွန်းမောင်နဲ့ နေရာချရရင် ဘယ်လိုနေမလဲလို့ စဉ်းစားနေတယ်''

လို့ ဒေါ်အုံးကြည်က ပြောတယ်။

ဦးသိန်းဒန်က ခဏစဉ်းစားပြီး…

''ဒီကောင့်ကို မင်းသမီးက ယူပါ့မလား၊ ဒီကောင်က အသက်သုံးဆယ်လောက် ရှိနေပြီ၊ သူ့ထက် ဒီလောက် အသက်ကြီးတာကြီးကို မင်းသမီးက ယူပါ့မလား''

လို့ ဦးသိန်းဒန်က မေးတယ်။

''ဂျွန်လည်း အသက် ၃၀ လောက် ရှိနေပြီ၊ ဒီကုလား အသားမည်းကြီးနဲ့တောင် သူ့သမီး ဖြစ်သေးရင် လွန်းမောင်နဲ့ ဘာမဖြစ်စရာရှိသလဲ''

လို့ ဒေါ်အုံးကြည် တွေးမိတယ်။ ဒါကြောင့်…

''ဒါကတော့ ကျွန်မတာဝန်ထားပါ ကိုသိန်းရယ်''

လို့ ဒေါ်အုံးကြည်က ပြောတယ်။ ဦးသိန်းဒန်က နည်းနည်းပြုံးပြီး…

''လွန်းမောင်နဲ့ မင့်သမီးနဲ့ ဖြစ်ပါ့မလား၊ ဒီကောင်က လောကကြီးအကြောင်း ဘာမှ သိတာမဟုတ်ဘူး၊ ရှိုးသားရမယ်၊ အလုပ်ကို ကြိုးစားလုပ်ရမယ်၊ သူ့ဌေးကို ရိုသေရမယ်၊ ဒီသုံးခုကိုပဲ သိတယ်၊ အပေါင်းအသင်း ဘယ်သူနဲ့မှ မရှိဘူး၊ စကားလည်း မပြောဘူး၊ လောကကြီးအပြင်ဘက်က သူငယ်ပဲ''

လို့ ပြောတယ်။

''အခုခေတ် လူငယ်တွေဟာ သိပ်ဆန်းတယ် ကိုသိန်းရဲ့၊ များသော

www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် လူမက်တာ မဟုတ်ဘူး၊ ပိုက်ဆံမက်တာ၊ ခပ်လည်လည်နဲ့ ပေးစားမိရင် ရှင့်သမီးကို တော်ရာချောင်မှာ ထိုးထားပြီး သူ့ရှိတဲ့ပိုက်ဆံတွေကို အကုန်သုံးပစ်မှာ"

လို့ ဒေါ်အုံးကြည်က ပြောတယ်။

"ဟုတ်ပါတယ်လေ"

လို့ ဦးသိန်းဒန်က ထောက်ခံတယ်။ နောက်ပြီးတော့မှ…

"ကဲ မအုန်းကြည်၊ မင့်သဘောအတိုင်းပဲ၊ မင်းကြိုက်သလိုသာ ကြည့်စီမံတော့ကွာ"

လို့ ဦးသိန်းဒန်က ဒေါ်အုံးကြည်ကို အာဏာကုန်လွှဲလိုက်တယ်။

နှစ်ရက်လောက်ကြာတော့ ဒေါ်အုံးကြည်က သူ့သမီး မြိုင်မြိုင်ကို ခေါ်လိုက်တယ်။ မြိုင်မြိုင် ရောက်လာလာချင်း နိဒါန်းတွေ ပျိုးမနေဘဲ…

"ညည်းကို လွန်းမောင်နဲ့ ပေးစားမလို့၊ ညည်း ဘာပြောချင်သေးသလဲ"

လို့ ခပ်တိုတိုပဲ မေးလိုက်တယ်။

မြိုင်မြိုင်က သူ့ကို ထပ်ပြီးဆူရအောင် ရိုက်ရအောင် ခေါ်တယ်လို့ အောက်မေ့ပြီး လာတယ်။ သူ့အမေဆီကိုရောက်လို့ လင်ပေးစားမယ့်အကြောင်း ပြောတာ ကြားရတော့ သိပ်ဝမ်းသာသွားတယ်။ ဒါကြောင့် အမေက ခပ်တိုတို မေးသလို သမီးကလည်း…

"မေမေတို့သဘောပေါ့"

လို့ ခပ်တိုတိုပဲ ပြောလိုက်တယ်။

ညနေ အလုပ်ဆင်းချိန်လောက်ကျတော့ ဒေါ်အုံးကြည်ဟာ မန်နေဂျာ လွန်းမောင်ကို ခေါ်လိုက်ပြန်တယ်။ လွန်းမောင် ရောက်လာတဲ့အခါ…

"မောင်လွန်းမောင်၊ မင့်မှာ မိန်းမယူဖို့ မှန်းထားတာများရှိနေပြီလား"

လို့ ဒေါ်အုံးကြည်က မေးလိုက်တယ်။

"မရှိသေးပါဘူး မမ"

လို့ လွန်းမောင်က ပြောတယ်။

"မင့်သူဌေးနဲ့ မမက မင့်ကို မိန်းမပေးစားဖို့ တိုင်ပင်ထားတယ်၊ မင့်သူဌေးနဲ့ မမက ပေးစားရင် ယူမယ်မဟုတ်လား မောင်လွန်းမောင်"

လို့ ဒေါ်အုံးကြည်က ဆက်မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မမတို့ သဘောပါပဲ"

လို့ လွန်းမောင်က ပြောတယ်။

"ဒီလိုကြားရတာ ဝမ်းသာတယ်ကွယ်၊ မင့်သူဌေးနဲ့မမတို့က မင်းရဲ့ ရိုးသားဖြောင့်မတ်တာကြောင့် မင်းကို သားလိုပဲ ခင်နေကြတယ်၊ အဲဒါကြောင့် မင့်ကို တခြားလူနဲ့ မဟုတ်ပါဘူး၊ မြိုင်မြိုင်နဲ့ ပေးစားဖို့ ရည်ရွယ်ထားတယ်"

လို့ ဒေါ်အုံးကြည်က ပြောတယ်။

လွန်းမောင်လည်း ဖြုန်းခနဲဆိုတော့ အံ့အားသင့်သွားပြီး ခေါင်းငုံ့နေရာက သူဌေးကတော်ကို မော့ကြည့်လိုက်တယ်။ ပြီးတော့မှ ပြန်ပြီး ခေါင်းငုံ့သွားပြန်တယ်။ အဲဒီလို ခေါင်းငုံ့နေတဲ့ အခိုက်အတန့်ကလေးအတွင်းမှာ သူဌေးသမက် ဖြစ်ရဦးတော့မယ် အစရှိတဲ့ လွန်းမောင်ရဲ့ အတွေးတွေဟာ ရေကန်ပေါင်ကျိုးပြီး ဒလဟောစီးဆင်းလာတဲ့ ရေတွေလို လွန်းမောင်ရဲ့ ဦးနှောက်ထဲ တရကြမ်း ပစ်ဝင်လာကြတယ်။

"မင်းမှာ အမေအိုကြီး တစ်ယောက်တည်းရှိတယ်၊ အဲဒီတော့ မင်းတို့ လက်ထပ်ပြီးရင် မင့်အမေကိုပါ ခေါ်ခဲ့၊ ခြံထဲမှာရှိတဲ့ တိုက်နှစ်လုံးထဲက မင်းတို့ကြိုက်တဲ့ တိုက်မှာ မင်းရယ်၊ မြိုင်မြိုင်ရယ်၊ မင့်အမေရယ် နေကြ"

လို့ ဒေါ်အုံးကြည်က ဆက်ပြောတယ်။

လွန်းမောင်က…

"ဟုတ်ကဲ့"

လို့ ပြန်ဖြေတယ်။

ဒေါ်အုံးကြည်ကလည်း မင်္ဂလာဆောင်ကိစ္စအတွက် စီစဉ်စရာရှိတာတွေကို စပြီး စီစဉ်တယ်။ နောက်တစ်နေ့ကျတော့ လွန်းမောင်နဲ့ မြိုင်မြိုင်တို့ မင်္ဂလာဆောင်မယ့်သတင်းဟာ တစ်မြို့လုံး ပျံ့နှံ့သွားတယ်။ နောက်သုံးရက်လောက်ကြာတဲ့အခါ လွန်းမောင်ဟာ စာတိုက်က ပစ်စာတစ်စောင်ရတယ်။ ဒီပစ်စာထဲမှာ…

**လွန်းမောင်**

သူများရဲ့လှည်းကျိုးကြီးကို ဝင်ပြီး မထမ်းချင်နဲ့နော်၊ မြိုင်မြိုင်ဟာ အိမ်က ထမင်းချက်သမား ဗျွန်နဲ့ ညားနေတာ ကြာပြီ။

မြို့ဟောင်နတ်

www.burmeseclassic.com



လို့ ပါလာတယ်။ လွန်းမောင်လည်း…

“ဒီကောင်တွေ ငါကောင်းစားတာကို မနာလိုဘူး”

လို့ စိတ်ထဲက ပြောပြီး ပစ်စာကို ဆွဲဆုတ်ပစ်လိုက်တယ်။ ပစ်စာတွေဟာ တစ်စောင်တည်းနဲ့ ရပ်မသွားဘူး။ ဝါးခယ်မမှာ လက်သံပြောင်တဲ့ စာရေးဆရာ ကြီးငယ်တွေ အများကြီးရှိတယ်။ **မောင်တင့်ရွှေ၊ မခံချင်သူ၊ သနားသူ၊ အတွင်းသိ** အစရှိတဲ့ ကလောင်နာမည်အမျိုးမျိုးနဲ့ ပစ်စာပေါင်း လေး ငါး ဆယ်စောင်လောက် နောက်ထပ်ပြီး ရောက်လာကြသေးတယ်။

ဒါပေမယ့် ဒီစာတွေဟာ သူဌေးသမက်လောင်း လွန်းမောင်ရဲ့စိတ်ကို ချောက်ချားအောင် မလုပ်နိုင်ပါဘူး။ ငါ သူဌေးသမက်ဖြစ်မှာ မနာလိုလို့ ဒီကောင်တွေ ဒီလို စာပစ်နေတာပဲဆိုပြီး ပစ်စာမှန်သမျှကို လွန်းမောင်ဟာ ဆွဲဆုတ်ပစ်နေတာချည်းပဲ။

မင်္ဂလာဆောင်ပြီးတဲ့အခါ လွန်းမောင်နဲ့ မြိုင်မြိုင်တို့ဟာ ဝင်းထဲက အခြားတိုက်တစ်လုံးကို ပြောင်းသွားကြတယ်။ သူတို့နဲ့အတူ လွန်းမောင်ရဲ့ အမေပါ လာနေတယ်။

ခပ်စပ်စပ် စားချင်တဲ့သူဟာ ဝက်ကောင်လုံးကြော်၊ ကြက်ကောင်လုံးကြော်၊ ဘဲကောင်လုံးကြော်တွေနဲ့ စားနေရတာ မမြိန်ဘူး။ အီတီတီ၊ ပေါ့ရွှတ်ရွှတ်ကြီး ဖြစ်နေတယ်။ တခြား စားစရာမရှိလို့သာ စားနေရတယ်၊ စားလိုက်တိုင်း ဘယ်တော့မှ ခံတွင်းမလိုက်တဲ့အတွက် လည်ချောင်းထဲမှာ တစ်ဆို့ကြီး ဖြစ်ဖြစ်နေတယ်။ မျိုလို့ ကောင်းကောင်းမကျချင်ဘူး။ ဒီလိုခံတွင်းမလိုက်ဘဲ စားနေရတာမျိုးဟာ ဘယ်တော့မှ အာသာမပြေဘူး။ စားပြီးတိုင်း ဟာတာတာကြီး အမြဲဖြစ်နေတယ်။

အဲဒီလို အစပ်ကြိုက်သူမျိုးဟာ ငါးခြောက်ဂိုဒေါင်ဘေးမှာ လှွင့်ပစ်ထားတဲ့ ငါးခြောက် အဖြုန်း အကျိုးအပဲ့တွေနဲ့ အိမ်နောက်ဖေးက ရေအိုင်ထဲမှာ အလေ့ကျပေါက်နေတဲ့ ကန်စွန်းရွက်ကိုရော၊ ငရုတ်သီးစပ်စပ်ထည့်၊ မန်ကျည်းရည်ဖျန်းပြီး ချက်ထားတဲ့ ချဉ်ရည်ဟင်း အနုပ်စုတ် ကုပ်စုတ်ကလေးပဲဖြစ်ပါစေ သူ့အာသာကိုဖြေနိုင်တဲ့ ဒီလို အနုပ်စုတ် ကုပ်စုတ်ကလေးပဲ တလွှမ်းဆွတ်ဆွတ်၊ တအောက်မေ့မေ့၊ တတမ်းတတ၊ တလိုချင်ချင်၊ တစွဲလမ်းလမ်း၊ တမြတ်နိုးနိုး၊ တခုံမင်မင် ဖြစ်နေသလို အစပ်ကြိုက်တဲ့ မြိုင်မြိုင်ကလည်း ဝက်ကောင်လုံးကြော်၊ ကြက်ကောင်လုံးကြော်၊ ဘဲကောင်လုံး

www.burmeseclassic.com

www.burmeseclassic.com



ကြော်နဲ့တူတဲ့ လွန်းမောင်နဲ့ ပေါင်းရတာ အမြဲတမ်း ဟာတာတာကြီးဖြစ်ပြီး ချဉ်ရည်ဟင်းနဲ့တူတဲ့ ဂျွန်ကိုသာ တလွမ်းဆွတ်ဆွတ်၊ တအောက်မေ့မေ့၊ တတမ်းတတ၊ တလိုချင်ချင်၊ တစွဲလမ်းလမ်း၊ တမြတ်နိုးနိုး၊ တခုံမင်မင် ဖြစ်နေတယ်။

အဲဒါကြောင့် သူ လက်သပ်မွေးထားတဲ့ အစေခံမလေးမယ်တင်ဟာ ဂျွန်ရှိမယ်ထင်တဲ့ နေရာတွေကို သွားပြီး နေ့တိုင်းစုံစမ်းပေးနေရတယ်။ တစ်နေ့ကျတော့ ဂျွန်ဟာ ဒေါ်အုံးကြည်နှင့် ရန်ဖြစ်ပြီး နောက်တစ်နေ့မှာပဲ ရန်ကုန်ပြန်သွားတဲ့အကြောင်း ခိုင်ခိုင်လုံလုံ သတင်းရလာတယ်။ ဂျွန်ကို ရန်ကုန် ဘယ်နေရာမှာ လိုက်ပြီးရှာရမယ်ဆိုတာ မသိတာနဲ့ ဂျွန်နဲ့ဖြင့် ရေစက်ကုန်လေပြီလို့ မြိုင်မြိုင်ဟာ စိတ်နှလုံး တုံးတုံးချလိုက်တယ်။

လွန်းမောင်နဲ့ ပေါင်းပြီးလို့ ငါးနှစ်လောက်အကြာမှာ စားရက်ကြံလို့ မုတ်ဆိတ်ပျားစွဲတယ်ဆိုတဲ့ စကားလို မြိုင်မြိုင်အတွက် အခွင့်ကောင်းတစ်ခုဟာ မြိုင်မြိုင်ရဲ့ရှေ့မှာ အခုလို လာပေါ်ပေးရတယ်။ တစ်နေ့ကျတော့ မြိုင်မြိုင်ဟာ မီးဖိုထဲဝင်သွားတဲ့အခါ သူ့ထမင်းချက်သမားဘတင်ရဲ့အနားမှာ ငရုတ်သီး ထောင်းနေတဲ့ လူသစ်တစ်ယောက်ကို တွေ့ရတယ်။ ဒီလူသစ်ကို မြင်တဲ့အခါ မြိုင်မြိုင်ရဲ့တစ်ကိုယ်လုံးဟာ ဖျဉ်းဖျဉ်းနဲ့ ဖြစ်သွားတယ်။ အဲဒါကြောင့် အဲဒီလူသစ်အနားသွားပြီး…

"ရှင်က ဘယ်သူလဲ"

လို့ မြိုင်မြိုင်က မေးတယ်။ လူသစ်အစား ထမင်းချက်ဘတင်က…

"မမမြိုင်၊ ဒါ ကျွန်တော့်ညီပါလို့"

လို့ ဖြေတယ်။ မြိုင်မြိုင်လည်း…

"သြော် သြော်"

ဆိုပြီး အပြင်ဘက်ထွက်သွားတယ်။ တိုက်ထဲရောက်တဲ့အခါ ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင်ပြီး မီးဖိုထဲမှာတွေ့ခဲ့ရတဲ့ ဘတင်ရဲ့ညီကို စဉ်းစားနေတယ်။ နောက်သုံးရက်ကြာတော့ လွန်းမောင်ဟာ ခရီးထွက်နေကျအတိုင်း တောကို ထွက်သွားတယ်။

လွန်းမောင် ခရီးထွက်အောင် သုံးရက်လောက်စောင့်နေရတာကို သုံးနှစ်လောက်စောင့်ရသလို ထင်မှတ်ပြီး အရှက်နဲ့အကြောက်ကင်းအောင်ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်အား အင်မတန် ထက်သန်နေတဲ့ မြိုင်မြိုင်ဟာ လွန်းမောင် ကွယ်သွားအောင်တောင် မစောင့်နိုင်ရှာဘူး။ ဝင်းဝကို ရောက်ရုံရှိသေးတယ် ထမင်းချက်ဘတင်ကို ခေါ်ပြီး…

"ရှင့်ညီနှာမည်က ဘယ်သူလဲ"

လို့ မေးတယ်။

"အုံးဖေပါ မမမြိုင်"

လို့ ဘတင်က ဖြေတယ်။

"သူက ဒီမှာ ဘာလာလုပ်တာလဲ"

လို့ မေးတယ်။

"တောမှာနေရတာ အစားရကျပ်လို့ အလုပ်ရှာရအောင် မြို့တက်လာတာပါပဲ မမမြိုင်"

လို့ ဘတင်က ဖြေတယ်။

"သူ အခု ဘယ်မှာ အလုပ်ရပြီလဲ"

လို့ မြိုင်မြိုင်က မေးတယ်။

"ဘယ်မှာမှ မရသေးပါဘူး၊ ဒါကြောင့်မို့ အခု ကျွန်တော်နဲ့ ခဏလာနေပါတယ် မမမြိုင်"

လို့ ဘတင်ဖြေတယ်။

"ရှင့်ညီက မိန်းမနဲ့လား"

လို့ မြိုင်မြိုင်က မေးတယ်။

"မိန်းမ မရှိပါဘူး မမမြိုင်၊ လူပျိုပါ"

လို့ ဘတင်က ဖြေတယ်။

"ကိုဘတင်၊ ရှင့်ကို ကျွန်မ တစ်ခုပြောချင်တယ်၊ ရှင် နှုတ်လုံမလား"

လို့ မြိုင်မြိုင်က မေးတယ်။

"နှုတ်လုံပါတယ် မမမြိုင်ရယ်"

လို့ ဘတင်က ဖြေတယ်။

"ရှင့် ဘုရားစူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ မြိုင်မြိုင်က အကျိန်ခိုင်းတယ်။

"စူးရပါစေရဲ့ မမရယ်"

လို့ ဘတင်က ကျိန်တယ်။

"ရှင့်မိုးကြိုးပစ်"

လို့ ထပ်အကျိန်ခိုင်းတယ်။

"ပစ်ရပါစေရဲ့ မမမြိုင်ရယ်"

လို့ ထပ်ကျိန်တယ်။

"ရှင့်ကို ကာလနာ တိုက်"

လို့ နောက်ထပ် အကျိန်ခိုင်းပြန်တယ်။

"တိုက်ရပါစေရဲ့ မမမြိုင်ရယ်"

လို့ နောက်ထပ် ကျိန်တယ်။

"ရှင့်ကို မြွေပွေးမြွေဟောက်ကိုက်"

လို့ တစ်ခါ ထပ်ပြီး အကျိန်ခိုင်းပြန်တယ်။

"ကိုက်ရပါစေရဲ့ မမမြိုင်ရယ်"

လို့ တစ်ခါ ထပ်ပြီး ကျိန်ရတယ်။ အဲဒီတော့မှ မြိုင်မြိုင်က…

"ရှင့်ညီကို မြင်ကတည်းက ကျွန်မ ဘယ်လိုဖြစ်မှန်း မသိဘူး၊ သိပ်မေတ္တာရှိနေတယ်၊ ကျွန်မ ခေါ်လိုက်ရင် လာပါစေ၊ ကြားလား"

လို့ မြိုင်မြိုင်က မေးတယ်။

"ကြားပါတယ် မမမြိုင်"

လို့ ဖြေတယ်။

"ရှင့်ညီကိုလည်း အကျိုးအကြောင်း ပြောထားနော်၊ အဲဒါပဲ သွားတော့"

လို့ ပြောလိုက်တယ်။

ဘတင်လည်း ဟုတ်ကဲ့ဆိုပြီး ထွက်သွားတယ်။ သုံးလေးလှမ်း လောက် သွားပြီးတော့ မြိုင်မြိုင်က ပြန်ခေါ်လိုက်တယ်။

"ရှင့်ညီဟာ နှုတ်လုံပါ့မလား"

လို့ မြိုင်မြိုင်က မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နှုတ်လုံရမှာပေါ့ မမမြိုင်ရယ်၊ စိတ်ချပါ"

လို့ ဘတင်က ဖြေတယ်။

ဘတင်ထွက်သွားတာနဲ့ တစ်ပြိုင်နက် ဘာပြီးဘာလုပ်ရမယ်ဆိုတာကို သုံးလေးရက်ကတည်းက စိတ်ကူးထားတဲ့ မြိုင်မြိုင်ဟာ ငွေစက္ကူ တစ်ထောင်ကို လွန်းမောင်ရဲ့အမေကြီး ဒေါ်ဆင်ရဲ့အိပ်ရာအောက်မှာ သူ လက်သပ်မွေးထားတဲ့ အစေခံမကလေး မယ်တင်ကို သွားအထားခိုင်းလိုက်တယ်။ ဆယ့်ငါးမိနစ်လောက်ရှိတော့ စိတ်ဆိုးတဲ့မျက်နှာထားနဲ့ သူ့မွေ့ရာအောက်က သူ့ငွေတစ်ထောင် ပျောက်သွားတဲ့အကြောင်းကို ပြောပြီး အစေခံမလေးတွေရဲ့ အခန်းထဲမှာ ရှေးဦးစွာ ဝင်ရှာတယ်။ နာရီဝက်လောက် ရှာပြီးတော့...

"အဒေါ့်အခန်းထဲမှာလည်း ရှာချင်တယ်"

လို့ ယောက္ခမကြီးကို ပြောပြီး အစေခံမကလေးတွေနဲ့ ဝင်ရှာကြတယ်။

"ရှာပါအေ၊ ကျုပ်တို့ သူများဟာဆိုရင် ဆေးလိပ်တိုတစ်တို၊ အပ်တစ်ချောင်းကို မပေးဘဲနဲ့ မယူဖူးပါဘူး"

ဆိုပြီး အမေကြီးလည်း သူ့အခန်းထဲ ဝင်လိုက်သွားတယ်။

ဆယ်မိနစ်လောက်ရှိတဲ့အခါ မယ်တင်ဟာ မွေ့ရာအောက်က ငွေတစ်ထောင်ကို ယူပြီး...

"ဟောဒီမှာ ငွေတစ်ထောင်"

လို့ ပြောပြောဆိုဆို ငွေတစ်ထောင်ကို မြိုင်မြိုင်ရဲ့လက်ထဲ ထည့်လိုက်တယ်။

မြိုင်မြိုင်လည်း စိတ်ဆိုးတဲ့မျက်နှာထားနဲ့ အမယ်ကြီးကို သေသေချာချာ ကြည့်ပြီး...

"ဒီလိုလုပ်တာ ဘာကောင်းသလဲဟင်၊ လိုချင်ရင် ပြောပါလား၊ ပေးမှာပေါ့၊ ဘာဖြစ်လို့ ခိုးရသလဲ၊ ဒီကတော့ မိဘလို သဘောထားပြီး အိမ်ဦးခန်းမှာတင် ကိုးကွယ်ထားတယ်၊ လက်စသတ်တော့ သူခိုးမကြီး ဖြစ်နေတယ်"

လို့ ကြိမ်းမောင်းတယ်။

"ညည်း ငါ့ကို ဒီလိုမပြောနဲ့၊ တို့ ဒီလိုအစားထဲက မဟုတ်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ တခြားမဟုတ်ပါဘူး၊ ငါ့ကို ဒီအိမ်မှာ မနေစေချင်လို့ သက်သက် ဉာဏ်ဆင်တာ၊ ငါသိပါတယ်အေ၊ ငါ့သားပြန်လာရင် ငါပြန်တိုင်မယ်"

လို့ အမေကြီးက မျက်ရည်တွေကျပြီး ပြောရှာတယ်။ ဒီမျက်ရည်ဟာ မြိုင်မြိုင်အတွက် အလကားပဲ။

အဲဒီလိုပြောတော့မှပဲ...

"အိမ်မှာ သူခိုးက လူလူလို့ ပြန်ဟစ် နေသေးတယ်၊ နင့်လင် ပြန်လာရင် တိုင်ဦးဟယ်၊ တိုင်ဦးဟယ်"

ဟု ဆိုပြီး အမယ်ကြီးရဲ့ ပါးကို နှစ်ချက်ဆင့်ပြီး ရိုက်လိုက်တယ်။

ဒီလိုရိုက်ပြီးတော့မှ...

"သွား အခုချက်ချင်းဆင်းသွား၊ သူခိုးမကို အိမ်မှာ လက်ခံထားတာ ငါ့အိမ်မှာ နိမိတ်မကောင်းဘူး၊ မြစိန် သူ့ပစ္စည်းတွေထုပ်၊ သွားချင်တဲ့ဆီကို လိုက်ပို့ပေးလိုက်"

လို့ အမိန့်ပေးပြီး အခန်းအပြင်ဘက်ကို မြိုင်မြိုင် ထွက်သွားတယ်။

အမေကြီးလည်း ပါးကို ရိုက်နှက်တာထက် ရှက်တာက ပိုပြင်းတယ်။ ဒါကြောင့် ရှိုက်ရှိုက်ပြီး အသံထွက်အောင် ငိုနေတယ်။ နာရီဝက်လောက် ရှိတော့ ရှိစုမဲ့စုတစ်ဝက်ကို မာလီက ထမ်း၊ တစ်ဝက်ကို မြစိန်က ရွက်ပြီး အမေကြီးရဲ့ ညီမဝမ်းကွဲ ဒေါ်အေးမယ်အိမ် အမေကြီး ဆင်းသွားရရှာတယ်။

အမယ်ကြီးဆင်းသွားပြီး ငါးမိနစ်လောက်အရှိမှာ မြိုင်မြိုင်ဟာ အစေခံမလေး မယ်တင်ကိုခေါ်ပြီး...

"ကိုဘတင်ဆီ သွားစမ်း၊ ကိုအုံးဖေကို မမ ခေါ်နေတယ်လို့ ပြော၊ ပြီးတော့ ညည်းကိုယ်တိုင် ငါ့ဆီခေါ်ခဲ့၊ တိုက်က အခန်းထဲမှာ ငါရှိမယ်'

လို့ ပြောပြီး မြိုင်မြိုင် တိုက်ပေါ်တက်သွားတယ်။

ဆယ်မိနစ်လောက်ရှိတော့ အုံးဖေ ပေါက်လာပြီး မြိုင်မြိုင်ရဲ့ခုတင်ဘေးမှာ ရပ်နေတယ်။ မြိုင်မြိုင်က ပြုံးပြီး...

"ကိုအုံးဖေ"

လို့ ခေါ်လိုက်တယ်။

"မမမြိုင်"

လို့ အုံးဖေက ထူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် နှုတ်လုံပါ့မလား"

လို့ မြိုင်မြိုင်က မေးတယ်။

"လုံပါတယ် မမမြိုင်"

လို့ အုံးဖေက ဖြေတယ်။

"ရှင့် ဘုရားစူး"

လို့ ဆက်မေးတယ်။

"စူးရပါစေရဲ့ မမမြိုင်"

လို့ အုံးဖေက ကျိန်တယ်။

"ရှင့် မိုးကြိုးပစ်"

လို့ မြိုင်မြိုင်က ထပ်မေးတယ်။

"ပစ်ရပါစေရဲ့ မမမြိုင်"

လို့ ထပ်ကျိန်ပြန်တယ်။

"ရှင့် ကာလနာတိုက်"

လို့ နောက်ထပ် မေးပြန်တယ်။

"တိုက်ရစေရဲ့ မမမြိုင်"

လို့ နောက်ထပ် ကျိန်ပြန်တယ်။

"ရှင့်မြွေပွေး မြွေဟောက်ကိုက်"

လို့ တစ်ခါ ဆင့်မေးပြန်တယ်။

"ကိုက်ရစေရဲ့ မမမြိုင်"

လို့ တစ်ခါဆင့်ပြီး ကျိန်ပြန်တယ်။

အဲဒီတော့မှ မြိုင်မြိုင်ဟာ ကိုအုံးဖေကို ပြုံးပြီး...

"လာ ဒီကို"

လို့ သူ့ခုတင်ပေါ်ကို ခေါ်လိုက်တယ်။

အဲဒီအချိန်ကစပြီး အုံးဖေဟာ မီးဖိုထဲမှာ ငရုတ်သီးမထောင်း ရတော့ဘူး။ လွန်းမောင် ခရီးထွက်တိုင်း မြိုင်မြိုင်ခေါ်တဲ့အခါ သွားရတဲ့အလုပ်ပဲ သူလုပ်ရတော့တယ်။ လခကတော့ တစ်လကို သုံးရာလောက်ရှိတဲ့အတွက် ငရုတ်သီးထောင်းရတဲ့ အလုပ်ထက် ဆယ်ဆလောက် ပိုရနေတယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီအလုပ်ကို လုပ်မိတဲ့အတွက် သူ့သေရင် အဝီစိကို ဖောက်ထိုးဆင်းရတော့မယ်ဆိုတာကို မသိတဲ့ အုံးဖေဟာ ဒီအလုပ်ကို အတော်ဟုတ်လှပြီ၊ သူ အတော်ကုသိုလ်ထူးလို့ ရတာလို့ အထင်ကြီး ထင်နေရှာတယ်။

လွန်းမောင် တောကပြန်လာလို့ သူ့အမေအကြောင်းကို မြိုင်မြိုင်ဆီက ကြားရတဲ့အခါ စိတ်မကောင်းဘူး။ သူ့အမေဟာ သူ့အရှက်ကို ခွဲမှ ခွဲရက်လေခြင်းလို့ တွေးမိပြီး ငိုချင်သလိုလို ဖြစ်သွားတယ်။ ဒါနဲ့ သူ့အမေဆီကို ချက်ချင်းလိုက်သွားတယ်။ အမေကြီးဟာ သူ့သားကို မြင်မြင်ချင်း စကားတောင် မပြောနိုင်ရှာဘူး။ ရှိုက်ရှိုက်ပြီး ငိုနေတာ အတော်ကြာတယ်။

ငိုတဲ့အရှိန် နည်းနည်းလျော့သွားတဲ့အခါ လွန်းမောင်က…

"အမေရယ်၊ ငွေလိုချင်ရင် ကျွန်တော့်ကို ပြောရောပေါ့၊ ဘာဖြစ်လို့ ဒီလိုသွားလုပ်ရတာလဲ"

လို့ သူ့မိန်းမမြိုင်မြိုင် ပြောလာသမျှကို ယုံပြီး အမေကို အပြစ်တင်တယ်။

"အမေ တစ်သက်လုံး ဒါမျိုး မလုပ်ခဲ့ဖူးပါဘူး သားရယ်၊ ဒါဟာ အမေ့ကို သူတို့အိမ်မှာ မနေစေချင်လို့ သားရဲ့မိန်းမက သက်သက်ဉာဏ်ဆင်တာပါ သားရယ်"

လို့ ပြောတယ်။

နောက်ပြီးတော့ သူ့နဖူးပေါ်မှာ လက်အုပ်ပြီး…

"ကျွန်တော်မ သူ့ဥစ္စာ ခိုးခဲ့လို့ရှိရင် သေချင်းဆိုးနဲ့ သေပါစေ၊ သေပြီးတဲ့နောက် မဟာအဝီစိငရဲကို ကျပါစေသား"

လို့ ကျိန်လိုက်တယ်။

လွန်းမောင်လည်း အမေနဲ့ မယားပြောတာ ဘယ်ဒင်းကို ယုံရမှန်းမသိဖြစ်နေတယ်။ အမေကြီးဟာ သူ့ပါးကို မြိုင်မြိုင်က ရိုက်တဲ့အကြောင်း သူ့သားကို ပြန်ပြောဖို့ အစတုန်းကတော့ စိတ်ကူးထားတယ်။ ဒါပေမယ့် သူ့သား စိတ်မချမ်းမသာ ဖြစ်နေမယ်ဆိုပြီး ဖွင့်မပြောတော့ပါဘူး။ မြိုထားလိုက်တယ်။ ပါးရိုက်တယ်ဆိုတာ လွန်းမောင်သိလည်း အကြောင်းတော့ထူးမယ် မဟုတ်ပါဘူး၊ သူ့ဈေးသမက် ရာထူးက ပြုတ်ကျမှာတွေ အကြောင်းကြီးကြောက်ပြီး သူဟာ မယားကို ချော့ပေါင်းနေရတာ။ အဲဒီတော့ သူ့အမေ

www.burmeseclassic.com

www.burmeseclassic.com



ပါးကို ရိုက်ရမလားဆိုပြီး သူဌေးသမီးကို ကွာဖို့တို့၊ ကြိမ်းဖို့တို့ ဆိုတာတွေကို တကယ်လုပ်ဖို့တော့ ဝေးရော၊ စိတ်တောင် မကူးဝံ့ရှာပါဘူး။ ဒါတွေကိုသိလို့လည်း မယားက သူ့အမေကို ဒီလောက် မထီမဲ့မြင်လုပ်ရဲတာပဲ၊ စော်ကားရဲတာပဲ။

အတော်ကလေးကြာတဲ့အခါ အဒေါ် ဒေါ်အေးမယ်က ကြားဝင်ပြီး…

"ချွေးမဆိုတာ ယောက္ခမနဲ့တည့်ဖို့ အခဲယဉ်းသားပဲ လွန်းမောင်ရယ်၊ ယောက္ခမက ကျွေးမွေး ပေးကမ်းထားရတဲ့ ချွေးမတောင် ယောက္ခမနဲ့ တည့်လှခဲတာပဲ၊ မကြာခင် ပြန်ပက်တာပဲ၊ အဲဒီတော့ ချွေးမ ပေးစာကမ်းစာ စားနေရတဲ့ ယောက္ခမကို ချွေးမက ဘယ်ကြည်ဖြူမလဲ၊ ဘယ်ရိုသေမလဲကွဲ့၊ မင့်အမေကို ဟိုအိမ်ခေါ်သွားတာ မင်း အင်မတန်မှားနေပြီ၊ အဲဒီတော့ မင်းအမေကိုတော့ ဟိုအိမ် ပြန်ခေါ်မသွားပါနဲ့၊ ငါ့အစ်မကို ငါဖြစ်သလို ကျွေးထားပါ့မယ်၊ မင်း သိတတ်ရင် တတ်နိုင်သလောက် ဟိုကနေပြီး နည်းနည်းပါးပါး ထောက်ပေါ့ကွယ်"

လို့ ပြောတယ်။

လွန်းမောင်ဟာ အိမ်ထောင်မကျခင်တုန်းက လခ တစ်လ နှစ်ရာကျပ်ရတယ်။ အိမ်ထောင်ကျပြီးတဲ့အခါ တစ်လကို ငါးရာကျပ်အထိ တိုးပေးလိုက်တယ်။ အဲဒီ ငါးရာထဲက အမေကို တစ်လ တစ်ရာကျပ် ထောက်ချင်တယ်။ ဒါပေမယ့် မယား မတိုင်ပင်ရသေးလို့ ဘာမှ မပြောရဲသေးဘူး။ စိတ်ထဲမှာသာ တွေးပြီး သူ့အဒေါ်ဒေါ်အေးမယ် ပြောတာကို မလှုပ်မယှက် နားထောင်နေတယ်။

လွန်းမောင် အိမ်ပြန်ရောက်တဲ့အခါမှာ သူ့အမေကို သူ့အဒေါ်အိမ်မှာ ထားမယ်၊ တစ်လ တစ်ရာကျပ် ထောက်မယ်လို့ မြိုင်မြိုင်ဆီမှာ ခွင့်တောင်းတယ်။ မြိုင်မြိုင်အတွက် ငွေက အရေးမကြီးဘူး၊ အမယ်ကြီး သူ့တိုက်မှာ မရှိဖို့ကသာ အရေးကြီးတယ်။ ဒါကြောင့် ငွေထောက်တာကို ဘာမှ မကန့်ကွက်ဘဲ ရှင့်သဘောလို့ ပြန်ပြောလိုက်တယ်။

နောက်တစ်နှစ်လောက်ကြာတော့ မြိုင်မြိုင်ဟာ သမီးကလေး တစ်ယောက် မွေးတယ်။ ကံအားလျော်စွာ အုံးဖေနဲ့ရော လွန်းမောင်နဲ့ရော မတူဘဲ မြိုင်မြိုင်နဲ့ သွားတူနေတဲ့အတွက် ဒီကလေးဟာ ဘယ်သူ့နဲ့တူတဲ့ ကလေးလို့ အသေအချာ မပြောနိုင်ဘူး။ ဒါပေမယ့် လွန်းမောင်ကတော့ သူ့ကလေးဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



သိပ်ချစ်တာပဲ။ အလုပ်က ပြန်လာတဲ့အခါ၊ တောက ပြန်လာတဲ့အခါ တခြား ဘာမှ မလုပ်နိုင်ရှာဘူး။ ကလေးကို မတွေ့တွေ့အောင်ရှာ၊ ဝမ်းသာအားရ ချီပြီး အားရပါးရ နမ်းတာပဲ။

သမီးလတ် လှိုင်လှိုင်

မြိုင်မြိုင်အိမ်ထောင်ကျပြီးလို့ နှစ်နှစ်ကြာတဲ့အခါ လှိုင်လှိုင်ဟာ ၁၈နှစ် ရှိလာပြီ။ လှိုင်လှိုင်ဟာ ဝါးခယ်မအရှေ့ပိုင်းက မြေပိုင်ရှင် ဦးသန်းကြွယ်၊ ဒေါ်ခင်လေးတို့ရဲ့သားကြီး မောင်လှစိန်နဲ့ လူငယ်ချင်း မေတ္တာရှိနေတယ်။

လှစိန်ဟာ ဆယ်တန်းမအောင်တာနဲ့ ကျောင်းကထွက်ပြီး မိဘရဲ့ အလုပ်ကိုပဲ ကူလုပ်ပေးနေတယ်။ လှိုင်လှိုင်ထက် လေးနှစ်လောက်ကြီးတယ်။ လှစိန်ရဲ့ ပူဆာချက်အရ သူ့မိဘတွေဟာ လှိုင်လှိုင်ရဲ့ မိဘတွေဆီကို သွားပြီး ကြောင်းလမ်းကြတယ်။

ဦးသိန်းဒန်နဲ့ ဒေါ်အုံးကြည်တို့ရဲ့ သဘောတူညီချက်အရ လှစိန်နဲ့ လှိုင်လှိုင်တို့ကို နေရာချထားလိုက်ပြီး သူတို့ကိုလည်း လွန်းမောင်နဲ့ မြိုင်မြိုင် တို့လိုပဲ ဝင်းထဲက တိုက်တစ်လုံး ပေးထားလိုက်တယ်။

လှစိန်မှာ မိန်းမလိုက်စားချင်တဲ့ဝါသနာ အင်မတန်ကြီးတယ်။ လှိုင်လှိုင်နဲ့ အိမ်ထောင်မကျခင်က သူ့အိမ်မှာနဲ့ သူ့ရပ်ကွက်ထဲမှာ မိန်းကလေး တွေ ဘယ်နှယောက်ကို ဖျက်ဆီးခဲ့သလဲဆိုတာတော့ မပြောနိုင်ဘူး။ လှိုင်လှိုင်နဲ့ အိမ်ထောင်ကျပြီးမှ တစ်နှစ်အတွင်းလောက်မှာ သူတို့အိမ်က အစေခံမကလေး နှစ်ယောက်ကို ဖျက်ဆီးတာ နှစ်ယောက်စလုံး ကိုယ်ဝန်ရှိသွားတယ်။

လှိုင်လှိုင်ဟာ တစ်ယောက်ကို နှုတ်ပိတ်ခငွေ ငါးရာစီလောက်ပေးပြီး တခြားကို နှင်လွှတ်လိုက်ရတယ်။ နောက်တော့ သူ့ယောက်ျားရဲ့ ဖျက်ဆီးမယ့် ရန်ကို ကြောက်ပြီး လှိုင်လှိုင်ဟာ အိမ်မှာ မိန်းကလေး တစ်ယောက်မှ မထားရဲ တော့ဘူး။ ယောက်ျားကလေးတွေကိုသာ ခေါ်ထားရတယ်။

လှစိန်လည်း အဲဒီကတည်းက အိမ်မကပ်တော့ပါဘူး။ ညဆိုရင် သန်းခေါင်သန်းလွဲ လင်းအားကြီးလောက်မှချည်း ပြန်ပြန်လာတယ်။ တစ်ညမှာ တော့ ပဲလှော်ချောင်ထဲမှာ သူဖျက်ဆီးနေတဲ့ မစိန်မြဆိုတဲ့ မိန်းကလေးဆီကို အိမ်နောက်ဖေးက လှည့်အသွား အသင့်ချောင်းနေတဲ့ မစိန်မြရဲ့အစ်ကိုက လှံနဲ့

www.burmeseclassic.com

www.burmeseclassic.com



တအားထိုးလိုက်တာ သူ ကံကောင်းလွန်းလို့ လက်မောင်းကိုရှပ်ပြီး ထိုးမိသွားတယ်။ အဲဒါပြီးတဲ့နောက် နည်းနည်းလန့်သွားပြီး အိမ်မှာ ၁၅ ရက်လောက် ကုပ်နေပါသေးတယ်။ ဒါပေမယ့် သူ့ဝါသနာက အင်မတန်ကြီးတော့ ကြာရှည် ကုပ်မနေနိုင်ဘူး။ ထွက်မြဲ ပြန်ထွက်တာပဲ။

လှိုင်လှိုင်ဟာ သူ့အစ်မကြီးမြိုင်မြိုင်လို စိတ်နောက်ကိုယ်ပါ မလုပ်ရဲဘူး။ မကောင်းတာလုပ်ရမှာ ရှက်တဲ့စိတ်နဲ့ အဲဒီလို မကောင်းတာလုပ်တဲ့အတွက် ငရဲကျရမှာကို ကြောက်တဲ့စိတ်ကလေးက သူ့ကို ထိန်းထားတယ်။

အဲဒါကြောင့် လင်စိတ်တွေစော၊ လင်ကြောတွေထပြီး သူ့ခုတင်ကြီးပေါ်မှာ ဟိုဘက်လှိမ့်လိုက်၊ ဒီဘက်လှိမ့်လိုက်၊ လှျောက်လိုက်၊ ပက်လက်လှန်လိုက်နဲ့ပဲ ညစဉ် မိုးလင်းရတော့တာပဲ။ မအိပ်နိုင်တာကစပြီး မစားနိုင်မသောက်နိုင်တော့ လေနာစွဲရော။ အဲဒီလေနာစွဲရာက ဓမ္မတာမမှန်ပြန်တဲ့အတွက် အပျိုတုန်းက ဝဝဖြိုးဖြိုး၊ စိုစိုပြည်ပြည်၊ တောင့်တောင့်တင်းတင်းရှိခဲ့တဲ့ လှိုင်လှိုင်ဟာ ယူပစ်လိုက်သလို တစ်ခါတည်း ချုံးကျသွားတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၇

## တက္ကသိုလ်က စခဲ့တဲ့ အချစ်ကြိုးမျှင်

အဲဒီအချိန်မှာ ကြိုင်ကြိုင်ဟာ အသက် ၁၈ နှစ်ရှိလို့ ဆယ်တန်းအောင်သွားပြီ။ အိုင်အက်စီ (I-Sc) ဥပစာ အထက်တန်းကိုတောင် ရောက်သွားပြီ။ ကြိုင်ကြိုင်က ရုပ်ကောင်းတယ်၊ သဘောကောင်းတယ်၊ အကျင့်ကောင်းတယ်၊ ဉာဏ်ကောင်းတယ်၊ ဝီရိယကောင်းတယ်။ ကြိုင်ကြိုင်မှာ အဲဒီလို ကောင်းတာတွေ အများကြီးရှိတယ်။

စက်သူဌေး ဦးဘိုးသုံရဲ့သား မောင်ချစ်ဦးနဲ့ သူနဲ့ ဆယ်တန်းကို တစ်နှစ်တည်းအောင်ပြီး တက္ကသိုလ်ကို အတူတူရောက်ကြတယ်။ မောင်ချစ်ဦးဟာ ရုပ်ချောရုပ်မျိုးလည်း ဖြစ်နေတာက တစ်ကြောင်း၊ ကောလိပ်ကျောင်းကို တစ်နှစ်တည်း အတူတူရောက်လာတာကတစ်ကြောင်း၊ ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်နေတာကတစ်ကြောင်း ဒီအကြောင်းတွေကြောင့် အင်းလျားကျောင်းဆောင်ကို မကြာခဏ သွားသွားပြီး ကြိုင်ကြိုင်နဲ့ တွေ့ပါတယ်။

ဒီလိုလာတွေ့တာကိုတော့ ကြိုင်ကြိုင်ဟာ ဘယ်လိုမှ မဖြစ်ဘူး။ အတွေ့ခံတယ်။ ဒါပေမယ့် မောင်ချစ်ဦးက ရှေ့တစ်လှမ်းတိုးပြီး ဘုရားသွားဖူးရအောင်၊ ရုပ်ရှင်ကြည့်ရအောင်၊ သိမ်ကြီးဈေး သွားရအောင်ဆိုတဲ့ ဖိတ်ကြားချက်တွေကို ပေးလာတဲ့အခါကျတော့ ကြိုင်ကြိုင်ဟာ လက်မခံဘူး။ စာကြည့်စရာတွေ ရှိသေးတယ်၊ နေမကောင်းဘူး၊ ပုတီးစိပ်ရဦးမယ်ဆိုတဲ့ သင့်တော်တဲ့ အဖြေကောင်းတွေ ပေးပြီး အမြဲငြင်းပယ်တယ်။ ကြိုင်ကြိုင်ဟာ တက္ကသိုလ်ကို

www.burmeseclassic.com



ရောက်တဲ့နေ့ကစပြီး သူ့အဖေဖြစ်ဖြစ်၊ အမေဖြစ်ဖြစ် ရန်ကုန်ကိုလာမှပဲ ကျောင်းဝင်းထဲက အပြင်ကိုထွက်တယ်။ တခြားသူတွေနဲ့ဆိုရင် မိန်းကလေး အဖော်တွေနဲ့ပဲ ဖြစ်ပါစေ၊ ဘယ်သူနဲ့မှ အပြင်ကို မထွက်ဘူး။ စာကျက်စရာရှိ ကျက်၊ ကျက်စရာမရှိ ပုတီးစိပ်၊ ပုတီးစိပ်ပြီးရင် ကျောင်းဝင်းထဲမှာပဲ လမ်းလျှောက်ရင်း အညောင်းဖြေနေတယ်။ အပြင်မထွက်ဘူး။

တက္ကသိုလ်မှာ တတိယနှစ်ရောက်တော့ မောင်ချစ်ဦးက အင်္ဂလိပ်စာ ဂုဏ်ထူးတန်းကို တက်တယ်။ ကြိုင်ကြိုင်က သင်္ချာဂုဏ်ထူးတန်းကို တက် တယ်။ မောင်ချစ်ဦးလည်း သူ့ဖိတ်ကြားချက်တွေကို တစ်ခုတလေမှ ကြိုင်ကြိုင် က လက်မခံတဲ့အတွက် စိတ်ပျက်မသွားဘဲ အဲဒီ တတိယနှစ် အရောက်မှာ ရှေ့ကို နောက်ထပ် တစ်လှမ်းတိုးပြီး 'သူကတော့ ကြိုင်ကြိုင်ကို မေတ္တာရှိနေပြီ၊ ကြိုင်ကြိုင်ကလည်း သူ့ကို မေတ္တာရှိပါ' လို့ ကြိုင်ကြိုင်ရဲ့ မေတ္တာကို ဖိတ်လိုက်ပြန်တယ်။

ရိုးသားတဲ့ ကြိုင်ကြိုင်ကလည်း သူ ဘီအက်စ်စီမအောင်သေးခင် အချစ်ကိစ္စ မစဉ်းစားချင်ဘူးဆိုပြီး ရိုးရိုးပဲ ပြန်ဖြေလိုက်တယ်။

နောက်နှစ်ရက်ကြာတဲ့အခါ မောင်ချစ်ဦးက ဘီအေကို အင်္ဂလိပ်စာ (တတိယတန်း) ဂုဏ်ထူးနဲ့ အောင်တယ်။

ကြိုင်ကြိုင်က ဘီအက်စ်စီကို သင်္ချာ(ဒုတိယတန်း) ဂုဏ်ထူးနဲ့ အောင်တယ်။

ကံတူအကျိုးပေးချင်တော့ အဲဒီနှစ်မှာပဲ ကြိုင်ကြိုင်ရဲ့အမေ ဒေါ်အုံးကြည် အနိစ္စရောက်ပြီး သူ့အဖေရဲ့ အမိန့်အရ ကြိုင်ကြိုင်ဟာ သူသင်ချင်တဲ့ အမ်အက်စ်စီ M.Sc (မဟာသိပ္ပံ)အတန်းကို ဆက်မသင်ရတော့ ဘဲ ကျောင်းထွက်လိုက်ရတယ်။

မောင်ချစ်ဦးရဲ့ ဘိုးအေကြီး ဦးချက်ဖူးက ဘိလပ်ဟာ အင်မတန် ဝေးတယ်။ နောက်ပြီးတော့ 'ရှေ့နေသေရင် လျှာထွက်ပြီး သေရတယ်' လို့ အကြောင်းပြ ကန့်ကွက်တဲ့အတွက် မောင်ချစ်ဦးလည်း ဘိလပ်မှာ ဝင်လို အတတ် သွားသင်ဖို့ကိစ္စကို လက်လျှော့လိုက်ရတယ်။

ဝန်ထောက်စာမေးပွဲကို ဝင်ဖြေဖို့ကိစ္စမှာလည်း သူ့ဘိုးအေကြီးက 'လခစားလုပ်တာ မကြိုက်ဘူး' လို့ ကန့်ကွက်ပြန်တဲ့အတွက် မဖြေရတော့

www.burmeseclassic.com



ပြန်ဘူး။ အဲဒါကြောင့် မောင်ချစ်ဦးဟာ အောင်သိဒ္ဓိ ဆန်စက်မှာ သူ့ဖခင် ဦးဘိုးသုံကိုပဲ ကူပြီး အလုပ်လုပ်ပေးနေရတယ်။

ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ နှစ်ယောက်စလုံး ဝါးခယ်မကို ပြန်ရောက်တဲ့ အခါ ဝါးခယ်မက ဆယ်တန်းကျောင်းသားတွေရဲ့ မေတ္တာရပ်ခံချက်အရ မင်းပိုင်းရပ်ကွက်မှာ ညကျောင်းဖွင့်ထားပြီး ချစ်ဦးနဲ့ ကြိုင်ကြိုင်ဟာ အင်္ဂလိပ်စာနဲ့ သင်္ချာကို ကုသိုလ်ဖြစ် သင်ပေးဖို့ သဘောတူလိုက်ကြတယ်။

ညကျောင်းကို ညနေခြောက်နာရီခွဲမှ စပြီး ညရှစ်နာရီခွဲမှာ ပြီးဖို့ စီစဉ်ထားကြတယ်။ အဲဒါကြောင့် ပထမနေ့မှာ ညနေ ခြောက်နာရီလောက် ကြိုင်ကြိုင်ကို သွားခေါ်ပြီး အတူတူ ညကျောင်းသွားမယ်။ ညကျောင်းဆင်းရင် ကြိုင်ကြိုင်ကို သူ့တိုက်ပြန်ပို့မယ်လို့ ချစ်ဦး စိတ်ကူးပြီး ကြိုင်ကြိုင်နဲ့ နီးစပ်ဖို့ အခွင့်အလမ်းတစ်ခုအနေနဲ့ ဝမ်းသာမိတယ်။

ဒါပေမယ့် တက္ကသိုလ်တုန်းက အပြင်လျှောက်လည်ဖို့ခေါ်တာ တစ်ခါမှ မရဘူး။ အခုလည်း 'ရှင့်ဟာရှင် သွားနှင့်၊ ကျွန်မဟာ ကျွန်မ နောက်မှလာခဲ့မယ်လို့ ပြောလိုက်ရင် သိပ်ရှက်စရာကောင်းမှာပဲ' လို့ တွေးမိပြီး ဝမ်းသာရွှင်ပျနေတဲ့ စိတ်တွေနေရာမှာ လေးတဲ့စိတ်တွေ ဝင်လာတယ်။ ဒါပေမယ့် 'ဟိုတုန်းက ဘီအက်စ်စီ သိပ္ပံတန်း မအောင်သေးဘူး၊ ငယ်သေးတယ်၊ အခု ဘီအက်စ်စီတောင် ဂုဏ်ထူးနဲ့ အောင်ပြီးပြီ၊ လူကြီး ဖြစ်လာတဲ့အတွက် အရင်လိုတော့ ငါခေါ်တာကို ငြင်းမယ်မဟုတ်ဘူး ထင်ပါရဲ့' လို့ တွေးပြီး စိတ်တွေဟာ ရွှင်လာကြပြန်တယ်။

အဲဒါနဲ့ ချစ်ဦးဟာ ညနေ ငါးနာရီလောက်မှာ ထမင်းစား၊ အဝတ်အစားလဲပြီး ဝါးခယ်မဘက်ကမ်းကို ကူးလာတယ်။ ကြိုင်ကြိုင်တို့ တိုက်နားဆီကိုရောက်တော့မှ 'မဖြစ်သေးပါဘူး၊ ကြိုင်ကြိုင်ဟာ ယောက်ျားကို မြင်ရင် ပျံ့ချင် လွှားချင်နေတဲ့ ပျံ့လွှားမကလေးတွေ အစားမျိုးလည်း မဟုတ်ဘူး၊ ယောက်ျားကိုမြင်ရင် တဖျပ်ဖျပ်နဲ့လူးနေတဲ့ ဖျပ်ဖျပ်လူး ငါးပြေမကလေးတွေ အစားမျိုးလည်း မဟုတ်ဘူး၊ အဲဒီတော့ ငါက လောကွတ်လုပ်ပြီး သွားခေါ်တာ ကို အသာလိုက်လာရင် ကောင်းပါရဲ့၊ ဒီလိုမဟုတ်ဘဲ 'ကိုချစ်ဦး သွားနှင့်၊ ကျွန်မ နောက်မှ လိုက်ခဲ့မယ်' လို့ပဲ ကောင်းအောင် ကြည့်ပြောလိုက်ဦးတော့ သိပ်ရှက်စရာကောင်းမှာပဲ၊ အဲဒီတော့ သွားခေါ်လို့ မဖြစ်သေးပါဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး စိတ်တွေလေးလာတာနဲ့ ကြိုင်ကြိုင်တို့ တိုက်နားကို ရောက်ပြီးမှ ညကျောင်းဘက်ကို ပြန်လှည့်သွားတယ်။

ကျောင်းကိုရောက်ပြီးတော့မှ 'ငါဟာ ကြိုင်ကြိုင်ကို သွားခေါ်သင့်ရက်သားနဲ့ ငါ့ဟာငါ မလုံပြီး သွားမခေါ်မိတာဟာ သူ့ရဲ့ဘောနည်းရာများ ကျနေမလား' လို့ ပြန်စဉ်းစားမိတာနဲ့ ချစ်ဦးဟာ အငြိမ်ထိုင်မနေနိုင်ဘူး။ ကြိုင်ကြိုင်လာမယ့်လမ်းကို မျှော်ရင်း အိမ်ရဲ့ ဖိနပ်ချွတ်မှာ စကြံ လျှောက်နေတယ်။

ဆယ်မိနစ်လောက်ကြာတော့ ကြိုင်ကြိုင်ဟာ ကျောင်းသူကျောင်းသား အဖော်ကလေးတွေနဲ့ ရောက်လာတယ်။ ချစ်ဦးက တံခါးပေါက်ကဆီးပြီး 'ကြိုင်ကြိုင်ကို ကိုယ်ဝင်ခေါ်ဦးမလို့ပဲ၊ ထွက်များသွားနှင့်ပြီလားထင်ပြီး ကြိုင်ကြိုင်တို့ တိုက်နားကိုရောက်ပြီးမှ ကျောင်းဘက်ကို ထွက်လာတယ်' လို့ စကားတောက်ကြည့်တယ်။

ကြိုင်ကြိုင်က ဝင်ခေါ်စေချင်တဲ့ စကားမျိုးပြောမယ်၊ ဒီလိုမှ မဟုတ်ရင်လည်း အမူအရာတစ်ခုခု ပြမယ်ဆိုရင် ဒီည အိမ်ပြန်ကစပြီး လိုက်ပို့မယ်။ နောက်နေ့တွေ ဝင်ခေါ်မယ်။ အဲဒီလို စိတ်ကူးထားတယ်။ ဒါပေမယ့် 'ဝင်ခေါ်နေဖို့ မလိုပါဘူး၊ ဟောဒီက သိန်းသိန်းရယ်၊ မငွေခင်ရယ်၊ မောင်ငွေပေါ်ရယ်ဟာ ကျွန်မတို့နားကပဲ၊ ကျောင်းသွားကျောင်းပြန်အတွက် သူတို့နဲ့ စီစဉ်ထားပြီးပါပြီ' လို့ ကြိုင်ကြိုင်က ပြောလိုက်တဲ့အတွက် ချစ်ဦးမှာ အတော်အောင့်သွားတယ်။

နောက်သုံးရက်လောက်ကြာတော့ ချစ်ဦးဟာ အရဲစွန့်ပြီး ကြိုင်ကြိုင်တို့တိုက်ကို သွားလည်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကြိုင်ကြိုင်ရဲ့အဖေဟာ ဘယ်အချိန်လောက် အပြင်ထွက်တတ်တယ်ဆိုတာကို စုံစမ်းကြည့်တဲ့အခါ မနက်ခုနစ်နာရီခွဲလောက် ထွက်တတ်တယ်။ ဆယ်နာရီလောက်မှ ပြန်လာတတ်တယ်လို့ သိရတယ်။

အဲဒါကြောင့် နောက်တစ်နေ့ကျတော့ မနက်ရှစ်နာရီလောက် ကြိုင်ကြိုင်တို့ တိုက်ကို ချစ်ဦး ရောက်သွားတယ်။ ဦးသိန်းဒန်လည်း ခါတိုင်းဆိုရင် မနက်စာစားပြီး ခုနစ်နာရီခွဲလောက် အပြင်ထွက်တတ်ပါတယ်။ ဒီကနေ့မှာမှ ကန်ထရိုက်တာ ကိုကျော်ဟုတ်ရောက်လာပြီး လာမယ့် မြူနီစီပယ် ရွေးကောက်ပွဲမှာ ဦးသိန်းဒန် ဝင်အရွေးခံဖို့ အကြောင်းပြောနေတာနဲ့ အပြင်ကို

www.burmeseclassic.com

www.burmeseclassic.com



မထွက်ဖြစ်သေးဘူး။ အဲဒီတော့ ချစ်ဦးဟာ ဦးသိန်းဒန်နဲ့ မတွေ့ရအောင် တမင်ရှောင်လာပြီးခါမှ တိုက်ရိုက်သွားတိုးနေတယ်။

အဲဒီတော့ ရှက်ကိုးရှက်ကန်းနဲ့ ဦးသိန်းဒန်ဆီကိုသွားပြီး…

"ခွင့်ပြုပါဦး၊ ကျွန်တော် ကြိုင်ကြိုင်ကို တွေ့ရအောင် လာပါတယ်"

လို့ ပြောတယ်။

ဦးသိန်းဒန်က…

"ကြိုင်ကြိုင်ရေ"

လို့ အထဲကို ခေါ်လိုက်တယ်။

ကြားတဲ့ အိမ်ဖော်မကလေးတစ်ယောက်က ကြိုင်ကြိုင်ကို သွားခေါ်တယ်။

ဦးသိန်းဒန်က…

"ထိုင်ပါဦး၊ မင်းတို့ကျောင်းမှာ တော်တော်လူများရဲ့ လားဟေ့"

လို့ မေးတာနဲ့ ချစ်ဦးလည်း ဦးသိန်းဒန်အနားမှာ ထိုင်ပြီး ကျောင်းအကြောင်းကို ပြောရင်း စကားလက်ဆုံကျနေတယ်။ ငါးမိနစ်လောက်ကြာတော့ ကြိုင်ကြိုင် ထွက်လာတယ်။

ဦးသိန်းဒန်က…

"ကဲ၊ မင်းတို့ ဟိုမှာ သွားစကားပြောကြ"

လို့ ဆိုတာနဲ့ ကြိုင်ကြိုင်ဟာ ချစ်ဦးကို ခပ်လှမ်းလှမ်းက ကုလားထိုင်တွေဆီ ခေါ်သွားတယ်။

ထိုင်မိကြတဲ့အခါ ဦးသိန်းဒန် ခပ်လှမ်းလှမ်းမှာ ရှိနေတာနဲ့ ချစ်ဦးလည်း သူပြောချင်တဲ့စကားကို မပြောရဲသေးဘူး။ ရောက်တတ်ရာရာ ဟိုပြောဒီပြော လျှောက်ပြောနေတယ်။ နာရီဝက်လောက်ကြာတော့ ဦးသိန်းဒန်ဟာ အဝတ်အစား လဲပြီး ညေ့်သည်နဲ့ အပြင်ဘက်ကို ထွက်သွားတယ်။

ချက်ကောင်းရတာနဲ့ တစ်ပြိုင်နက် ချစ်ဦးက…

"ကဲ ကြိုင်ကြိုင်၊ တက္ကသိုလ်တုန်းက ကိုယ်ပြောတဲ့စကားတစ်ခုကို ဘီအက်စ်စီ မအောင်ခင် မစဉ်းစားချင်သေးဘူးလို့ ကြိုင်ကြိုင် ပြောတာ မှတ်မိသေးရဲ့လား"

လို့ မေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မှတ်မိပါတယ်"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ကဲ၊ အခု ဘီအက်စ်စီ အောင်ပြီလေ၊ ကိုယ်ပြောတာ ဘယ့်နှယ်လဲ"

လို့ ချစ်ဦးက မေးလိုက်တယ်။

ကြိုင်ကြိုင်က ခဏစဉ်းစားပြီး...

"မေမေ ဆုံးတာလည်း မကြာသေးဘူး၊ ကျွန်မတော့ ဒီကိစ္စတွေကို တစ်နှစ်အတွင်း မစဉ်းစားချင်သေးဘူး"

လို့ ကြိုင်ကြိုင်က ပြောတယ်။

ချစ်ဦးလည်း စိတ်မပျက်ဘဲ...

"ကြိုင်ကြိုင်ရယ်၊ ကိုယ့်မေတ္တာကို လက်ခံနိုင်တယ်၊ လက်မခံနိုင်ဘူး ဆိုတာလောက်ကလေးမှ အခု မပြောနိုင်ဘူးလား၊ လက်ခံနိုင်တယ်လို့ ပြောပြီးရင်လည်း ချက်ချင်း လက်ထပ်ဖို့ မဟုတ်သေးပါဘူး၊ ကြိုင်ကြိုင်ရဲ့ စိတ်တွေ ချမ်းချမ်းသာသာရှိတော့မှပဲ လက်ထပ်ဖို့ပါပဲ"

လို့ ချစ်ဦးက ပြောတယ်။

ကြိုင်ကြိုင်လည်း ဘာမှ မပြောဘဲ ရှေ့တည့်တည့်က စားပွဲခုံကို စိုက်ကြည့်နေတယ်။

အဲဒါနဲ့ ချစ်ဦးက ထပ်ပြီး...

"ကိုယ့်မေတ္တာကို လက်ခံနိုင်မယ်၊ လက်မခံနိုင်ဘူးဆိုတာလောက်ကလေးမှ အခု မပြောနိုင်ဘူးလား"

လို့ မေးပြန်တယ်။

ကြိုင်ကြိုင်ဟာ ချစ်ဦးကို မေတ္တာရှိပါတယ်။ မေတ္တာမရှိလို့ မဟုတ်ပါဘူး။ ဒါပေမယ့် ချစ်ဦးဟာ သူ့ကို ဘယ်လောက် မေတ္တာရှိသလဲဆိုတာ ကြိုင်ကြိုင်သိချင်တယ်။ ချစ်ဦးရဲ့မေတ္တာဟာ အပေါ်ယံမေတ္တာလား၊ နက်ရှိုင်းလေးနက်တဲ့ မေတ္တာလားဆိုတာ ကြိုင်ကြိုင် သိချင်တယ်။ ချစ်ဦးရဲ့မေတ္တာဟာ နက်ရှိုင်းလေးနက်တဲ့ မေတ္တာဆိုရင် သူ အချိန်ဆွဲနေတာကို သည်းခံပြီး စောင့်မယ်။ အပေါ်ယံမေတ္တာဆိုရင် စိတ်ပျက်ပြီး လန်ထွက်သွားမယ်။ အဲဒီလို ကြိုင်ကြိုင် တွက်တယ်။ နက်ရှိုင်း လေးနက်တဲ့ မေတ္တာမရှိဘဲနဲ့ ချစ်ဦးကို

www.burmeseclassic.com

www.burmeseclassic.com



အလျှင်စလို သူယူမိရင် အိမ်ထောင်ကျပြီးတဲ့အခါကျတော့မှ သူ့အမှားကို ပြင်လို့ ရတော့မှာ မဟုတ်ဘူး။ အဲဒါကြောင့် ဒီကိစ္စမှာ အလျှင်စလို အဖြေပေးတာ မကောင်းဘူး။ အချိန်ဆွဲနိုင်လေ ကောင်းလေလို့ ကြိုင်ကြိုင် ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့်…

"ကျွန်မတော့ အခု တစ်နှစ်အတွင်း ဒီကိစ္စကို မစဉ်းစားချင်သေးဘူး ကိုချစ်ဦး"

လို့ပဲ ထပ်ပြီး ဖြေတယ်။

ချစ်ဦးလည်း မျှော်လင့်ချက်မကိုက်တဲ့အတွက် ရှေးဦးစွာ ငိုချင်သလိုလို ဖြစ်တယ်။ အဲဒီလို ဖြစ်ပြီးတော့မှ 'ငါဟာလေ၊ ကလေးကချေအစားထဲကလည်း မဟုတ်ပါဘူး၊ ငါ့ကို ဒီလောက် ငြင်းနေရတာ သူက ဘာမို့လို့လဲ' လို့ စဉ်းစားမိပြီး ဒေါသထွက်လာတယ်။ ပြီးတော့မှ ကြိုင်ကြိုင်လို ဣန္ဒြေရှင်မျိုးကို အလျှင်စလို သွားလုပ်လို့ မရဘူး၊ မိန်းမကောင်းကို လိုချင်ရင် သည်းခံတဲ့စိတ် ရှိရမယ်၊ ဖွဲကောင်းရမယ်' လို့ တွေးမိပြန်တယ်။

ချစ်ဦးရဲ့ ဒေါသစိတ်တွေ၊ မာနစိတ်တွေ ပြေကုန်ကြတယ်။ ချစ်ဦးလည်း ဒီလို စကားမပြောဘဲ ငိုချင်သလိုလို၊ ဒေါသဖြစ်ချင်သလိုလို၊ မာနဖြစ်ချင်သလိုလို နောက်ပြီးတော့မှ စိတ်ပြေသွားသလိုလို ဖြစ်နေတာဟာ ငါးမိနစ်လောက် ကြာမယ်။ ချစ်ဦးလည်း ဘာမှ ဆက်မပြောတော့ဘဲ သက်မ တစ်ချက်ချပြီး…

"ကိုယ် သွားတော့မယ်ကြိုင်ကြိုင်"

လို့ ပြောပြောဆိုဆို ထသွားတယ်။

ကြိုင်ကြိုင်လည်း…

"ဟုတ်ကဲ့"

လို့ ဖြေပြီး တိုက်ထဲဝင်သွားတယ်။

နံနက်ဆယ်နာရီလောက်ကျတော့ ဦးသိန်းဒန် ပြန်လာပြီး…

"မောင်ချစ်ဦး ပြန်သွားပြီလား"

လို့ ကြိုင်ကြိုင်ကို မေးတယ်။

"ပြန်သွားပြီ ဖေဖေ"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ည ကျောင်းမှာ သူနဲ့တွေ့ရင် မနက်ဖြန်မနက် ရှစ်နာရီ လောက် ဒီကို ခဏလာဦးလို့ ပြောလိုက်စမ်းသမီး"

လို့ ဦးသိန်းဒန်က မှာတယ်။

"ဟုတ်ကဲ့ ဖေဖေ"

လို့ သမီးက ဖြေတယ်။

ညဘက် ကျောင်းမှာတွေ့တဲ့အခါ သူ့အဖေ မှာတဲ့အတိုင်း ကြိုင်ကြိုင်က ချစ်ဦးကို ပြောလိုက်တယ်။ ဘာကိစ္စမှာတယ်ဆိုတာ ချစ်ဦး မတွေးတတ်လောက်အောင် ဖြစ်နေတယ်။ အဲဒီလိုအခါမျိုးမှာ လူတွေဟာ ကိုယ်လိုချင်တာကိုသာ ကိုယ်တွေးတတ်ကြတယ်။ အဲဒါကြောင့် အဘိုးကြီးပြန်လာတဲ့အခါ 'ချစ်ဦး ဘာကိစ္စလာတာလဲ' လို့ သူ့သမီးကို မေးလိမ့်မယ်။ သူ့သမီးကြိုင်ကြိုင်ကလည်း ခပ်ရှိုးရှိုးပဲဆိုတော့ ငါပြောတာ ပြန်ပြောပြလိမ့်မယ်။ အဘိုးကြီးကလည်း သမီးကို ကြာရှည်ထိန်းထားချင်ဟန် မတူဘူး။ အဲဒီတော့ သူ့သမီးကို နားချပြီး ငါနဲ့ မြန်မြန်ပေးစားဖို့ ငါ့ကိုတွေ့ရင် ပြောမှာပဲလို့ ချစ်ဦးဟာ အစဉ်းစားတွေ လွန်ပြီး သူ့ဟာသူ သိပ်သေချာနေတယ်။

ညကျောင်းက ပြန်လာပြီး ချစ်ဦးဟာ တော်တော်နဲ့ အိပ်မပျော်ဘူး။ ကြိုင်ကြိုင်နဲ့ အိမ်ထောင်ကျပြီး ဘယ်လိုနေမယ်၊ ဘယ်လိုထိုင်မယ်၊ ဘာတွေလုပ်မယ်ဆိုတာတွေကို စဉ်းစားရင်း လေထဲမှာ တိုက်အိမ်တွေဆောက်နေတယ်။

သူဆောက်နေတဲ့ တိုက်အိမ်တွေထဲမှာ 'တက္ကသိုလ်တုန်းက အပြင်ဘက်ထွက်လည်ရအောင် လိုက်ခေါ်တာကို ကြိုင်ကြိုင် ဘာဖြစ်လို့ မလိုက်သလဲ၊ ဘာ ဟန်ကြီးပန်ကြီး လုပ်နေတာလဲဟင်' လို့ မေးပြီး သူ့ရဲ့ ဖောင်းနေတဲ့ ပါးကလေးကို ခပ်နာနာကလေး ကိုက်ဆွဲလိုက်ဦးမယ်' ဆိုတာမျိုးတွေလည်း ပါသေးတယ်။

မနက်ရှစ်နာရီမှာ ချိန်းထားတဲ့အတိုင်း ဦးသိန်းဒန်ဆီကို ချစ်ဦး ရောက်သွားတယ်။ ချစ်ဦးဟာ သူမျှော်ထားတဲ့ သတင်းထူး သတင်းကောင်းကို ကြားရတော့မှာပဲဆိုပြီး ဦးသိန်းဒန်ရဲ့ တိုက်ဝင်းထဲကို ဝင်ကတည်းက သူ့ရင်တွေဟာ တဒိန်းဒိန်းနဲ့ ခုန်နေတယ်။ ချစ်ဦး ဝင်းထဲကို ဝင်လာတာ မြင်ကတည်းက ဦးသိန်းဒန်က သူ့သမီး ကြိုင်ကြိုင်ကို အနားမှာ ခေါ်ထားလိုက်တယ်။

ချစ်ဦးဟာ မိဘဂုဏ်၊ ရိုးသားဂုဏ်၊ ပစ္စည်းဂုဏ်၊ ပညာဂုဏ်တွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမျှ လိုလေသေးမရှိတဲ့အတွက် ဦးသိန်းဒန်အနေနဲ့ကတော့ ချစ်ဦးကို သမက်လောင်းအဖြစ်နဲ့ အတော် သဘောကျနေပါတယ်။ ဒါပေမယ့် သမီးရှင်ဆိုတာ ဟန်ပန်လုပ်နိုင်မှ အတော်ပဲလို့ တွေးပြီး ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ရဲ့ အပြောကို ဦးသိန်းဒန် စောင့်နေတယ်။

ချစ်ဦးလည်း တိုက်ထဲကိုရောက်လို့ အဖေကြီးအနားမှာ သမီးကြိုင်ကြိုင် ထိုင်နေတာ မြင်လိုက်တာနဲ့ သူတွေးတဲ့အတိုင်း မှန်ပြီလို့ ပိုပြီးသေချာသွားပြန်တယ်။ ထိုင်မိလို့ တစ်အောင့်လောက်ရှိတဲ့အခါ ဦးသိန်းဒန်က ချောင်းဟန့်လိုက်တယ်။ ချစ်ဦးလည်း သူမျှော်နေတာ ကြားရတော့မယ်ဆိုပြီး မျက်နှာ ဘယ်လိုထားရမှန်း မသိအောင် ဖြစ်နေတယ်။

ချောင်းဟန့်ပြီးတော့မှ ဦးသိန်းဒန်က…

"မောင်ချစ်ဦးရေ၊ လာမယ့် မြူနီစီပယ်ရွေးကောက်ပွဲမှာ ဝင်အရွေးခံဖို့ ဦးတို့ စီစဉ်နေတယ်၊ မောင်ချစ်ဦးလည်း တစ်နေရာက ဝင်အရွေးခံဖို့ မှန်းထားတယ်"

လို့ ပြောလိုက်တယ်။

'ဟယ် ငါထင်တာနဲ့ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပါရောလား' လို့ တွေးမိပြီး ချစ်ဦးဟာ သူ့လိပ်ပြာကို သူပြန်ရှက်နေတယ်။ ရယ်ချင်သလိုလိုဖြစ်လာပြီး ပြုံးစိစိဖြစ်နေတယ်။

"ဘာဖြစ်လို့ ပြုံးနေတာလဲကွဲ့၊ ရွေးကောက်ပွဲ ဝါသနာမပါ လို့လား"

လို့ ဦးသိန်းဒန်က မေးလိုက်တယ်။

ချစ်ဦးဟာ သူ့အတွေးနဲ့သူ ပြုံးနေတာပဲ။ ဒါပေမယ့် ရွေးကောက်ပွဲ ဝါသနာမပါလို့ ပြုံးသလိုလို ဦးသိန်းဒန် ထင်သွားအောင်…

"ဟုတ်ကဲ့"

လို့ တိုတိုပဲ ပြန်ဖြေလိုက်တယ်။

"ဦးတို့လည်း ဝါသနာပါတယ်လို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကိုယ့်မြို့အရေးကိစ္စဆိုတော့ ဝင်ပြီး ဆောင်ရွက်ရမှာပဲ၊ အဲဒီတော့ မောင်ချစ်ဦးနဲ့လည်း အင်မတန် တော်တဲ့အတွက် အရှေ့ပိုင်းက မောင်ချစ်ဦး ဝင်အရွေးခံဖို့ ဦးကတော့ လျာထားထားတယ်၊ ဘယ့်နှယ်လဲ အရွေးခံမယ် မဟုတ်လား"

လို့ ဦးသိန်းဒန်က မေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးလည်း…

"ဟုတ်ကဲ့"

လို့ တိုတိုပဲ ဖြေတယ်။

ဒီအဖြေရပြီးတာနဲ့ ဦးသိန်းဒန်လဲ ထိုင်ရာကထပြီး…

"ကဲ၊ မင်းတို့ စကားပြောနေကြဦး၊ ရွေးကောက်ပွဲအတွက် သွားပြီး စီစဉ်လိုက်ဦးမယ်"

လို့ ပြောပြောဆိုဆို အပြင်ဘက်ကို ထွက်သွားတယ်။

ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ နှစ်ယောက်တည်းရှိတဲ့အခါ ချစ်ဦးက…

"ကိုယ် ဘာဖြစ်လို့ ပြုံးစိစိလုပ်နေတယ် ထင်သလဲ"

လို့ ကြိုင်ကြိုင်ကို မေးတယ်။

ကြိုင်ကြိုင်က…

"မသိဘူး"

လို့ ဖြေတယ်။

BURMESE CLASSIC

"ဒီကို ဒီကနေ့လာဖို့ မနေ့ညက ကြိုင်ကြိုင် ကျောင်းမှာ ပြောပြီးကတည်းက ဒီကနေ့ အဘိုးကြီးနဲ့တွေ့ရင် ကိုယ်နဲ့ ကြိုင်ကြိုင်နဲ့ လက်ထပ်ဖို့ အကြောင်းကို ပြောလိမ့်မယ်လို့ ကိုယ် တစ်ညလုံး စဉ်းစားနေတယ်။ ဝမ်းသာပြီး ကောင်းကောင်းတောင် အိပ်လို့မရဘူး၊ အဘိုးကြီးက ချောင်းဟန့်လိုက်တော့ ကိုယ်ထင်တာ ပြောတော့မှာပဲလို့ တွေးမိပြီး ကိုယ့်မျက်နှာ ဘယ်လိုထားရမှန်းတောင် မသိဘူး၊ ပြောလိုက်တော့ ကိုယ်ထင်တာလည်း မဟုတ်ဘူး၊ ဘယ်လိုက ဘယ့်နှယ် ရွေးကောက်ပွဲကိစ္စကြီး လာဖြစ်နေတယ် မသိပါဘူး၊ အဲဒါကြောင့် ကိုယ် ပြုံးစိစိလုပ်နေတာ၊ အဘိုးကြီးကတော့ ရွေးကောက်ပွဲ မဝင်ချင်လို့ ပြုံးစိစိ လုပ်နေတယ်လို့ ထင်တာပဲ"

လို့ သူ့ဟာသူ ပြောပြီး ပြုံးနေတယ်။ ကြိုင်ကြိုင်ကလည်း ပြုံးနေတယ်။

"ကဲ၊ ကြိုင်ကြိုင်ရယ်၊ အရှည်ကြီးဆွဲမနေပါနဲ့တော့၊ သူတစ်ဖက်သား အလကား စိတ်ဆင်းရဲနေအောင် ဘာဖြစ်လို့ လုပ်ချင်ရတာလဲ၊ ကိုယ်တောင်းနေတဲ့အဖြေကို အခုပဲ ပေးပါတော့"

လို့ ချစ်ဦးက ထပ်ပြီး တောင်းပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုင်ကြိုင်ကလည်း မျက်နှာပိုးသတ်ပြီး…

"မေမေ ဆုံးပြီး တစ်နှစ်အတွင်းမှာတော့ ဒီကိစ္စကို ကျွန်မ မစဉ်းစားချင်သေးဘူး"

ဆိုတဲ့ အဖြေကိုပဲ ထပ်ပေးတယ်။

ချစ်ဦးလည်း အတော်ကလေးကြာတဲ့အခါ နှုတ်ဆက်ပြီး ထပြန်သွားတယ်။

❑

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၈

## လက်ထပ်မင်္ဂလာပွဲရက် ဆိုင်းခဲ့ရသောအခါ

မြူနီစီပယ်ရွေးကောက်ပွဲမှာ ဦးသိန်းဒန်နဲ့ သူ့အဖွဲ့ဝင်တွေအားလုံး အရှုံးခံရတယ်။ ဦးသိန်းဒန်လည်း ဘာပဲဖြစ်ဖြစ် သူလုပ်ရင် နိုင်ရမယ်၊ အောင်ရမယ်ဆိုတဲ့ ဝါသနာကြောင့် သူ့ရဲ့ ရွေးကောက်ပွဲ ကိုယ်စားလှယ်တွေက တောင်းတိုင်း ထုတ်ပေးတာ ရွေးကောက်ပွဲပြီးတဲ့အခါ ငွေရှစ်ထောင်လောက် ကုန်သွားတယ်။

ဒီရွေးကောက်ပွဲမှာ ဒီလိုရှုံးတဲ့အတွက် အပျော်ဆုံးလူကတော့ ကန်ထရိုက်တာ ကျင်ဟုတ်ပဲ။ ကျင်ဟုတ်ဟာ တော်တော်ဉာဏ်သွားတယ်။ သူဌေးဦးသိန်းဒန်ကို ပျားရည်နဲ့ ဘယ်လို ဝမ်းချရမယ်ဆိုတဲ့ အတတ်မှာ ကျင်ဟုတ်က နာကြနေတယ်။ တစ်ဘက်ကမ်းခတ် တတ်နေတယ်။ အဲဒါကြောင့် သူဌေးကို ကြိုက်လုံးကလေး လေးငါးလုံး ပေးလိုက်တာ။ သူဌေးဟာ ငွေရှစ်ထောင်လောက် အကုန်ခံပြီး ရွေးကောက်ပွဲကို ဝင်ခဲ့ရတယ်။

နောက်ထပ် အခွင့်အခါပေါ်တိုင်း ဒီလိုပဲ ကြိုက်လုံးကလေးတွေ ပေးပေးပြီး စားကျက်မှန်သမျှကို သူချည်းပဲ လက်ဝါးကြီးအုပ်မယ်။ အဲဒီအထိ သူတွက်ထားတယ်။ အဲဒီလို တွက်ထားတဲ့အတိုင်း ရွေးကောက်ပွဲပြီးလို့ တစ်လလောက်အကြာမှာ လမ်းခင်းဖို့ ဒီလုံးအုတ်ခဲ ကန်ထရိုက်ကို ကျင်ဟုတ်ပဲ ရတာပဲ။ အဲဒီ ကန်ထရိုက်ရပြီး မကြာခင် မြို့ထဲမှာ ပွစိပွစိ ဖြစ်လာတယ်။ ဒီလုံးတွေဟာ ရွှံ့ခဲအတိုင်းပဲ ရှိသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အုတ်ခဲနဲ့တူအောင် အုတ်နီမှုန့်ရည်တွေကို အပေါ်က ဖျန်းထားတယ်။

နောက် တစ်လလောက်ကြာတော့ ဈေးရုံအသစ်တွေ ဆောက်ဖို့ စားကွက်တစ်ခု ပေါ်လာပြန်တယ်။ မြူနီစီပယ် စက္ကရီတေရီ၊ လမ်းဗိုလ်၊ ခရိုင်အင်ဂျင်နီယာ အစရှိတဲ့ အရာရှိကြီးငယ်တွေကို ဘယ်ဘက်အိတ်ထဲမှာ ထည့်ပြီး မြူနီစီပယ်ဥက္ကဋ္ဌ သူဌေးဦးသိန်းဒန်ကို ညာဘက်အိတ်ထဲမှာ ထည့်ထားတဲ့ ကျင်ဟုတ်ပဲ ဒီဈေးရုံသစ်ဆောက်ဖို့ ကန်ထရိုက်ကို ရသွားပြန်တာပါပဲ။

ဒီကန်ထရိုက်ရပြီးတဲ့နောက် လက်သံပြောင်တဲ့ ဝါးခယ်မက စာရေးဆရာကြီးငယ်တွေက စာထုပ်တွေ ဟိုပစ်ဒီပစ်နဲ့ ပစ်ကြပါသေးတယ်။ ဒါပေမယ့် ဝါးခယ်မနယ်ပိုင်တဲ့ ရာဇဝတ်ဝန်ထောက်ကို စက်သီချင်းစက် တစ်လုံးစီနဲ့ ပဒက္ကသလဇာတ်ထုပ် တစ်ထုပ်စီ ဝယ်ပေးထားတဲ့အတွက် ဒီပစ်စာတွေလည်း ဘာမှ အရေးမရောက်ဘူး။ အရေပျော်ကုန်ကြတာပါပဲ။

BURMESE CLASSIC

ချစ်ဦးမှာလည်း မြူနီစီပယ်လူကြီးသာ ဖြစ်လာတယ်။ မြူနီစီပယ် အစည်းအဝေးတွေမှာ ဘာအဆိုကိုမှ မသွင်းနိုင်ရှာသေးဘူး။ တစ်နှစ်စေ့ရင် သူ အင်မတန်ချစ်နေတဲ့ ကြိုင်ကြိုင်ကို အချစ်အဆိုသစ်တစ်ခု ထပ်သွင်းဖို့ ရက်တွေ၊ လတွေကို ရေတွက်ရင်း အချိန်ကုန်နေတာပါပဲ။

အဲဒီလို တစ်နှစ်စေ့သွားတဲ့အခါ ချစ်ဦးဟာ ကြိုင်ကြိုင်ကို တွေ့ပြီး…

"ဘယ်လိုလဲ ကြိုင်ကြိုင်၊ တစ်နှစ်စေ့သွားပြီ၊ ကိုယ် ဝမ်းသာရတော့မှာပဲလား"

လို့ မေးတယ်။

"ကိုချစ်ဦး ဖေဖေ့ကို ပြောပေါ့၊ ဖေဖေ သဘောတူရင် ကျွန်မ မငြင်းပါဘူး"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"အဘိုးကြီးကလည်း ငါ့ကို သိပ်သဘောကျနေတယ်၊ အဲဒီတော့ ဒါဟာ ငါ့ကို မေတ္တာရှိပါတယ်လို့ ဂူမြေ့ရှင်မကလေးအနေနဲ့ ကြိုင်ကြိုင်က ဖြေလိုက်တာပဲ"

လို့ ချစ်ဦး တွေးမိတယ်။ အဲဒါကြောင့် သိပ်ဝမ်းသာသွားတယ်။

မကြာခင် ချစ်ဦးဟာ ဦးသိန်းဒန်ကို တွေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဦးရယ်၊ ကျွန်တော် စကားတစ်ခွန်းပြောပါရစေ၊ နားနဲ့မနာဖဝါးနဲ့နာပါ"

လို့ အရဲစွန့်ပြီး ချစ်ဦးဟာ အစချီလိုက်တယ်။

ဦးသိန်းဒန်ရဲ့ ခွင့်ပြုချက်အရ ချစ်ဦးက…

"ဦးရယ်၊ ကျွန်တော် ကြိုင်ကြိုင်နဲ့ လက်ထပ်ပါရစေ၊ ဦး ခွင့်ပြုပါ"

လို့ ခွင့်တောင်းတယ်။

"မောင်ချစ်ဦးကို ဦးက ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် ကြိုင်ကြိုင်ကို မေးပါရစေဦး၊ မနက်ဖြန် ဒီအချိန်လောက် လာခဲ့ဦးကွယ်"

လို့ ဖြေလိုက်တယ်။

ဦးသိန်းဒန်လည်း သူ့ကတိအတိုင်း မောင်ချစ်ဦး ပြန်သွားပြီး သူ့သမီးကို မေးတယ်။ သမီးကလည်း ဖေဖေ့သဘောပဲလို့ ဖြေတယ်။

အဲဒါကြောင့် ချစ်ဦး နောက်တစ်နေ့လာတဲ့အခါ…

"စေ့စပ်ကြောင်းလမ်းရအောင် နေ့ကောင်းရက်သာရွေးပြီးတော့ မောင်ချစ်ဦးရဲ့ မိဘတွေကို လွှတ်လိုက်ကွယ်"

လို့ ဦးသိန်းဒန်က ပြောတယ်။

ချစ်ဦး သိပ်ဝမ်းသာသွားတယ်။ နေ့ကောင်းရက်သာ နေ့တစ်နေ့မှာ မောင်ချစ်ဦးရဲ့အဖေ ဦးဘိုးသုံ၊ အမေ ဒေါ်မြတင့်နဲ့ ရွာသစ်ဘက်ကလူကြီးသုံးဦးပါလာတယ်။ ဦးသိန်းဒန်ကလည်း သူ့မိတ်ဆွေကြီး ရှေ့နေ ဦးနေဒွန်းနဲ့ ဝါးခယ်မဘက်က လူကြီးသုံးဦးကို ခေါ်ထားတယ်။ စေ့စပ်ကြောင်းလမ်းမှုလည်း အောင်အောင်မြင်မြင်နဲ့ ပြီးသွားတယ်။

ညနေဘက်ကျတော့ ညကျောင်းသွားရအောင် ကြိုင်ကြိုင်ကို ခေါ်ဖို့ ကြိုင်ကြိုင်တို့ရဲ့တိုက်ကို ရောက်လာတယ်။

အဲဒီလိုလာတဲ့အခါ…

"စေ့စပ်ကြောင်းလမ်းပြီးနေတာတောင် ငါခေါ်တာ မလိုက်ရင်တော့ ငါ သူတို့တိုက်ထဲက မထွက်ဘူး၊ ဖွတ်ထိုင်နေမယ်"

လို့ ချစ်ဦးဟာ သန္နိဋ္ဌာန်ချလာတယ်။ ဒါပေမယ့် အထူးမခေါ်ရပါဘူး၊ ကြိုင်ကြိုင်လည်း သူ့အဖော် ကျောင်းသားကလေးတွေနဲ့အတူ ချစ်ဦးနဲ့ ထွက်လိုက်လာကြတယ်။ အဲဒီအချိန်ကစပြီး အဖော် ကျောင်းသူကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



လေးတွေနဲ့အတူ ကြိုင်ကြိုင် ကျောင်းသွားကျောင်းပြန်မှာ ချစ်ဦးလည်း လိုက်တယ်။

ဆယ့်ငါးရက်လောက်ရှိတဲ့အခါ ချစ်ဦးက…

"ကြိုင်ကြိုင်၊ ကိုယ်တို့ ဘယ်တော့လောက် လက်ထပ်ရင် ကောင်းမလဲ"

လို့ စကား စ လိုက်တယ်။

"ကိုချစ်ဦး ဖေဖေနဲ့တိုင်ပင်ပါလား"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ကိုယ်က ဒီလိုလုပ်ချင်တယ်၊ မင်္ဂလာဆောင်ဖို့ ကိစ္စတွေကို အေးအေးဆေးဆေး စီမံနိုင်အောင် နှစ်လ အချိန်ယူမယ်၊ နှစ်လ ဟိုဘက်မှာ နေ့ကောင်းရက်သာ တစ်ရက်ရက်ကို ဗေဒင်ဆရာကြီး ဦးကြီးထိန်ကို အရွေးခိုင်းမယ်၊ ရွေးလို့ရတော့ အဲဒီနေ့မှာ လက်ထပ်ချင်တဲ့အကြောင်း ကြိုင်ကြိုင်က ကြိုင်ကြိုင်ရဲ့ဖေဖေကိုပြော၊ ကိုယ်က ကိုယ့်ဖေဖေနဲ့ မေမေ့ကို ပြောမယ်၊ လူကြီးတွေ သဘောတူရင် အဲဒီနေ့မှာ လက်ထပ်မယ်၊ သူတို့ ပြင်ချင်ရင်လည်း ပြင်ပစေပေါ့၊ အဲဒီလိုလုပ်ရရင် မကောင်းဘူးလား"

လို့ ချစ်ဦးက မေးတယ်။

"ကောင်းသားပဲ"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

အဲဒီအစီအစဉ်အတိုင်း ဗေဒင်ဆရာကြီး ဦးကြီးထိန်ရွေးပေးလိုက်တဲ့ ရက်ကို ချစ်ဦးနဲ့ ကြိုင်ကြိုင်ဟာ သူတို့မိဘတွေကို ပြောပြကြတယ်။ နှစ်ဘက်စလုံးက သဘောတူကြတယ်။ ကြိုင်ကြိုင်ဟာလည်း သူ့အချစ်ဆုံးသမီး ဖြစ်နေတယ်။ ချစ်ဦးဟာလည်း သူ့အကြိုက်ဆုံးသမက် ဖြစ်နေတယ်။ ဒါကြောင့် သူတို့ လက်ထပ်ပွဲအတွက် အစွမ်းကုန်လုပ်ဖို့ ဦးသိန်းဒန်မှာ ဆန္ဒပြင်းပြင်းပြပြ ရှိနေတယ်။

ဒီဆန္ဒအရ သူ့တိုက်ဝင်းကြီးထဲမှာ လူနှစ်ထောင်စာ မဏ္ဍပ်ကြီးကို ဟိန်းနေအောင် အထိုးခိုင်းထားတယ်။ လူတွေကို ဖိတ်တဲ့အခါ ဝါးခယ်မ မြို့ပေါ်ကသာမကဘဲ နယ်က သူ့မိတ်ဆွေရင်းတွေ၊ သူ့ ကျေးဇူးခံ ကျေးဇူးစားတွေကိုပါ အဖိတ်ခိုင်းထားတယ်။ ဧည့်သည်နှစ်ထောင်ကို ကျွေးမွေးဧည့်ခံတဲ့

www.burmeseclassic.com

www.burmeseclassic.com



အပြင် လက်ထပ်တဲ့ညမှာ စတုဒီသာကျွေးဖို့ ဇာတ်ပွဲ၊ ရုပ်ရှင်ပွဲ၊ အငြိမ့်ပွဲတွေ ပြဖို့ကိုလည်း စီစဉ်ခိုင်းထားတယ်။ အိမ်ထောင်ပရိဘောဂတွေကိုလည်း ရန်ကုန်မှာ ကောင်းမွေ ညွှန့်မွေဆိုတာတွေကို အဝယ်ခိုင်းထားတယ်။ ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ကလည်း လက်ထပ်ပွဲနေ့မှာ ဝတ်ကြဖို့ အဝါနုရောင် ချိတ်ပုဆိုးရှည်နဲ့ အဝါနုရောင် ချိတ်ထဘီကို ရန်ကုန်မှာ အထူးမှာထားကြတယ်။ လက်ထပ်ပြီးရင် သူချစ်တဲ့ သမက်နဲ့ သူချစ်တဲ့သမီးကို သူနေတဲ့ တိုက်ကြီးမှာပဲ ထားဖို့အတွက် တိုက်ကိုလည်း ဆေးအသစ်ထပ်သုတ်ခိုင်းထားတယ်။

မင်္ဂလာဆောင်အတွက် ဦးသိန်းဒန်ကိုယ်တိုင် ကြီးကြပ်နေတာကြောင့် ကိစ္စအားလုံးဟာ အထစ်အငေါ့ ကြီးကြီးကျယ်ကျယ်မရှိဘဲ တစ်ခုပြီးတစ်ခု ပြီးစီးလာတယ်။

ဒါပေမယ့် မင်္ဂလာဆောင်ဖို့ ဆယ့်တစ်ရက်အလိုမှာ ချစ်ဦးရဲ့အမေ ဒေါ်မြတင့်ဟာ ဖြုန်းခနဲ နှလုံးရောဂါနဲ့ ဆုံးသွားရှာတယ်။ အဲဒါကြောင့် ချစ်ဦးနဲ့ သူ့ဖခင် ဦးဘိုးသုံတို့လည်း ပရိဒေဝမီး တောက်လောင်နေတဲ့အတွက် ဦးသိန်းဒန်နဲ့ တိုင်ပင်ပြီး လက်ထပ်မင်္ဂလာပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရတယ်။ ချစ်ဦးရဲ့စိတ်ထဲမှာတော့ အနည်းဆုံးခြောက်လလောက် ကြာပြီးမှပဲ ဒီမင်္ဂလာဆောင်ကိစ္စကို ပြန်စတော့မယ်လို့ ဆုံးဖြတ်ထားလိုက်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၉

## ကြားလေသွေးတော့ ဝေးခဲ့ရပြီပေါ့

နောက်လေးလလောက်ကြာတဲ့အခါ မြူနီစီပယ်လူကြီး ချစ်ဦးရဲ့အိမ်ကို လူတစ်စု ရောက်လာတယ်။ 'ကန်ထရိုက်တာ ကျင်ဟုတ်ကို ဒီအတိုင်း လွှတ်ပေးထားရင် မြူနီစီပယ်လူကြီးတွေ အားလုံး နာမည်ပျက်ကုန်လိမ့်မယ်' လို့ အစချီပြီး ဈေးရုံအသစ်တွေ ဆောက်တဲ့ကိစ္စမှာ ကန်ထရိုက်တာ ကျင်ဟုတ် ကလိန်ကျပုံတွေကို အကုန်လျှောက်ပြောကြတယ်။ ချစ်ဦးလည်း ပြောသမျှ မှတ်ယူထားလိုက်တယ်။

မြူနီစီပယ် အစည်းအဝေးတွေဟာ 'ကျင်ဟုတ်ဟာ သူ့ကိုယ်သူ ဦးရဲ့ လူယုံတော်လို့ သတင်းလွှင့်ပြီး ဦးရဲ့နာမည်ကို အလွဲသုံးစား လုပ်နေ ပါတယ်။ ဒီကောင်ဟာ တော်တော်ရှုပ်တယ်၊ ကြောက်စရာလည်း အင်မတန် ကောင်းတယ်၊ သူ့ကို အခုအတိုင်းလွှတ်ထားရင် သူရှုပ်တာ ပွေတာတွေကြောင့် ဦးရဲ့ဂုဏ်ကို တစ်နေ့ကျရင် ထိခိုက်လာမှာတောင် စိုးရိမ်ရပါတယ်၊ တစ်လော က ရွှံ့ခဲတွေကို အုတ်နီမှုန့်ရည်တွေဖျန်းပြီး အုတ်ခဲလို့ လိမ်သွင်းတဲ့ ကိစ္စတုန်းက မြို့သူမြို့သားတွေဟာ တော်တော် ဆဲချင်ကြတယ်၊ သူ့ကို ဦးရဲ့လူယုံတော်ဆိုပြီး ဦးကို အားနာတာနဲ့ ငြိမ်နေလိုက်ကြရတယ်၊ အခု ဈေးရုံသစ်တွေ ဆောက်တဲ့ နေရာမှာလည်း အောက်ခံ သမံတလင်းတွေရဲ့အတွင်းဘက်မှာဆိုရင် အင်္ဂတေကို မသုံးဘူး၊ အုတ်တွေကို ရွှံ့တွေနဲ့ စီထားပါတယ်၊ အပေါ်ယံမှာသာ အင်္ဂတေကို နည်းနည်းပါးပါးသုံးထားပါတယ်၊ ဈေးရုံနံရံတွေရဲ့အတွင်းတိုင်တွေဟာလည်း

www.burmeseclassic.com

www.burmeseclassic.com



ကန်ထရိုက်ထဲမှာပါတဲ့အတိုင်း ပျဉ်းကတိုးတိုင်တွေကို မထည့်ဘူး၊ တောသစ်အပေါစားတွေကို ထည့်ထားတယ်၊ အမဲသားရုံနဲ့ ဝက်သားရုံဟာ ဆောက်လို့ပြီးခါစရှိသေးတယ်၊ တစ်ဘက်က နံရံတချို့ ပြိုကျနေပြီ' လို့ ချစ်ဦးက ကျင်ဟုတ်ရဲ့အကြောင်းကို ဖွင့်ချနေတယ်။

စက္ကရီတေရီလည်း ကျင်ဟုတ်ခွဲ့တာကို စားထားတဲ့အတွက် မျက်နှာပျက်နေတယ်။ မြူနီစီပယ်လူကြီးထဲမှာ ကျင်ဟုတ်ရဲ့ လက်ကိုင်တုတ်တွေဖြစ်ကြတဲ့ ဘသိန်းနဲ့ အောင်တင့်တို့ကလည်း မျက်နှာတွေ ပျက်နေကြတယ်။ 'ဒီခွေးမသား တော်တော်လွန်နေပါရောလား၊ ဒီကောင့်ကို ဒီနေ့ မတွေ့တွေ့အောင် ရှာပြီး ကျုပ်ဆီ လွှတ်လိုက်စမ်း' လို့ စက္ကရီတေရီ ဦးဘရှင်ကိုလှမ်းပြောရင်း ဦးသိန်းဒန်ဟာ အများကြီးဒေါပွနေတယ်။

အစည်းအဝေးပြီးတဲ့အခါ ဘသိန်းနဲ့ အောင်တင့်တို့က ပြန်ပြောပြတဲ့အတွက် ချစ်ဦးပြောသမျှတွေကို ကျင်ဟုတ်အကုန်ကြားရတယ်။

ကျင်ဟုတ်လည်း အံကြိတ်ပြီး 'ဒီကောင်ဟာ အခုကတည်းက ငါ့အကြောင်း ဒီလောက်မကောင်းပြောနေတယ်ဆိုတော့ ကြိုင်ကြိုင်နဲ့ ညာပြီးလို့ သူသာ အတိုးကြီးရဲ့တိုက်ပေါ်ကို ရောက်သွားရင် ငါ တိုက်ရိပ်ကိုတောင်နင်းရတော့မှာ မဟုတ်ဘူး၊ ငါ့ထမင်းအိုးကို ခွဲမယ့်အကောင်ပဲ၊ ချစ်ဦးရေ၊ မင်းတော့ နေနှင့်ဦးကွာ၊ ကျင်ဟုတ်အကြောင်းကို မင်း မကြာခင် သိမှာပေါ့' လို့ စိတ်ထဲက ကြိမ်းလိုက်တယ်။

ညနေဘက်ကျတော့ ဦးသိန်းဒန်ဆီကို ကျင်ဟုတ် သွားတယ်။

ဦးသိန်းဒန်လည်း ကျင်ဟုတ်ကိုမြင်တာနဲ့ တစ်ပြိုင်နက်...

"ဟေ့ ခွေးမသား မင့်ကိုမင်း ငါ့လူယုံတော်လို့ သတင်းလွှင့်နေတယ်ဆို၊ ဒီလိုလွှင့်ပြီး လူကောင်းလိုနေရင် ကိစ္စမရှိဘူး၊ အခုတော့ မင်းဟာကကန်ထရိုက်တာ သူခိုးကြီး လုပ်နေတော့ ငါ့မျက်နှာကို မင်း အိုးမဲသုတ်တာနဲ့အတူတူပဲ၊ ဒါပဲ မင့်ကို ငါ တစ်ခွန်းတည်း ပြောမယ်၊ ဈေးရုံသစ်တွေဆောက်တဲ့နေရာမှာ ကိုးရိုးကားရားတွေ ဖြစ်နေတာကို ကောင်းအောင် ပြန်လုပ်ထားလိုက်၊ လုပ်မထားရင် မင်း ထောင်နန်းစံရလိမ့်မယ်၊ အများရှေ့မှာမင်းကို ငါ မညာနိုင်ဘူး၊ သွား၊ နောက်ကို ငါ့အိမ် မင်း မလာနဲ့တော့"

လို့ ဝေါက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်ဟုတ်လည်း မျက်နှာသေကလေးနဲ့ ဦးသိန်းဒန်ကို ကြည့်ပြီး…

"ဦးအတွက် အရေးကြီးတဲ့ စကားတစ်ခွန်းကို ကျွန်တော် ပြောချင်ပါတယ်၊ ဒါပြောပြီး ကျွန်တော်သွားပါ့မယ် ဦးရယ်"

လို့ စ,လိုက်တယ်။

အဲဒီနောက် ကျွန်တော်လို့သာ စ,ရသေးတယ် အမူအရာမှာ ဇာတ်လိုက်မင်းသားတွေရှိုးတဲ့ ကျင်ဟုတ်ဟာ ဆို့တက်လာသလိုလုပ်ပြီး ရှိုက်ရှိုက်ငိုနေတယ်။ မျက်ရည်တွေကိုလည်း ဘယ်လိုလုပ်ပြီး ထုတ်တယ် မဆိုနိုင်ဘူး၊ ရှိုက်ငိုနေရင်း မျက်ရည်တွေ အများကြီးကျနေတယ်။ အဲဒီလို ငိုရင်းက ဦးသိန်းဒန်ကို လှစ်ခနဲဆို အမှတ်တမဲ့ ကြည့်လိုက်တယ်။

ဦးသိန်းဒန်ရဲ့စိတ်ကို ထိခိုက်ပုံပေါ်တဲ့အတွက် အငိုရပ်လိုက်ပြီး…

"ကျွန်တော် အကုန်သိပါတယ် သူဌေးရယ်၊ ဒါတွေဟာ မောင်ချစ်ဦးရဲ့ လက်ချက်တွေချည်းပါပဲ၊ သူဌေးအပေါ်မှာ ကျွန်တော် သစ္စာရှိတဲ့အတွက် ဒီ မောင်ချစ်ဦးက ကျွန်တော့်ကို ဒီတစ်သက် မဟုတ်ဘူး၊ နှောင်ဆယ်သက် တောင် ကြေမှာ မဟုတ်ပါဘူး၊ မောင်ချစ်ဦးရဲ့မြွားဟာ ကျွန်တော့်ကို ချိန်ထားပေတဲ့ အမှန်စင်စစ် သူဌေးကိုပစ်မယ့် မြွားပါ၊ သူငယ်ဟာ အင်မတန် အကြံကြီးတယ်၊ သူဌေးရဲ့ဘုန်းကံဟာ အင်မတန်ကြီးတဲ့အတွက် သူ့အမေ သေပေးရပြီး လက်ထပ်ပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ရတယ်၊ သူဌေးရဲ့တိုက်ပေါ်ကို သူ ရောက်ပြီးမှဆိုရင် တိုက်ပေါ်က သူဌေး ကျောကော့ပြီး ဆင်းရတော့မှ သူ့အကြောင်းကို သူဌေးသိတော့မှာပဲ၊ ကျွန်တော်ဟာ သူဌေးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဒီလောက်ပြောရရင် တော်ပါပြီ၊ သူဟာ သူဌေးအပေါ်မှာ ဘယ်လိုကြံနေတယ်ဆိုတာ အစုံအလင် သိရအောင် အောင်တင့်ကို သူဌေး ခေါ်မေးပါ၊ ကျွန်တော် သွားဦးမယ် သူဌေး၊ ခွင့်ပြုပါ"

လို့ ပြောပြောဆိုဆို ဦးသိန်းဒန်ကို ကျင်ဟုတ်ဟာ ထိုင်ကန်တော့တယ်။

ကန်တော့ပြီးတဲ့အခါ ဦးသိန်းဒန်က…

"ထိုင်ပါဦးကွ ကျင်ဟုတ်ရဲ့၊ သူ့အကြံက ဘယ်လိုအကြံများလဲ"

လို့ မေးတယ်။

"ကျွန်တော် မပြောချင်ပါဘူး သူဌေး၊ အင်မတန်ပက်စက်တဲ့ အကြံပါ၊ ကျွန်တော့်ကို ခွင့်ပြုပါ"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သွားဟန်ပြင်တယ်။

ဦးသိန်းဒန်က···

"ထိုင်ပါဦးကွ၊ ဘယ်လိုအကြံများလဲ သူ့အကြံက"

လို့ ထပ်မေးပြန်တယ်။

"သူဌေးရယ် အောင်တင့် ကျွန်တော့်ထက် စုံစုံလင်လင် ပိုပြောတတ်ပါတယ်၊ သူဌေး အောင်တင့်ကို ခေါ်မေးပါ"

လို့ ဆိုပြီး ကြမ်းပြင်ကို ကျင်ဟုတ် စိုက်ကြည့်နေတယ်။

"မဟုတ်ပါဘူး၊ နည်းနည်းဖြစ်ဖြစ် မင်း သိသလောက်ပဲ ပြောစမ်းပါဦး"

လို့ ဦးသိန်းဒန်က ဆက်မေးတယ်။

ကျင်ဟုတ် ခဏလောက် စဉ်းစားသလိုလုပ်ပြီး သက်မချလိုက်တယ်၊ ပြီးတော့ မပြောချင် ပြောချင် အမူအရာမျိုးနဲ့···

"သူ့အကြံ အတိုချုပ်ကတော့ သူဌေးကို မြူနီစီပယ် ရာထူးက ဖြုတ်ပြီး သူ ဥက္ကဋ္ဌတက်လုပ်ဖို့အကြံပါပဲ သူဌေးရယ်"

လို့ ကျင်ဟုတ်က ပြောလိုက်တယ်။

ဦးသိန်းဒန်လည်း တိုက်အပြင်ဘက်ကို ငေးကြည့်နေပြီး သက်မကြီး ချလိုက်တယ်။ ကျင်ဟုတ်ဟာ ဦးသိန်းဒန်ကို လှမ်းကြည့်လိုက်တဲ့အခါ သူ ပစ်လိုက်တဲ့မြားချက်ဟာ အတော်စူးနေပြီဆိုတာ သိတဲ့အခါ···

"ဒီလောက် ပြောမိမှဖြင့် မထူးတော့ပါဘူး သူဌေးရယ်၊ ကျွန်တော် သိသလောက် အကုန် ပြောပြပါ့မယ်၊ လွန်ခဲ့တဲ့လ ရှစ်ရက်နေ့တုန်းက သူဖိတ်တာနဲ့ သူ့အိမ်မှာ အောင်တင့်ဟာ မနက်စာထမင်းသွားစားရတယ်၊ ထမင်းကျွေးပြီးတော့ သူဌေးဟာ ဘာပညာရှိလို့လဲ၊ မြူနီစီပယ်အုပ်ချုပ်ရေး ဘာနားလည်လို့လဲ၊ အလကား လူပြိန်းကြီး၊ ဒီလိုလူမျိုးဟာ ခေါင်းဆောင်လုပ်လို့ ဘယ်ဖြစ်နိုင်မှာလဲ၊ သူများနောက်ကလိုက်ပြီး လက်ညှိုးထောင်လိုက် ခေါင်းညိတ်လိုက် လုပ်နေရတဲ့ နောက်လိုက်လုပ်ဖို့သာ ကောင်းတယ်။

"သူကတော့ ဘီအေ၊ ဘီအေတောင်မှ ရိုးရိုးအောင်တာ မဟုတ်ဘူး၊ အင်္ဂလိပ်စာဂုဏ်ထူးနဲ့ အောင်တာ၊ ဒီလိုဂုဏ်ထူးမျိုး မြန်မာတစ်နိုင်ငံလုံးမှာ သူပါနဲ့မှ ခြောက်ယောက်လောက်ပဲရှိတယ်၊ အဲဒီတော့ မြူနီစီပယ်ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခြင်းဖြစ် သူသာဖြစ်ဖို့ကောင်းတယ်၊ သူဌေးတို့လို နလပိန်းတုံးကြီးတွေ ဖြစ်ဖို့မကောင်းဘူး၊ သူဌေး မြူနီစီပယ်ဥက္ကဋ္ဌတက်ဖြစ်နေတာ မြို့မှာ ကျက်သရေယုတ်တယ်ဆိုပြီး သွားပုပ်လေလွင့်တွေ လျှောက်ပြောနေတယ်၊ ပြီးတော့မှ အောင်တင့်ကို ငွေတစ်ထောင် စရန်အဖြစ်နဲ့ ထုတ်ပေးပြီး မြူနီစီပယ် လူကြီးတွေဆီမှာ မဲဆွယ်ခိုင်းတယ်၊ သူ့ဘက်မှာ မဲများတာနဲ့ သူဌေးကို ဖြုတ်ချပြီး သူ ဥက္ကဋ္ဌတက်လုပ်မှာပဲ...

... သူချိန်နေတာကတော့ အောင်တင့်ရဲ့ပြောချက်အရဆိုရင် ဒီလောက် တင်မကပါဘူး၊ လာမယ့် လွှတ်တော် ရွေးကောက်ပွဲမှာလည်း သူ ဝင်အရွေးခံမယ်၊ အဲဒီအခါ သူနဲ့ မယှဉ်ပြိုင်နိုင်အောင် အခုကတည်းက သူဌေးကို ချိုးထားရမယ် ဆိုတာတွေကိုလည်း သူက ပြောလိုက်သေးတယ်၊ အဲဒီရည်ရွယ်ချက်နဲ့ သူလှမ်းနေတဲ့ ခြေလှမ်းက ဒီလိုပါ သူဌေးရယ်၊ ရှေးဦးစွာ ကျွန်တော့်ကို လူရှုပ်လို့ သူ သတင်းလွှင့်မယ်၊ ပြီးတော့ ဒီလူရှုပ်ဟာ သူဌေးရဲ့ လူယုံဆိုပြီး သူဌေး နာမည်ပျက်အောင် သူဌေးကို ဆွဲထည့်မယ်၊ သူ့မြားဟာ ကျွန်တော့်ကို ချိန်ထားပေတဲ့ တကယ်ကျတော့ သူဌေးကို ပစ်မယ့်မြားပဲလို့၊ ခုတင်က ကျွန်တော်ပြောတာ ဒါကိုရည်ရွယ်ပြီး ပြောတာပါပဲ ခင်ဗျာ...

... သူဟာ ဘီအေ ဂုဏ်ထူးနဲ့ အောင်တယ်၊ ပြီးတော့ ငွေလိုချင်ရင် သူ့ဆီမှာ သွားပြီး ဆွဲလို့ရတယ်ဆိုတော့ အောင်တင့်ဟာ သူ့ကို တော်တော် အထင်ကြီးနေတယ်၊ အဲဒါကြောင့် သူ့ဆီကပြန်လာပြီး မကြာခင်ပဲ ကျွန်တော့်ဆီ ပေါက်လာတယ်၊ အဲဒီလိုလာပြီး သူသင်ပေးလိုက်တဲ့အတိုင်း သူဌေး မကောင်းကြောင်းတွေကို စပြီးပြောတယ်၊ ဒီကောင်ဟာ ဘယ်ရောက်အောင်များ ပြောမလဲလို့ ကျွန်တော်လည်း အောင်တင့်ပြောတာကို အသာနားထောင်နေတယ်၊ အဲဒီလို ပြောလို့ဝတော့မှ သူနဲ့ မောင်ချစ်ဦးမှာ ဦးကို ဖြုတ်ချဖို့ အစီအစဉ်တွေ ရှိတယ်၊ ကျွန်တော်လည်း ဝိုင်းကူပါ၊ မောင်ချစ်ဦး ဥက္ကဋ္ဌဖြစ်ရင် ကျွန်တော် လုပ်ချင်တာကိုသာ ပြော၊ အကုန်လုံး ဖြစ်ရစေမယ်လို့ဆိုပြီး ကျွန်တော့်အကူအညီကို တောင်းပါတယ်၊ အဲဒီတော့မှ ဦးဟာ ဝါးခယ်မတစ်မြို့ တည်းသာ မကဘူး၊ တစ်နယ်လုံးရဲ့ ကျေးဇူးရှင်ကြီး ဘယ်လိုဖြစ်တယ်ဆိုတာ နှစ်နာရီလောက် အောင်တင့်ကို ကျွန်တော် ရှင်းပြတယ်၊ ပြီးတော့မှ ကျေးဇူးရှင် ကို မပြစ်မှားဖို့လည်း ကျွန်တော် ဆုံးမတယ်၊ သူ့ငွေကို ပြန်ပေးလိုက်၊ ငွေလိုချင် ရင် ငါ့ဆီလာတောင်း၊ ငါပေးမယ်လို့ ကျွန်တော် ပြောတယ်၊ နောက်နှစ်ရက်

www.burmeseclassic.com



လောက်ကြာတော့ အောင်တင့်လည်း မောင်ချစ်ဦးရဲ့ ငွေကို ပြန်ပေးလိုက်ပါတယ်၊ ဒါပေမယ့် အောင်တင့်ဟာ သိပ်အတဲ့ကောင်၊ သူတို့အကြံကို ကျွန်တော်နဲ့ တိုင်ပင်တယ်၊ ကျွန်တော်က မလုပ်ဖို့ ဖျက်လိုက်တယ် ဆိုပြီး မောင်ချစ်ဦးကို အကုန်ဖွင့်ပြောတယ်၊ အဲဒီကတည်းက မောင်ချစ်ဦးဟာ ကျွန်တော့်ကို ရန်ငြိုးဖွဲ့တာပါပဲ သူဌေးရယ်''

လို့ ကျင်ဟုတ်က ဦးသိန်းဒန်ကို အစီရင်ခံတယ်။

ဦးသိန်းဒန်လည်း ကျင်ဟုတ်ပြောနေတုန်း သုံးလေးကြိမ်လောက် သက်မချတယ်။ ကျင်ဟုတ် အစီရင်ခံပြီးတဲ့အခါ…

''ကျင်ဟုတ်ရေ၊ မြွေပွေးကို ခါးပိုက် ပိုက်မိတော့မလို့ နည်းနည်းပဲ လိုတော့တယ်ဟေ့''

လို့ ဦးသိန်းဒန်က ပြောတယ်။

''မှန်တာပေါ့ သူဌေးရယ်၊ ကျွန်တော်သွားပါဦးမယ်၊ ခွင့်ပြုပါ ခင်ဗျာ''

ဆိုပြီး နေရာက ထတယ်။

ဦးသိန်းဒန်က…

''ကျင်ဟုတ်ရေ၊ အောင်တင့်ကို အခုချက်ချင်းရှာပြီး လွှတ်လိုက်စမ်းဟေ့''

လို့ အမိန့်ပေးတယ်။

ကျင်ဟုတ်လည်း…

''ဟုတ်ကဲ့''

လို့ အမိန့်နာခံပြီး ထွက်သွားတယ်။

ညနေ ခြောက်နာရီလောက် ကြိုင်ကြိုင်ကို ခေါ်ရအောင် နေ့စဉ်လာနေကျအတိုင်း ချစ်ဦးလာတဲ့အခါ ဦးသိန်းဒန် အတွေ့မခံတော့ဘူး၊ တိုက်ပေါ်မှာ တက်နေတယ်။

ည ခုနစ်နာရီခွဲလောက်ရှိတော့ ဦးသိန်းဒန်ဆီကို ကျင်ဟုတ် သုတ်သီးသုတ်ပျာနဲ့ ပေါက်လာပြီး…

''ဒီက ပြန်ပြန်ချင်း ကျွန်တော် အောင်တင့်ကို လွှတ်လိုက်တယ်၊ သူဌေးဆီကို သွားမယ်ဆိုပြီးတော့ သူဌေး စိတ်ဆိုးမှာ ကြောက်တာနဲ့ ခုတင်က

www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတဲ့ အမြန်နဲ့ ရန်ကုန် ထွက်ပြေးပြီ၊ အခုပဲ သူ့မိန်းမ လာပြောတယ် သူဌေး၊ ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ကျွန်တော် ဦးကျင်စိန်ကို ရန်ကုန်လွှတ်ပြီး အခေါ်ခိုင်းလိုက်ပါ့မယ်၊ သူ့မိန်းမ ပြောတော့ အောင်တင့်ဟာ ဦးစိတ်ဆိုးမှာကြောက်ပြီး တစ်ကိုယ်လုံး ဖိန့်ဖိန့်တုန်နေတာပဲတဲ့၊ အဲဒီတော့ သူဌေးရယ် သူ မလိမ္မာလို့ တစ်ခါတလေ မှားယွင်းသွားတာ သည်းခံပါ၊ ကျွန်တော် စာထဲမှာ မင်းကို သူဌေးက ဘယ်လိုမှ အရေးမယူစေရပါဘူး၊ ငါ အာမခံတယ်၊ ပြီးတော့လည်း သူဌေးနဲ့ ငါ တွေ့ပြီးပြီ၊ သူဌေး မင်းအပေါ်မှာ စိတ်ပြေနေပြီလို့ ကျွန်တော် ထည့်ရေးလိုက်တယ်၊ ရေးနိုင်ပါ့မလား သူဌေး''

လို့ ဦးသိန်းဒန် ယုံသည်ထက် ယုံလာအောင် ထပ်အယုံသွင်းနေတဲ့ အနေနဲ့ ဦးသိန်းဒန်ကို ဆက်ပြီး လိမ့်ပြန်တယ်။

''ရေးနိုင်ပါတယ်၊ ရေးသာ ရေးလိုက်ပါ''

လို့ ဦးသိန်းဒန်က ခွင့်ပြုတယ်။

အမှန်စင်စစ်ဆိုရင် အောင်တင့် ရန်ကုန်ကို ထွက်သွားတာ ဘယ်သူက ခိုင်းလို့မှ မဟုတ်ဘူး၊ ကျင်ဟုတ်ခိုင်းလို့ပဲ၊ ဒီလို ခိုင်းလိုက်တာ တခြားကြောင့် မဟုတ်ဘူး၊ ဦးသိန်းဒန်ကို ပိုပြီး အယုံသွင်းချင်လို့ ဖြစ်တယ်။ အဲဒီလို စိတ်ချ လက်ချ ယုံကြည်လာအောင် အယုံသွင်းချင်တဲ့အတွက် 'ကျင်စိန် လာခေါ် လိမ့်ဦးမယ်၊ လိုက်မလာနဲ့ဦး၊ ငါကိုယ်တိုင် လာခေါ်တော့မှလာ' လို့လည်း ရန်ကုန်သွားခါနီး ကျင်ဟုတ်က အောင်တင့်ကို ထပ်မှာလိုက်သေးတယ်။ အဲဒီအစီအစဉ်အရ ကျင်စိန် ရန်ကုန်က ပြန်လာတဲ့အခါ အောင်တင့် လိုက်မလာဘူး၊ ကျင်ဟုတ် မှာလိုက်တဲ့အတိုင်း…

ကိုကျင်ဟုတ်

ခင်ဗျားကို ကျွန်တော် အင်မတန် ယုံကြည်ပြီး ကိုချစ်ဦးနဲ့ ကျွန်တော်ရဲ့အကြံကို ကျွန်တော် ဖွင့်ပြောမိတယ်။ ခင်ဗျားက မျက်နှာလို မျက်နှာရ လုပ်ပြီး ခင်ဗျားဆရာ သူဌေးကို အကုန် ပြန်ပြောတယ်။ အဲဒီတော့ သူဌေးက ကျွန်တော့်ကို ဘယ်လိုမှ အရေးမယူစေရဘူး၊ ခင်ဗျား အာမခံတယ်ဆိုတဲ့ ကတိကို ကျွန်တော့် ကို ဘယ်လိုလုပ်ပြီး ယုံနိုင်ပါ့မလဲ။ ခင်ဗျားဟာ သူဌေးအတွက်ဆိုင် ဘယ်သူ့ကိုမှ ထောက်တာမဟုတ်ဘူး။ ကျွန်တော်သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှားတဲ့အပြစ်ကို သူဌေးဟာ ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် ကျွန်တော် ဝါးခယ်မကို ပြန်မလာရဲဘူး။

**အောင်တင့်**

ဆိုတဲ့စာကို ရေးပြီး ကျင်စိန်ကို ပေးလိုက်တယ်။

ကျင်ဟုတ်လည်း ဒီစာကို ယူသွားပြီး သူဌေး ဦးသိန်းဒန်ကို ပြတယ်။ အလိုလိုမှ ယုံနေတဲ့ ဦးသိန်းဒန်ဟာ စာကို မြင်တဲ့အခါ ကျင်ဟုတ် ကုန်းတိုက်ထားတာတွေကို ပိုပြီး ယုံကြည်သွားပြန်တယ်၊ အဲဒီနေ့ ညနေပဲ သူကိုယ်တိုင် အောင်တင့်ကို ရန်ကုန်မှာ လိုက်ခေါ်မယ်လို့ ပြောပြီး ကျင်ဟုတ် ပြန်သွားတယ်။

နောက်နှစ်ရက်လောက်ကြာတဲ့အခါ ကျင်ဟုတ်နဲ့ အောင်တင့်တို့ ရန်ကုန်က ပြန်လာကြတယ်။ အဲဒီနေ့မနက်ပဲ ခုနစ်နာရီခွဲလောက် သူတို့ နှစ်ယောက်စလုံး ဦးသိန်းဒန်ဆီကို လာတယ်။ အောင်တင့်လည်း ကျင်ဟုတ် သင်ထားတဲ့အတိုင်း ဦးသိန်းဒန်ရဲ့အနားကို ရောက်တာနဲ့ ထိုင်ကန်တော့တာပဲ။ ပြီးတော့မှ ကြမ်းပြင်ပေါ်မှာ ထိုင်လျက်က ဦးသိန်းဒန်ကို လက်အုပ်ချီပြီး…

"ကျွန်တော့်မိုက်ပြစ် သည်းခံပါသူဌေး၊ ကျွန်တော် အများကြီး နောင်တရပါပြီ၊ နောက်ကို ဒါမျိုး မဖြစ်စေရပါဘူး"

လို့ တောင်းပန်တယ်။

ဦးသိန်းဒန်လည်း ရွှင်ရွှင်ပျပျနဲ့…

"အောင်တင့်ရေ၊ အပေါ်မှာ ထိုင်ကွယ်၊ အပေါ်မှာထိုင်"

လို့ ပြောတယ်။

အောင်တင့်လည်း အောက်မှာ ထိုင်မြဲထိုင်လျက် လက်အုပ်ချီထားတယ်။ အဲဒီတော့မှ ဦးသိန်းဒန်က…

"ငါ စိတ်မဆိုးပါဘူးကွာ၊ ပြီးတာ ပြီးပါစေ၊ ကဲ ကဲ အောင်တင့်ရေ၊ အပေါ်မှာ ထိုင်"

လို့ ရွှင်ရွှင်ပြုံးပြုံး ကြည်ကြည်သာသာ ပြောတယ်။

ကျင်ဟုတ်ကပါ အပေါ်မှာထိုင်ဖို့ ပြောတဲ့အတွက် အောင်တင့်လည်း ကြမ်းပြင်ပေါ်ကထပြီး ကုလားထိုင်ပေါ်မှာ ထိုင်လိုက်တယ်။

ဦးသိန်းဒန်က…

"မင်းတို့ အဖြစ်အပျက်ကို ပြောစမ်းပါဦးကွ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အမိန့်ရှိတာနဲ့ အောင်တင့်က…

"သူဌေးရယ်၊ ကိုချစ်ဦးဟာ ဘီအေလည်း ဂုဏ်ထူးနဲ့အောင်တယ်၊ ကျွန်တော် ဖွေကိုလိုချင်ရင်လည်း သွားဆွဲလို့ရတယ်ဆိုတော့ ကျွန်တော်လည်း သူ့ကို ခင်လည်း ခင် အထင်လည်းကြီးပြီး သူ့ဘက်ကို ပါသွားမိတာပါပဲ"

အစချီပြီး ကျင်ဟုတ် ပြောသွားတဲ့အတိုင်း အကုန်လျှောက်ပြောတာပါပဲ။

ကျင်ဟုတ်နဲ့ အောင်တင့်တို့ ပြန်သွားသွားချင်း ဦးသိန်းဒန်ဟာ ဝင်းစောင့် ဒရဝမ်ကို ခေါ်ပြီး…

"ချစ်ဦးလာရင် ဝင်းထဲကို အဝင်မခံနဲ့၊ ဝင်းထဲကို ဝင်လာတာ တွေ့ရရင် မင်း သေရအောင်ပြင်ပေတော့"

လို့ အမိန့်ပေးလိုက်တယ်။

နောက်ပြီးတော့ သမီး ကြိုင်ကြိုင်ကိုခေါ်ပြီး သူ့အပေါ်မှာ မကောင်း ဘယ်လိုကြံတယ်ဆိုတာ ကျင်ဟုတ်နဲ့အောင်တင့်တို့ဆီက ကြားတဲ့အတိုင်း အကုန်ပြောပြတယ်။

ကြိုင်ကြိုင်က…

"ဖေဖေကြီးရယ်၊ ကိုချစ်ဦးက ဒီလိုအစားထဲက ဟုတ်မယ် မထင်ပါဘူး၊ သူများပြောတိုင်း မယုံပါနဲ့ ဖေဖေ"

လို့ ချစ်ဦးကို ကာကွယ်တယ်။

ဦးသိန်းဒန်က…

"ငါဟာ သူများပြောတိုင်း ယုံတာ မဟုတ်ဘူး၊ ဖေဖေ့မှာ သက်သေ အင်မတန် ခိုင်ခိုင်လုံလုံရှိတယ်"

လို့ ဒေါသနဲ့ ပြောတယ်။

ကြိုင်ကြိုင်လည်း ဘာမှ ထပ်မပြောတော့ဘူး။ တအောင့်လောက်ကြာတော့မှ ဦးသိန်းဒန်က…

"ချစ်ဦး ညကျောင်းမှာ စာပြရင် သမီးမပြရဘူး၊ ဒီကောင့်ကို ကျောင်းမှာ လက်မခံရင် သူ့ထက်တော်တဲ့ ဂုဏ်ထူးနဲ့ ဘီအေတစ်ယောက်ကို ဘယ်လောက်ပေးရ ပေးရ ဖေဖေ ငှားပေးမယ်၊ အဲဒါပဲ၊ ဒီကနေ့ကအစ သူ ညကျောင်းကိုလာသရွေ့ သမီး ညကျောင်းကို မသွားရဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဒေါသနဲ့ ပြောပြီး ထသွားတယ်။

ကြိုင်ကြိုင်လည်း သူ့ခုတင်ပေါ်မှာလှဲရင်း 'ဖေဖေဟာ သိပ်ခက်တယ်၊ တစ်ဖက်သားပြောသမျှ အကုန်လုံးယုံတာပဲ၊ ကြားရတဲ့ သတင်းဟာ ဟုတ်နိုင်တယ်၊ မဟုတ်နိုင်ဘူးဆိုတာ ဘယ်တော့မှ မစဉ်းစားဘူး၊ ဒါတွေဟာ ရန်တိုက်ပေးတာတွေဆိုတာ ကလေးတောင် သိနိုင်တယ်၊ ဒီ ကိုကျင်ဟုတ်ဆိုတဲ့ လူဟာ ဘာကြောင့်များ ဒီလိုဝင်ပြီး ရန်တိုက်ရတာလဲ၊ ငါ့ကို သူ့လူထဲက တစ်ယောက်ယောက်နဲ့များ ပေးစားချင်လို့လား၊ ဒီလိုမှမဟုတ်ရင်လည်း ကိုချစ်ဦးနဲ့ မတည့်လို့လား၊ ဒီကျင်ဟုတ်ကို တစ်မြို့လုံးမှာ ဖေဖေတစ်ယောက်ပဲ လူရာသွင်းတာ၊ ရှုပ်လွန်း ပေလွန်းလို့ လူကောင်းတွေဆိုရင် သူ့ကို ဘယ်သူကမှ ဆေးဖော်ကြောဖက် လုပ်တာ မဟုတ်ဘူး၊ ငါ့ကို တစ်ယောက်ယောက်နဲ့များ ပေးစားဖို့ ဖေဖေပြောရင်တော့ သိရောပေါ့ကွယ်၊ ကိုချစ်ဦးရဲ့မေတ္တာကို ငါ လက်ခံတုန်းကလည်း ဖေဖေရဲ့ သဘောတူညီချက်ရပြီးမှ လက်ခံတာ၊ မိန်းကလေးဆိုတာ မျက်နှာများရင် မကောင်းဘူး၊ နောက်ပြီးတော့လည်း ကိုချစ်ဦးမှာ ဘာအပြစ်ရှိလို့လဲ၊ ဒါပေမယ့်လေ ကိုချစ်ဦးဟာ ဖေဖေ့ကို စိတ်နာပြီး ငါ့ကိုပါ စိတ်များနာမလား၊ စိတ်နာရင်လည်း ငါ့ကုသိုလ်နဲ့ ငါပေါ့ကွယ်၊ ဘယ်တတ်နိုင်မလဲ၊ သူ့နောက်ကိုလိုက်သွားလို့ ငါ့ကို ဖေဖေက အမွေဖြတ်မယ်ဆိုရင် ငါ့အပေါ်မှာ သူ စိတ်တစ်မျိုးပြောင်းသွားမလား၊ ကိုချစ်ဦးဟာ ငွေမက်တဲ့လူစားမျိုး မဟုတ်ပါဘူး၊ ဒါပေမယ့် သူ့နောက် မလိုက်ခင် မေးစရာရှိတာတွေကိုတော့ အကုန်လုံးမေးရမယ်၊ ဖေဖေဟာ ဒေါသ ခပ်ကြီးကြီးနဲ့ဆိုတော့ ကိုချစ်ဦးကိုများ ရန်ရှာနေဦးမလား' အစရှိသဖြင့် ရောက်တတ်ရာရာတွေကို တွေးနေတယ်။

ပြီးတော့မှ ကိုချစ်ဦးကို ပေးဖို့ စာတစ်စောင် ထရေးတယ်။

ညနေကျတော့ ခါတိုင်းလာခေါ်သလို ချစ်ဦးလာတဲ့အခါ ဝင်းဝက ဝင်းစောင့် ဒရဝမ်က ဆီးတားတယ်။

ချစ်ဦးလည်း အံ့အားသင့်ပြီး…

"ဟေ့၊ ငါ ဒီကို လာနေကျပဲ၊ မင်းလူမှား နေပြီထင်တယ်"

လို့ ပြောတယ်။

"မမှားဘူး၊ ခင်ဗျား ကိုချစ်ဦး မဟုတ်လား၊ သူဌေးက ချစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဝင်းထဲ မဝင်ရဘူး၊ ဝင်လာတာတွေ့ရရင် မင်း သေသွားမယ်လို့ မနက်ကပဲ အမိန့်ပေးထားတယ်"

လို့ ပြောတယ်။

ချစ်ဦးလည်း အိပ်မက်နေသလိုဖြစ်ပြီး စိတ်ဆိုးရမှာလည်း အခက်၊ မဆိုးရမှာလည်း အခက်ဖြစ်နေတယ်။ အဲဒါနဲ့ 'ကြိုင်ကြိုင် ကျောင်းကို လာတော့မှပဲ ဘာဖြစ်ကြတာလဲ' လို့ မေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ ကျောင်းကို ထွက်သွားတယ်။

ခြောက်နာရီခွဲလောက်ကျတော့ ကြိုင်ကြိုင်နဲ့ လာနေကျ ကျောင်းသူ ကျောင်းသားကလေးတွေသာ လာတော့တယ်။ ကြိုင်ကြိုင် လိုက်မလာဘူး။ ချစ်ဦးအတွက် စာတစ်စောင်သာပေးလိုက်တယ်။ ချစ်ဦးလည်း စာဖတ်ပြီး ဖြစ်မှ ဖြစ်ရပလေကွယ်။ 'မောင်ချစ်ဦး၊ ငါ ဒီလိုပဲကြားတယ်၊ ဒီကြားတဲ့ အတိုင်း မှန်သလားလို့ လူကြီးပီပီ ငါ့ကိုခေါ်ပြီး မေးလိုက်ရုံနဲ့ ပြီးနိုင်တဲ့ကိစ္စပဲ၊ ဒီလိုကိစ္စမျိုးမှာ ဒီလောက်ဖြစ်ရတယ်ဆိုတာ ငါတော့ သိပ်အံ့သြတာပဲ၊ သမီးကို ကြိုက်လို့သာ အောင့်ပြီး ပေါင်းနေရတယ်၊ ဒီလိုလူကြီးမျိုးကို ယောက္ခမတော်ဖို့ ဆိုတာ သိပ်ကြောက်စရာကောင်းတာပဲ' လို့ တစ်ယောက်တည်း ညည်းနေတယ်။

ကျောင်းဆင်းတဲ့အခါ...

ကြိုင်ကြိုင်

ပေးလိုက်တဲ့စာ ရတယ်၊ အကျိုးအကြောင်းသိရလို့ သိပ်ကျေးဇူးတင်ပါတယ်။ ကိုယ့်ကို စွပ်စွဲတဲ့အချက်တွေဟာ သိပ်ရယ်စရာ ကောင်းတာပဲ။ ဒီအချက်တွေကို ကြိုင်ကြိုင် မယုံဘူး ဆိုတဲ့အတွက် ကိုယ့်စိတ်တွေ အများကြီး သက်သာရာရတယ်။ ဒီမီးဟာ ဘယ်သူဝင်ရှို့တဲ့မီးလဲ။ ကြိုင်ကြိုင်နဲ့တွေ့ပြီး စကား စုံစုံလင်လင် ပြောချင်သေးတယ်။

ချစ်ဦး

လို့ရေးပြီး ကြိုင်ကြိုင့်ကိုပေးဖို့ ကျောင်းသူမကလေး သိန်းသိန်း လက်ထဲကို ထည့်လိုက်တယ်။

တနင်္ဂနွေနေ့ကျတော့ ချစ်ဦးနဲ့ကြိုင်ကြိုင်တို့ဟာ ကျောင်းသူမလေး သိန်းသိန်းတို့အိမ်မှာ တွေ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဦးက…

"ဒါ ဘယ်သူရှိတဲ့မီးလဲ"

လို့ မေးတယ်။

"ကျွန်မလည်း အမှန်မပြောနိုင်ဘူး"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ဟုတ်ပြီလေ၊ အမှန်တော့ ဘယ်သိမလဲ၊ ကြိုင်ကြိုင်ရဲ့အထင်ကို ပြောစမ်းပါ"

လို့ ချစ်ဦးက ထပ်မေးတယ်။

"အခုရက်အတွင်း တိုက်ကိုတော့ ကိုကျင်ဟုတ် အလာများတာပဲ"

လို့ ဖြေတယ်။

"ဟုတ်ပါပြီ၊ ဒီကောင့်လက်ချက်ပါပဲ၊ သူရှုပ်တာတွေကို အစည်းအဝေးမှာ ကိုယ်က ဖော်ပြောလို့ အခုလို ကိုယ့်ကို ပြန်နှက်တာပါပဲ၊ ရှင်းနေပါပြီ ကြိုင်ကြိုင်ရယ်"

လို့ ချစ်ဦးက ပြောတယ်။

ခဏငြိမ်နေကြပြီး တစ်အောင့်လောက်ကြာတော့…

"ကြိုင်ကြိုင်ရယ်၊ တိုက်တဲ့လူက တိုက်ပါဦး၊ ဒီသတင်းဟာ ဟုတ်နိုင်တယ် မဟုတ်နိုင်ဘူး၊ ယုတ္တိရှိတယ် ယုတ္တိမရှိဘူး ဆိုတာလောက်မှ ကြိုင်ကြိုင်ရဲ့ဖေဖေဟာ မစဉ်းစားတော့ဘူးလား"

လို့ မေးတယ်။ ကြိုင်ကြိုင်လည်း သူ့အဖေရဲ့ သူများ ပြောစကား ယုံတတ်တဲ့အကြောင်းကို ကောင်းကောင်းသိတယ်။ ဒါပေမယ့် သူ့အဖေ အကြောင်းကို မပြောချင်တာနဲ့ ဘာမှ မပြောဘူး၊ ခေါင်းငုံ့နေတယ်။

"အဘိုးကြီးကို ကိုယ်တွေ့ပြီး ရှင်းပြရကောင်းမလား"

လို့ ချစ်ဦးက ကြိုင်ကြိုင်ဆီမှာ အကြံတောင်းတယ်။

"ကိုချစ်ဦးရယ်၊ ဖေဖေဟာ သိပ်ခက်တယ်"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ဟုတ်ပါတယ်လေ၊ တွေ့ပြီး ရှင်းပြဖို့ဆိုတာ ထားပါဦး၊ ကြိုင်ကြိုင်တို့ တိုက်ဝင်းထဲကိုတောင် ကိုယ်မဝင်ရတော့ဘူး၊ ဒရဝမ်ကို ကြိုင်ကြိုင်ရဲ့ ဖေဖေက အမိန့်ပေးထားတာ၊ ကြားပလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ ချစ်ဦးက မေးတယ်။

ကြိုင်ကြိုင်က ခေါင်းညိတ်တယ်။

*"ဒီမီးဟာ ဘယ်လောက်အထိများ လောင်မလဲ ကြိုင်ကြိုင်ရယ်၊* ကိုယ်တို့ လက်ထပ်မယ့်ကိစ္စကို ဖျက်ပစ်ရမယ့်အထိများ လောင်မှာလား"

လို့ ချစ်ဦးက မေးတယ်။

"ကျွန်မတော့ ဒီလိုပဲထင်တယ်"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"အဲဒီလိုဆိုရင် ကြိုင်ကြိုင်ရဲ့သဘောကကော ဘယ်လိုလဲ"

လို့ မေးတယ်။

"ဒီကိစ္စမှာ ကိုချစ်ဦးဟာ အပြစ်မရှိဘဲ"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ဒီလိုဆိုရင် ကျေနပ်ပါပြီ ကြိုင်ကြိုင်ရယ်၊ တစ်လောကလုံး ဘာဖြစ်နေနေ ဖြစ်ချင်ရာဖြစ်ပစေ၊ ကြိုင်ကြိုင် ကတိမဖျက်ဘူးဆိုရင် ကိုယ်ကျေနပ်ပြီ"

လို့ ချစ်ဦးက ပြောတယ်။

"ဒီအခြေအနေမျိုးမှာ ကိုချစ်ဦး ကျွန်မကိုယူရင် ရှေ့မှာ ဘယ်လိုဟာမျိုးတွေနဲ့ တွေ့ရမယ်ဆိုတာ လေးလေးနက်နက် စဉ်းစားပြီးပလား"

လို့ ကြိုင်ကြိုင်က မေးတယ်။

"ဘာတွေလဲ ကြိုင်ကြိုင်ရဲ့၊ ကြိုင်ကြိုင်သိတာတွေ ပြောပြစမ်းပါဦး"

လို့ ချစ်ဦးက ပြန်မေးတယ်။

"ကိုချစ်ဦးကို ကျွန်မ ယူရင် ဖေဖေကတော့ အမွေဖြတ်မှာပဲ"

လို့ ကြိုင်ကြိုင်က ပြောတယ်။

"ကြိုင်ကြိုင်ရယ် ပေးချင်တဲ့ သစ္စာကို ပေးပါ၊ ကိုယ်ဟာ ငွေမက်ပြီး ကြိုင်ကြိုင်နောက်ကို လိုက်နေတာ မဟုတ်ပါဘူး၊ လူကို မေတ္တာရှိလွန်းလို့ ဒီလောက်အထိ လိုက်နေတာပါ"

လို့ ချစ်ဦးက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာပါတယ် ကိုချစ်ဦးရယ်"

လို့ ကြိုင်ကြိုင်က ပြောတယ်။

"ကြိုင်ကြိုင်ကိုယူရင် ကိုယ်တွေ့ရမယ်ဟာဆိုတာ ဒါပဲလား"

လို့ ချစ်ဦးက မေးတယ်။

"တစ်ခုရှိသေးတယ်၊ ဖေဖေဟာ ဒေါသအင်မတန်ကြီးတယ်၊ သူ့အသိုင်းအဝိုင်းတွေကလည်း များတယ်၊ အဲဒီတော့ ကိုချစ်ဦးအတွက် ရန်ကြီးလိမ့်မယ်ထင်တယ်"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ကြီးချင် ကြီးပါစေ ကြိုင်ကြိုင်ရယ်၊ ကိုယ် မကြောက်ပါဘူး၊ ကမ္ဘာသကာပေါ့"

လို့ ချစ်ဦးက ဖြေတယ်။

"အခု ပြောတာတွေဟာ သိထားရင် ကောင်းမယ်ထင်လို့ ကျွန်မက ကြိုပြီး ပြောထားတာပါ"

လို့ ကြိုင်ကြိုင်က ဖြေတယ်။

"ဟုတ်ပါတယ်၊ ဒါတွေဟာ ကြိုပြီး သိထားဖို့ကောင်းပါတယ်"

လို့ ချစ်ဦးက သဘောတူလိုက်တယ်။ တစ်အောင့်လောက်ကြာတဲ့ အခါ...

"မေမေ ဆုံးတာ လေးလလောက်ပဲ ရှိသေးတယ်၊ ကိုယ်ကတော့ အစကတည်းက ခြောက်လအထိ စောင့်ဖို့ စိတ်ကူးထားတယ်၊ အဲဒီတော့ ကိုယ်တို့ အိမ်ထောင်ပြုဖို့ကိစ္စကို နောက်နှစ်လလောက် ခဏဆိုင်းထားချင်သေးတယ်၊ ဘယ့်နှယ်လဲ ကြိုင်ကြိုင်"

လို့ ချစ်ဦးက မေးတယ်။

"ဒါကတော့ ကိုချစ်ဦးရဲ့ သဘောပါပဲ"

လို့ ကြိုင်ကြိုင်က ဖြေလိုက်တယ်။

နောက်နှစ်ရက်လောက်ကြာတော့ ညခုနစ်နာရီလောက်မှာ ကျင်ဟုတ်ဟာ သုတ်သီးသုတ်ပျာနဲ့ ဦးသိန်းဒန်ဆီကို ပေါက်လာတယ်။

"သူဌေးခင်ဗျာ၊ သိပ်အရေးကြီးတာနဲ့ ကျွန်တော် ဘယ်မှ မဝင်ဘဲ လှခင်တို့အိမ်က ဒီကို တန်းလာတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျင်ဟုတ်က စလိုက်တယ်။ လှခင်ဆိုတာက ကျင်ဟုတ်ရဲ့ မယားငယ်ဖြစ်တယ်။ သူ့မှာ မင်းကလေး ကပ်နေတယ်ဆိုပြီး တစ်ခါတစ်ခါ သူက နတ်ဝင်ပူးသလိုလို၊ ဘာလိုလို လုပ်တတ်တယ်။ ဦးသိန်းဒန်ရဲ့ဇနီး ဆုံးပြီးစကတောင် ကျင်ဟုတ်ပြောတာနဲ့ ဦးသိန်းဒန်ဟာ မလှခင်ကို ခေါ်ပြီး သူ့ဇနီး အခု ဘယ်ရောက်နေသလဲလို့ မေးဖူးသေးတယ်။ နတ်ဝင်ပူးပြီး သူဌေးကတော်ဟာ ဇေသုခကျောင်းတိုက်ထဲက ဦးသိန်းဒန်ဆောက်ထားတဲ့ ဇရပ်မှာ ဇရပ်စောင့်နတ်ဖြစ်နေတယ်ဆိုလို့ သူဌေးကတော်ကြိုက်တတ်တဲ့ ထမင်းဟင်းတွေချက်ပြီး အဲဒီဇရပ်မှာ ဦးသိန်းဒန်ကိုယ်တိုင် နတ်သွားတင်လိုက်ရသေးတယ်။

"အရေးသိပ်ကြီးတာနဲ့ မလှခင်အိမ်က ဒီကို တန်းပြီးလာခဲ့တယ်"

လို့ မောကြီးပန်းကြီး စကား စ,လိုက်တယ်။ ကျင်ဟုတ်က…

"မောင်ချစ်ဦးဟာ တော်တော် ယုတ်မာတဲ့သူငယ်ပဲ၊ အောက်လမ်းဆရာတစ်ယောက်နဲ့ပေါင်းပြီး သူဌေးရဲ့သေကြောင်းကို ကြံနေတယ်၊ ခုနကပဲ မင်းကလေးက လှခင်ကို ဝင်ပူးပြီး 'နင်တို့ တယ်ပေ့ါတယ်၊ နင်တို့ကျေးဇူးရှင် ဦးသိန်းဒန်ဟာ အခု သေကြောင်းကြံတာကို ခံနေရပြီ၊ နင်တို့ သိသလား' လို့ ကြိမ်းပြီး 'ဘုရားကြီး နောက်ဖေးက မာလကာခြံနားက နတ်စင်ကိုသွား၊ နတ်စင်က ညောင်ရေအိုးမှာ တံစူးဝါးနဲ့ရေးထားတဲ့စာကို သေသေချာချာ ဖတ်ကြစမ်း၊ ဘယ်လိုကြံထားတယ် ဆိုတာ တွေ့ရမယ်' လို့ ပြောတယ်…

…နောက်ပြီးတော့လည်း 'နင်တို့သူဌေးခြံရဲ့ သောကြာထောင့်မှာ ကြည့်ကြဦး၊ ကျီးကန်းလည်ပြတ်ကို မီးနေထဘီနဲ့ထုပ်ပြီး မြှုပ်ထားတယ်' လို့ ပြောတယ်။ 'ဘာဖြစ်လို့ ကျီးကန်းလည်ပြတ်ကို မြှုပ်ရတာလဲ အရှင်ကလေးလို့ ကျွန်တော်က လျှောက်ထားကြည့်တယ်၊ မင်းတို့ တယ်အ,တယ်ကွယ်၊ မင်းတို့သူဌေးက သောကြာသား၊ ကျီးကန်းက တနင်္လာဆိုတော့ သောက ဓာတ်ကျနေတယ် မဟုတ်လား၊ မွေ့ာ သောက ဓာတ်ကို ဆင်ထားတာ၊ တဖြည်းဖြည်းနဲ့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ပြီး သေအောင်ဆင်ထားတဲ့ ထိန်းပေ့ါဟယ်' လို့ အရှင်ကလေးက အမိန့်ရှိတယ်…

… အခု ကျွန်တော် နတ်စင်ကို ပထမသွားကြည့်မယ်၊ ဟိုက ပြန်လာတော့မှ သူဌေးရဲ့ခြံထောင့်မှာ မြှုပ်ထားတဲ့ ကျီးကန်းလည်ပြတ်နဲ့ မီးနေထဘီဆိုတာ ဖော်မယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျင်ဟုတ်က ပြောတယ်။

နတ်စင်ကို ငါလည်းလိုက်မယ်ဆိုပြီး သူဌေးဦးသိန်းဒန်လည်း ကျင်ဟုတ်နဲ့ အတူလိုက်သွားတယ်။ နတ်စင်ညောင်ရေအိုးမှာ 'သိန်းဒန် မျက်လုံး ကန်းပြီး ရူးပြီး သေပါစေ' လို့ ရေးထားတာ တွေ့ရတဲ့အခါ ဦးသိန်းဒန်က တောက်ခေါက်လိုက်တယ်။ ပြီးတော့မှ သက်မကြီးချတယ်။

ဒီနတ်စင်ကို…

"အရှင်ကြီးခင်ဗျား၊ မနက်ဖြန်ကျရင် ဒီညောင်ရေအိုးထက် ကောင်းတဲ့ ညောင်ရေအိုး သုံးလုံးကို ပန်းအစုံနဲ့ ကျွန်တော် ဆက်သပါ့မယ်၊ အရှင်ကြီးအတွက် ဖောင်းတော်လည်း ဆက်သပါ့မယ်၊ ငှက်ပျောပွဲ အုန်းပွဲလည်း ပူဇော်ပသပါ့မယ်၊ အခုရှိတဲ့ညောင်ရေအိုးကို စွန့်တော်မူပါ၊ ကျွန်တော်ရဲ့ ကျေးဇူးရှင် သူဌေး ဦးသိန်းဒန်ကိုလည်း ဘေးရန် ခပ်သိမ်းမှ ကင်းငြိမ်းအောင် အရှင်ကြီးစောင့်ရှောက် မတော်မူပါ"

လို့ ဦးသိန်းဒန် ကြားအောင် ကျင်ဟုတ်ဟာ နတ်စင်ရှေ့မှာ ဆောင့်ကြောင့်ထိုင်ပြီး ရှိခိုး တောင်းပန်နေတယ်။

အဲဒီလို တောင်းပန်ပြီးတော့မှ ညောင်ရေအိုးကို ယူလာပြီး မြစ်လယ် ကောင်မှာ မြှုပ်ပစ်လိုက်ဖို့ သူ့တပည့်တစ်ယောက်ကို ကျင်ဟုတ်က အမိန့်ပေး တယ်။

ခြံရဲ့သောကြာထောင့်ကို တူးကြည့်တဲ့အခါမှာလည်း ကျီးကန်း လည်ပြတ်ကို မီးနေထဘီနဲ့ထုပ်ပြီး မြှုပ်ထားတာ တွေ့ရတယ်။

ကျင်ဟုတ်တို့ ပြန်သွားတာနဲ့တစ်ပြိုင်နက် ဦးသိန်းဒန်ဟာ သူ့သမက် ကြီး လွန်းမောင်ကို ချက်ချင်း ခေါ်လိုက်တယ်။ လွန်းမောင်ရောက်လာတဲ့ အခါ…

"လွန်းမောင်၊ ချစ်ဦးရဲ့အဖေ ဦးဘိုးသုံ့ဆီကို အခုချက်ချင်း စာရေး လိုက်၊ ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့အတွက် စေ့စပ်ကြောင်းလမ်းထားတာကို ဖျက်ပစ်လိုက်ပြီလို့ အခုချက်ချင်း ရေးလိုက်"

လို့ ဒေါသတွေ အင်မတန်ထွက်နေတဲ့အတွက် အသံတွေ တုန်တုန် ယင်ယင်နဲ့ ဦးသိန်းဒန်က အမိန့်ပေးလိုက်တယ်။

လွန်းမောင် ထွက်သွားတဲ့အခါ ကြိုင်ကြိုင်ကို ချက်ချင်း ခေါ်လိုက်ပြန် တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့အခါ…

“ချစ်ဦးဟာ ငါ့ကို သေကြောင်းကြံတဲ့အထိ ယုတ်မာနေပြီ”

လို့ အစချီပြီး အသံတွေ အသားတွေ တုန်တုန်ယင်ယင်နဲ့ နုတ်စင်နဲ့ ခြံထောင့်မှာ သူမြင်ခဲ့တာတွေ အကုန်လျှောက်ပြောတယ်။

ကြိုင်ကြိုင်လည်း ဒါတွေကို ကြားရတော့ ရယ်ချင်တယ်။ ဒါပေမယ့် အဖေကို ကြောက်ပြီး အတော် အောင့်နေရတယ်။ အဲဒါတွေကို ပြောပြီးတော့မှ…

“သမီး၊ ဒီကောင်ကို မယူရဘူး၊ စေ့စပ်ကြောင်းလမ်းထားတာ ဖျက်လိုက်ပြီဆိုတာ အခုပဲ လွန်းမောင်ကို ဖေဖေ အရေးခိုင်းလိုက်ပြီ”

လို့ ဦးသိန်းဒန်က ဆက်ပြောတယ်။

တစ်အောင့်လောက်ကြာတော့မှ…

‘ဒါပဲ၊ သမီးဟာ ဖေဖေ့စကား နားမထောင်ဘဲ ဒီကောင့်ကို ဖွတ်ယူရင် ဖေဖေ့အကြောင်းကို သမီး သိမယ်”

လို့ ဦးသိန်းဒန်က သမီးကြိုင်ကြိုင်ကို ရာဇသံပေးလိုက်တယ်။

မကြာသောတစ်နေ့မှာ အခုလို သူ့အဖေက ရာဇသံပေးတဲ့စခန်းအထိ ဆိုက်ရတော့မယ်ဆိုတာ အဖေ့အကြောင်း ကောင်းကောင်းသိနေတဲ့ သမီး ကြိုင်ကြိုင်က အစောကြီးကတည်းက ကြံပြီး တွက်ထားတယ်။ ဒါကြောင့် သူ့အဖေရဲ့ ရာဇသံကို ကြားရတဲ့အခါ ကြိုင်ကြိုင်ဟာ သိပ်ပြီး မတုန်လှုပ်ဘူး၊ ငြိမ်ပြီး နားထောင်နေတယ်။

❑

www.burmeseclassic.com

# အခန်း ၁၀

## မိဘရှင်ခွင်မှ ချစ်သူရှင်ခွင်သို့

သူဌေးဦးသိန်းဒန်နဲ့ မောင်ချစ်ဦးတို့ သတင်းဟာ ဝါးခယ်မတစ်မြို့လုံးကို တောမီးလိုပျံ့သွားတယ်။ ဈေးမှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်၊ လက်ဖက်ရည်ဆိုင်မှာပဲဖြစ်ဖြစ်၊ ဘိလိယက်ခုံမှာပဲဖြစ်ဖြစ်၊ ဖဲဝိုင်း ကက်ဝိုင်း ပိုကာဝိုင်းမှာပဲဖြစ်ဖြစ်၊ အိမ်တွေမှာပဲဖြစ်ဖြစ်၊ ဥပုသ်ဇရပ်မှာပဲဖြစ်ဖြစ် လူစုမိရင် ပြောပြောနေကြတဲ့ အကြောင်းဟာ ဒီသူဌေး ဦးသိန်းဒန်နဲ့ ချစ်ဦးတို့အကြောင်းပဲ ဖြစ်တယ်။

'ချစ်ဦးဟာ ဒီလိုဒီလိုဟာတွေ လုပ်မယ်' ဆိုတာကို ယုံမယ့်လူ မရှိဘူး၊ သူဌေးဦးသိန်းဒန်ရဲ့တစ်ဘက်သားစကား ယုံတတ်တာကိုပဲ ပြောပြီး တဟားဟားနဲ့ ရယ်နေကြတယ်။

တချို့ကလည်း 'ဒီလူကြီးဟာ အသက်သာ ကြီးလာတယ်၊ စိတ်က တော့ ကလေးစိတ်ပဲ ရှိသေးတယ်၊ ဒီကလေးစိတ်ကြောင့် သူ အလှူအတန်း ရက်ရောသမျှတွေဟာ အလဟဿဖြစ်ရရှာတယ်'ဆိုပြီး သူ့ကို သနားကြတယ်။

တချို့ကလည်း 'ကျင်ဟုတ် ရှုပ်လိုက်တာ နတ်တွေတောင် မျက်စိလည်ကုန်ကြပြီ၊ ဦးသိန်းဒန် ခေါင်စိုင်းနေတာကတော့ အံ့ဩစရာမရှိပါဘူး'လို့ ပြောကြတယ်။

'ကျင်ဟုတ်ရဲ့ စကားဟာ ဒီလူကြီးအပေါ်မှာ ဒီလို အောင်တဲ့ အကြောင်းတစ်ခုခု ရှိလိမ့်ဦးမယ်' လို့လည်း ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သူဌေးကတော် ဒေါ်အုံးကြည် မဆုံးခင်တုန်းကတော့ သူဌေးအနား ကို ကျင်ဟုတ် ကပ်လို့မရပါဘူး၊ သူဌေးကတော်ဆုံးတော့ ထောကန္တတ်ဘက် က မသောင်းဆိုတဲ့ ခပ်ပျက်ပျက်ကောင်မကလေး တစ်ကောင်ခေါ်ပြီး သူ့အိမ်မှာ ဦးသိန်းဒန်နဲ့ လွှတ်ပေးတယ်၊ ဒီကတည်းက သူနဲ့အဘိုးကြီး အပေါင်း နာသွားတယ်၊ အဘိုးကြီးလည်း ဒီမိသောင်းကို တော်တော်စွဲလိုက်သေးတယ်၊ နောက်တော့ သူ့မှာ ဂနိုးရိုးယားဖြစ်တော့မှပဲ ဒီကောင်မလေးနဲ့ ပြတ်သွားတယ်၊ ဒီအဘိုးကြီးဟာ အစတုန်းက အရက်လည်း မသောက်တတ်ပါဘူး၊ ကျင်ဟုတ်နဲ့ ပေါင်းမိမှ သောက်တတ်လာတယ်၊ အဘိုးကြီးက မြင်းဖြူဝီစကီမှ ကြိုက်တယ်၊ နေ့တိုင်းသောက်တာတော့ မဟုတ်ပါဘူး၊ သူ့အိမ်မှာ ညစာစားပွဲတို့ ဘာတို့ လုပ်တဲ့အခါ သောက်တတ်တာ၊ ဧည့်သည်တွေကိုလည်း တိုက်၊ သူလည်း နည်းနည်းသောက်၊ ဒါမျိုးပါပဲ၊ အဲဒီအရက်ကို ကျင်ဟုတ်က အလျှင်မီအောင် ဝယ်ပေးရတယ်၊ အဲဒါမျိုးကလေးတွေ လုပ်ပေးရင်းက ကျင်ဟုတ်နဲ့ အဘိုးကြီးနဲ့ ပေါင်းမိသွားပြီး ကျင်ဟုတ်က နားရွက်ဆွဲလှည့်နေတာကို အဘိုးကြီး ခံနေတာ ပါပဲ၊ အဘိုးကြီးရဲ့ ဝါသနာနဲ့ မြူနီစီပယ် ဥက္ကဋ္ဌအလုပ်နဲ့ဟာ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ ဒါပေမယ့် ကျင်ဟုတ်က ဘယ်လိုများ နားရွက်ဆွဲပြီး လှည့် လိုက်တယ် မဆိုနိုင်ပါဘူး၊ ဖြန့်းဆို မြူနီစီပယ်ရွေးကောက်ပွဲမှာ ဝင်အရွေးခံ တဲ့အဖြစ်ကို ရောက်တာပါပဲ' လို့ ဦးသိန်းဒန်နဲ့ ကျင်ဟုတ်ရဲ့အတွင်းရေးတွေကို သိတဲ့လူတချို့က 'ကျင်ဟုတ် စကားဟာ ဦးသိန်းဒန်အပေါ်မှာ ဘာဖြစ်လို့ ဒီလောက် အောင်နေရသလဲ' လို့ မေးတဲ့သူတွေကို ရှင်းပြတယ်။

တချို့ကလည်း 'ဒီလိုဆိုရင် အဘိုးကြီးဟာ ငွေတော့ မစားဘူး၊ ကန်ထရိုက်တာတွေဆီက ပုလင်းနဲ့ ကွင်းကို စားတာပေါ့' လို့ သူတို့ထင်တာကို ထုတ်ပြီးပြောကြတယ်။ 'ဒီလို မဟုတ်ပါဘူး၊ ဦးသိန်းဒန်ဟာ ဘယ်သူနဲ့ပဲ ပေါင်းပေါင်း ဘယ်သူ့အပေါ်မှာမှ မတင်စီးတတ်ပါဘူး၊ သူများတွေရဲ့ကျေးဇူး သူ့အပေါ်မှာ တင်နေမှာကိုလည်း သူ မကြိုက်ဘူး၊ ဒီသာဓကမျိုးတွေ အဘိုးကြီး မှာ တစ်ပုံကြီးရှိတယ်၊ မိသောင်းနဲ့ ဖြစ်နေတုန်းကလည်း တစ်ကြိမ်တွေ့ရပြီးရင် တစ်ရာ နှစ်ရာ ပစ်ပေးချင် ပစ်ပေးလိုက်တာပဲ၊ အဲဒါ မိသောင်း အကုန်မရှုံးပါ ပါဘူး၊ ကျင်ဟုတ်က ခေါင်းပုံ ဝင်ဖြတ်လိုက်သေးတယ်၊ မြင်းဖြူ ဝီစကီမှာ တစ်ပုလင်းမှ ကိုးကျပ်ရယ်၊ တစ်ဒါဇင်မှ တစ်ရာ့ရှစ်ကျပ် ကျတယ်၊ ကျင်ဟုတ် က တစ်ဒါဇင် သွားပို့ရင် အဘိုးကြီးက ငွေ ၃၀၀၊ ၄၀၀ ပစ်ပေးလိုက်တာ၊

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက မစားတတ်ပါဘူးကွာ၊ သူက အကုန်ခံတာချည်းပါပဲ' လို့ သိသူတချို့က ရှင်းပြတယ်။

တချို့လူကြီးတွေကတော့လည်း 'လူမိုက်နဲ့မပေါင်းမိဖို့ အင်မတန်သတိထားရတယ်၊ လူမိုက်ဆိုတာ အင်မတန် ကြောက်စရာ ကောင်းတယ်၊ ဦးသိန်းဒန်လည်း သူ့ဟာသူနေတုန်းက ဒီလောက် မဆိုးရွားပါဘူး၊ ဒီလူမိုက်ကျင်ဟုတ်နဲ့ အပေါင်းမှားပြီးတဲ့နောက်မှ အတော် ပျက်စီးသွားတာပဲ၊ အဓာတသတ်လည်း အဖေကိုတောင် တက်သတ်တာ လူမိုက် ဒေဝဒတ်နဲ့ ပေါင်းမိလို့ပေါ့ကွာ၊ အဲဒါကြောင့် မင်္ဂလသုတ်မှာ လူမိုက်ကို မမှီဝဲ မဆည်းကပ်ရဘူး၊ အဝေးက ရှောင်ရမယ်လို့ မြတ်စွာဘုရား ရှေးဦးစွာ ဟောတော်မူတာပဲ' လို့ လူမိုက်နဲ့ ပေါင်းခြင်းအားဖြင့် အကျိုးပျက်စီးပုံကို ဝင်ပြောကြတယ်။

ချစ်ဦးလည်း နတ်နဲ့ တိုက်တယ်ဆိုတဲ့ သတင်းတို့၊ မီးနေထဘီသတင်းတို့ကို ကြားရတဲ့အခါ အများကြီး စိတ်မချမ်းမသာ ဖြစ်တယ်။ အဲဒါကြောင့်…

ကြိုင်ကြိုင်

ကိုယ်က ကြိုင်ကြိုင်ရဲ့ ဖေဖေကို နတ်စင်မှာ နတ်နဲ့တိုက်တယ်၊ ကြိုင်ကြိုင်တို့ ခြံထောင့်မှာ ကျီးကန်းလည်ပြတ်ကို မီးနေထဘီနဲ့ ထုပ်ပြီး မြှုပ်ထားတယ်ဆိုတဲ့ သတင်းတွေကို အခုလောက်ရှိရင် ကြိုင်ကြိုင်လည်း ကြားပြီးလောက်ပါပြီ၊ ဒီသတင်းကြောင့် ကိုယ်လည်း အများကြီး စိတ်မချမ်းမသာ ဖြစ်တယ်၊ ယုံပါ ကြိုင်ကြိုင်၊ အောက်လမ်းဆရာတွေကို ဆရာတင်ပြီး နတ်တွေ စုန်းတွေနဲ့တိုက်၊ သရဲတစ္ဆေတွေနဲ့ တိုက်တာတွေ၊ မီးနေထဘီတွေနဲ့ တစ်ဘက်သားကို ဒုက္ခရောက်အောင်လုပ်တာမျိုးတွေကို ကိုယ်အယုံအကြည်မရှိပါဘူး၊ ဒါမျိုးတွေကို လုပ်တယ်ဆိုတဲ့ လူတွေဟာ ရတနာသုံးပါးကို ယုံကြည်တဲ့လူတွေ မဟုတ်ပါဘူး၊ ငရဲကို ကြောက်ရမှန်းသိတဲ့ လူစားမျိုးတွေလည်း မဟုတ်ပါဘူး၊ ကိုယ်ဟာ ရတနာသုံးပါးကိုလည်း ယုံကြည်တယ်၊ ငရဲကိုလည်း သိပ်ကြောက်တယ်၊ ဒါမျိုးတွေကို လုပ်ဖို့ မပြောထားနဲ့ စိတ်တောင်မကူးရဲပါဘူး။

ချစ်ဦး

လို့ ချက်ချင်း စာကောက်ရေးလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီသတင်းတွေကို သူလည်း မယုံကြည်ပါဘူးလို့ ကြိုင်ကြိုင်ဆီက ပြန်စာရတော့မှ ချစ်ဦး စိတ်အေးသွားတယ်။

နှစ်ရက်လောက် ကြာတဲ့အခါ ကျင်ပဟုတ်က ဆွပေးလိုက်တာနဲ့ သူဌေးသိန်းဒန်ရဲ့တူ ထွန်းမောင်ဆိုတဲ့ အကောင်ဟာ ချစ်ဦး ညကျောင်းသွားမလို့ ဝါးခယ်မဘက်ကို ကူးလာတဲ့အခါ ကူးတို့ဆိပ်ကဆီးပြီး ချစ်ဦးရဲ့ပါးကို ရိုက်လိုက်တယ်။ ဒီသတင်းဟာ တစ်မြို့လုံး ပြန့်ထွက်သွားပြန်တယ်။ သူတို့ ချစ်တဲ့ဆရာကို ဒီလိုလုပ်ရမလားဆိုပြီး ကျောင်းသူ ကျောင်းသားကလေးတွေ ဟာ အုံကြွနေကြတယ်။

ချစ်ဦးကလည်း 'ဒါဟာ ငါ့အကုသိုလ်ကံကြောင့် ငါ ခံရတာပါ ကွယ်၊ အတိတ်ဘဝ တစ်ခုခုတုန်းက ငါဟာ သူများကို ဒီလိုလုပ်ခဲ့ဖူးလိမ့်မယ်၊ ကံဆိုတာ တူသောအကျိုးကို ပေးတယ်လို့ မြတ်စွာဘုရား ဟောတော်မူထားတာ ရှိတယ်၊ အဲဒီတော့ ဒါဟာ ငါ့အကုသိုလ်နဲ့ ငါခံရတာပဲ၊ ထွန်းမောင်ကို မင်းတို့သွားပြီး စိတ်ဆိုးမနေကြနဲ့' လို့ တရားနဲ့ ဖြေပြတယ်။

ဒါပေမယ့် ကျောင်းသူကျောင်းသားတွေကတော့ စိတ်မကျေပါဘူး။ သူတို့ချစ်တဲ့ ဆရာကို ထိတာဟာ သူတို့ကို ထိတာလို မခံမရပ်နိုင်အောင် ဖြစ်နေတယ်။ တစ်နွယ်ငင် တစ်စင်ပါဆိုတဲ့စကားလို ကျောင်းသူကျောင်းသား တွေကစပြီး ကျောင်းသူကျောင်းသားတွေရဲ့ မိဘ၊ ဆွေမျိုးညာတကာတွေပါ အုံကြွလာတယ်။ ဈေးသူဈေးသားတွေကလည်း သူတို့ရဲ့အကျိုးကို ဆောင်မိလို့ ချစ်ဦး ဒီလို ဒုက္ခရောက်ရရှာတာပဲလို့ ယူဆပြီး ချစ်ဦးကို သနားနေကြတဲ့ အတွက် သူတို့လည်း အုံကြွထလာကြတယ်။ ချစ်ဦးကို ရွေးကောက်တင်မြှောက် လိုက်တဲ့ ရပ်ကွက်သူ ရပ်ကွက်သားတွေလည်း အုံကြွလာကြတယ်။

အဲဒီလို တစ်စတစ်စနဲ့ ဒီအုံကြွမှုဟာ တစ်မြို့လုံးကို ပြန့်ထွက်သွား တယ်။

ဦးသိန်းဒန်ရဲ့ကျေးဇူးခံ ကျေးဇူးစားတွေတောင် ချစ်ဦးကို သနားတာ ကြောင့် ဝမ်းထဲမှာ ကျိတ်ပြီး အုံကြွနေကြတယ်။

နောက် နှစ်ရက်လောက်ကြာတဲ့အခါ ဈေးပတ်လည်မှာ၊ မြို့ရဲ့ လူမြင်ကွင်းကောင်းကောင်း နေရာတွေမှာ…

ကျင်ပဟုတ်ဆိုတာ လူယုတ်မာ၊ လူယုတ်မာစကား နွားသော် ယုံမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ပိုစတာတွေ ကပ်ထားတာကို မြို့သူမြို့သားတွေ ထင်ထင်ရှားရှား တွေ့ကြရတယ်။

'အခုအတောအတွင်း ဝါးခယ်မကို မလာပါနဲ့ဦး' လို့ ကြိုင်ကြိုင်က စာရေးတောင်းပန်တဲ့အတွက်ရော သူ့ဘိုးအေ ဦးချက်ဖူးနဲ့ သူ့အဖေ ဦးဘိုးသုံ တို့ကလည်း အတင်း တားမြစ်တဲ့အတွက်ရော ချစ်ဦးဟာ ညကျောင်းကို စာလာမပြတော့ဘဲ ခဏနားဦးမယ်လို့ ကျောင်းသူ ကျောင်းသားတွေကို အကြောင်းကြားလိုက်တယ်။

ချစ်ဦးရော ကြိုင်ကြိုင်ရော မရှိကြတော့တဲ့အတွက် ညကျောင်းကို ပိတ်ထားလိုက်ရတယ်။ အဲဒီအတွက်ကြောင့်လည်း ကျောင်းသားတွေရဲ့အုံကြွမှုဟာ ပိုပြီး ပြင်းထန်လာတယ်။ သုံးရက်လောက်ကြာတဲ့အခါ ကျောင်းသူ ကျောင်းသားတစ်အုပ်ဟာ သူဌေး ဦးသိန်းဒန်ရဲ့ တိုက်နားကို သွားပြီး…

**'ကျွင်ဟုတ်ဆိုတာ လူယုတ်မာ၊ လူယုတ်မာစကား နွားသာယုံမယ်'**

ဆိုတဲ့ သံပေါက်ကို ကြွေးကြော်ကြတယ်။

ထွန်းမောင်လည်း သူ့ဘကြီး ထိရပါမလားဆိုပြီး ကျောင်းသားလေးတွေကို တုတ်နဲ့ ထွက်ရိုက်တာ ကျောင်းသားတစ်ယောက် ထိပ်ပေါက်သွားတယ်။ နောက်နှစ်ယောက်ကတော့ အတော်နာသွားတယ်။ ကျောင်းသူ ကျောင်းသားတွေကို ထိရင် ပြန်ချဖို့ သူတို့နဲ့ ခပ်လှမ်းလှမ်းက အမှတ်တမဲ့ လိုက်လာတဲ့ လူတွေက ဝိုင်းပြီးလုပ်တာ ထွန်းမောင်ဟာ အဲဒီနေရာမှာပဲ ပွဲချင်းပြီး သေသွားတယ်။

ဒီအဖြစ်အပျက် ဖြစ်ပြီးတဲ့နောက် နှစ်ဘက်စလုံးရဲ့အုံကြွမှုဟာ ပိုပြီး ပြင်းထန်လာတယ်။

နောက်နေ့ညကျတော့ ဦးသိန်းဒန်ရဲ့အသိုင်းအဝိုင်းဖြစ်တဲ့ တပည့်ယောက်သား သုံးဆယ်လောက်တွင် ဓား လှံအစရှိတဲ့ လက်နက်တွေနဲ့ အသင့်စောင့်နေကြတယ်။ တစ်ဘက်က လူတစ်ရာ့ငါးဆယ်လောက်ရှိတဲ့ လူအုပ်ကလည်း တုတ်၊ ဓား၊ လှံ အစရှိတဲ့ လက်နက်တွေကို ကိုင်ပြီး ဦးသိန်းဒန်ရဲ့ တိုက်ကို ထပ်သွားဖို့ ပြင်နေကြတယ်။

သူတို့အပေါ်မှာ ဩဇာရှိတဲ့ လူကြီးတွေ အသိမြန်သွားတဲ့အတွက် အချိန်မီ တားလိုက်ကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပုလိပ်ကလည်း ဒီသတင်းကြားလို့ ဦးသိန်းဒန်တိုက်နားမှာ မြို့မ ရာဇဝတ်အုပ်နဲ့ ပုလိပ်ဆယ်ယောက်လောက် အသင့်စောင့်နေကြရတယ်။

အုံကြွနေတဲ့ ဈေးသူဈေးသားတွေကလည်း ပထမခြေလှမ်းအနေနဲ့ ဆိုင်တွေ တစ်ရက်ပိတ်တယ်။ နောက်သုံးရက်လောက်ကြာတော့ ဈေးကို ပစ်ပြီး ဆန္ဒပြကြတယ်။ မြို့သူမြို့သားတွေထဲက သူတို့နဲ့ စိတ်ဝမ်းတူကြတဲ့ မြို့သူမြို့သားတွေလည်း ဒီဆန္ဒပြပွဲမှာ ဝင်ပြီးပြကြတဲ့အတွက် ဆန္ဒပြပွဲဟာ အတော်ကြီးကျယ်သွားတယ်။

နောက်သုံးရက်လောက်ကြာတော့ ဈေးသူဈေးသားတွေရဲ့ အစည်းအဝေးမှာ ဈေးအသင်းဥက္ကဋ္ဌ ဦးစိုးတင်၊ အတွင်းရေးမှူး ကိုမူတူးနဲ့ ကော်မတီလူကြီး မကြည်တို့သုံးဦးတို့ မြောင်းမြမှာ အရေးပိုင်နဲ့ ပုသိမ်မှ မင်းကြီးနဲ့ သွားတွေ့ဖို့ ဆုံးဖြတ်ကြတယ်။

အရေးပိုင်မင်းကြီးတို့နဲ့ တွေ့တဲ့အခါ 'ဈေးရုံတွေရဲ့ အင်္ဂတေတွေကို ခွာကြည့်ပါ၊ အတွင်းမှာ အင်္ဂတေမရှိဘဲ ရွှံ့တွေ တွေ့ရပါလိမ့်မယ်၊ ပျဉ်းကတိုးသစ်မရှိဘဲ တောသစ်ရိုင်းတွေကို တွေ့ရပါလိမ့်မယ်၊ အကယ်၍ သူတို့ပြောတဲ့အတိုင်း မဟုတ်ရင် ဈေးရုံတွေ ပျက်စီးတဲ့အတွက် လျော်ကြေးပေးဖို့ အာမခံငွေတစ်သောင်း တင်ထားပါမယ်၊ သူတို့ကိုလည်း ထိုက်သင့်တဲ့အပြစ်ပေးပါ' လို့ လျှောက်ထားကြတယ်။

အရေးပိုင်နဲ့ တိုင်မင်းကြီး နှစ်ဦးစလုံးက သူတို့ ဝါးခယ်မကို လာခဲ့မယ်လို့ ကတိပေးလိုက်တယ်။

နောက်သုံးရက်လောက်ကြတော့ ရောဝတီတိုင်းမင်းကြီးနဲ့ အရေးပိုင်တို့ ဝါးခယ်မကို ရောက်လာကြတယ်။ သူတို့ရှေ့မှာပဲ ဈေးရုံသစ်တွေရဲ့ အင်္ဂတေတွေကို အခွာခိုင်းတယ်။ အဲဒါကို ကြည့်ရအောင်လာကြတဲ့ ဈေးသူဈေးသား မြို့သူမြို့သားတွေလည်း မနည်းပါဘူး။ မကြာခင် ဈေးသူဈေးသားတွေပြောတဲ့ ရွှံ့တွေနဲ့ တောသစ်သားရိုင်းတွေကို တွေ့ရတာကြောင့် မင်းကြီးရဲ့ အမိန့်အရ ကျင်ဟုတ်ကို အဲဒီနေရာမှာပဲ ဖမ်းလိုက်ရတယ်။

နောက်ထပ်ပြီး မြူနီစီပယ်ရုံးက အိုဗာစီယာဆိုတဲ့ ကြီးကြပ်သူကိုလည်း ဖမ်းလိုက်တယ်။ မင်းကြီးရဲ့အမိန့်နဲ့ ဖမ်းရတာဖြစ်တဲ့အတွက် သူတို့ကို ဘယ်သူကမှ အာမခံမပေးရဲဘူး။ ဂါတ်မှာပဲ ချုပ်ထားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂါတ်ထဲမှာ ကျင်ပာတ်ရဲ့သူငယ်ချင်းတွေ ရှိတယ်။ ဒီသူငယ်ချင်းတွေရဲ့ အကူအညီနဲ့...

ကျွန်တော် မောင်ကျင်ပာတ် ရှိသေစွာ အစီရင်ခံပါသည် သူဌေးမင်း ခင်ဗျား။

ဒီကနေ့ တွေ့ရတဲ့ အဖြစ်အပျက်ဟာ သူဌေးတော့ ဘယ်လိုနေမယ် မသိဘူး၊ ကျွန်တော်တော့ အများကြီး အံ့အားသင့်တာပဲ၊ ကျွန်တော် သည်လောက် မမိုက်ပါဘူး၊ နောက်ပြီးတော့ သူဌေးသိတော်မူတဲ့အတိုင်း ကျွန်တော်ဟာ ငွေမက်တဲ့အကောင်လည်း မဟုတ်ပါဘူး၊ ကျွန်တော် အလုပ်တွေ များနေတာနဲ့ ဈေးရုံသစ်တွေဆောက်တာ နည်းနည်းမှ ပြန်မကြည့်လိုက်မိဘူး၊ အဲဒါကို အခွင့်ကောင်းယူပြီး ဒါတွေကို ဒီလိုဖြစ်အောင် ချစ်ဦး ဝင်ရှုပ်လိုက်တယ်ထင်ပါတယ်၊ အမှန်တရားဟာ မကြာခင် ပေါ်ပါလိမ့်မယ်။

သူဌေးအတွက် ကျွန်တော် စိတ်မချဘူး၊ ဒီကောင်နောက်ထပ် မကြံစည်နိုင်အောင် သတိဝီရိယနဲ့ နေတော်မူပါ။

သတင်းထူးရင် ကျွန်တော် နောက်ထပ် အကြောင်းကြားပါဦးမယ်။

သူဌေးမင်း ချမ်းသာပါစေ။

ကျင်ပာတ်

ဆိုတဲ့ စာတစ်စောင်ကိုရေးပြီး ဦးသိန်းဒန်ဆီကို ပို့လိုက်တယ်။

မကြာခင် သူခေါ်ထားတဲ့အတိုင်း သူ့ညီဦးကျင်စိန် ဂါတ်ကို လိုက်လာတယ်။ ဂါတ်က သူတို့မိတ်ဆွေတွေရဲ့ အကူအညီနဲ့ ဂါတ်ရဲ့တစ်နေရာမှာ ညီအစ်ကိုနှစ်ယောက်တွေ့ရတယ်။ ကျင်ပာတ်ရဲ့ညွှန်ကြားချက်အရ ကျင်စိန်ဟာ အောင်တင့်နဲ့ လက်ဦးတွေ့တယ်။ ပြီးတော့မှ ကျင်ပာတ်ရဲ့ ကန်ထရိုက်အလုပ်တွေကို ကြီးကြပ်တဲ့ ခင်မောင်ကို ခေါ်လိုက်တယ်။ ခင်မောင်လည်း အောင်တင့်နဲ့အတူတူ ဌာနအုပ်ဆီကို သွားကြပြီး 'ဈေးရုံသစ်တွေထဲမှာ ရှဲ့တွေနဲ့တောသစ်ရိုင်းတွေထည့်လုပ်ပေးဖို့ ငွေကျပ်ငါးရာ ကိုချစ်ဦးက အပေးခိုင်းတာနဲ့ ခင်မောင်ကို ငွေကျပ်ငါးရာပေးလိုက်ရတယ်' လို့ ဌာနအုပ်ဆီမှာ အောင်တင့်က ဖြောင့်ချက်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်က 'အောင်တင့်ဆီက ငွေကျပ်ငါးရာရတယ်၊ အဲဒီလိုရတဲ့အတွက် ဈေးရုံသစ်တွေထဲမှ ရွှံ့တွေနဲ့ တောသစ်ရိုင်းတွေကို ထည့်သုံးရတယ်' လို့ ဖြောင့်ချက်ပေးတယ်။

ဌာနအုပ်ကလည်း ပထမတော့ ဝင်ရှုပ်လိုက်ချင်သေးတယ်။ ဒါပေမယ့် ဒီအမှုကို မင်းကြီးကိုယ်တိုင် အရေးယူနေတဲ့အတွက် 'မင်းတို့ဟာ တို့ပုလိပ်အရေးမပိုင်ဘူး၊ ရုံးကို ဦးတိုက်လျှောက်ကြ' လို့ အကြံပေးလိုက်တယ်။

အဲဒါကြောင့် အောင်တင့်နဲ့ ခင်မောင်ဟာ ဒီအကျိုးအကြောင်းတွေပါတဲ့ လျှောက်လွှာတစ်စောင်ကို နောက်တစ်နေ့ကျတော့ နယ်ပိုင်ဝန်ထောက်ရုံးမှာ သွားပြီး တင်ကြတယ်။ ဒီသတင်းဟာ မကြာခင် တစ်မြို့လုံးနှံ့သွားတယ်။ ဒါပေမယ့် ဦးသိန်းဒန်တစ်ယောက်ကလွဲပြီး ဒီသတင်းကို တစ်မြို့လုံး ဘယ်သူမှ မယုံကြဘူး။ ကျင်ဟုတ် နောက်ထပ် ရှုပ်ပြန်ပြီလို့သာ မှတ်ချက်ချကြတယ်။

ဂါတ်က သူ့မိတ်ဆွေတွေရဲ့ အကူအညီနဲ့ပဲ…

**အစီရင်ခံပါသည် သူဌေးမင်းခင်ဗျား**

အမှန်တရားဟာ မကြာခင် ပေါ်ရမယ်လို့ တစ်နေ့က စာထဲမှာ ကျွန်တော် အစီရင်ခံခဲ့တဲ့အတိုင်း ဒီရွှံ့တွေနဲ့ တောသစ်ရိုင်းတွေဟာ ချစ်ဦးလက်ချက်ပဲဆိုတာ အခုတော့ ဘွင်းဘွင်းကြီး ပေါ်ပါပြီ၊ ကျွန်တော် ထင်လိုက်ရင် အင်မတန် လွဲခဲပါတယ်။ အောင်တင့်နှင့် ခင်မောင်တို့ ဒီကိစ္စနဲ့ ပတ်သက်ပြီး နယ်ပိုင်ဝန်ထောက်ရုံးမှာ ဦးတိုက် လျှောက်ထားတာကို သူဌေးမင်း ကြားပြီးပြီဟု ယုံကြည်ပါတယ်။ ချစ်ဦးဟာ အင်မတန် အကြံကြီးပါတယ်။ သူဌေးမင်း ဒီသူငယ်ကို မျက်ခြည်မပြတ် စောင့်ကြည့်ပါ။ သတိအလစ်မပေးပါနဲ့။ သူဌေးမင်း ချမ်းသာပါစေ။

ကျင်ဟုတ်

ဆိုတဲ့ ကုန်းတိုက်စာတစ်စောင်ကို ကျင်ဟုတ်ဟာ ဦးသိန်းဒန်ဆီကို ရေးလိုက်ပြန်တယ်။

နောက်ဆယ်ရက်လောက်ကြာတဲ့အခါ ဝါးခယ်မက နယ်ပိုင်ဝန်ထောက်နဲ့ ရာဇဝတ်ဝန်ထောက်တို့ကို ပုသိမ်ပြောင်းလိုက်ပြီး သူတို့နေရာမှာ လူသစ်တွေ ရောက်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက် ၁၅ ရက်လောက်ကြာတဲ့အခါ ဝါးခယ်မ မြူနီစီပယ်အုပ်ချုပ်ရေးကို အစိုးရ ပြန်သိမ်းထားပြီး 'နောက် ရွေးကောက်ပွဲ ကျင်းပပြီးတဲ့အချိန်အထိ မြူနီစီပယ်ကိစ္စတွေကို နယ်ပိုင်ဝန်ထောက်က ထိန်းသိမ်းအုပ်ချုပ်သွားမယ်' ဆိုတဲ့ အမိန့်ရောက်လာတယ်။

ဦးသိန်းဒန်လည်း ဒီလို အသိမ်းခံရတဲ့အတွက် သိပ်ပြီး အရှက်ကြီးရှက်နေတယ်။ ဒီလိုရှက်လေလေ 'ဒီသူငယ် အကြံပက်စက်လို့ ငါ ဒီလိုဖြစ်ရလေခြင်း' လို့ တွေးမိပြီး မောင်ချစ်ဦးအပေါ်မှာ စိတ်နာလေလေဖြစ်လာတယ်။

အဲဒီလို ချစ်ဦးကို ဦးသိန်းဒန်က အကြီးအကျယ် စိတ်နာနေတုန်း ချစ်ဦးရဲ့အမေဆုံးတာ ခြောက်လစေ့လို့ တစ်ရက်စွန်းတဲ့နေ့မှာ ကြိုင်ကြိုင်ဟာ သူ့တိုက်ပေါ်ကဆင်းပြီး ချစ်ဦးနောက်ကို လိုက်သွားတယ်။ ဦးသိန်းဒန်လည်း ယမ်းအိုးထဲ မီးတုတ်ကျသလိုဖြစ်ပြီး ဒေါသတွေ မထိန်းနိုင် မသိမ်းနိုင်အောင်ဖြစ်နေတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၁

## သမီးလိမ္မာကို ပစ်ယယ်တဲ့အဖေ

သူ့သမီးကြိုင်ကြိုင်ဟာ ချစ်ဦးနောက်ကို လိုက်သွားတယ်ဆိုတာ သိတာနဲ့ တစ်ပြိုင်နက် ဦးသိန်းဒန်ဟာ ရှေ့နေ ဦးနေဒွန်းကို ချက်ချင်း အခေါ် ခိုင်းလိုက်တယ်။

ဦးနေဒွန်း ရောက်တဲ့အခါ ဦးသိန်းဒန်က…

“ငါ့ပစ္စည်းတွေ အားလုံး မြိုင်မြိုင်နဲ့ လှိုင်လှိုင်ကို တစ်ဝက်စီ ခွဲပေး လိုက်ချင်တယ်၊ သင့်တော်တဲ့စာချုပ် တစ်ခု ရေးပေးစမ်းပါ၊ ပြီးတော့ ရုံးမှာ ရေစစ္စတြီလုပ်မယ်”*

လို့ ပြောတယ်။

ဦးနေဒွန်းက ဘာမှမပြောသေးဘူး ငြိမ်နေတယ်။

“ကဲ၊ စာချုပ်ရေးရင် အခုချက်ချင်းရေးကွာ”

လို့ ဦးသိန်းဒန်က ထပ်ပြီး လောတယ်။

“ငါ အကုန်စဉ်းစားပြီးပြီ၊ မင်းရေးမှသာ ရေးပါ၊ မင်း မရေးချင်ရင် ငါ တခြားတစ်ယောက်ယောက်ကို အရေးခိုင်းမယ်”

လို့ ဦးသိန်းဒန်က ပြန်ပြောတယ်။

---

* Registration= မှတ်ပုံတင်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



"စာချုပ်ရေးရတာ မခက်ပါဘူး၊ ဒါပေမယ့် ငါ့အကျိုး မဟုတ်ပါဘူး သိန်းဒန်ရယ်၊ မင့်အကျိုးကိုကြည့်ပြီး ငါသတိပေးနေတယ်"

လို့ ဦးနေဒွန်းက ထပ်ပြီး သတိပေးတယ်။

"ငါ့အကျိုးကို ကြည့်မနေပါနဲ့ကွာ၊ ငါ ဘာအကျိုးကိုမှ မလိုချင်ဘူး၊ ငါပြောတဲ့ စာချုပ်သာ လိုချင်တယ်"

လို့ ဦးသိန်းဒန်က ထပ်ပြောတယ်။

သူ့သမီးအပေါ်မှာ ထွက်နေတဲ့ ဒေါသတွေဟာ ဦးသိန်းဒန်ရဲ့ မျက်နှာမှာရော၊ အမူအရာတွေရော အထင်းသားပေါ်နေတယ်။ ဒါကြောင့် ဦးနေဒွန်းက လေအေးအေးနဲ့…

"သိန်းဒန်ရယ်၊ ငါဟာ ရှေ့နေဖြစ်နေရုံသာမကဘူး၊ မင်းရဲ့ သူငယ်ချင်းလည်း ဖြစ်နေတယ်၊ အဲဒီတော့ ဒီနေဒွန်းဆိုတဲ့ ရှေ့နေဟာ သူငယ်ချင်းအရင်းဖြစ်ပြီး ကောင်းတဲ့အကြံကို မပေးခဲ့လို့ ဦးသိန်းဒန် ဒုက္ခရောက်ရတာပေါ့လို့ တစ်နေ့ကျရင် မြို့သူမြို့သားတွေရဲ့ အပြောခံရမှာကို ငါ မလိုချင်ဘူး၊ အဲဒီလို အပြောခံရမှာကို ငါ သိပ်ရှက်တယ်၊ ကြောက်လည်း ကြောက်တယ်၊ အဲဒီတော့ ငါ့မှာ ဝတ္ထုရေးရှိတဲ့အတိုင်း ရှေးက ဖြစ်ခဲ့ဖူးတဲ့ သာဓကလေးတစ်ခုကို ငါပြောပါရစေကွာ၊ ဒီလောက်တော့ ငါ့ကို ခွင့်ပေးပါ၊ အဲဒီသာဓကကို ပြောပြီးတော့မှ စာချုပ် ရေးသင့် မရေးသင့်ဆိုတာကို တို့ စဉ်းစားကြတာပေါ့"

လို့ ဦးနေဒွန်းက ပြောတယ်။

ဦးသိန်းဒန်လည်း ဘာမှ မပြောဘူး တွေနေတယ်။

အဲဒါနဲ့ ဦးနေဒွန်းက သူ့သာဓကကို ဒီလို ပြောပြတယ်။

ဘုရင်လီယာပြဇာတ်

"တို့ကျောင်းတုန်းက အင်္ဂလိပ်လင်္ကာဆရာကြီး ရှိတ်စပီးယား (Shakespeare) ရေးတဲ့ ဘုရင်လီယာ (King Lear)ဆိုတဲ့ ပြဇာတ်တစ်ခုကို သင်ရဖူးတယ်၊ အဲဒီ ဘုရင်လီယာဟာ ရှေးရှေးတုန်းက အင်္ဂလန်ပြည်ကို အုပ်စိုးခဲ့ဖူးတယ်၊ ဒီဘုရင်ကြီးမှာ ဂွန်နာရီ (Goneril)၊ ရီဂန် (Regan)၊ ကော်ဒဲလီယား (Cordelia) ဆိုတဲ့ သမီးသုံးယောက်ရှိတယ်၊ ဒီသမီး

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ကို ဘုရင်ကြီးဟာ သိပ်ချစ်တယ်၊ ဒါပေမယ့် အငယ်ဆုံး ကော်ဒဲလီယားကိုတော့ အချစ်ဆုံးပဲ၊ အဲဒီ ဘုရင်ကြီးဟာ အိုလာတော့ ဒီသမီးသုံးယောက်ကို သူ့တိုင်းပြည် ခွဲပေးပြီး အပန်းဖြေတော့ဖို့ ဆုံးဖြတ်တယ်။

အဲဒီဆုံးဖြတ်ချက်အရ သမီးသုံးယောက်စလုံးကိုခေါ်ပြီး သမီးတွေဟာ သူ့ကို ဘယ်လောက်ချစ်သလဲလို့ သိရအောင်…

"ငါ့သမီးကြီး ဂွန်နာရီက ခမည်းတော်ကို ဘယ်လောက်ချစ်သလဲ သံတော်ဦးတင်စမ်းပါဦးကွယ်"

လို့ ပရိသတ်အစုံအညီရှေ့မှာ မေးတော်မူတယ်၊ သမီးအကြီးဆုံး ဂွန်နာရီဟာ အယ်လ်ဘန်နီမင်းသားကြီး (Duke of Albany)ရဲ့ ကြင်လျာတော် ဖြစ်တယ်။

အဲဒီလို ခမည်းတော်ကြီးက မေးတော်မူတဲ့အခါ သမီးကြီးဂွန်နာရီ က…

"ခမည်းတော်ဘုရား၊ ခမည်းတော်ဘုရားကို သမီးတော်က ဘယ်လောက် ချစ်တယ်ဆိုတာ မပြောပြနိုင်လောက်အောင် ဖြစ်နေပါတယ်၊ သမီးတော်ရဲ့ အသက်နဲ့ထပ်တူ ချစ်ပါတယ်ဘုရား"

လို့ သံတော်ဦးတင်တယ်။

ဘုရင်ကြီးဟာ အမြှောက်ကလည်း ကြိုက်၊ သူများပြောသမျှကိုလည်း ယုံလွယ်တတ်တဲ့ ဘုရင်ကြီးနဲ့ တူပါတယ်၊ သမီးတော်ကြီး ဂွန်နာရီက ဒီလို ပြောလိုက်ရင်ပဲ ပျားရည်နဲ့ ဝမ်းချလိုက်သလို ဖြစ်ပြီး…

"သမီးတော်ကြီးက ဒီကနေ ဒီအထိ ယူစေဗျား"

လို့ သူ့ရှေ့မှာ ဖြန့်ထားတဲ့ အင်္ဂလန်မြေပုံပေါ်မှာ အင်္ဂလန်နိုင်ငံရဲ့ သုံးပုံတစ်ပုံကို ပိုင်းပြတယ်။

နောက်ပြီးတော့…

"သမီးတော် ရီဂန်ကကော ခမည်းတော်ကို ဘယ်လာက် ချစ်သလဲ၊ သံတော်ဦး တင်စမ်း"

လို့ မိန့်တော်မူတယ်။

အစ်မတော် ဂွန်နာရီရဲ့ သံတော်ဦးတင်ချက်ဟာ ခမည်းတော်ကို ပျားရည်နဲ့ ဝမ်းချလိုက်သလို ဖြစ်သွားတယ်ဆိုတာ မြင်တာနဲ့ ဒုတိယသမီးတော် ကလည်း…

www.burmeseclassic.com

www.burmeseclassic.com



"ခမည်းတော်ဘုရား၊ သမီးတော်လည်း ခမည်းတော်ကို အစ်မတော် ဌွန်နာရီ ချစ်သလိုပဲ ချစ်ပါတယ်၊ အမှန်စင်စစ်တော့ ပိုတောင် ချစ်ပါသေးတယ်၊ သမီးတော်မှာ ခမည်းတော်ကို ချစ်တဲ့စိတ်တွေ ပေါ်နေတဲ့အခါ လောက်မှာသာ သမီးတော်ဟာ စိတ်နှလုံးချမ်းမြေ့ပါတယ် ခမည်းတော် ဘုရား"

လို့ သံတော်ဦးတင်တယ်။

ဘုရင်ကြီးလည်း နှလုံးတော်ခိုက်သွားတဲ့အတွက် သမီးတော် ရီဂန်ကို လည်း ရှေးနည်းအတိုင်း အင်္ဂလန်နိုင်ငံရဲ့ သုံးပုံတစ်ပုံကို ပေးလိုက်တယ်။

နောက်ဆုံးကျတော့ ဘုရင်ကြီး အချစ်မြတ်နိုးဆုံးဖြစ်တဲ့ တတိယ သမီးတော် ကော်ဒဲလီယားအလှည့်ကို ရောက်လာတယ်၊ သမီးတော် ကော်ဒဲလီယားဟာ အစ်မတော်များဖြစ်တဲ့ ဌွန်နာရီနဲ့ ရီဂန်တို့က ပလီစီ ချောက်ချက် သံတော်ဦးတင်သွားတာတွေကို ကြားရပြီး အင်မတန် နားကြား ပြင်းကပ်နေတယ်။

အဲဒါကြောင့် ခမည်းတော်ကြီးက…

"ကဲ အခု၊ ငါ့သမီးတော် ကော်ဒဲလီယားက ဘယ်လိုများ သံတော်ဦး တင်ဦးမလဲ"

လို့ မေးတော်မူလိုက်တဲ့အခါ ကော်ဒဲလီယားက…

"ဘာမှ သံတော်ဦးတင်စရာ မရှိပါဘူး ခမည်းတော်ဘုရား"

လို့ ဖြေတယ်။

သူ့ အချစ်ဆုံးဖြစ်နေတဲ့အတွက် ကော်ဒဲလီယားဟာ သူ့ကို ဒီလို ဖြေလိမ့်မယ်လို့ ခမည်းတော်ကြီးက နည်းနည်းမှ မထင်ဘူး၊ ဒါကြောင့် ဒီလို ဖြေလိုက်တဲ့အခါ ခမည်းတော်ကြီးဟာ သိပ်ပြီး အံ့အားသင့်သွားတယ်။

အဲဒါနဲ့ ခမည်းတော်က…

"ပြင်ပြီး သံတော်ဦးတင်စမ်း၊ ဘာမှ သံတော်ဦးတင်စရာမရှိရင် ဘာမှရမှာ မဟုတ်ဘူးနော်"

လို့ ဒေါသနဲ့ မိန့်တော်မူတယ်။

ဒါပေမယ့် ကော်ဒဲလီယားက သူ့ခမည်းတော်ကြီး ကြိုက်အောင် မပြင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



"သားသမီးတွေက မိဘကို ချစ်ရမယ့် ဝတ္တရားအတိုင်း ခမည်းတော်ဘုရားကို သမီးတော် ချစ်ပါတယ်၊ ဒါ့ထက်လည်း မပို၊ ဒါ့ထက်လည်း မလျော့ပါဘူး ခမည်းတော်ဘုရား"

လို့ သံတော်ဦးတင်တယ်။

ဒီလို သံတော်ဦးတင်လိုက်တော့မှပဲ ဘုရင်ကြီးဟာ ပိုပြီး ဒေါသထွက်လာသေးတယ်။ အဲဒါကြောင့်…

"ကော်ဒဲလီယား၊ ဒီလိုဆိုရင် ဘာမှ ရမှာမဟုတ်ဘူးနော်၊ ပြင်ပြီး သံတော်ဦးတင်"

လို့ ဘုရင်ကြီးက ကော်ဒဲလီးယားကို ဒေါသနဲ့ ထပ်ပြီး သတိပေးတယ်။

ဒါပေမယ့် ကော်ဒဲလီးယားကတော့ မပြင်ဘူး။

"သမီးတော်ဟာ ခမည်းတော်ဘုရားရဲ့ သမီးတော် ဖြစ်ပါတယ်၊ ခမည်းတော်ဟာ သမီးတော်ကို ချစ်မြတ်နိုးပါတယ်၊ အဲဒီအတိုင်းပဲ သမီးတော်ကလည်း ခမည်းတော်ကို ချစ်မြတ်နိုးပါတယ်၊ သမီးတော်ဟာ ခမည်းတော်ရဲ့ စကားကို နားထောင်တယ်၊ ခမည်းတော်ကို ချစ်တယ်၊ ခမည်းတော်ကို ရိုသေလေးစားတယ်၊ ဒါပေမယ့် ခမည်းတော်ကို ရှိသမျှလူတွေအားလုံးထက် ပိုပြီးချစ်ပါတယ်လို့ ဂွန်နာရီနဲ့ ရီဂန်တို့ သံတော်ဦးတင်သလိုတော့ သမီးတော် သံတော်ဦး မတင်နိုင်ပါ ခမည်းတော်ဘုရား၊ သူတို့ လင်တွေရှိလျက်သားနဲ့ ဒီလင်တွေကို ကျော်ပြီး သူတို့ရဲ့မေတ္တာတွေ အားလုံးဟာ ခမည်းတော်အပေါ်မှာ စုပုံနေပါတယ်လို့ သူတို့ သံတော်ဦးတင်သလိုလည်း သမီးတော်က သံတော်ဦး မတင်နိုင်ပါ ခမည်းတော်ဘုရား၊ သမီးတော် အိမ်ထောင်ကျရင် သမီးတော်ဟာ ခမည်းတော်ကိုချည်းပဲ ချစ်နေနိုင်မှာ မဟုတ်ပါဘူး၊ သမီးတော်ရဲ့ ယောကျ်ားကိုလည်း ချစ်ရပါဦးမယ် ခမည်းတော်ဘုရား"

လို့ ကော်ဒဲလီးယားက သံတော်ဦးတင်တယ်။

ဘုရင်ကြီးဟာ သူများပြောသမျှကို အင်မတန် ယုံကြည်တတ်တဲ့ အတွက် သမီးတော်သုံးယောက်ပြောတဲ့အထဲက ဘယ်သူက ပလီစိချော်ချက် ပြောတယ်၊ ဘယ်သူက ရိုးရိုးသားသား စေတနာကောင်းနဲ့ ပြောတယ်ဆိုတာကို မခွဲခြားနိုင်တော့ဘူး၊ နောက်ပြီးတော့လည်း ဒေါသအင်မတန်ကြီးတယ်၊ ရှူးရှူး ဒိုင်းဒိုင်းနဲ့ အင်မတန် လုပ်တတ်တယ်၊ အဲဒါကြောင့် ကော်ဒဲလီယား သံတော်ဦး

www.burmeseclassic.com

www.burmeseclassic.com



တင်တာကို ကြားရတဲ့အခါ အမျက်တော်ရှပြီး ကော်ဒဲလီးယား တစ်ခါတည်း ထီးမွေနန်းမွေ ဖြတ်လိုက်တယ်၊ နောက်ပြီးတော့…

"ကော်ဒဲလီးယားဟာ ဒီအချိန်ကစပြီး သူ့ရဲ့သမီးတော်လို့ မပြောတော့ဘူး"

လို့လည်း အမိန့်တော်မြွက် ချမှတ်တော်မူတယ်။

နိုင်ငံတော်ကိုလည်း မူလရည်ရွယ်ချက်အတိုင်း သုံးပိုင်းမပိုင်းတော့ဘဲ နှစ်ပိုင်းပိုင်းပြီး သမီးတော် ဂွန်နာရီနဲ့ ရီဂန်ကို ပေးလိုက်တယ်။

သူ့အတွက်ကတော့ ဘုရင်ဆိုတဲ့ နာမည်၊ အဆောင်အယောင်နဲ့ သူ့ဝတ္တရားတွေထမ်းရွက်ဖို့ သူ့ရဲကောင်းတစ်ရာကိုသာ ယူထားမယ်၊ သမီးတော်ကြီး ဂွန်နာရီနဲ့ ကြင်လျာတော် အယ်လ်ဘန်နီမင်းသားကြီးနဲ့ ရီဂန်ရဲ့ ကြင်လျာတော် ကွန်းဝေါမင်းသားကြီး (Duke of Cornwall) တို့က မိမိတို့ ရရှိတဲ့ နိုင်ငံတော် အစိတ်အပိုင်းကို အုပ်ချုပ်စီရင်ကြစေလို့လည်း အမိန့်တော် ချမှတ်တော်မူတယ်။

နောက်ပြီးတော့မှ ဘုရင့်အာဏာကို စွန့်လိုက်တဲ့ အထိမ်းအမှတ်နဲ့ သူဆောင်းထားတဲ့ သရဖူကိုချွတ်ပြီး အယ်လဘန်နီမင်းသားကြီးနဲ့ ကွန်းဝေါ မင်းသားကြီး နှစ်ပါးကို ပေးလိုက်တယ်။

မှူးကြီးမတ်ရာ သေနာပတိတွေလည်း ဘုရင်ကြီးကို အင်မတန် ကြောက်လန့်ကြတဲ့အတွက် ဒီလို အမိန့်တော်မြွက် ချမှတ်တာကို ဘယ်သူမှ ဝင်မပြောရဲဘူး။

ကင့်မင်းသားကြီး (Duke of Kent) တစ်ပါးသာ ရှေ့ထွက်လာပြီး…

"ဉာဏ်ပညာ အမြော်အမြင်ရှိတဲ့ တရားတဲ့ ရှင်ဘုရင်ဆိုရင် ဒီလို အမိန့်တော်မြွက်မျိုး ချမှတ်မှာ မဟုတ်ဘူး၊ ဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ အမိန့်တော်မြွက်မျိုးသာ ချမှတ်မယ်"

လို့ သတိပေးတယ်။

ဒီ သတိပေးစကားကို ကြားရတဲ့အခါ ဘုရင်ကြီးဟာ ဒေါသအမျက် ချောင်းချောင်းထွက်လာပြီး…

"မောင်မင်း၊ ဒီနိုင်ငံက ထွက်သွားစေ၊ ဆယ့်ခြောက်ရက် ကြာပြီးတဲ့ နောက် ဒီနိုင်ငံမှာပဲ မောင်မင်းကို မိရင် သေဒဏ်ခံစေ"

www.burmeseclassic.com

www.burmeseclassic.com



လို့ အမိန့်တော် ချမှတ်ပြန်တယ်။

ကော်ဒဲလီယား မင်းသမီးလေးကို လိုချင်ကြလို့ ဘာဂန်ဒီမင်းသား ကြီး (Duke of Burgundy) နဲ့ ပြင်သစ်ဘုရင်တို့လည်း အဲဒီတုန်းက ရောက်ရှိ နေကြတယ်၊ ကော်ဒဲလီယားကို ထီးမွေ နန်းမွေ ဖြတ်လိုက်တယ်ဆိုတာနဲ့ ဘာဂန်ဒီမင်းသားဟာ ရှောင်ထွက်သွားတယ်။

ပြင်သစ်ဘုရင်ကတော့ ကော်ဒဲလီယားအပေါ်မှာ မေတ္တာစစ်ရှိတဲ့ အတွက် ကော်ဒဲလီယားကို မိဖုရားအဖြစ် သိမ်းပိုက်တော်မူလိုက်တယ်။

ဘုရင်ကြီးဟာ သူ့ဆန္ဒအတိုင်း သမီးကြီး ဂွန်နာရီဆီမှာ ရှေးဦးစွာ နေတယ်၊ သမီးကြီးလည်း ခဏလောက်တော့ ခမည်းတော်ကြီးကို ကြည်ဖြူ ပါသေးတယ်၊ အတော်ကလေး ကြာလာတော့ ခမည်းတော်အပေါ်မှာ အပြစ် ရှာလာတယ်။ 'ခမည်းတော်ကြီးဟာ တစ်ဘက်သားကို သိပ်အပြစ်ရှာတယ်၊ တွေ့သမျှလူတွေကိုလည်း အကုန်ဩဇာလွှောက်ပေးနေတာပဲ၊ သူ့စစ်သူရဲ ကောင်း တစ်ရာဆိုတာကလည်း သိပ်ပြီး စရိုက်ကြမ်းတယ်၊ ရိုင်းစိုင်းတယ်' အစရှိတဲ့ အပြစ်တွေကို ဂွန်နာရီက ပြောလာတယ်။

နောက်ပြီးတော့ ဘုရင်ကြီးနဲ့ သူရဲကောင်းတွေကို မထီမဲ့မြင်လုပ်ဖို့ ဂွန်နာရီဟာ သူ့အခိုင်းအစေတွေကို အမိန့်ပေးထားတယ်၊ ဒါကြောင့် ဘုရင်ကြီးက ဘာခိုင်းခိုင်း လုပ်မပေးကြဘူး၊ မကြားချင်ယောင်ဆောင်ပြီး ထွက် ထွက်သွားကြတယ်၊ ဘုရင်ကြီး လိုချင်တာတွေဆိုရင် မပေးတာက များတယ်။

ကင့်မင်းသားကြီးက ဘုရင်အပေါ်မှာ သစ္စာရှိတယ်။ ဒါကြောင့် ဘုရင်ကြီးဟာ ဒေါသအလျောက် သူ့ကို တိုင်းပြည်က နှင်ထုတ်လိုက်ပေတဲ့ ထွက်မသွားဘူး၊ ဘုရင်ကြီး ဒုက္ခမရောက်ရအောင်ကာကွယ်ဖို့အတွက် ရုပ်ဖျောက် ပြီး ကိုင်းယပ်စ် (Caius) ဆိုတဲ့ နာမည်နဲ့ ဘုရင်ကြီးဆီမှာ အမှုပြန်ထမ်းတယ်။

တစ်နေ့ကျတော့ ဂွန်နာရီဟာ ဘုရင်ကြီးဆီကို လာပြီး ...

"စစ်သူရဲကောင်း တစ်ရာဟာ များလွန်းတယ်၊ လျှော့ပစ်ရမယ်"

လို့ ပြောတဲ့အခါ ဘုရင်ကြီးဟာ သည်းမခံနိုင်တော့ဘူး၊ 'ဒုတိယ သမီးတော်ဆီမှာ သွားနေမယ်' ဆိုပြီး သူ့ စစ်သူရဲကောင်းတွေကို စုလိုက်တဲ့ အခါ တစ်ရာ မရှိတော့ဘူး၊ ဂွန်နာရီက ငါးဆယ်ကို ထုတ်ပစ်လိုက်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ငါးဆယ်ပဲ ရှိတော့တယ်ဆိုတာ တွေ့တယ်၊ ဒီငါးဆယ်နဲ့ပဲ ဘုရင်ကြီးဟာ ဒုတိယသမီးတော်ဆီကို သွားနေရှာတယ်။

ဒုတိယသမီးတော် ရီဂန်နဲ့ သူ့ယောကျ်ားလည်း အစ်မတော် ဂွန်နာရီဆီ စာရေးထားတဲ့အတွက် သူ့အဖေနဲ့ မတွေ့ရအောင် ဂလောင်စတာ (Duke of Gloucester) မင်းသားကြီးရဲ့ ရဲတိုက်ကို ထွက်သွားကြတယ်၊ ရီဂန်ဟာ ဘုရင်ကြီးရဲ့ စာယူလာတဲ့ ဘုရင်ကြီးရဲ့ လူယုံတော် ကိုင်းယပ်စ်ကိုလည်း ဂလောင်စတာရဲတိုက်မှာပဲ ထိတ်ခတ်ပြီး ရဲတိုက်အပြင်ဘက်မှာ ထုတ်ထားတယ်။

ဘုရင်ကြီးလည်း ဒုတိယသမီးတော်ကို သူ့ရဲတိုက်မှာ မတွေ့တာနဲ့ ဂလောင်စတာရဲတိုက်ကို လိုက်လာတဲ့အခါ သူ့လူယုံတော်ကို ဒီလိုထိတ်ခတ်ထားတာမြင်တဲ့အတွက် စိတ်မချမ်းသာဘူး၊ ဒါပေမယ့် သည်းခံပြီး ဒုတိယသမီးတော်နဲ့ သမက်ကို တွေ့ချင်တယ်လို့ ပြောတယ်၊ သမီးတော်နဲ့ သမက်တော်လည်း ခရီးပန်းလာကြတယ်၊ မတွေ့နိုင်သေးဘူးဆိုပြီး ရှောင်နေကြတယ်၊ အတော်ကြာတော့မှ အတွေ့ခံကြတယ်။

အဲဒီလိုတွေ့တဲ့အခါ ဒုတိယသမီးတော်ကို အင်မတန် အားကိုးနဲ့…

"သမီးတော်ရယ်၊ သမီးတော်ရဲ့ အစ်မတော် ဂွန်နာရီဟာ ခမည်းတော်အပေါ်မှာ သိပ်ရက်စက်တာပဲ…"

လို့ အစချီပြီး မညှာမတာ ပြုစုလိုက်ပုံတွေကို လျှောက် ပြောတယ်၊ ခမည်းတော်ကြီးကတော့ ဒုတိယသမီးတော် သနားမလားလို့ ပြောတာပါပဲ၊ ဒါပေမယ့် ဒုတိယသမီးတော်ကလည်း မထူးပါဘူး၊ ခမည်းတော် ကြီး ပြောပြီးတဲ့အခါ ဒုတိယသမီးတော်က…

"စိတ်ရှည်ရှည်ထားပါ ခမည်းတော်၊ အစ်မတော်ဟာ ခမည်းတော်အပေါ်မှာ တစ်ဝန်ပျက်လိမ့်မယ်လို့ သမီးတော်တော့ မထင်ပါဘူး၊ ခမည်းတော်ရဲ့ နောက်လိုက်ငယ်သားတွေကို အစ်မတော်က ချုပ်ချယ်တယ်ဆိုရင်လည်း အစ်မတော်မှာ ဒီလိုချုပ်ချယ်ဖို့ လုံလောက်တဲ့ ကောင်းတဲ့အကြောင်းတွေ ရှိပါလိမ့်မယ်၊ အစ်မတော်ကို အပြစ်တင်ဖို့ မရှိပါဘူး"

လို့ ပြောတယ်။

ဒီစကားတွေကို ကြားရတဲ့အခါ ခမည်းတော်ကြီးဟာ သိပ်ပြီး ဒေါသထွက်လာတယ်၊ ဒီလို ဒေါသထွက်နေတာကို မြင်တော့ လျှော့ပေးမလားမှတ်တယ်၊ မပေးပါဘူး၊ ပိုတောင် ကဲလာပြီး…

www.burmeseclassic.com

www.burmeseclassic.com



"ခမည်းတော်၊ ခမည်းတော်ဟာ အခုဆိုရင် အသိုးကြီးဖြစ်နေပြီ၊ အဲဒီတော့ ခမည်းတော်ရဲ့ အသိဉာဏ်ဟာ သိပ်စိတ်မချရတော့ဘူး၊ အသိဉာဏ် စိတ်ချရတဲ့ သူတွေရဲ့ ထိန်းသိမ်းစောင့်ရှောက်တာကို ခံပါ၊ အစ်မတော်ဆီကို ပြန်သွားပြီး ခမည်းတော်က အစ်မတော်ကို ပြစ်မှားမိတာ ဝန်ချတောင်းပန်ပါ"

လို့ ရိုင်းရိုင်းစိုင်းစိုင်း မောက်မောက်မာမာ ထပ်ပြောလိုက်သေးတယ်။

ခမည်းတော်ကြီးလည်း စိတ်မကောင်းလျက်နဲ့ပဲ…

"ငါ့ ကျွန်ယုံတော် ကိုင်းယပ်စ်ကို ဘယ်သူထိတ်ခတ်ထားသလဲ"

လို့ သူ့ဒုတိယသမီးတော်ကို မေးတယ်၊ သမီးတော်က ခမည်းတော် မေးနေတာကို ဂရုစိုက်ပြီး မဖြေပါဘူး၊ မကြားချင်ယောင်ဆောင်နေတယ်၊ အဲဒီအတောအတွင်း ပထမသမီးတော် ဂွန်နာရီ ရောက်လာတယ်၊ အဲဒါကြောင့် ဒုတိယသမီးတော်က ခမည်းတော်ကို ဂွန်နာရီဆီ ပြန်သွားဖို့ ထပ်ပြောတယ်။

ခမည်းတော်ကလည်း…

"ဂွန်နာရီဆီတော့ ငါ မပြန်ဘူး၊ ငါ့နောက်လိုက် နောက်ပါ ငါးဆယ်နဲ့ပဲ သမီးတော်ဆီမှာ နေမယ်"

လို့ ဒုတိယသမီးတော် ရီဂန်ကို ပြောတယ်၊ ရီဂန်က…

"သမီးတော်ဆီမှာနေရင် နောက်လိုက်နောက်ပါ နှစ်ဆယ့်ငါးယောက်ပဲ ထားရမယ်၊ အမှန်စင်စစ်တော့ တစ်ယောက်မှ မလိုပါဘူး၊ သမီးတော်ရဲ့ အစေခံတွေက ခမည်းတော်ကို စောင့်ရှောက်နိုင်တာပဲ"

လို့ ပြောတယ်။

ခမည်းတော်ကြီးလည်း စိတ်ကို မချုပ်တည်းနိုင်အောင် ဒေါသဖြစ်လာတယ်၊ အဲဒါကြောင့် ဖြစ်ချင်ရာ ဖြစ်ပေစေတော့လို့ ဆုံးဖြတ်လိုက်ပြီး ဘုရင်ကြီးဟာ လေမုန်တိုင်းကျနေတဲ့အထဲ အတင်းထွက်သွားတယ်၊ သမီးတော်နှစ်ပါးကလည်း မတားဘူး၊ လက်ပိုက်ကြည့်နေကြတယ်၊ ဘုရင်ကြီးရဲ့နောက်က သူ့အပေါ်မှာ အင်မတန်သစ္စာရှိတဲ့ နန်းတွင်းလူရွှင်တော် တစ်ယောက်ပဲ ပါသွားတယ်။

အဲဒီအခါမှာ ဘုရင်ကြီးဟာ စိတ်နောက်ချင်သလို ဖြစ်လာတယ်၊ ကျွန်ယုံတော် ကိုင်းယပ်စ် ယောင်ဆောင်နေတဲ့ ကင့်မင်းသားကြီးဟာ ထိတ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ဆီက လွှတ်လာပြီး ဘုရင်ကြီးနဲ့ နန်းတွင်းလူရှင်တော်တို့ကို အင်္ဂလန်တောင်ပိုင်းက သူ့နယ်ထဲမှာရှိတဲ့ ဒိုဗာရဲတိုက်ကို ခေါ်သွားတယ်၊ မကြာခင်ပဲ မင်းသားကြီးကိုယ်တိုင် ပြင်သစ်ပြည်ဘက်ကို ကူးသွားပြီး ဘုရင်လီယာဟာ သမီးတော်ကြီးနှစ်ပါးက မထီမဲ့မြင်ပြုကြတဲ့အတွက် အတိဒုက္ခရောက်နေရတဲ့အကြောင်း ပြင်သစ်ဘုရင်နဲ့ မိဖုရား ကော်ဒဲလီယားကို သံတော်ဦးတင်တယ်။

ဒီသတင်းကို ကြားရတဲ့အခါ ပြင်သစ်ဘုရင်နဲ့ မိဖုရားတို့ဟာ ခမည်းတော် ဘုရင်ကြီးကို ကယ်ဖို့အတွက် စစ်တပ်တစ်တပ်နဲ့ အင်္ဂလန်နိုင်ငံဘက်ကို ကူးသွားကြတယ်၊ ဘုရင်ကြီးဟာ စိတ်နှောက်သွားတဲ့အတွက် သူ့သမီးတော် ကော်ဒဲလီယားကို မြင်မြင်ချင်း မမှတ်မိဘူး၊ ဆရာဝန်တွေနဲ့ ကုသလို့ စိတ်နည်းနည်းကောင်းလာတော့မှ မှတ်မိတယ်၊ အဲဒီအခါ သူ့အပေါ်မှာ မေတ္တာစစ်ရှိတဲ့ သမီးကို သူပြစ်မှားမိတာ ပြန်သတိရပြီး ဘုရင်ကြီးဟာ ယူကျုံးမရ ဖြစ်နေတယ်။

အယ်လဘန်နီမင်းသားကြီးနဲ့ ကွန်းဝေါမင်းသားကြီးနှစ်ပါးလည်း ပြင်သစ်ဘုရင်နဲ့ မိဖုရားတို့ကို တိုက်ရအောင် စစ်တပ်တစ်တပ်စုပြီး အင်္ဂလန်တောင်ပိုင်းကို ဆင်းလာကြတယ်၊ သူတို့နဲ့အတူ သူတို့ရဲ့ကြင်လျာတော်တွေဖြစ်ကြတဲ့ ဂွန်နာရီနဲ့ ရီဂန်တို့လည်း ပါလာကြတယ်၊ နောက်ပြီးတော့ သူတို့နှစ်ယောက်စလုံးနဲ့ ကြာခိုနေတဲ့ ဂလောင်စတာမင်းသားကြီးရဲ့သား အက်ဒမန်လည်း ပါလာတယ်။

စစ်ပွဲဖြစ်ပြီးတဲ့အခါ ပြင်သစ်ဘုရင်နဲ့ ကော်ဒဲလီယာတို့ဘက်က ရှုံးပြီး ဘုရင်လီယာနဲ့ သမီးတော် ကော်ဒဲလီယားတို့ သုံ့ပန်းအဖြစ်နဲ့ အဖမ်းခံကြရတယ်၊ အဲဒီလိုအဖမ်းခံရပြီး ဂလောင်စတာ မင်းသားကြီးရဲ့သား အက်ဒမန်ရဲ့ အမိန့်အရ ကော်ဒဲလီယားဟာ အသတ်ခံရရှာတယ်၊ ဘုရင်လီယာလည်း သူ့သမီးကို သတ်တဲ့သူကို ပြန်သတ်ပြီး သမီးအလောင်းက မခွာတော့ဘူး။

အတော်ကလေးကြာတဲ့အခါ သမီးကော်ဒဲလီယားအတွက် တောက်လောင်နေတဲ့ ပရိဒေဝမီးတွေဟာ တစ်စထက်တစ်စ ပြင်းထန်လာပြီး ဘုရင်ကြီးဟာ သူ့သမီးအလောင်းနားမှာပဲ လဲသေသွားရှာတယ်၊ ဂွန်နာရီနဲ့ ရီဂန်တို့လည်း သေချင်းဆိုးနဲ့ သေကြရတယ်၊ သေကြပုံက ဒီလိုပဲ စစ်ပွဲပြီးလို့ မကြာခင် ဒုတိယသမီးတော် ရီဂန်ရဲ့ ကြင်လျာတော် ကွန်းဝေါမင်းသားကြီး အနိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားတယ်၊ အဲဒီတော့ ရီဂန်က အက်ဒမန်ကို သူယူမယ်လို့ ပြောတယ်၊ ဒီသတင်းကြားတဲ့အခါ ပထမ သမီးတော် ဂွန်နာရီဟာ သိပ်စိတ်ဆိုးပြီး ရီဂန်ကို အဆိပ်ခတ်သတ်လိုက်တယ်၊ မကြာခင် သူ့ယောက်ျား အယ်လဘန်နီ မြို့စားကြီးဟာ ဒီအဆိပ်ခတ်တာကိုရော အက်ဒမန်နဲ့ ကြာခိုနေတာကိုပါ သိသွားတဲ့အတွက် ဂွန်နာရီကို ဖမ်းပြီး အချုပ်ခန်းထဲ ထည့်ထားလိုက်တယ်၊ ခမည်းတော်ကြီးကို စိတ်မချမ်းသာအောင် နှိပ်စက်ခဲ့တဲ့ ဂွန်နာရီဟာ ဝဋ်လည်တဲ့အနေနဲ့ စိတ်အညစ်ကြီးညစ်လာပြီး အချုပ်ခန်းထဲမှာပဲ သူ့ကိုယ်သူ သတ်သေလိုက်တယ်။

"သိန်းဒန်ရေ၊ ကျွန်ုပ်တော့ တစ်ဖက်ကမ်း၊ သားသမီးယုံ စုံလုံးကန်းဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား၊ အဲဒီတော့ မင်းဟာ စိတ်လိုက်မာန်ပါ သွားမလုပ်လိုက်ပါနဲ့၊ ဘုရင်ကြီးလီယာလို မင်းဟာ ဒုက္ခတွေ ပင်လယ်ဝေနေမှာကို ငါ မကြည့်ရက်ပါဘူးကွာ"

လို့ ရှေ့နေဦးနေဒွန်းက အချိန်မီ သတိပေးရှာပါတယ်။

ဒါပေမယ့် မရဘူး။

'သမီးအငယ်ဆုံး အချစ်ဆုံးဖြစ်တဲ့ ကြိုင်ကြိုင်ဟာ သူ့ရင်ဘတ်ကို စုံကန်ပြီး သူ့ရဲ့ အကြီးဆုံးရန်သူနောက်ကိုမှ ရက်ရက်စက်စက် လိုက်သွားလေခြင်း' ဆိုတဲ့ စိတ်ဟာ သူ့ဒေါသကို တိုးလာအောင်သာ ဆွပေးနေတဲ့အတွက် ဦးသိန်းဒန်က...

"ဟာ၊ ဒီ ဂွန်နာရီတို့ ရီဂန်တို့ဆိုတာ အရှေ့နိုင်ငံသူ နိုင်ငံသားတွေမှ မဟုတ်ဘဲ၊ အရှေ့နိုင်ငံသူ နိုင်ငံသားတွေဟာ မိဘအပေါ် ဒီလောက် မရက်စက်ပါဘူး၊ အဲဒီတော့ နေဒွန်းရယ်၊ မင်းဟာ အလကား အချိန်ဖြုန်းနေတယ်၊ ငါပြောတဲ့ စာချုပ်ကိုသာ ရေးပါ"

လို့ ပြောတယ်။

"ဒီလိုဆိုရင် အရှေ့နိုင်ငံသူ နိုင်ငံသားတွေထဲက မိဘအပေါ်မှာ ဒီလိုရက်စက်တဲ့ သာကေလေးတစ်ခုကို ငါ ထပ်ပြီး ပြောပါရစေကွာ၊ သိပ်မရှည်ပါဘူး၊ တိုတိုပါပဲ"

လို့ ဆိုပြီး ဒီလို ပြောပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီး သောဏာ

တို့ရဲ့ ဂေါတမ မြတ်စွာဘုရားသခင် လက်ထက်တော်တုန်းက သာဝတ္ထိပြည်မှာ သောဏာဆိုတဲ့ သူဌေးသမီးတစ်ယောက် ရှိတယ်၊ သောဏာ အရွယ်ရောက်လာတော့ သူဌေးသားတစ်ယောက်နဲ့ အိမ်ထောင်ပြုတယ်၊ သားဆယ်ယောက် ရတဲ့အခါ လင်ယောက်ျားဟာ စည်းစိမ် သားမယားတွေကို စွန့်ပြီး ရဟန်းပြုသွားတယ်၊ သောဏာလည်း သားဆယ်ယောက်ကို အရွယ် ရောက်အောင် စောင့်ရှောက် မွေးမြူလာတယ်။

သားတွေ အရွယ်ရောက်တဲ့အခါ အိမ်ထောင်ပြုကြတယ်၊ သူတို့ရဲ့ မယားတွေက ပူဆာလို့ထင်ပါရဲ့၊ သားတွေဟာ အမေဆီကိုသွားပြီး ပစ္စည်းတွေ ခွဲဝေပေးဖို့ ခဏခဏ ပူဆာတယ်။

အမေကြီးကလည်း ဒီပစ္စည်းတွေ ခွဲဝေပေးပြီးလို့ သားတွေက ပြန်မကြည့်ရင် သူ့မှာ မျောက်သစ်ကိုင်းလွတ် ဖြစ်မှာစိုးပြီး ပစ္စည်းတွေကို ခွဲမပေးဘူး၊ သူသေတော့မှပဲ သားတွေဟာ သူတို့ဟာသူတို့ ခွဲဝေယူကြပစေလို့ သဘောထားတယ်။

ဒါပေမယ့် သားတွေကလည်း…

"ပစ္စည်းတွေကို ခွဲဝေပေးပါ၊ အမေဒုက္ခ မရောက်စေရပါဘူး"

လို့ အကြိမ်ကြိမ်အဖန်ဖန် ပူဆာတာနဲ့ တစ်နေ့ကျတော့ ခွဲဝေပေး လိုက်တယ်။

သားတွေကလည်း အမေကို ခဏလောက်တော့ ကြည့်ရှုပါသေး တယ်၊ နောက်တော့ သူတို့မယားတွေရဲ့ ဩဇာလွှမ်းမိုးတာကို ခံကြရပြီး အမေကို ပြန်မကြည့်နိုင်ဘူး။

သားတစ်ယောက်ရဲ့အိမ်မှာ မနေနိုင်ရင် တခြားသားတစ်ယောက်ရဲ့ အိမ်မှာ နေနိုင်နိုးနိုးနဲ့ အမေကြီးဟာ တစ်အိမ်ပြီး တစ်အိမ် ပြောင်းလိုက်တာ သားဆယ်ယောက်စလုံးရဲ့အိမ်တွေသာကုန်ရော ဘယ်အိမ်ကမှ အမေကြီးကို ကြည်ကြည်ဖြူဖြူနဲ့ မလုပ်ကျွေးကြဘူး။

အဲဒါကြောင့် အမေကြီး သောဏာဟာ ဘိက္ခုနီမကျောင်းကို သွားပြီး ရဟန်းပြုတယ်၊ သောဏာဘိက္ခုနီမကြီးဟာ နောက်မှရောက်လာပြီး လူသစ်ဖြစ်နေတဲ့အတွက် အရင်ရောက်နှင့်နေကြတဲ့ ဘိက္ခုနီမကလေးတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်းတာကို လျှောက်လုပ်ပေးရတယ်၊ အဲဒီလိုလုပ်နေတဲ့အထဲက တစ်ပြိုင်နက် အလကားထိုင်မနေဘဲ အချိန်ရသမျှ တရားကို ပြင်းပြင်းထန်ထန် အားထုတ်တယ်။

တစ်နေ့ကျတော့ ဘိက္ခုနီမကလေးတွေ ရေချိုးဖို့အတွက် ရေနွေးကျို ပေးရအောင် ရေခပ်ရင်း ဘိက္ခုနီမကြီး သောဏာဟာ ရေချိုးခန်းထဲမှာ ချော်လဲသွားတယ်၊ အဲဒီလိုချော်လဲနေတုန်း ခန္ဓာငါးပါးရဲ့ မမြဲမှု၊ ဆင်းရဲမှု၊ အစိုးမရမှုတွေကို ဝိပဿနာဉာဏ်တွေနဲ့ ထက်ထက်သန်သန် ဆင်ခြင်လိုက်တဲ့အခါ ရဟန္တာဖြစ်သွားတယ်။

အသက်အရွယ်ကြီးပေမယ့် အားမလျှော့ဘဲ အဆင်းရဲ အပင်ပန်းခံပြီး အားထုတ်တဲ့အတွက် ရှင်တော်မြတ်ဘုရားက မြောက်စားချင်တာကြောင့် ကြီးကျယ်လှတဲ့ ပရိသတ်အလယ်မှာ **အာရဒ္ဓ ဝီရိယ ဧတဒဂ်** ဘွဲ့ထူးကို ပေးသနားတော်မူတယ်။

"အဲဒီတော့ သိန်းဒန်ရေ၊ အနောက်နိုင်ငံသူ နိုင်ငံသား သားသမီးတွေသာ မိဘကို ရက်စက်တာ မဟုတ်ဘူး၊ အရှေ့နိုင်ငံသူ နိုင်ငံသား သားသမီးတွေလည်း ရက်စက်ချင်တဲ့ သားသမီးဟာ မိဘကို ရက်စက်တာပဲ၊ အဲဒါကြောင့် ဒီကိစ္စကိုတော့ စိတ်လိုက်မာန်ပါ အလျင်စလို မလုပ်လိုက်ပါနဲ့ကွာ၊ သေသေချာချာ အချိန်ယူပြီး စဉ်းစားပါဦး"

လို့ ဦးနေဒွန်းက ထပ်ပြီး သတိပေးတယ်။

ဦးသိန်းဒန်ဟာ ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ နှစ်ယောက်စလုံးအပေါ်မှာ သိပ်ပြီး စိတ်နာနေတယ်။ သူ့ဒေါသဟာ လွယ်လွယ်နဲ့ ပြေမယ့် ဒေါသမဟုတ်ဘူး။ သူ့စိတ်တိုင်းကျ တစ်ခုခုလုပ်ရမှ ပြေမယ့် ဒေါသမျိုးဖြစ်နေတယ်။ ဒါကြောင့် ဦးနေဒွန်းက သူ့အကျိုးအတွက်ကြည့်ပြီး သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ အကျိုးသင့် အကြောင်းသင့် တရားသဖြင့်ပြောတဲ့ စကားတွေဟာ သူ့နားထဲမဝင်ဘူး။

ဦးနေဒွန်း ပြောနေတုန်း 'ဒီကောင်ဟာ ချစ်ဦးနဲ့ မိကြိုင်တို့အတွက် ရှေ့နေလိုက်နေတယ်' လို့တောင် သူ့စိတ်ထဲက ဦးနေဒွန်းကို သုံးလေးကြိမ် ပြစ်မှားမိသေးတယ်။

အဲဒီလောက် ဒေါသကြီးနေတဲ့အတွက် ဦးနေဒွန်းပြောပြီးတဲ့အခါ…

www.burmeseclassic.com

www.burmeseclassic.com



"အမေကို သားသမီးတွေက မကြောက်ဘူး၊ ဒါကြောင့် ဒီသောဏာသူဌေးကတော်ကြီးဟာ သားတွေရဲ့နှိပ်စက်တာကို ခံရတာ၊ အဖေကိုတော့ သားသမီးတွေက ကြောက်တယ်၊ ဒီလို မနှိပ်စက်ရဲပါဘူး၊ ဒါကြောင့် ငါပြောတဲ့ စာချုပ်ကို ရေးမှာသာ ရေးပါကွာ၊ အချိန်တွေ ဖြုန်းမနေပါနဲ့"

လို့ ပြောပြန်တယ်။

အဲဒီအခါ ဦးနေဒွန်းက…

"ဒီလိုဆိုရင် အရှေ့နိုင်ငံသူ နိုင်ငံသားတွေလည်း ဖြစ်တယ်၊ အဖေ့ကိုလည်း နှိပ်စက်တယ်ဆိုတဲ့ သားတွေရဲ့ သာဓကကလေး တစ်ခုကို ငါထပ်ပြီး ပြောပြပါရစေဦး၊ အဲဒီသာဓကကို ပြောပြပြီးလို့မှ မင်း စိတ်မပြေသေးဘူးဆိုရင် မင်းသဘောပဲ၊ မင်းအလိုရှိတဲ့ စာချုပ်ကို ငါ ရေးပေးမယ်"

လို့ ပြောပြီး ဒီလို ပြောပြန်တယ်။

"တို့ရဲ့ ဂေါတမ မြတ်စွာဘုရားသခင် လက်ထက်တော်တုန်းက သာဝတ္ထိပြည်မှာ ဥစ္စာ ရှစ်သိန်းကြွယ်ဝတဲ့ ပုဏ္ဏားကြီးလင်မယားနှစ်ယောက် ရှိတယ်၊ သူတို့မှာ သားလေးယောက်ရှိတယ်၊ အရွယ်ရောက်လာတဲ့အခါ သားတွေကို မိန်းမ ပေးစားပြီး တစ်ယောက်ကို တစ်သိန်းစီ အမွေပေးလိုက်တယ်၊ မကြာခင် ပုဏ္ဏေးမကြီး အနိစ္စရောက်တယ်…။

… အဲဒီတော့ သားလေးယောက်ဟာ သူတို့အချင်းချင်း တွေ့ဆုံကြပြီး 'အဖေဟာ နောက်အိမ်ထောင်ပြုရင် သူ့မှာ ကျန်သေးတဲ့ ဥစ္စာလေးသိန်းကို တို့ တစ်ပြားမှ ရမှာ မဟုတ်တော့ဘူး၊ အဲဒီတော့ အဖေကို ပစ်မထားဘဲ ဒီငွေလေးသိန်းကို တို့ရအောင် ကောင်းကောင်းပြုစုကြရမယ်' လို့ တိုင်ပင်ကြတယ်…။

… အဲဒီလို တိုင်ပင်ပြီး သားတွေဟာ အဖေကြီးဆီကို စားကောင်းသောက်ဖွယ်တွေကို ပို့တယ်၊ အဝတ်အစားတွေနဲ့ ကန်တော့တယ်၊ အဖေကြီးဆီကို နေ့စဉ်နေ့တိုင်း သွားသွားပြီး အဖေကြီးကို ခြေဆုပ်လက်နယ် ပြုစုကြတယ်…။

… တစ်နေ့ကျတော့ အဖေကြီးဟာ နေ့ခင်း တစ်ရေးအိပ်ရာက နိုးလာတဲ့အခါ သားလေးယောက်စလုံးဟာ အဖေကြီးကို ဝိုင်းပြီး ခြေဆုပ်လက်နယ် လုပ်ပေးကြရင်း ပုဏ္ဏားကြီး နောက်ထပ်အိမ်ထောင်မပြုချင်အောင် အိမ်ထောင်ပြုတာရဲ့ အပြစ်တွေကို ပြောကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



… ဒီလို သားလေးယောက်စလုံး တစ်လုည့်စီပြောပြီးတော့မှ 'အဖေကြီးမှာ ကျန်နေသေးတဲ့ ဥစ္စာလေးသိန်းကို သူတို့ကို တစ်ယောက် တစ်သိန်းစီ ဝေပေးပါ၊ အဖေကြီး အသက်ထက်ဆုံး သူတို့ ဒီလိုပဲ ပြုစု စောင့်ရှောက် လုပ်ကျွေးသွားပါ့မယ်' လို့ ပြောကြတယ်။…

… အဖေကြီးလည်း အဟုတ်မှတ်ပြီး သူ့ဖို့ အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ချန်ထားတယ်၊ ရှိသမျှပစ္စည်းတွေ သားလေးယောက်စလုံးကို အကုန်ဝေပေး လိုက်တယ်၊ ပစ္စည်းရပြီးတဲ့သားကြီးဟာ အဖေကို နှစ်ရက် သုံးရက်လောက် လုပ်ကျွေးပါသေးတယ်…။

… တစ်နေ့ကျတော့ ပုဏ္ဏားကြီးဟာ ရေချိုးရာက ပြန်လာတဲ့အခါ သားကြီးရဲ့ မယားက အိမ်ဝက ရပ်ပြီး 'ရှင့် ဖခင်ဟာ သားဆိုပြီး အမွေ ပေးတဲ့နေရာမှာ တခြားသားတွေထက် တစ်ရာ တစ်ထောင် ပိုပေးတာ မဟုတ် ပါဘူး၊ သားလေးယောက်စလုံးကို တစ်ယောက်နှစ်သိန်းစီ ညီတူညီမျှ ဝေပေးပစ်တာပဲ မဟုတ်ဘူးလား၊ အဲဒီတော့ ဖခင်ဟာ တခြားသားသမီး တွေဆီကိုလည်း သွားပါဦး၊ ဒီအိမ်ကိုပဲ နေ့တိုင်းလာလာနေတာ တခြား သားတွေဆီ သွားတဲ့လမ်းကိုပဲ မသိလို့လား' လို့ မလေးမစားမေးပြီး ပုဏ္ဏားကြီး ကို နှင်လွှတ်လိုက်တယ်…။

… ပုဏ္ဏားကြီးလည်း ဒေါသတွေ မထိန်းနိုင်အောင်ဖြစ်တဲ့အတွက် 'ဟယ် သူယုတ်မ၊ ဒီလို ကျေးဇူးကန်းတာ နင်တို့ တစ်နေ့ပျက်စီးမယ်' ဆိုပြီး နောက်သားတစ်ယောက်အိမ်ကို ထွက်သွားတယ်…။

… နောက်အိမ် နောက်အိမ်တွေကလည်း ဒီလိုပဲ နှင်နှင်လွှတ်တဲ့ အတွက် နောက်ဆုံးမှာ ပုဏ္ဏားကြီးဟာ ဘိုးသူတော်လုပ်ပြီး အိမ်တကာမှာ လည်တောင်းစားရတယ်၊ အသက်ကလည်း ကြီး၊ အစားအသောက်ကလည်း ကောင်းကောင်းမစားရ၊ အဝတ်ကောင်းကလည်း ဝတ်စရာမရှိတဲ့အတွက် အသိုးကြီးဟာ အတော်ဆင်းရဲပြီး ညှိုးနွမ်းပိန်ချုံးသွားရှာတယ်…။

… တစ်နေ့ကျတော့ မြတ်စွာဘုရားဆီကို ဒီပုဏ္ဏားကြီး ရောက်သွား တယ်၊ မြတ်စွာဘုရားကို ပုဏ္ဏားကြီးက သူ့အဖြစ်အပျက်တွေ လျှောက်ထား တဲ့အခါ မြတ်စွာဘုရားက ဂါထာငါးပုဒ်ကို ပေးလိုက်ပြီး 'လူတွေ အတော် များများလည်း စုံမယ်၊ သင့်သားတွေလည်း အဲဒီအခါမှာ ရှိမယ်ဆိုရင် ဒီဂါထာ တွေရွတ်' လို့ မိန့်ကြားတော်မူလိုက်တယ်…။

www.burmeseclassic.com

www.burmeseclassic.com



... ဒီဂါထာတွေရဲ့ အဓိပ္ပါယ်က ဒီလို-

၁။ ငါ့သားတွေကို ဖွားမြင်စဉ်က ငါဟာ အင်မတန် ရွှင်လန်း ဝမ်းမြောက်ခဲ့တယ်၊ ဒီသားတွေ ကြီးပွားချမ်းသာစေချင်တဲ့ စေတနာတွေလည်း ငါ့မှာ အများကြီးပေါ်ခဲ့ဖူးတယ်၊ ဒီသားတွေဟာ သူတို့ရဲ့မယားတွေနဲ့ တိုင်ပင်ပြီး ဝက်ကို ခွေးတွေဟာ တားမြစ်သလို သူတို့ရဲ့အိမ်ကို ငါ မလာရအောင် ငါ့ကို တားမြစ်ကြတယ်။

၂။ သူတော်ကောင်း မဟုတ်တဲ့ ယုတ်မာလှတဲ့ သားမိုက်တွေဖြစ်ကြတဲ့ ဒီဘီလူးတွေဟာ သားရဲ့ အသွင်ကိုယူပြီး ငါ့ကို ဖခင် ဖခင်လို့ ခေါ်ကြတယ်၊ ဒီသားမိုက်တွေဟာ အိုမင်းမစွမ်း ဖြစ်နေတဲ့ ငါ့ကို စွန့်ပစ်ကြတယ်။

၃။ အိုပြီး ခိုင်းမရတဲ့မြင်းကို အစာမကျွေးဘဲ ပစ်ထားသလို ငါ့ကိုလည်း ပစ်ထားကြတယ်၊ ဒီလို ပစ်ထားကြတဲ့အတွက် သားမိုက်တွေရဲ့ ဖခင်ဖြစ်တဲ့ အဘိုးအိုကြီးဟာ သူတစ်ပါးတွေရဲ့ အိမ်မှာ တောင်းစားနေရတယ်။

၄။ ငါ့ရဲ့ တောင်ဝှေးသာလျှင် မြတ်လှပေတော့တယ်။ အားမကိုးရတဲ့ မိဘစကားကို နားမထောင်ကြတဲ့သားတွေဟာ မမြတ်ကြဘူး၊ ငါ့ရဲ့ တောင်ဝှေးဟာ ကြမ်းကြုတ်တဲ့ နွားတွေ ငါ့ကို မနှိပ်စက်နိုင်အောင်လည်း တားမြစ်ကြတယ်၊ ကြမ်းကြုတ်တဲ့ ခွေးတွေ ငါ့ကို မနှိပ်စက်နိုင်အောင်လည်း တားမြစ်တယ်။

၅။ မှောင်ထဲကို သွားတဲ့အခါမှာလည်း ဒီတောင်ဝှေးဟာ ငါ့ရဲ့ *ရှေ့သွားအဖော်ဖြစ်တယ်၊ အစောက်နက်တဲ့ ချောက်ထဲကို ရောက်နေတဲ့ အခါမျိုးမှာလည်း ဒီတောင်ဝှေးဟာ ငါ့ရဲ့ တည်ဆောက်ရာ ဖြစ်နိုင်တယ်၊ ခြေချော်ပြီး တိမ်းလဲမလိုဖြစ်တဲ့ အခါမျိုးမှာလည်း ဒီတောင်ဝှေးရဲ့အာနုဘော်ကြောင့် လဲမသွားအောင် ငါ့ကိုယ်ကို ငါထိန်းနိုင်တယ်၊ အဲဒီလို အဓိပ္ပာယ်ရတယ်။

... တစ်နေ့ကျတော့ ပုဏ္ဏားတွေ ကျင်းပမြဲဖြစ်တဲ့ သဘင်တစ်ခုမှာ ပုဏ္ဏားပရိသတ် တော်တော်စုံတယ်၊ ပုဏ္ဏားကြီးရဲ့ သားလေးယောက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေကြတယ်၊ အဲဒီသဘင်ထဲကို ပုဏ္ဏားကြီးဝင်သွားပြီး မြတ်စွာဘုရား သင်ထားတဲ့ ဂါထာ ငါးပုဒ်ကို ပုဏ္ဏားကြီး ရွတ်တယ်။

… ဒီဂါထာတွေကို ကြားရတဲ့ ပုဏ္ဏား ပရိတ်သတ်ကြီးဟာ အများကြီး စိတ်မချမ်းမသာဖြစ်ပြီး 'မင်းတို့ ဖခင်ကြီးကို ကောင်းကောင်း မလုပ်ကျွေးဘဲ အခုလိုပစ်ထားရင် မင်းတို့ကို တို့ သတ်ပစ်ရလိမ့်မယ်' လို့ သားမိုက်လေးယောက်ကို ဝိုင်းပြီး ကြိမ်းမောင်းပြစ်တင်ကြတယ်။

… သားမိုက်လေးဦးလည်း ဖခင်ကြီးကို ကန်တော့ပြီး ဝန်ချတောင်းပန်ကြတယ်၊ ဖခင် ပုဏ္ဏားကြီးလည်း သူ့သားတွေကို ချမ်းသာပေးပါလို့ ပုဏ္ဏား ပရိသတ်ကို တောင်းပန်ရတယ်၊ အဲဒီနေ့ကစပြီးတော့မှ သားလေးယောက်ဟာ ဖခင်ပုဏ္ဏားကြီးကို ကောင်းကောင်းပြုစုကြတယ်၊ 'ဖခင်ကြီးကို မထီမဲ့မြင် ပြုရင်၊ ကောင်းကောင်း မပြုစုရင် မင်းတို့ကို ထိုက်တန်တဲ့ အပြစ်ကို ပေးရလိမ့်မယ်' လို့ သူတို့ရဲ့ မယားတွေကိုလည်း သူတို့ ဆုံးမထားကြတယ်…။"

"သိန်းဒန်ရေ၊ တစ်လောကလုံးမှာ သားတွေ သမီးတွေဟာ အကုန်လုံး မကောင်းဘူးလို့ ငါ မဆိုလိုပါဘူးကွာ၊ ဒါပေမယ့် တချို့သားသမီးတွေကတော့ သိပ်မိုက်တယ်ဆိုတာကို မင်း ဝန်ခံရလိမ့်မယ်၊ အဲဒီတော့ ပစ္စည်းတွေ အကုန်ပေးလိုက်ပြီးတဲ့နောက်မှ သားတွေ သမီးတွေ မလိမ္မာတာကိုတွေ့လာရင် အဲဒီအခါမျိုးကျတော့ ကိုယ်လည်း ဘာမှ မတတ်နိုင်တော့ဘူး၊ သူတို့ပြုမှ နေရမယ့် ဘဝမျိုး၊ မျောက်သစ်ကိုင်းလွတ်တဲ့ ဘဝမျိုး၊ အားကိုးရာမဲ့ဘဝမျိုးကို ရောက်သွားလိမ့်မယ်၊ အဲဒီတော့ ကိုယ့်ကိုယ်ကိုယ် ဒီလို မျောက်သစ်ကိုင်းလွတ် ဘဝမျိုးကို ရောက်အောင် ဘာဖြစ်လို့ မဆင်ခြင် မစဉ်းစားဘဲ လုပ်ချင်ရသလဲကွာ၊ သေသေချာချာ စဉ်းစားပါဦး"

လို့ ဦးနေဒွန်းက သတိထပ်ပေးပြန်တယ်။

ဦးသိန်းဒန်လည်း ချစ်ဦးနဲ့ ကြိုင်ကြိုင်အပေါ်မှာ ဘယ်နည်းနဲ့မှ ဒေါသမပြေနိုင်ဘူး။

အဲဒါကြောင့်…

"သေသေချာချာ စဉ်းစားပြီးပြီ၊ ငါပြောတဲ့စာချုပ်ကို မင်းတို့မှာ ရေးပါ၊ အချိန်တွေ ဖြုန်းမနေပါနဲ့တော့"

www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ ထပ်ပြောတယ်။

အဲဒီတော့ ဦးနေဒွန်းက…

“ဒီပစ္စည်းတွေ အကုန်လုံး သမီးနှစ်ယောက်ကို ခွဲဝေပေးလိုက်ပြီး မင်းဘာနဲ့ စားနေမလဲ”

လို့ မေးတယ်။

“တစ်လကို ငါးရာကျ တစ်ယောက်တစ်လှည့်စီ ငါ့ကို ပေးရမယ်၊ ဒီလ မြိုင်မြိုင်က ငါးရာ၊ နောက်တစ်လကျရင် လှိုင်လှိုင်က ငါးရာ၊ အဲဒီလို ပေးသွားမယ်၊ နောက်ပြီးတော့ ငါ စားသောက်နေကျအတိုင်း နေ့စဉ် ဆယ်ယောက်စာကို ခုတင်က ပြောသလိုပဲ၊ တစ်လှည့်စီ တာဝန်ယူရမယ်၊ ဒီလ မြိုင်မြိုင် တာဝန်ယူရင် နောက်လ လှိုင်လှိုင်က တာဝန်ယူရမယ်၊ ငါနိုင်းဖို့ အတွက် အစေခံငါးယောက်ကိုလည်း ပေးထားရမယ်၊ အဲဒီတာဝန်ကိုလည်း ခုတင်က ပြောသလို သမီးနှစ်ယောက် တာဝန်ယူရမယ်၊ ဒီလ မြိုင်မြိုင်က တာဝန်ယူရင် နောက်လ လှိုင်လှိုင်က တာဝန်ယူရမယ်”

လို့ ဦးသိန်းဒန်ပြောတယ်။

အစားအသောက် ဆယ်ယောက်စာ ပေးရမယ်လို့ တောင်းတာက ဘယ်သူတွေအတွက်လဲဆိုတာ နည်းနည်းရှင်းပြဖို့လိုတယ်။

ဝါးခယ်မမြို့မှာ ဦးရိုန်၊ ဦးဝေမျှ၊ ဦးဘိုးဟိန်း၊ ဦးဟံသာ၊ ဦးဘမြင့် ဆိုတဲ့ အဘိုးကြီး ငါးယောက်ရှိတယ်။ ဒီအဘိုးကြီး ငါးယောက်ဟာ ဦးသိန်းဒန် နားထဲမှာ အင်မတန် သာယာတဲ့ စကားတွေကို ပြောတတ်တယ်။ ဦးသိန်းဒန် မျက်စိထဲမှာ အင်မတန် ပီတိဖြစ်တဲ့ အမူအရာတွေကို လုပ်တတ်တယ်။ ဒါကြောင့် ဦးသိန်းဒန်ဟာ ဒီလူကြီးငါးဦးကို သူနဲ့ နေ့တိုင်း မနက်စာ၊ ညစာ လာစားဖို့ ဖိတ်ထားတယ်။ နောက်ပြီးတော့လည်း ဦးသိန်းဒန်မှာ အကျင့် ကောင်းလေး တစ်ခုရှိတယ်။ စားသောက်ချိန်မှာ ရောက်လာတဲ့မိတ်ဆွေ သင်္ဂဟတွေဆိုရင် သူ့ဆီမှာ စားသောက်ပြီးမှ ပြန်ရတယ်။ အဲဒါကြောင့် သူ့ အိမ်သူအိမ်သားတွေအပြင် အပိုလူဆယ်ယောက်စာလောက် နေ့စဉ် ချက်ပြုတ် စီစဉ်ထားရတယ်။ ဒီအစီအစဉ်ဟာ သူ့အိမ်မှာ ထုံးစံကြီးတစ်ခုဖြစ်နေတာ ဆယ်နှစ်မကတော့ဘူး။ အဲဒါကြောင့် ဦးသိန်းဒန်က ဆယ်ယောက်စာ တောင်းတာဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေ ဦးနေဒွန်းလည်း ဦးသိန်းဒန်ပြောသမျှကို အကုန်ရေးပြီး မှတ်နေတယ်။

"အဝတ်အစားတွေအတွက်ကော"

ဦးနေဒွန်းက ထပ်မေးတယ်။

"အေး ဟုတ်တယ်၊ အဝတ်အစားအတွက် တစ်နှစ်ကို တစ်ထောင် ဆိုရင် တော်ပါပြီ၊ အဲဒါလည်း ညီအစ်မနှစ်ယောက်ပဲ တာဝန်ယူရမယ်"

လို့ ဦးသိန်းဒန်က ပြောတယ်။ ရှေ့နေ ဦးနေဒွန်းလည်း အကုန် မှတ်ထားတယ်။

"နောက်ပြီးတော့ ငါလှူဒါန်းချင်ရင် လှူဒါန်းနိုင်အောင် တစ်နှစ်ကို တစ်သောင်းအထိ ညီအစ်မနှစ်ယောက် ညီတူမျှတူ တာဝန်ယူပြီး ငါ့ကို ပေးရမယ်"

ဦးနေဒွန်းလည်း အဲဒါကိုပါ မှတ်လိုက်တယ်။

အဲဒီလိုပြောပြီးတော့မှ…

၁။ လယ်ဧက ရှစ်ထောင်ကျော်၊

၂။ သူတို့နေတဲ့ ဝင်းခြံနဲ့ တိုက်သုံးလုံး၊

၃။ မြို့ထဲမှာ ငှားထားတဲ့ တိုက်လေးလုံး၊ အိမ်ဆယ်လုံး၊

၄။ နှစ်သိန်းဘိုးလောက်ရှိတဲ့ စိန် ရွှေ ပစ္စည်း၊

၅။ ရန်ကုန်၊ ရွှေတောင်ကြားထဲမှာရှိတဲ့ ဝင်းခြံနဲ့ တိုက်နှစ်လုံး၊

၆။ မော်တော်ကား နှစ်စီး၊

၇။ ငွေက သုံးသိန်းခန့် ပါဝင်တဲ့ ပစ္စည်းစာရင်းကို ဦးနေဒွန်းရဲ့ လက်ထဲ ဦးသိန်းဒန် ထည့်လိုက်တယ်။

အဲဒီလို ထည့်ပြီး…

"ဒီပစ္စည်းစာရင်းထဲမှာပါတဲ့ ခဲတံအနီနဲ့ ခြစ်ထားတဲ့ ပစ္စည်းတွေဟာ မြိုင်မြိုင်အတွက်၊ ခဲတံအပြာနဲ့ ခြစ်ထားတဲ့ ပစ္စည်းတွေဟာ လှိုင်လှိုင်အတွက်၊ ဒီလောက်ဆိုရင်တော့ ရှင်းပါရဲ့ကွာ"

လို့ ဦးသိန်းဒန်က ဦးနေဒွန်းကို မေးတယ်။

"နေပါဦးကွာ၊ ငါ ကြည့်ပါရစေဦး"

ဆိုပြီး ပစ္စည်းစာရင်း လှန်ဖတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီးတဲ့အခါ ဦးနေဒွန်းဟာ သက်မကြီးချလိုက်ပြီး…

"အင်း၊ ရှင်းပြီ"

လို့ ဦးသိန်းဒန်ကို ဖြေတယ်။

ဦးသိန်းဒန်က…

"စာချုပ် ဘယ်တော့ရေးပြီးမလဲ"

လို့ မေးတယ်။

"မနက်ဖြန် ဒီအချိန်လောက် အကြမ်းရေးထားတာကို ပြမယ်၊ အကြမ်းကို သဘောကျပြီဆိုတော့ အချောကူးရတာ မခက်ပါဘူး"

ဆိုပြီး ထပြန်သွားတယ်။

နောက်တစ်နေ့ အဲဒီအချိန်ကျတော့ ဦးနေဒွန်းဟာ စာချုပ်အကြမ်းကို ယူလာတယ်။ ဦးသိန်းဒန် လျှောက်ဖတ်ကြည့်ပြီး…

"နေဒွန်းရယ်၊ စာချုပ်ထဲမှာ ငါ့ပစ္စည်း ဝေပေးတာကိုသာ ထည့်ပါ၊ သမီးတွေက ဘာတွေပြန်ပေးရမယ် ဆိုတာတွေကို မထည့်ပါနဲ့၊ သားသမီးတွေနဲ့ ဒီလို အပြန်အလှန်စာချုပ်တာ လူကြားလို့ မတော်ပါဘူး၊ ငါ နှုတ်နဲ့ပဲ ပြောပါ့မယ်၊ ပစ္စည်းတွေနှစ်နေအောင် ဒီလောက်အထိ ရထားတာ ဒီသမီးတွေဟာ အဖေကို ဒီလောက်မှ ပြန်ပြီး စေတနာမရှိဘူးလား၊ ဒါတွေ ဖြုတ်ပစ်လိုက်ပါကွာ၊ ငါ နှုတ်နဲ့ပဲ ပြောပါ့မယ်"

လို့ ဦးသိန်းဒန်က ပြောတယ်။

"နှုတ်တစ်ရာ စာတစ်လုံး ဆိုတဲ့ စကားရှိတယ် သိန်းဒန်၊ မိုးမပြိုဘူး၊ ဒါပေမယ့် ပြိုသည်ရှိသော် ဆိုတဲ့ စကားလို တစ်နေ့ကျတော့ သမီးတွေဘက်က အကြောင်းတစ်ခုခုကြောင့် သူတို့ တာဝန်ပျက်ကွက်လာရင် မင်းက ခိုင်ခိုင် မာမာ တောင်းနိုင်အောင် မင်းမှာ အားကိုးတစ်ခုရှိနေရမယ်၊ ဒါလောက်ကလေး မှ မရှိရင် သူတို့ဘက်က ပျက်ကွက်လာတဲ့အခါ မင်းမှာ ခြေမဲ့လက်မဲ့ ဖြစ်နေ လိမ့်မယ်၊ ဒီလောက်တော့ စာချုပ်ထဲမှာ ထည့်ပါကွာ"

လို့ ဦးနေဒွန်းက ထပ်ပြီး သတိပေးတယ်။

"မင်းဟာ ဘာကိုပဲကြည့်ကြည့် ရှေ့နေမျက်စိနဲ့ပဲ ကြည့်တာပဲ၊ ဘာဖြစ်ဖြစ် တိကျရမယ်၊ ပြတ်သားရမယ်၊ သေချာရမယ်၊ ခိုင်လုံရမယ်၊ သားသမီးတွေကို အမွေပေးတဲ့စာချုပ်ထဲမှာ ဒါတွေ မလိုပါဘူးကွာ၊ ဖြုတ်ပစ် လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဦးသိန်းဒန်က ထပ်ပြီးပြောတာနဲ့ ဦးနေဒွန်းလည်း သက်မချပြီး သမီးတွေက အဖေကို ဘယ်လိုပြန်ပြီး ထောက်ပံ့ရမယ်ဆိုတဲ့ စာပိုဒ်တွေကို ဖြုတ်ပစ်လိုက်တယ်။

နောက်တစ်နေ့ အဲဒီအချိန်၊ စာချုပ်အချောရေးပြီးတဲ့အခါ မြိုင်မြိုင်၊ လှိုင်လှိုင်နဲ့ သူတို့ ယောက်ျားနှစ်ယောက်ကို ခေါ်ပြီး ဦးသိန်းဒန်က ရှင်းပြတယ်။

အဲဒီလိုရှင်းပြရင်း…

'သမီးတို့ရဲ့ ဦးကကွယ်၊ စိတ်ချရအောင်ဆိုပြီး သမီးတို့က ဖေဖေ့ကို ဘယ်လိုပြန်ပြီး ထောက်ပံ့ရမယ်ဆိုတာတွေကို စာချုပ်ထဲ ထည့်ရေးထားဖို့ တောင် ပြောသေးတယ်၊ ငါ့သမီးတွေ တစ်နေ့ကျရင် ဖေဖေ့ကို တစ်ပြားမှ မထောက်ဘဲ ပစ်ထားကြမှာလား"

လို့ ဦးသိန်းဒန်က ရယ်ပြီး သမီးတွေကို မေးလိုက်တယ်။

မြိုင်မြိုင်က…

"သမီးတို့ ဒါလောက် မမိုက်ပါဘူး ဖေဖေ၊ ဖေဖေ့ကျေးဇူးတွေဟာ ဆပ်လို့မကုန်နိုင်ပါဘူး"

လို့ ဖြေတယ်။

လှိုင်လှိုင်က…

"ဒါမျိုးကို စဉ်းတောင် မစဉ်းစားရဲပါဘူး ဖေဖေ"

လို့ ဖြေတယ်။

ဦးနေဒွန်းလည်း ဦးသိန်းဒန်ပြောတဲ့စကားတွေကိုရော မြိုင်မြိုင်နဲ့ လှိုင်လှိုင်က ပြန်ပြီးဖြေတဲ့ စကားတွေကိုရော သူ့ဒိုင်ယာရီထဲမှာ မှတ်ထားလိုက်တယ်။

ဦးသိန်းဒန်က ဦးနေဒွန်းဘက်ကိုလှည့်ပြီး…

"ငါ့သမီးနှစ်ယောက်ဟာ ဒါလောက် မမိုက်ပါဘူးကွာ"

လို့ ပြောတယ်။

ဦးနေဒွန်းက သမီးတွေကိုကြည့်ပြီး…

"နင်တို့ပြောတာ ငါ့ဒိုင်ယာရီထဲမှာ ငါမှတ်ထားတယ်၊ ဒီအတိုင်း တည်ပါစေနော်"

လို့ ဦးနေဒွန်းက ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



လှိုင်လှိုင်က ဘာမှမပြောဘူး။ မြိုင်မြိုင်က…

"စိတ်ချပါဦးရယ်"

လို့ ဖြေတယ်။ မကြာခင် စာချုပ်ထဲမှာ ပါတဲ့အတိုင်း ရုံးမှာ ရေစစ္စတြီလုပ်ပြီး ဦးသိန်းဒန်ဟာ သူ့ပစ္စည်းတွေ သမီးနှစ်ယောက်ကို ခွဲပေးလိုက်တယ်။

ကျင်ဟုတ်အမှုကိုစစ်တာ သုံးလလောက် ကြာတယ်။ အမှုက အင်မတန် ထင်ရှားနေတဲ့အတွက် ထောင်သုံးနှစ်ချလိုက်တယ်။ ကန်ထရိုက်တာတွေ၊ ဘိန်းချတဲ့လူတွေဟာ ကျားစာကျွေးဖို့ တပည့်တချို့ကို မွေးထားကြတယ်။

ကျားစာကျွေးဖို့ဆိုတာ တခြားမဟုတ်ဘူး။ ဒီကန်ထရိုက်တာတွေ ဘိန်းချတဲ့ လူတွေရဲ့ မတရားလုပ်သမျှတွေ ပေါ်တဲ့အခါ သူတို့အစား ဒီတပည့်တွေကို မားစာခံတွေအနေနဲ့ ထိုးပေးဖို့ပဲ ဖြစ်တယ်။

အောင်တင့်နဲ့ ခင်မောင်တို့ဟာ ကျင်ဟုတ်က ကျားစာကျွေးဖို့ မွေးထားတဲ့ တပည့်တွေဖြစ်ကြောင်း သက်သေအထောက်အထားတွေ အများကြီးတွေ့ရတယ်၊ ဒါကြောင့် 'ကိုချစ်ဦးဆီက ငွေငါးရာရတဲ့အတွက် ဈေးရုံသစ်တွေထဲမှာ အင်္ဂတေနဲ့ ဖျဉ်းကတိုးသစ်တွေအစား ရွှံ့တွေနဲ့ တောသစ်တွေကို ထည့်ရပါတယ်' ဆိုတဲ့ သူတို့ရဲ့ လျှောက်ထားချက်ဟာ ယုတ္တိမရှိဘူး၊ မယုံကြည်ရဘူးဆိုပြီး သူတို့ရဲ့ လျှောက်လွှာကို ပယ်လိုက်တယ်။

လမ်းဆုံးအထိ အယူခံတက်ဖို့ ဦးသိန်းဒန်က နှစ်စဉ် သူလှူချင်ရာ လှူဖို့ သမီးများက ပေးရတဲ့ ငွေတစ်သောင်းထဲက ငါးထောင်ခွဲပေးလိုက်တယ်။ အမှုဟာ သိပ်ထင်ရှားနေတဲ့အတွက် အယူခံတိုင်းရှုံးပြီး အောက်ရုံးအမိန့်အတိုင်း တည်သွားတယ်။

ကျင်ဟုတ်လည်း ဘီအတန်းစား အကျဉ်းသမားအဖြစ်နဲ့ အင်းစိန်ထောင်ကို အပို့ခံရတယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၂

## ဏက်သည်အစစ်ကို မရှာနိုင်သေးပါ

သူဌေးမြိုင်မြိုင်ဟာ အုံးဖေကို မွေးလာတာ တစ်နှစ်လောက်ရှိလို့ သမီးကလေး ရလာတဲ့အချိန်လောက်ကစပြီး အုံးဖေဟာ တစ်နေ့တခြား လူဝါးဝ လာတာကို တွေ့ရတယ်။ မြိုင်မြိုင်ရဲ့ယောက်ျား လွန်းမောင်ရှေ့မှာသာ အုံးဖေက မြိုင်မြိုင်ကို 'မမမြိုင်' လို့ ခေါ်တယ်။ ရိုသေလေးစားချင်ယောင်ဆောင်တယ်။ လွန်းမောင် ကွယ်ရာမှာဆိုရင် မြိုင်မြိုင်လို့ ခေါ်တယ်။ တစ်ခါတစ်ခါ 'ဟေ့ မြိုင်မြိုင်' လို့တောင် ခေါ်လိုက်သေးတယ်။ 'ဟေ့ မြိုင်မြိုင်' ဆိုတာ ဘာဟုတ်သေးသလဲ၊ သားမယားကို ပြောသလို အုံးဖေက မြိုင်မြိုင်ကို 'မင်း' နဲ့ ငါနဲ့တောင် ပြောလိုက်သေးတယ်။

ငွေလိုချင်တဲ့အခါ လိုသလောက်မရရင် အုံးဖေက မြိုင်မြိုင်ကို အော်လား ဟောက်လား၊ ကြိမ်းလား မောင်းလား လုပ်တာမျိုးတွေတောင် ရှိလိုက်သေးတယ်။ ဒီလို အော်လိုက်ရင် မြိုင်မြိုင်ဟာ ဆိုင်းမနေရဲဘူး၊ ချက်ချင်း ထုတ်ပေးရတယ်။ တစ်ခါတစ်ခါ အုံးဖေ အရက်သောက်တာ လွန်သွားပြီး အိပ်ခန်းထဲမှာ ဟိုအန် ဒီအန် အန်နေရင် မြိုင်မြိုင်ဟာ ထွေးခံတစ်လုံးနဲ့ အန်ဖတ်ကို ခံရတယ်။ အုံးဖေရဲ့ကျောကို နှိပ်ပေးရတယ်။ မြိုင်မြိုင်ဟာ လင်ကြီးလွန်းမောင်ကို နိုင်သမျှ အုံးဖေကျတော့ အရှုံးပေးရတယ်။ လင်ငယ်ဆိုတာ တစ်နေ့ကျရင် ဒီလိုပဲ ဗိုလ်ကျတာပဲဆိုတာကို မြိုင်မြိုင် မတွေးမိဘူး။ ဒါကြောင့် အုံးဖေ ဒီလိုဗိုလ်ကျတာကို မြင်ရတဲ့အခါ သိပ်စိတ်ဆိုးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူကိုယ်တိုင်ကလည်း အုံးဖေကို မပစ်ရက်၊ လူစားကလည်း မရှိသေးတော့ အုံးဖေ ဗိုလ်ကျသမျှကို မြိုင်မြိုင်ဟာ ကျိတ်ပြီး သည်းခံနေရတယ်။

တစ်နေ့ကျတော့ လွန်းမောင်ဟာ ညွန့်မောင်ဆိုတဲ့ သူငယ်တစ်ယောက်ကို သူ့ရုံးမှာ အလုပ်ကြမ်းခိုင်းဖို့အတွက် ခေါ်လာတယ်။ ဒီ ညွန့်မောင်ဆိုတဲ့ သူငယ်ကလေးဟာ အတော်ကလေး သနားကမားရှိတယ်။ သူ့ဇာတိကတော့ ရှမ်းစုရွာပါပဲ။

လွန်းမောင်ဟာ လယ်တွေကြည့်ရအောင် ခရီးထွက်တဲ့အခါ ရှမ်းစုရွာရောက်တိုင်း ညွန့်မောင်ဟာ လွန်းမောင်ကို နှင်းနှိပ်ပေးတယ်။ လွန်းမောင်ရဲ့ တပည့်တွေနဲ့အတူတူ လွန်းမောင်ရဲ့အလုပ်တွေကို ကူညီညာလုပ်ပေးတယ်။ လွန်းမောင်က ခိုင်းလိုက်ပြန်ရင်လည်း ပေါ့ပေါ့ပါးပါး လုပ်ပေးတယ်။ သူ့မှာ မိဘ မရှိဘူး။ လွန်းမောင်ရဲ့လယ်မှာ အလုပ်လုပ်တဲ့ ဦးလေးဝမ်းကွဲတော်သူကိုမြတ်သာအိမ်မှာ ကပ်နေရတယ်။ အဲဒါနဲ့ လွန်းမောင်လည်း ညွန့်မောင်ကို သနားပြီး ခေါ်လာတာဖြစ်တယ်။

ဒီညွန့်မောင်ကိုမြင်တာနဲ့ မြိုင်မြိုင်မှာ အားကိုးတစ်ခုရသလိုဖြစ်ပြီး စိတ်ကူးသစ်တွေ အများကြီးဝင်လာတယ်။ 'လူဝါးဝတဲ့ အုံးဖေကို ကန်ထုတ်လိုက်တော့မယ်၊ အုံးဖေနေရာမှာ ညွန့်မောင်ကို မွေးမယ်၊ ဒီသူငယ်ကြည့်ရတာ ချစ်စရာကလေးပဲ၊ စိတ်နေစိတ်ထားကလည်း ဆိုးပုံမပေါ်ဘူး၊ ဒါပေမယ့် လူဝါးတွေ ဝမလာအောင် အစကတည်းက နှိမ်ထားရမယ်' အစရှိတဲ့ စိတ်ကူးတွေဟာ မြိုင်မြိုင်ရဲ့ဦးနှောက်ထဲကို တသီတတန်းကြီး ဝင်လာတယ်။

ဒါတွေကို စဉ်းစားပြီးတဲ့နောက် အုံးဖေကို နှင်ထုတ်ရမယ်ဆိုတာကို မြိုင်မြိုင် ဆက်စဉ်းစားတယ်။ အဲဒီလို စဉ်းစားပြီး သူ့ယောက်ျား လွန်းမောင် အလုပ်ရုံးကို ထွက်သွားတာနဲ့တစ်ပြိုင်နက် မြိုင်မြိုင်ဟာ အုံးဖေကို ခေါ်လိုက်တယ်။

"ကိုအုံးဖေ၊ ကျွန်မနဲ့ဖြစ်နေတာကို ရှင် လူတွေ လျှောက်ပြောသလား"

လို့ စိတ်ဆိုးတဲ့ မျက်နှာထားနဲ့ မြိုင်မြိုင်က မေးလိုက်တယ်။

"မြိုင်မြိုင်ရယ်၊ ဘုရားစူးရပါစေရဲ့၊ ကိုယ် မပြောပါဘူးကွာ" လို့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မယုံတဲ့မျက်နှာထားနဲ့ . . .

"ရှင့် မိုးကြိုးပစ်"

လို့ မြိုင်မြိုင်က ထပ်အကျိန်ခိုင်းတယ်။

"ပစ်ရပါစေရဲ့ကွာ"

လို့ အုံးဖေက ထပ်ကျိန်တယ်။

မြိုင်မြိုင်ဟာ နှုတ်ခမ်းကြီးစူထားပြီး . . .

"ကျွန်မတော့ ရှင် လျှောက်ပြောတယ် ထင်တာပဲ"

လို့ ထပ်ပြောပြန်တယ်။

အဲဒီတော့ အုံးဖေက . . .

"ဘယ်က ဘာတွေ ကြားလာလို့လဲကွာ"

လို့ ပြန်မေးတယ်။

"ဘယ်က ကြားရမလဲ၊ ကိုလွန်းမောင်ဆီက ကြားတာပေါ့၊ ရှင်နဲ့ ကျွန်မနဲ့ ဖြစ်နေသလား၊ သူ့ကို မှန်မှန်ပြောပါ၊ ဖြစ်နေတယ်ဆိုတာ သူ ခိုင်ခိုင် လုံလုံ ကြားရတယ်လို့ အခု အလုပ်ရုံကို မသွားခင်ကလေးပဲ ကိုလွန်းမောင် ရှူးရှူးရှဲရှဲဖြစ်ပြီး ကျွန်မကို မေးတယ်။ ဟုတ်တယ်ဆိုရင်တော့ မင်းတို့ နှစ်ယောက်စလုံး သေရအောင် ပြင်ပေတော့၊ မင်းတို့ကို နှစ်လုံးပြူးနဲ့ ရင်ဝ ပစ်သတ်ပြီးမှ ငါ စက်တိုင် တက်မယ်လို့ ကြိမ်းသွားတယ်။ ကျွန်မကတော့ ရှင် လျှောက်ပြောတဲ့ နေရာတစ်ခုခုက သူ ကြားလာတယ်ထင်တာပဲ၊ ကျွန်မတို့ ပေါင်းလာတာ ခုနစ်နှစ်ကျော်သွားပြီ၊ ကျွန်မကို ဒီလို ဒေါသဖြစ်တာ တစ်ခါမှ မတွေ့ဖူးသေးဘူး"

လို့ မြိုင်မြိုင်က ပြောတယ်။

"ပေးချင်တဲ့ကျမ်းကို ပေးပါ မြိုင်မြိုင်ရယ်၊ ကိုယ် ကျိန်ရဲပါတယ်၊ ကိုယ် ဘယ်သူ့ကိုမှ မပြောဖူးပါဘူး၊ ဘုရားစူးရပါစေရဲ့"

လို့ အုံးဖေက ထပ်ပြီး ကျိန်ပြတယ်။

"သူ မသင်္ကာဖြစ်နေတဲ့အခါ အနေအထိုင် နည်းနည်းဆင်ခြင် လိုက်ဦး၊ အိမ်ထဲမှာလည်း တို့မီး ရှို့မီးလုပ်တဲ့လူတွေ ရှိချင်ရှိနေမယ်၊ ကောင်မကလေးတွေများ ပြန်ပြောကြသလား၊ သူတို့ကိုလည်း စစ်ကြည့်ရ ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ မြိုင်မြိုင်က ပြောတယ်။

အုံးဖေလည်း လွန်းမောင်သိသွားပြီဆိုပြီး အကြောက်ကြီး ကြောက်နေတယ်။ လွန်းမောင်နဲ့ မျက်နှာချင်းဆိုင်ရတဲ့အခါ ရဲရဲတောင် မကြည့်ရဲဘူး။

နောက်သုံးရက်လောက်ရှိတော့ မြိုင်မြိုင်က ရန်ကုန်ကို သွားချင်တယ်ဆိုတာနဲ့ လွန်းမောင်လိုက်ပို့တယ်၊ မြိုင်မြိုင်ပြောတာနဲ့ လွန်းမောင်ဟာ ညွန့်မောင်ကို ခေါ်ခဲ့တယ်။ ရန်ကုန်ရောက်တာ သုံးရက်လောက်ရှိတော့ မြိုင်မြိုင်က…

"ကျွန်မ မူးနောက်နောက် ဖြစ်နေတယ်၊ ရန်ကုန်မှာပဲ ခဏနေရစ်ခဲ့ဦးမယ်"

ဆိုပြီး လွန်းမောင်တစ်ယောက်တည်းကိုသာ ဝါးခယ်မကို ပြန်လွှတ်လိုက်တယ်။ မြိုင်မြိုင်က ခေါ်ထားလိုက်လို့ ညွန့်မောင်လည်း မြိုင်မြိုင်နဲ့အတူ ရန်ကုန်မှာ နေခဲ့ရတယ်။

လွန်းမောင် သင်္ဘောဆိပ်ကို မဆင်းခင် မြိုင်မြိုင်က…

"အုံးဖေကို ကြည့်ရတာ ကျွန်မ မသင်္ကာဘူး၊ ကျွန်မတို့တိုက်မှာ ပစ္စည်းတွေ ဘယ်နေရာမှာ ထားတယ်ဆိုတာကို ဒီကောင် လိုက်လိုက်ပြီး ကြည့်နေတယ်ထင်တယ်၊ သူ့ကို တိုက်မှာ မထားနဲ့တော့ ကြားလား"

လို့ မြိုင်မြိုင်က ပြောတယ်။

လွန်းမောင်က…

"အင်း"

လို့ ဖြေတယ်။

"သူ့ကို စကားများများပြောမနေနဲ့၊ ဒီက ပြန်ရောက်ရောက်ချင်း အုံးဖေ… မင်းကို ငါ မသင်္ကာဘူးလို့ တစ်ခွန်းတည်းသာ ပြောပြီး နှင်ပစ်လိုက် ကြားလား"

လို့ မြိုင်မြိုင်က ပြောတယ်။

လွန်းမောင်က…

"အင်း"

လို့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်နဲ့ စကားရှည်ရှည်ပြောမနေနဲ့၊ မင်းကို မသင်္ကာဘူးလို့သာ တိုတိုပဲ ပြောလိုက်၊ ကြားလား"

လို့ မြိုင်မြိုင်က ထပ်ပြောတယ်။

လွန်းမောင်က...

"အင်း"

လို့ ဖြေတယ်။

မော်တော်ကားပေါ်ကို လွန်းမောင် တက်ခါနီး မြိုင်မြိုင်က လွန်းမောင် အနားကပ်ပြီး...

"ဒီကောင်နဲ့ စကားရှည်ရှည်ပြောမနေနဲ့နော်၊ မင်းကို မသင်္ကာဘူးလို့ သာ တစ်ခွန်းတည်းပြောလိုက် ကြားလား"

လို့ မြိုင်မြိုင်က ထပ်ပြောတယ်။

လွန်းမောင်က...

"အင်း"

ဆိုပြီး မော်တော်ကားပေါ်တက်သွားတယ်။

မော်တော်ကား စက်နိုးနေတုန်း...

"ဒီကောင် ထွက်သွားသွားချင်း ဒီကိုစာရေးလိုက်၊ ဒီကောင့်ကို ရှင် ဘာပြောတယ်ဆိုတာပါ ထည့်ရေးလိုက် ကြားလား"

လို့ မြိုင်မြိုင်က နောက်ထပ်ပြီး မှာပြန်တယ်။

လွန်းမောင်က...

"အင်း"

လို့ပဲ ပြန်ဖြေပြီး မော်တော်ကား ထွက်သွားတယ်။

မော်တော်ကားထွက်သွားတာနဲ့တစ်ပြိုင်နက် မြိုင်မြိုင် တိုက်ပေါ်တက် သွားပြီး အိပ်ခန်းထဲက ခုတင်ပေါ်မှာ လှဲနေတယ်။ အစောကြီးကတည်းက စီစဉ်ထားတဲ့အတိုင်း လက်ပါးစေကလေး မယ်တင်ဟာ ညွှန့်မောင်ကို မြိုင်မြိုင့် ဆီ ခေါ်သွားတယ်။

ညွှန့်မောင် အခန်းထဲဝင်လာတဲ့အခါ မြိုင်မြိုင်က ညွှန့်မောင်ကိုစိုက်ကြည့် ကြည့်နေတယ်။ အဲဒီလိုကြည့်နေတဲ့ မြိုင်မြိုင်ရဲ့မျက်လုံးတွေဟာ တစ်မျိုးကြီးပဲ။

www.burmeseclassic.com



မျက်လှည့်ပွဲတွေမှာ မျက်လှည့်ဆရာက သူညှို့မယ့်သူငယ်ကို စိုက်ကြည့်နေတဲ့ မျက်လုံးမျိုးနဲ့ တူတယ်။

မယ်တင် တိုက်အောက် ဆင်းသွားတဲ့အခါ ခုတင်ဘေးမှာ ရပ်နေတဲ့ ညွှန့်မောင်ကို မြိုင်မြိုင်က…

"တံခါးမင်းတုပ်ထိုးထားလိုက်"

လို့ ပြောတယ်။ မင်းတုပ်ထိုးနေတဲ့ ညွှန့်မောင်ရဲ့လက်တွေဟာ တဆတ်ဆတ်နဲ့ တုန်နေတယ်။ ညွှန့်မောင် ခုတင်ဘေးမှာ ပြန်ရပ်တဲ့အခါ မြိုင်မြိုင်လည်း ခုတင်ပေါ်မှာ လှဲနေရင်းက…

"ညွှန့်မောင်"

လို့ ခေါ်လိုက်တယ်။

"ဟုတ်ကဲ့ မမ"

လို့ ညွှန့်မောင်က ထူးတယ်။

"မင်း ချမ်းသာအောင် မမ မင်းကို ကြည့်မယ်၊ ကြားလား"

လို့ မေးတယ်။

"ဟုတ်ကဲ့ မမ"

လို့ ညွှန့်မောင်က ဖြေတယ်။

"ဒါပေမယ့် မင်းကို မကြည့်ခင် မမကို မင်း ကတိတစ်ခုပေးရမယ်၊ ကြားလား"

လို့ မြိုင်မြိုင်က ပြောတယ်။

"ကြားပါတယ် မမ"

လို့ ညွှန့်မောင်က ဖြေတယ်။

"ငါကြည့်လို့ မင်းချမ်းသာလာတဲ့အခါ မင်းဟာ လူဝါးမဝရဘူး၊ ငါ့ကို မလေးမစားမလုပ်ရဘူး၊ လူရှေ့မှာဖြစ်ဖြစ်၊ ကွယ်ရာမှာဖြစ်ဖြစ် ငါ့ကို မမလို့ပဲ ခေါ်ရမယ်၊ ငါ ပြောစကားကို နားထောင်ရမယ်၊ ငါ့ကို ခံမပြောရဘူး၊ မအော်ရဘူး၊ မငေါက်ရဘူး၊ ပြီးတော့ ငါ မင်းကို ကြည့်ရှုထားတာ မင်းနှုတ်လုံရမယ်၊ အဲဒီကတိကို မင်းပေးနိုင်ပါ့မလား"

လို့ မြိုင်မြိုင်က မေးတယ်။

"ပေးနိုင်ပါတယ် မမ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ညွန့်မောင်က ဖြေတယ်။

"နောင်တော့ ဒီကတိကို မင်း ဖျက်မှာလား"

လို့ မြိုင်မြိုင်က ထပ်ပြီး မေးတယ်။

"မဖျက်ပါဘူး မမ"

လို့ ညွန့်မောင်က ဖြေတယ်။

"မင်းကို ဘုရားစူး"

လို့ မြိုင်မြိုင်က မေးတယ်။

"စူးရပါစေရဲ့ မမ"

လို့ ညွန့်မောင်က ဖြေတယ်။

"မင်းကို မိုးကြိုးပစ်"

လို့ ထပ်မေးတယ်။

"ပစ်ရပါစေရဲ့ မမ"

လို့ ဖြေတယ်။

"မင်းကို ကာလနာတိုက်"

လို့ နောက်ထပ် မေးပြန်တယ်။

"တိုက်ရပါစေရဲ့ မမ"

လို့ ဖြေတယ်။

"မင်းကို မြွေဆိုးမြွေဟောက်ပေါက်"

လို့ နောက်ထပ် ကျိန်စာတစ်ခုကို မြိုင်မြိုင်က တိုက်ပြန်တယ်။

"ပေါက်ရပါစေရဲ့ မမ"

လို့ ညွန့်မောင်က ဖြေတယ်။

အဲဒီတော့မှ မြိုင်မြိုင်က ပြုံးပြီး…

"လာ ဒီကို"

လို့ ပြောပြောဆိုဆို ညွန့်မောင်ကို သူ့ညာလက် လှမ်းပေးလိုက်တယ်။

ညွန့်မောင်လည်း သူ့ညာလက်နဲ့ မြိုင်မြိုင်ရဲ့လက်ကို လှမ်းဆွဲရင်း ခုတင်ပေါ်ကို တက်သွားတယ်။

နောက်သုံးရက်လောက်ကြာတဲ့အခါ…

www.burmeseclassic.com

www.burmeseclassic.com



"အုံးဖေကို တိုက်က နှင်ပစ်လိုက်ပြီ၊ စကားများများမပြောရဘူး၊ မင်းကို မသင်္ကာဘူးလို့ ပြောပြီး နှင်ပစ်လိုက်တယ်"

ဆိုတဲ့ စာတစ်စောင်ကို မြိုင်မြိုင်ဟာ လွန်းမောင်ဆီက ရတယ်။ ဒီစာကို ဖတ်ပြီး မြိုင်မြိုင်ဟာ သိပ်ဝမ်းသာနေတယ်။

နောက်သုံးရက်လောက်ကြာတဲ့အခါ ဒရိုင်ဘာက မြိုင်မြိုင့်အနားကို လာပြီး…

"မမတို့အိမ်မှာ ထမင်းချက်လုပ်ဖူးတဲ့ ဂျွန်ဆိုတဲ့ ကုလား ဒီရန်ကုန်မှာ ရှိတယ်၊ မမ ရန်ကုန်ကို လာရင် သူ့ကိုပြောပါ၊ သူလာတွေ့ချင်တယ်လို့ ကျွန်တော့်ကို မှာထားတာ ကြာပြီ၊ သူနဲ့တွေ့ရင် ကျွန်တော် ခေါ်ခဲ့ရမလား"

လို့ မေးတယ်။

မြိုင်မြိုင်လည်း အများကြီး ဝမ်းသာသွားပြီး…

"ဘယ်မှာလဲ ဒီကုလား၊ အခုသွားခေါ်စမ်း"

လို့ ဒရိုင်ဘာကို အမိန့်ပေးလိုက်တယ်။

နောက်သုံးရက်လောက်ကြာတော့ ဂျွန် သူ့မိန်းမ မယ်မြစ်နဲ့ တစ်နှစ်သားကလေးပါ ပါလာကြတယ်။ ဂျွန်ဟာ မြိုင်မြိုင့်ထက် ဆယ့်နှစ်နှစ်ကြီးပေမယ့် မြိုင်မြိုင်တို့ ညီအစ်မတွေဟာ သူ့ကို နင် ငါနဲ့ပဲ ပြောကြတယ်။ ဂျွန်ကလည်း သူ့မျက်စိအောက်မှာ ကြီးလာကြတဲ့အတွက် ကလေးတွေ ဖြစ်နေတဲ့အတွက် သူတို့ကို နင်နဲ့ ငါနဲ့ပဲ ပြောနေကျ ဖြစ်နေတယ်။

ဂျွန်တို့မိသားစုကို တွေ့တာနဲ့ မြိုင်မြိုင်က…

"အံမယ်၊ နင်က မိန်းမတွေ၊ ကလေးတွေနဲ့တောင် ဖြစ်နေမှကိုး"

လို့ ပြောပြီး ဂျွန်ကို ခြေဆုံး ခေါင်းဆုံး ကြည့်တယ်။ ဂျွန်ဟာ အရင်က ဂျွန်အတိုင်းပဲ ကျမသွားဘူးဆိုတာကို မြင်ရတဲ့အခါ မြိုင်မြိုင်ဟာ သိပ်ဝမ်းသာသွားတယ်။ ဟိုရောက် ဒီရောက် စကားတွေကို ပြောပြီး ညနေလေးနာရီလောက်ရှိတော့ မြိုင်မြိုင်က ဂျွန်ကို ငွေတစ်ရာပေးပြီး…

"ကလေးနဲ့ မိန်းမကို အိမ်ပြန်ပို့လိုက်၊ ပြီးတော့… ဒီကားနဲ့ ပြန်လိုက်လာဦး"

လို့ ဂျွန်ကို မှာလိုက်တယ်။

ညွန့်မောင်၊ မယ်တင့်၊ ခေင်တို့ကိုလည်း…

www.burmeseclassic.com

www.burmeseclassic.com



"ဒီကနေ့ညနေ ထမင်း စောစောစားထားကြ၊ ညနေ ရုပ်ရှင်သွားကြည့်ကြ"

လို့ မြိုင်မြိုင်က အမိန့်ပေးထားတယ်။

ညွန့်မောင်တို့လူစု ရုပ်ရှင်ကို ထွက်သွားတဲ့အခါ မြိုင်မြိုင်က အိပ်ခန်းထဲက ခုတင်ပေါ်မှာ စောင်းလျက်အိပ်နေတယ်။ ဂျွန်က ခုတင်ရဲ့ ခြေရင်းတန်းကို မှီပြီး ခုတင်ပေါ်မှာ တင်ပါးလွှဲထိုင်နေတယ်။

"နင့်ကို ငါ တစ်ရက်မှ မမေ့ဘူး"

လို့ မြိုင်မြိုင်က ပြောတယ်။

"ငါလည်း မြိုင်မြိုင့်ကို မမေ့ပါဘူးကွယ်"

လို့ ဂျွန်က ပြန်ပြောတယ်။

"နင့်ကို ဘုရားစူး"

လို့ မြိုင်မြိုင်က အကျိန်ခိုင်းတယ်။

"ဘုရားစူးရစေရဲ့"

လို့ ဂျွန်က ဖြေတယ်။

"နင့်မိန်းမနဲ့ ငါ့ကို နင် ဘယ်သူ့ကို ပိုချစ်သလဲ"

လို့ မြိုင်မြိုင်က မေးတယ်။

"အတူတူပါပဲကွယ်"

လို့ ဂျွန်က ဖြေတယ်။

"နင့်မိန်းမကို ကွာပြီး နင် ငါနဲ့လာနေရမယ်"

လို့ မြိုင်မြိုင်က ပြောတယ်။

"မလုပ်ပါနဲ့ကွယ်၊ မယ်မြစ် ကလေးတစ်ယောက်နဲ့ သိပ်ဒုက္ခရောက်သွားပါဦးမယ်"

လို့ ဂျွန်က ဖြေတယ်။

"ဘာဒုက္ခရောက်စရာရှိသလဲ၊ ငါ ငွေ ငါးထောင်ပေးမယ်၊ အဲဒီငွေက ငါးထောင်နဲ့ နောင်လင်တစ်ယောက်ယူပေါ့"

လို့ မြိုင်မြိုင်က ပြောတယ်။

"မဖြစ်ပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဂျွန်က ဖြေတယ်။

"ငွေငါးထောင်နဲ့ နည်းရင် တစ်သောင်းပေးမယ်၊ ဘာပဲဖြစ်ဖြစ် နင် ငါနဲ့ လာနေရမယ်"

လို့ မြိုင်မြိုင်က ပြောတယ်။

"မလုပ်ပါနဲ့ကွယ်၊ ငွေနည်းလို့ မဟုတ်ပါဘူး၊ သားကလေးကိုလည်း ငါ သိပ်ချစ်နေတယ်၊ ငါ မပစ်နိုင်ဘူး မြိုင်မြိုင်ရယ်"

လို့ ဂျွန်က ဖြေတယ်။

"ငါကလည်း နင့်ကို မပစ်နိုင်ဘူး"

လို့ မြိုင်မြိုင်က ပြောတယ်။

"နင့်ဆီမှာ ချစ်စရာ ဆရာလွန်းမောင် ရှိနေမှပဲ"

လို့ ဂျွန်က ပြန်ပြောတယ်။

"သူနဲ့အတူနေရတာ နင်နဲ့နေရတာလိုလည်း မဟုတ်ဘူး၊ ပေါင်းသာ ပေါင်းနေရတယ်၊ ငါ နည်းနည်းကလေးမှ မပျော်ဘူး"

လို့ မြိုင်မြိုင်က ပြန်ပြောတယ်။

"မြိုင်မြိုင်ရယ်၊ ငါ့မှာလည်း မယားနဲ့ သားနဲ့ ဖြစ်နေပြီ၊ နောက်ပြီး တော့လည်း သူဌေးနဲ့ တပည့်တွေကို ငါ သိပ်ကြောက်တယ်၊ ဝါးခယ်မလာရင် ငါ အသတ်ခံရလိမ့်မယ်လို့ပဲ ငါ အမြဲထင်နေတယ်"

လို့ ဂျွန်က ရှင်းပြတယ်။

"ကဲပါ ဒါတွေ ထားလိုက်ဦး၊ နောက် ပြောစရာတွေ အများကြီး ရှိသေးတယ်၊ နင့်ကို ငါတွေ့ချင်နေတာ ကြာလှပြီ၊ လာ ဒီကို"

လို့ဆိုပြီး ဂျွန် သူ့ဘေးမှာ အိပ်နိုင်အောင် မြိုင်မြိုင် နောက်ကို နည်းနည်းရွှေ့ပေးလိုက်တယ်။

သူရွှေ့ပေးလိုက်တဲ့နေရာမှာ ဂျွန်ဟာ ထိုင်နေရာက လှဲအိပ်လိုက်တယ်။ အဲဒီနည်းနဲ့ ဂျွန်ဟာ မြိုင်မြိုင့်ဆီကို တစ်ရက်ခြားလာရတယ်၊ ညွှန့်မောင်လည်း ရုပ်ရှင်ဖြစ်ဖြစ်၊ ပွဲဖြစ်ဖြစ်၊ အငြိမ့်ဖြစ်ဖြစ် တစ်ရက်ခြား ထွက်ကြည့်ရတယ်၊ အနည်းဆုံး ညဈေးတန်းဖြစ်ဖြစ် တစ်ရက်ခြား ထွက်လည်နေရတယ်။

အဲဒီလိုနေလာတာ ဆယ့်ငါးရက်လောက်ရှိတော့ မြိုင်မြိုင်ရဲ့ဦးနှောက်ထဲမှာ စိတ်ကူးအသစ်တွေ ဝင်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံတတ်နိုင်တဲ့လူတွေ မယားတွေ အများကြီးယူထားကာ ဒီလို ဓိမ်ရှိလို့ ထားတာဖြစ်မှာပဲ၊ အုံးဖေတစ်ယောက်တည်းကို မွေးထားရတာထက် ညွန့်မောင်နဲ့ ဂျွန်နှစ်ယောက်ကို မွေးထားရတာက ပိုပြီး ဓိမ်ရှိပါလား၊ လေးယောက်ဆိုရင် အခုထက်အများကြီးပိုပြီး ဓိမ်ရှိမှာပဲ၊ ရှစ်ယောက်ဆိုရင်တော့ ဘာပြောကောင်းမလဲ၊ ၁၆ ယောက်ဆိုရင်တော့ နင့်နေမှာပဲ၊ ၃၂ ယောက်ဆိုရင် နေ့စဉ် တစ်နေ့တစ်ယောက် ခေါင်းခေါက်ခေါ်နိုင်တယ်၊ သည့်ပြင်သူဌေးတွေ မယားငယ်တွေ မွေးနိုင်ရင် ငါလည်း သူဌေးပဲ၊ ဘာဖြစ်လို့ လင်ငယ်တွေ မမွေးနိုင်ရမှာလဲ"

လို့ ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ပြီး ဆေးပေ့လိပ်ကို ဖွာရင်း မြိုင်မြိုင်ဟာ လေထဲမှာ တိုက်အိမ်တွေ ဆောက်နေတယ်။

'ဒီသူငယ်မဟာ ဘယ်နက္ခတ်နဲ့ယှဉ်ပြီးများ မွေးလာတယ်မဆိုနိုင်ဘူး၊ မျက်စိနှစ်လုံးဖွင့်တဲ့အချိန်က မျက်စိနှစ်လုံးပိတ်တဲ့အချိန်အထိ သူ့စိတ်ထဲမှာ အိုရချည်သေးရဲ့၊ နာရချည်သေးရဲ့၊ သေရချည်သေးရဲ့၊ မကောင်းတာလုပ်၊ မကောင်းတာတွေပြော၊ မကောင်းတာတွေ စိတ်ကူးပြီး သေသွားရင် အပယ်လေးဘုံထဲက တစ်ဘုံဘုံကို ငါ ကေန် ရောက်ရချည်သေးရဲ့၊ မသေခင် အခုဘဝမှာပဲ တံတွေးခွက် ပက်လက်မျောရတဲ့ဘေး၊ စည်းစိမ်ဥစ္စာ ပျက်စီးရတဲ့ဘေး၊ ရောဂါဆိုး၊ လက်နက်ဆိုးနဲ့ သေကြေပျက်စီးရတဲ့ဘေးဆိုတဲ့ ဘေးအမျိုးမျိုးနဲ့ တွေ့ရချည်သေးရဲ့' ဆိုတဲ့ သတိတရားတွေဟာ တစ်ခါမှ မပေါ်ဖူးဘူး။

သီဟဗာဟုမယ်တော်ရဲ့စံချိန်ကို မနိုင်နိုင်အောင် ချိုးလိုက်ဦးမယ် ဆိုတဲ့ စိတ်ကူးတွေသာ တစ်ခုပြီးတစ်ခု ပေါ်နေတယ်။

အဲဒီလိုစိတ်ကူးရင်း မြိုင်မြိုင်ဟာ သူ့ရဲ့ ကာမနယ်ချဲ့စီမံကိန်းကြီးအဖို့ အကြီးဆုံး အနှောင့်အယှက်ကြီးကို သူ သွားမြင်တယ်၊ ဒီအနှောင့်အယှက်ဟာ သူ့ယောက်ျားလွန်းမောင် မဟုတ်ပါဘူး၊ သူ့ယောက်ျားလွန်းမောင်များတော့ မြိုင်မြိုင်ဟာ ချေးကို ခွေးက နိုင်သလို နိုင်တယ်။ လွန်းမောင် အိမ်မှာမရှိစေချင်တဲ့ အချိန်ကျရင် မြိုင်မြိုင်ကတော့ အသွားခိုင်းလိုက်တာပဲ။

တစ်ခါတစ်ခါကျတော့…

"မြိုင်မြိုင် ဒီလယ်ထဲကို အရင်လကပဲ ငါ ရောက်ခဲ့သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ လွန်းမောင်က မြိုင်မြိုင့်ဆီမှာ အသနားခံတယ်။

"အို၊ အခုတစ်ခါ ထပ်ရောက်တော့ကော ရှင့်မှာ ဘာအကျိုးယုတ်သလဲ၊ သူဌေး ခဏခဏ ရောက်နေတော့ အောက်ကလူတွေ မလိမ်နိုင်ဘူးပေါ့၊ အဲဒီတော့ သွားလိုက်ဦး၊ ကြားလား"

လို့ မြိုင်မြိုင်က မျက်လုံးပြူးပြီး တစ်ချက် ငေါက်လိုက်ရင် လွန်းမောင်ဟာ နောက်ထပ် ပြန်မပြောရဲဘူး။

"အင်း"

ဆိုပြီး သူ့ခမျာ မထွက်ချင် ထွက်ချင်နဲ့ တောထွက်ရရှာတာပဲ။

ဒါတွေတင်မကသေးဘူး။ တောမှာ လေးငါးရက်ကြာတော့ လွန်းမောင်ဟာ အိမ်က မြိုင်မြိုင်ကို လွမ်းတာပေါ့။ အဲဒီတော့ လွန်းမောင်ဟာ အိမ်ရောက်ရင် ဘာလုပ်လိုက်ဦးမယ်၊ ဘာကိုင်လိုက်ဦးမယ်ဆိုပြီး စိတ်တွေ အများကြီးကူးလာတယ်။ အိမ်ရောက်တော့ လင်တော်မောင်ကို ရွှေအကြီးကို အယုံသွင်းချင်တဲ့ မရွှေမြိုင်က 'သူ့မှာ ဒီစိတ်တွေ ခေါင်းပါးနေတယ်၊ ခဏ နေပါဦး' ဆိုပြီး အကပ်မခံဘူး။

တချို့မိန်းမတွေလိုပေါ့၊ ဈေးကိုသွား။ အဲဒီမှာ အုန်းထမင်းနဲ့ဝက်သားကြက်သားဟင်းတွေ စားခဲ့ပြီး အိမ်ပြန်လာတဲ့အခါ လင်ကိုတော့ တော်ရိလျော်ရိ ချက်ကျွေး၊ လင်က ထမင်းစားဖို့ခေါ်တော့ ဗိုက်ထဲမှာ လေတွေပွနေတယ်၊ ထမင်းမစားတော့ဘူးလို့ လိမ်ပြောတယ်။

တချို့ သနားစရာလင်တွေကျတော့ အပုတ်မှုတ်ပြီး အလုပ်များနေတဲ့အထဲက ထတောင် နှိပ်ပေးလိုက်ရသေးတယ်။

လွန်းမောင်လည်း မအိပ်နိုင်လည်း ဟိုဘက်စောင်းလိုက်၊ ဒီဘက်စောင်းလိုက်၊ သက်ပြင်းချလိုက်၊ ဆီးထသွားလိုက်နဲ့ မိုးထိန်ထိန်လင်းခဲ့ရပေါင်းတွေလည်း ခဏခဏပါပဲ။ အဲဒီအထိ နိုင်နေရတော့ မြိုင်မြိုင်ရဲ့ ကာမနယ်ချဲ့စီမံကိန်းအတွက် လွန်းမောင်ဟာ အနှောင့်အယှက်မဟုတ်။

တကယ့် အနှောင့်အယှက်ကတော့ တခြားမဟုတ်ဘူး။ သူ့အဖေ ဦးသိန်းဒန်ပဲ ဖြစ်တယ်။ သူ့အဖေ တိုက်မှာရှိနေရင် လူသစ်တွေထပ်ခေါ်ဖို့ ဆိုတာတော့ထားဦး၊ ဂျွန်ဆိုတဲ့ လူဟောင်းကိုတောင် ခေါ်လို့ရမှာ မဟုတ်ဘူး။ အဲဒီတော့ 'ဖေဖေဟာ ကြီးလည်းလာပြီ၊ အိမ်မှာ အလကား အချိန်ဖြုန်းနေမယ့်

www.burmeseclassic.com



အတူ ဇရပ်သွားပြီး ဥပုသ်စောင့်နေရင် ဘယ်လောက်ကောင်းမလဲ' လို့ မြိုင်မြိုင် စိတ်ကူးမိတယ်။

အဲဒီလို ဖေဖေဟာ ဇရပ်မှာ သွားနေပြီး ဥပုသ်ရက်ရှည်စောင့်နေရင် ကောင်းမှာပဲလို့ ခဏခဏ စဉ်းစားရင်းက လေးငါးရက်လောက် ကြာတော့ သူ့ဦးနှောက်ထဲမှာ ဖေဖေ ဇရပ်မှာ သွားနေရမယ်ဆိုတဲ့ စိတ်ကူးတွေ ပေါက်လာတယ်။

'လိုလျှင်ကြံဆ နည်းလမ်းရ' လို့ ဆိုတဲ့အတိုင်း သူ့အဖေ ဇရပ်မှာ သွားနေရမယ်ဆိုရင် တိုက်ပေါ်က ဆင်းသွားအောင် ဘယ်လိုလုပ်ရမယ်ဆိုတဲ့ နည်းလမ်းတွေဟာ မြိုင်မြိုင်ရဲ့ ဦးနှောက်ထဲမှာ ဆက်ပြီးပေါ်လာပြန်တယ်။ အဲဒါကြောင့် နောက် ခုနစ်ရက်လောက်ကြာတဲ့အခါ မြိုင်မြိုင်ဟာ ဝါးခယ်မကို ပြန်သွားတယ်။

ဝါးခယ်မကိုရောက်တဲ့အခါ ညီမ လှိုင်လှိုင်ရဲ့တိုက်ကို မြိုင်မြိုင် သွားတယ်။ လှိုင်လှိုင်ကလည်း တပိန်ပိန်တလိမ်လိမ်ဖြစ်ပြီး အိပ်ရာပေါ်မှာ လှဲနေရတာသာများတယ်။ ဝါးခယ်မက ဆရာဝန်ကို ပြကြည့်တဲ့အခါ ဆရာဝန်က သူ့မှာ ဆေးကောင်းဝါးကောင်း မရှိဘူး၊ ရန်ကုန် ဒပ်ဖရင်ဆေးရုံမှာ သွားကုရင်ကောင်းမယ်လို့ ပြောတယ်။

သူ့ယောက်ျားလှစိန်ကိုတော့ ဆရာဝန်က…

"ခင်ဗျား ပေါ့ပေါ့မနေနဲ့၊ ခင်ဗျား မိန်းမရဲ့ သားအိမ်မှာ ကင်ဆာ ဖြစ်နေတယ်လို့ ကျွန်တော် ထင်တယ်၊ ရန်ကုန်မှာ မြန်မြန်သွားကုရင် ကောင်းမယ်"

လို့ တိုးတိုး ကပ်ပြောထားတယ်။

ဒါပေမယ့် လှစိန်ကလည်း ခပ်ပေါ့ပေါ့ပဲ။ သူ့မိန်းမရဲ့ ကင်ဆာ ပျောက်ဖို့ထက် သူ့အလေလိုက်ဖို့ကိစ္စက ပိုအရေးကြီးနေတယ်။

မြိုင်မြိုင်လည်း လှိုင်လှိုင်ရဲ့ အိပ်ခန်းထဲကို ဝင်သွားတယ်။ ကျန်းမာရေးအကြောင်း နည်းနည်းပါးပါးမေးပြီး…

"ညည်း ဖေဖေ့ကိစ္စကို ဘယ်လိုစဉ်းစားသလဲ"

လို့ မေးတယ်။

"ဘယ်လိုမှ မစဉ်းစားဘူး" လို့ လှိုင်လှိုင်က ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



"တို့လည်း ဖေဖေပြောတဲ့အတိုင်း ပေးလာခဲ့တာ တစ်နှစ်ကျော်သွားပြီ၊ တို့ထောက်သမျှငွေတွေဟာ ဖေဖေသုံးရတာ မဟုတ်ဘူး၊ သူမွေးထားတဲ့ ကောင်တွေ သုံးပစ်တာနဲ့ ကုန်တာပဲ၊ နေ့တိုင်း ဆယ်ယောက်စာ ထမင်းပို့နေရတာလည်း အလကား သာပေါင်းညာစားကြီးတွေ ဝိုင်းစားပစ်တာပဲ၊ ဒီသာပေါင်းညာစားတွေ၊ သူ့တပည့်တွေက ဒီလိုနေရတာ အရှုံးတယ်ဆိုပြီး တော်တော်ကြာရင် တို့ပေးထားတဲ့ ပစ္စည်းတွေ ပြန်တောင်းလို့တောင် ဖေဖေ့ကို ဝိုင်းပြောကြလိမ့်ဦးမယ်၊ ဒီတော့ ဖေဖေနဲ့ သူ့တပည့်တွေနဲ့ ခွဲပစ်ရမယ်"

ဆိုပြီး သူ့အစီအစဉ်တွေကို အသေးစိတ် ရှင်းပြတယ်။

တော်တော်ကြာရင် ဒီသာပေါင်းညာစားတွေ၊ သူ့တပည့်တွေက တို့ပေးထားတဲ့ ပစ္စည်းတွေကို ပြန်အတောင်းခိုင်းလိုက်မယ်ဆိုတဲ့ မြိုင်မြိုင်ရဲ့ စကားကိုကြားတဲ့အခါ လှိုင်လှိုင်ဟာ လန့်သွားတယ်။ လှိုင်လှိုင်က သူရထားတဲ့ ပစ္စည်းကို သိပ်ခင်တယ်။ ဒါကြောင့် သူတို့အဖေနဲ့ သာပေါင်းညာစားတွေ တပည့်တွေနဲ့ ခွဲပစ်ရမယ်ဆိုတာကို သူ သဘောတူတယ်။ ဒါပေမယ့် ဒီအဘိုးကြီးတွေနဲ့ သူ့တပည့်ငါးယောက်ကို သူ့ဖေဖေဟာ သိပ်ခင်တယ်။ ခွဲပစ်ရင် သူ့ဖေဖေ ခံပါ့မလား၊ သိပ်စိတ်ဆိုးလိမ့်မယ်လို့ တွေးမိပြီး စိတ်လေးလေး ဖြစ်နေတယ်။

ဒီလို တွေးပြီးတော့မှ…

"ဒီလိုလုပ်လိုက်ရင် ဖေဖေ သိပ်စိတ်ဆိုးလိမ့်မယ်ထင်တယ်"

လို့ လှိုင်လှိုင်က ပြောတယ်။

"ဆိုးချင်လည်း ဆိုးပစေအေ၊ ညည်းအဖေအကြောင်းလည်း ညည်း အသိသား မဟုတ်လား၊ သူများပြောရင် ယုံက ယုံတတ်ပါဘိနဲ့ ဒီတော့ ဒါတွေနဲ့ ဒီလို ပစ်ထားလို့ မဖြစ်ဘူး"

လို့ မြိုင်မြိုင်က ပြောတယ်။

လှိုင်လှိုင်က ခဏလောက် တွေးနေပြီး…

"ဟုတ်ပါတယ်လေ"

လို့ မြိုင်မြိုင်ကို ထောက်ခံတယ်။

အဲဒီတော့…

"ညည်း ငါ့အစီအစဉ်တွေကို သဘောကျသလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ မြိုင်မြိုင်က မေးတယ်။

“သဘောကျပါတယ်”

လို့ လှိုင်လှိုင်က ဖြေတယ်။

မြိုင်မြိုင်တို့ရဲ့ တိုက်ဝင်းကြီးဟာ အတော်ကျယ်တယ်။ ခုနစ်ဧကလောက် ရှိလိမ့်မယ်။ အဲဒီဝင်းရဲ့ အဝင်အဝတံခါးဟာ အရှေ့ဘက်မှာ ရှိတယ်။ အဲဒီတံခါးအတိုင်း ဝင်းထဲကို ကိုက်တစ်ရာလောက်ဝင်လာရင် ဦးသိန်းဒန်နေတဲ့ တိုက်ကြီးဟာ တိုက်ဝင်းကြီးရဲ့ ထောင့်ဘက်အစွန်မှာ မြောက်ဘက်ကို မျက်နှာပေးပြီး ဆောက်ထားတယ်။ ဒီတိုက်ကြီးဟာ မြိုင်မြိုင်တို့ လှိုင်လှိုင်တို့နေတဲ့ တိုက်နှစ်လုံးထက်တောင် နည်းနည်းကြီးလိမ့်မယ်။

ဒီတိုက်ကြီးရဲ့ အနောက်မြောက်ထောင့်မှာ အရှေ့ဘက်ကို မျက်နှာယူပြီး ဆောက်ထားတဲ့ တစ်ထပ်တိုက်ကလေးတစ်ခုရှိတယ်။ အလုပ်ရုံးအဖြစ်နဲ့ သုံးတယ်။

မြိုင်မြိုင်နဲ့ လှိုင်လှိုင်တို့နေတဲ့ တိုက်နှစ်လုံးဟာ တိုက်ဝင်းကြီးရဲ့ မြောက်ဘက်အစွန်မှာ တောင်ဘက်ကို မျက်နှာပေးပြီး ဆောက်ထားတယ်။

ဒီတိုက်နှစ်လုံးနဲ့ဦးသိန်းဒန်နေတဲ့ တိုက်ရဲ့ကြားက မြေကွက်လပ်ကြီးထဲမှာ သစ်ပင်ပန်းပင်တွေကို စေ့စေ့ဆာဆာဖြစ်နေအောင် စိုက်ထားကြတယ်။

မြိုင်မြိုင်ဟာ လှိုင်လှိုင်နဲ့တွေ့ပြီး ဆယ်ရက်လောက်ကြာတဲ့အခါ ဒီတိုက်ဝင်းကြီးကို အလယ်တည့်တည့်ကနေခွဲလိုက်ပြီး ဦးသိန်းဒန် တိုက်ဘက်က မြေကြီးနဲ့ ဦးသိန်းဒန်နေတဲ့ တိုက်ကြီးကို ငါးသောင်းနဲ့ ကွမ်းသီးချောင်းက ကုလားသူဌေး အီစွတ်ကို ရောင်းလိုက်တယ်။ မြေကြီးမပါဘဲ တိုက်ကြီးတစ်လုံးတည်းနဲ့ ငါးသောင်းမက တန်တယ်။ ဒါပေမယ့် မြိုင်မြိုင်ဟာ သူ့အကြံနဲ့သူဆိုတော့ သူ့မှာ ငွေဟာ အရေးမကြီးဘူး။ မြန်မြန်ရောင်းဖို့သာ အရေးကြီးတယ်။

ရောင်းပြီးတော့မှ မြိုင်မြိုင်က…

“ဒီလိုပဲ ရောင်းပြီးပြီ၊ ဦးသိန်းဒန် ဒီနေ့ပဲ သူ့တိုက်ပြောင်းပါ”

ဆိုတာကို ပြောတဲ့အခါ ဦးသိန်းဒန်ဟာ သူ့ရင်ဘတ်ကို ထုပြီး…

“သမီးတို့ရယ်၊ ကိုယ်နေတဲ့ တိုက်နဲ့ဝင်းနဲ့ကို ဖွဲ့ပြီး ရောင်းရလောက်အောင်အထိ သမီးတို့ ဆင်းရဲသွားကြပလား”

www.burmeseclassic.com

www.burmeseclassic.com



လို့ မေးတယ်။

ပြီးတော့မှ ဒေါ်သ ဝုန်းခနဲထွက်လာပြီး…

"မရောင်းဘူး၊ မရောင်းဘူး၊ ဘာပဲဖြစ်ဖြစ် မရောင်းဘူး"

လို့ ပြောတယ်။

ဒါပေမယ့် ဒီပစ္စည်းတွေဟာ သူမပိုင်တော့ဘူးဆိုတဲ့ အသိဉာဏ်ဟာ ဦးသိန်းဒန်ရဲ့ ခေါင်းထဲကိုဝင်ပြီး ဦးသိန်းဒန်ကို သတိပေးလိုက်တဲ့အတွက် ဦးသိန်းဒန်ဟာ ဒေါ်သဖြစ်နေရာက နည်းနည်းပျော့ကျသွားတယ်။

'ဒီဝင်းနဲ့ တိုက်တွေဟာ ငါ့အဖေကိုယ်တိုင် ထူထောင်ပစ်ခဲ့တာ၊ ငါ့စိတ်ထဲမှာတော့ ငါသေမှပဲ တိုက်ပေါ်က ဆင်းမယ်လို့ အောက်မေ့ထားတယ်' လို့ တိုက်ရှေ့ကို လှမ်းကြည့်ရင်း သူ့ဟာသူ တစ်ယောက်တည်း ပြောသလို ဦးသိန်းဒန် ပြောတယ်။

တစ်အောင့်လောက်ကြာတော့…

"လက်လွှန်ကုန်ပြီလား သမီးရယ်"

လို့ မြိုင်မြိုင်ကို မေးတယ်။

"လွှန်ကုန်ပြီ"

လို့ မြိုင်မြိုင်က ဖြေတယ်။

ဦးသိန်းဒန်လည်း စိတ်နောက်ကျိကျိ ဖြစ်လာတာနဲ့ မြိုင်မြိုင်ကို စကား မပြောဘဲ တိုက်ပေါ်တက်သွားပြီး သူ့အိပ်ခန်းထဲက ခုတင်ပေါ်မှာ လှဲနေတယ်။ မြိုင်မြိုင်လည်း သူ့ရဲ့ပထမတိုက်ပွဲဟာ အောင်မြင်သွားပြီဆိုတဲ့ စိတ်ကူးနဲ့ ဝမ်းအသာကြီး သာနေတယ်။

တစ်အောင့်လောက်ကြာတော့ ဒေါ်ရွှေ၊ ချစ်ထွန်း၊ မသန်းညွန့်၊ ဆန်းတင်၊ ဖေသော်ဆိုတဲ့ ဦးသိန်းဒန်ရဲ့ လူငါးယောက်ကို ခေါ်လိုက်တယ်။

ဒေါ်ရွှေဟာ ဦးသိန်းဒန် ငယ်စဉ်ကတည်းက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ရသူ ဖြစ်တယ်။ အခုတော့ အိုနေပါပြီ။ အလုပ် မလုပ်နိုင်ပါဘူး။ ဒါပေမယ့် ဦးသိန်းဒန်က ခင်နေတာကတစ်ကြောင်း၊ ကျေးဇူးဆပ်ချင်တာလည်း တစ်ကြောင်းကြောင့် အိမ်မှာပဲထားပြီး အငြိမ်းစား လခပေးထားတယ်။

ချစ်ထွန်းက ဒေါ်ရွှေရဲ့သား ဖြစ်တယ်။ သူလည်း ငယ်ငယ်ကလေးကတည်းက ဦးသိန်းဒန်က အင်မတန်ချစ်ပြီး ကျောင်းထားပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကထွက်တဲ့အခါ ဦးသိန်းဒန်ဆီမှာပဲ ပြန်အလုပ်လုပ်နေတယ်။

မသန်းညွန့်လည်း ဦးသိန်းဒန်ဆီမှာ ငယ်စဉ်ကတည်းက အလုပ်လုပ်လာတယ်။ နောက်တော့ ချစ်ထွန်းနဲ့ အကြောင်းပါတယ်။

ဆန်းတင်နဲ့ ဖေသော်တို့က ဦးသိန်းဒန်ရဲ့ လက်သုံးတော်တွေပဲ။ ဦးသိန်းဒန်အပေါ်မှာ အင်မတန် သစ္စာရှိတဲ့အတွက် ဦးသိန်းဒန်ဟာ သူတို့ကို အင်မတန် ခင်နေတယ်။

မြိုင်မြိုင်ဟာ ဒီငါးယောက်ကို တွေ့တဲ့အခါ…

"ရှင်တို့အတွက် အလုပ်မရှိတော့ဘူး၊ ကိုလွန်းမောင်ဆီမှာ သုံးလစာ လခသွားထုတ်ချည်ကြ၊ လခရပြီးရင် ဒီကနေ့ပဲ တခြားသွားကြတော့"

လို့ ခပ်တည်တည်ပြောပြီး သူ့တိုက်ကို ပြန်သွားတယ်။

ဒေါ်ရွှေလည်း စိတ်မကောင်းလို့ မျက်ရည်တွေကျနေရှာတယ်။ ကျန်တဲ့ လေးယောက်လည်း စိတ်မကောင်းဖြစ်ပြီး ငိုင်နေကြတယ်။ တစ်အောင့် လောက်ကြာမှ ချစ်ထွန်းက…

"သူဌေး ဘာပြောမလဲ မဆိုနိုင်ဘူး၊ သူဌေး တိုက်ပေါ်မှာ ရှိတယ်၊ လာကြ၊ သွားတွေ့ရအောင်"

ဆိုပြီး တိုက်ပေါ်တက်သွားတယ်။ ကျန်လေးယောက်လည်း လိုက်သွားကြတယ်။ သူဌေးရဲ့အိပ်ခန်းထဲကို ငါးယောက်စလုံး ဝင်သွားတဲ့အခါ ဦးသိန်းဒန်က အံ့အားသင့်ပြီး…

"ဟော့၊ ဘာဖြစ်လာကြသလဲ"

လို့ ဆီးမေးတယ်။

"မြိုင်မြိုင်က သူတို့ကို အလုပ်ဖြုတ် ပစ်လိုက်ပြီ၊ ဒီကနေ့ပဲ တိုက်ပေါ်က ဆင်းရမယ်"

လို့ ချစ်ထွန်းက ပြောတယ်။ ဦးသိန်းဒန်လည်း အိပ်ရာပေါ်မှာ လှဲနေရာက ဒေါသနဲ့ ဝေါက်ခနဲထထိုင်လိုက်ပြီး…

"ဒီကောင်မက တယ်စွာနေပါလား"

လို့ ပါးစပ်က လွှတ်ခနဲထွက်သွားတယ်။ ပြီးတော့မှ…

"မင်းတို့ ဘယ်မှ မသွားရဘူး၊ ငါနဲ့ပဲ နေရမယ်၊ သူ လခမပေးရင် ငါ ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဦးသိန်းဒန်က ပြောတယ်။

"သူဌေးရယ်၊ ကျွန်တော်တို့ လခ မမက်ပါဘူး၊ သေမှပဲ သူဌေးနဲ့ ခွဲတော့မယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်၊ အဲဒါ အခုလို တိုက်ပေါ်က ဆင်းသွားကြလို့ အနှင်ခံရတဲ့အတွက် ကျွန်တော်တို့ ဝမ်းနည်းတာပဲ သူဌေးရယ်"

လို့ ချစ်ထွန်းက ပြောတယ်။

ဒီစကားကြားရတဲ့အခါ သူဌေးဦးသိန်းဒန်ဟာ သူ့လူတွေကို သနားတဲ့စိတ်တွေ ပေါ်လာတယ်။ ဒီလို ငါ့အပေါ်မှာ သံယောဇဉ်ကြီးတဲ့လူတွေကိုမှ ဒင်းဟာ ဒီလိုလုပ်ရက်လေခြင်းလို့ တွေးမိပြီး မြိုင်မြိုင်ကို သိပ်စိတ်ဆိုးလာတယ်။ အဲဒါနဲ့ ဦးသိန်းဒန်လည်း တိုက်ပေါ်က ဆင်းပြီး မြိုင်မြိုင်ရဲ့အိမ်ကို ထွက်သွားတယ်။ မြိုင်မြိုင်ကို တွေ့တွေ့ချင်း…

"ဒေါ်ရွှေတို့ကို ငါ မသိရဘဲ ဘာကိစ္စအလုပ်က ထုတ်ပစ်ရတာလဲ"

လို့ ဒေါသနဲ့ မေးလိုက်တယ်။ မြိုင်မြိုင်ကလည်း…

"သူတို့ အလုပ်မှ မရှိတော့ဘဲ၊ ဖေဖေ ဒီအိမ်ကို ပြောင်းလာရင် ဒီမှာ ဖေဖေကို ကြည့်မယ်လူတွေ တစ်ပုံကြီးပဲ"

လို့ မြိုင်မြိုင်က ခပ်တည်တည် ပြန်ပြောတယ်။

"ဘာပဲဖြစ်ဖြစ်၊ သူတို့ ငါနဲ့ တစ်သက်လုံး နေလာတာ ထုတ်မပစ်ရဘူး"

လို့ ဦးသိန်းဒန်က ပြောတယ်။

"အလုပ်မရှိရင်တော့ မထားနိုင်ဘူး ဖေဖေ၊ သူတို့တင်မကဘူး၊ ဘယ်သူ့မှ မထားနိုင်ဘူး"

လို့ မာနသံကလေးနဲ့ မြိုင်မြိုင်က သူ့အဖေကို ပြန်ပြောတယ်။

"အံမာ၊ နင်က ကြီးကြီးကျယ်ကျယ်လုပ်လို့ နင်တို့ကို ငါပေးလိုက်တာ မကြာသေးဘူး၊ ဒီပိုက်ဆံတွေဟာ ငါ့ဟာတွေဆိုတာ နင်မေ့သွားပြီလား"

လို့ ဦးသိန်းဒန်က မြိုင်မြိုင်ကို မေးတယ်။

"ဘယ်သူ့ပိုက်ဆံပဲဖြစ်ဖြစ် ပိုက်ဆံတွေကိုတော့ အလဟဿ ဖြုန်းတီးမပစ်နိုင်ဘူး၊ ဖေဖေ့ကိုတောင် ရှေ့လက စပြီး တစ်ရာပဲပေးတော့မယ်"

လို့ သူ့အဖေ ဒေါသူပုန်ထပြီး ဇရပ်ကို ချက်ချင်း ဆင်းသွားမယ့် စကားလုံးတွေကို မြိုင်မြိုင်ဟာ တမင်ရွေးသုံးလိုက်တယ်။ ဒီလိုလိုမှ

www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်နေရတဲ့ ဦးသိန်းဒန်ဟာ ဒီစကားကိုကြားရတဲ့အခါ သူ့နှားအုံကို တအားရိုက်လိုက်သလို ဖြစ်သွားတယ်။

"ဩော်၊ ဒီလိုတွေ ဖြစ်သွားမှကိုး"

လို့ ပြောပြီး ရှေ့ဆက်မပြောနိုင်တော့ဘဲ သူ့သမီးကို စိုက်ကြည့်နေတယ်။

မြိုင်မြိုင်လည်း မျက်နှာကို တခြားလွှဲလိုက်ပြီး ခပ်တည်တည်လုပ်နေတယ်။ ဦးသိန်းဒန် မျက်လုံးတွေထဲက မျက်ရည်တွေကျလာတယ်။ ဦးသိန်းဒန်ရဲ့စိတ်ထဲမှာ 'နင်တို့ ငါ့ပိုက်ဆံနဲ့ ငါ့ကိုလုပ်ရက်လေခြင်း၊ ရက်စက်လေခြင်း၊ စိမ်းကားလေခြင်း၊ အဖေကို ဒီလိုရက်စက်တဲ့ဟာတွေ ဘေးမတွေ့ပါစေနဲ့၊ မပျက်စီးပါစေနဲ့၊ ဒီလင်ဒီသားတွေနဲ့ အိုအောင်မင်းအောင် ပေါင်းကြရပါစေ' ဆိုတဲ့ ပြစ်တင်စကားတွေ၊ ကျိန်စာတွေ၊ ဟိုဟာဒီဟာတွေကို အများကြီးပြောချင်တယ်။ ဒါပေမယ့် ဒေါသတွေနဲ့ဆို့ပြီး ဒါတွေကို မပြောနိုင်ဘဲ သက်မကြီးချပြီး ခြေလေးလေးနဲ့ သူ့တိုက်ဘက်ကို ပြန်လျှောက်လာတယ်။

ဒုတိယတိုက်ပွဲမှာလည်း သူ အောင်ပြန်ပြီဆိုပြီး မြိုင်မြိုင်ဟာ အတော်ဝမ်းသာအားရဖြစ်နေတယ်။ ဦးသိန်းဒန်လည်း တိုက်ပေါ်က သူ့အိပ်ခန်းကို ပြန်ရောက်တဲ့အခါ သူ့ခုတင်ပေါ်ကို လှဲချလိုက်တယ်။ ဒေါသတွေထွက်လွန်းလို့ အသားတွေ ဆတ်ဆတ်တုန်နေတယ်။

နောက်နာရီဝက်လောက်ကြာတော့ ချစ်ထွန်းကို တိုက်ပေါ် ခေါ်လိုက်ပြီး…

"ငါ့ပစ္စည်းတွေ လှိုင်လှိုင်ရဲ့ တိုက်ကို ပြောင်း"

လို့ အမိန့်ပေးလိုက်တယ်။

တပည့်တွေလည်း ဦးသိန်းဒန်ရဲ့ ပစ္စည်းတွေကို ထုပ်ပိုးကြပြီး လှိုင်လှိုင်ရဲ့ တိုက်ကို ပြောင်းကြတယ်။ သူတို့မလာခင် မြိုင်မြိုင်က လှိုင်လှိုင့်ဆီကို လာပြီး အဖြစ်အပျက်တွေကို အကုန်လုံး ပြောသွားပြီးပြီ။

အဲဒါကြောင့် လှိုင်လှိုင်ဟာ ချစ်ထွန်းကို သူ့အိပ်ခန်းထဲခေါ်ပြီး…

"ဒီတိုက်ကိုလာရင် ဖေဖေ တစ်ယောက်တည်း လာရမယ်နော်၊ ရှင်တို့ ငါးယောက်စလုံး ဘယ်သူမှ မလာကြရဘူး"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတယ်။

ချစ်ထွန်းပြန်ပြောလို့ ဒီစကားကို ဦးသိန်းဒန် ကြားရတဲ့အခါ...

"ကိုင်း ကိုင်း၊ ငါ့ပစ္စည်းတွေ ချက်ချင်းပြန်ယူခဲ့၊ ငါ့ဇရပ်မှာပဲ ငါသွားနေမယ်၊ ဒီသောက်--မတွေနဲ့ ကြာရှည် မျက်နှာချင်းဆိုင်နေရရင် ငါ စက်တိုင်တက်ရလိမ့်မယ်"

လို့ ချစ်ထွန်းကို ပြောလိုက်တယ်။

သူ့အဖေကို တိုက်ကြီးပေါ်က ဇရပ်ကိုဆင်းသွားအောင် လုပ်ဖို့ဟာ အတော်ခက်လိမ့်မယ်လို့ မြိုင်မြိုင် အစကထင်ခဲ့တယ်။ အဲဒါကြောင့် ပထမ တိုက်ကြီးကို ရောင်းပစ်မယ်။ နောက်ပြီးတော့ သူ့လူငါးဦးကို အလုပ်က ထုတ်ပစ်မယ်။ နောက်ပြီးတော့ ထမင်းလာစားနေကျ အဘိုးကြီးငါးဦး ဝင်းထဲမဝင်ရအောင် ဒရဝမ်ကို အမိန့်ပေးထားမယ်။ နောက်ပြီးတော့ သူ့အဖေ မကြိုက်တဲ့ ချဉ်ပေါင်ရွက်ဟင်း၊ ကြက်ဟင်းခါးသီးဟင်း၊ ဆူးပုပ်ရွက်ဟင်း၊ ဝက်သားဟင်း၊ ငါးရံ့ဟင်း၊ ငါးတန်ဟင်း၊ ငါးထွေဟင်း၊ ပုန်းရည်ကြီး အစရှိတာတွေကို ခဏခဏ ချက်ကျွေးမယ်။ သူ့အဖေ အင်မတန်ကြိုက်တဲ့ ကြက်သားကို အိမ်မှာ မချက်ရဘူးလို့ ပိတ်ထားမယ်။ နောက်ပြီးတော့ အိမ်က အစေခံတွေ သူ့အဖေကို မထီမဲ့မြင် ပြန်အပြောခိုင်းမယ်။ ပြန်အအော်ခိုင်းမယ်။ နောက်ပြီးတော့ လစဉ်ထောက်ပံ့ကြေးကို တစ်ရာက နေပြီး ငါးဆယ်အထိ လျှော့ချပစ်မယ်။ ဒါနဲ့မှ ဇရပ်ကိုမသွားသေးရင် တစ်ပြားမှ မပေးတဲ့အထိ ထပ်လျှော့ပစ်ဦးမယ်ဆိုပြီး အစီအစဉ်တွေ အဆင့်ဆင့် လုပ်ထားတယ်။

ဒါပေမယ့် နံပါတ်နှစ်အစီအစဉ်နဲ့ပဲ သူ့အဖေဟာ ဇရပ်ကိုပြောင်း ဆင်းသွားရတာကို တွေ့ရတဲ့အတွက် တိုက်ပွဲဟာ အင်မတန်ခက်လိမ့်မယ်၊ အဏုမြူဗုံးအထိ သုံးရလိမ့်မယ်ထင်တာနဲ့ အဆင့်ဆင့်ပြင်ဆင်ထားတဲ့ စစ်သေနာပတိတစ်ဦးဟာ အမြောက်နဲ့ပစ်ပြီး ဗုံးရိုးရိုးကိုကြဲလိုက်ရုံနဲ့ စစ်အနိုင် ရတဲ့အခါ ဝမ်းအသာကြီး သာနေသလို မြိုင်မြိုင်လည်း သူ့အဖေဇရပ်ကို ပြောင်းဆင်းသွားတာ မြင်ရတဲ့အခါ ဝမ်းအသာကြီး သာနေတယ်။

ဒါကြောင့် ပက်လက်ကုလားထိုင်ပေါ်မှာ ဆေးပေါ့လိပ်ကိုဖွာရင်း 'ငါ ကြံလိုက်ရင် အကုန်အောင်တာချည်းပဲ၊ နောက်အကြံတွေလည်း ဒီလိုပဲ အောင်ဦးမှာပဲ' လို့ တစ်ယောက်တည်း စဉ်းစားနေတယ်။ တိုက်ကြီးကိုလည်း မြိုင်မြိုင်က ရောင်းချင်လို့ ရောင်းတာမဟုတ်ဘူး။ သူ့အဖေကို ဇရပ်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့သာ ဈေးတွေအများကြီး လျှော့ရောင်းလိုက်တာ။ အခု သူ့အဖေဟာ လွယ်လွယ်ကလေးနဲ့ပဲ ဇရပ်ကို ဆင်းသွားပြီဆိုတော့ တိုက်ကို သူ မရောင်းချင်တော့ဘူး။

အဲဒါကြောင့် တိုက်ကိုရောင်းတဲ့အတွက် သူ့အဖေဟာ သူ့ကိုလည်း သိပ်စိတ်ဆိုးနေတယ်။ ကိုအီစွတ်ကိုလည်း သူ့မျက်နှာကိုတောင် မထောက်ဘဲနဲ့ တိုက်ကို ဒီလို ဖွတ်အတင်း ဝယ်ရမလားဆိုပြီး သိပ်စိတ်ဆိုးနေတယ်။ တိုက်ကို ရောင်းလို့မဖြစ်တော့ဘူးလို့ ကုလားသူဌေး အီစွတ်ကို မြိုင်မြိုင်က ဗလောင်းဗလဲ ပြောပြီး တိုက်အရောင်းအဝယ်ကို ဖျက်လိုက်တယ်။

ဦးသိန်းဒန် ဇရပ်ကို ဆင်းသွားတာ သူ့သမီးက တိုက်ကိုရောင်းလို့ ဖြစ်မှာပဲလို့ ယုံကြည်ပြီး ဦးသိန်းဒန်နဲ့လည်း မျက်နှာ အင်မတန်နာနေတာနဲ့ ကုလားသူဌေး အီစွတ်လည်း ဘာမှ မပြောပါဘူး။ သူ့ငွေငါးသောင်းကိုသာ ပြန်ယူထားလိုက်တယ်။

ဇရပ်ကို အထုပ်အပိုးတွေအားလုံး ပြောင်းရွှေ့ပြီးတဲ့အခါ ဦးသိန်းဒန်က ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်ပြီး သူ့အနားက ကြမ်းပြင်ပေါ်မှာ ဝိုင်းထိုင်နေကြတဲ့ သူ့လူငါးဦးနဲ့ စကားပြောနေကြတယ်။ ဇရပ်ဆိုပေမယ့် သူဌေးကတော် ဒေါ်အုံးကြည် အနိစ္စမရောက်ခင်က ဥပုသ်ရက်ရှည်စောင့်ရင်း တစ်ခါတစ်ခါ လေးငါးရက်ဆိုသလို လာနေရအောင် ခပ်ကောင်းကောင်း ဆောက်ထားတဲ့ တစ်ထပ်တိုက်ပဲ။ ဇရပ်ရှေ့မှာ ပန်းခြံနဲ့ ရေကန်တစ်ခုကိုလည်း အင်မတန်လှအောင် ပြင်ဆင်ထားတယ်။

ဦးသိန်းဒန်နဲ့ သူ့လူစု စကားပြောနေကြရင်း ဦးသိန်းဒန်က…

"မင်းတို့ကိုလည်း ငါ မပေးနိုင်တော့ဘူးကွယ်၊ ရှေ့ကို ဘယ်လိုလုပ်ပြီး စခန်းသွားကြမလဲ"

လို့ မေးတယ်။

"ကျွန်တော်တို့ သူဌေးကို ပစ်မသွားပါဘူး၊ အေးအတူ ပူအမျှလို့ပဲ သဘောထားပါတယ် သူဌေးရယ်၊ ကျွန်တော်တို့အတွက် ဘာမှ မပူပါနဲ့၊ နောင်ရေးအတွက်တော့ ကျွန်တော် ဒီလို စိတ်ကူးထားတယ်၊ ကျွန်တော် ထမင်းဆိုင်တစ်ဆိုင် တည်မယ်၊ အဲဒီလိုတည်ပြီး သူဌေးကို ကျွန်တော်တို့ တတ်နိုင်သလောက် လုပ်ကျွေးပါ့မယ်၊ ကျွန်တော်တို့မှာ စုထားတဲ့ငွေလေး နည်းနည်းပါးပါး ရှိပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတယ်။

"ဝါးခယ်မမှာ ထမင်းဆိုင်တွေပြည့်လို့၊ ထမင်းဆိုင်တည်လို့ နေရာမကျပါဘူးကွယ်"

လို့ ဒေါ်ရွှေက ဖျက်လိုက်တယ်။

"မဟုတ်ပါဘူး အစ်မ၊ ထမင်းဆိုင်က အရင်းအနှီးလည်း ဒီလောက် မလိုဘူး၊ ပိုက်ဆံလည်း မြန်မြန်ဝင်တယ်၊ ဒီလို ဆူလွယ် နပ်လွယ်ကလေးမို့ ကျွန်တော်လည်း စဉ်းစားလိုက်တာပဲ"

လို့ ရှင်းပြတယ်။

"တစ်ရက် နှစ်ရက် အချိန်ယူပြီး သေသေချာချာ စဉ်းစားကြပါဦး၊ သွားရမယ့်ခရီးဟာ အရှည်ကြီးရှိသေးတယ်"

လို့ ဒေါ်ရွှေက ထပ်ပြောတာနဲ့ ချစ်ထွန်းလည်း ဘာမှ မပြောတော့ ဘူး။

ဦးသိန်းဒန်က သူ့လူတွေပြောတာကို နားထောင်နေရင်းက…

"ဒေါ်ရွှေရေ၊ ကျွန်တော့်မှာ တစ်ခါမှ မဝတ်ရသေးတဲ့ ပုဆိုးရှည်တွေ ရှိသေးတယ်၊ အဲဒါတွေရောင်းချပြီး ဒေါ်ရွှေတို့ ကြိုက်သလိုလုပ်ကြ"

လို့ ပြောတယ်။

ဒေါ်ရွှေလည်း သူ့သူဌေးရဲ့ ထူးထူးဆန်းဆန်း ဆင်းရဲသွားရပုံကို တွေးမိပြီး မျက်ရည်တွေကျလာတယ်။ ဦးသိန်းဒန်လည်း မျက်ရည်တွေ ကျလာတယ်။

တစ်အောင့်လောက်ကြာတော့မှ ဒေါ်ရွှေက…

"သူဌေးရဲ့ ပုဆိုးရှည်တွေကို သူဌေးပဲ ဝတ်ပါ သူဌေးရယ်၊ ဒါတွေ မလိုပါဘူး"

လို့ ပြောတယ်။

ဦးသိန်းဒန်ရဲ့ အဖေဆုံးခါနီးမှာ ပေးပစ်ခဲ့တဲ့ နန်းလိမ် ရွှေလက်ကောက် တစ်ရံ၊ ငွေ ၃၃၀၀ နဲ့ လယ်ဧကအစိတ် ဒေါ်ရွှေဆီမှာ ရှိသေးတယ်။ နောက်ပြီးတော့လည်း သူ့လယ်ဧကအစိတ်က နှစ်စဉ်ရတဲ့ လယ်ခစပါးကို ရောင်းပြီး လှူလည်း လှူ၊ စားလည်း စား၊ စုလည်း စုလိုက်တာ သူ့မှာ ရွှေအစိတ်သားလောက် စုမိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေကို အရင်းအနှီးလုပ်ဖို့ ဒေါ်ရွှေ ဆုံးဖြတ်ထားတယ်။

အဲဒီ ဆုံးဖြတ်ချက်အရ ဒေါ်ရွှေဟာ သူ့လက်ကောက်နဲ့ ရွှေအစိတ်သားကို ရောင်းပြီး တောမှာ ရောင်းကောင်းမယ့် ပစ္စည်းတချို့ကိုဝယ်၊ သူ့သားချစ်ထွန်းကို ခေါ်ပြီးတော့ ထွက်သွားတယ်။

ဦးသိန်းဒန်ရဲ့ လယ်တွေရှိတဲ့နေရာတွေမှာ ဦးသိန်းဒန်ရဲ့အဖေရှိကတည်းက ငွေရေးကြေးရေးမှာ အင်မတန်စိတ်ချရတဲ့ လူယုံတော်တွေ ရှိတယ်။ ဒီလူတွေဟာ ဦးသိန်းဒန်ရဲ့ အဖေဆီကို အလုပ်ကိစ္စနဲ့လာကြရင်း ဒေါ်ရွှေနဲ့လည်း ခင်နေကြတယ်။ ဦးသိန်းဒန်ရဲ့အဖေ ဆုံးသွားပြန်တော့လည်း ဦးသိန်းဒန်နဲ့ ဆက်ပြီး အလုပ်လုပ်ကြပြန်တဲ့အတွက် ဒေါ်ရွှေနဲ့ဟာ ခင်ရာကနေပြီး ရင်းနှီးလာကြပြန်တယ်။

ဒီလူတွေလည်း သူဌေး ဦးသိန်းဒန်ရဲ့အကြောင်းကို ကြားရတာ စိတ်မချမ်းသာဘူး။ နောက်ပြီးတော့ ဦးသိန်းဒန်ရဲ့အဖေ လက်ထက်ကတည်းက ကျေးဇူးခံ ကျေးဇူးစားတွေ ဖြစ်လာကြတော့ ဦးသိန်းဒန်အတွက် သူလာခဲ့ရတဲ့အကြောင်းကို ပြောပြတဲ့အခါ ဒီလူတွေဟာ အစွမ်းကုန် ကူညီကြတယ်။ ဒေါ်ရွှေယူလာတဲ့ ပစ္စည်းတွေကိုလည်း ရောင်းပေးတယ်။ ဒေါ်ရွှေ အပ်ပစ်ခဲ့တဲ့ ငွေကိုလည်း စပါးပေးနဲ့ဖြစ်ဖြစ် ရွှေပေါင်၊ စိန်ပေါင်နဲ့ဖြစ်ဖြစ် ချေးပေးဖို့ တာဝန်ယူကြတယ်။ သူလည်း အိုပြီ နောက်ပြီးတော့လည်း သူ့သူဌေးအနားမှာ သူရှိမှ ဖြစ်မယ်၊ နောက်အခေါက်တွေဆိုရင် သူ လာနိုင်တော့မှာ မဟုတ်ဘူး ဆိုပြီး သူ့သားချစ်ထွန်းကို ဒီလူယုံတော်ကြီးတွေဆီမှာ အပ်တယ်။

ဒေါ်ရွှေရဲ့ အစီအစဉ်တွေကလည်း ဦးသိန်းဒန်နဲ့ သူတို့ရဲ့ နေရေးထိုင်ရေးအတွက် အတော်ကလေး အထောက်အပံ့ ဖြစ်တယ်။

ကြိုင်နွဲ့ကြိုင်ကလည်း သူ့အဖေအတွက် စိတ်မကောင်းရှာပါဘူး။ သူ့အဖေကို သူနဲ့ ခေါ်ထားချင်တယ်။ ဒါပေမယ့် သူ့အဖေဟာ သူနဲ့နေဖို့ မပြောထားနဲ့၊ သူနဲ့ ချစ်ဦးရဲ့ မျက်နှာကိုတောင် ကြည့်ချင်မှာ မဟုတ်ဘူးလို့ တွေးမိပြီး စိတ်လျှော့ပစ်လိုက်ရတယ်။ အဲဒါနဲ့ ဘာပဲဖြစ်ဖြစ် သူ အလုပ်တစ်ခု ဝင်လုပ်ပြီး သူ့အဖေကို ရတဲ့လခ ထောက်မယ်လို့ စိတ်ကူးပေါက်တာနဲ့ အစိုးရကျောင်းမှာ စုံစမ်းကြည့်တယ်။ အခန့်သင့်ပဲ။ တစ်နေရာ လစ်လပ်နေတယ်။

ဒါပေမယ့်…

www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေကို သူကြိုက်သလောက် ထောက်ပါ၊ သူ ပေးပါမယ်၊ ဦးသိန်းဒန်ဟာ သူ့အပေါ်မှာ အထင်လွဲနေပေမယ့် သူကတော့ မေတ္တာ မပျက်ပါဘူး၊ မိဘလိုပဲ သဘောထားပါတယ်"

လို့ ချစ်ဦးကပြောပြီး ဖျက်တာနဲ့ ကြိုင်ကြိုင်ဟာ ကျောင်းမှာ အလုပ် မလုပ်ရဘူး။

ချစ်ဦးဆီက တစ်လ ငွေနှစ်ရာကျပ်ယူပြီး သူ့ငွေမှန်းသိရင် အဖေ လက်မခံမှာစိုးတာနဲ့ ဒေါ်ရွှေဆီကို တိတ်တိတ်ပို့ရတယ်။ အဲဒီငွေ နှစ်ရာ ကျပ်ကလည်း ဦးသိန်းဒန်တို့ လူစုအတွက် အတော်ကလေး အထောက်အပံ့ဖြစ် သွားပြန်တယ်။

ဦးသိန်းဒန်က နေ့တိုင်း ထမင်းဖိတ်ကျွေးလာတဲ့ အဘိုးကြီးငါးဦး ကလည်း ဆင်းရဲနွမ်းပါးပေမယ့် ကျေးဇူးသိတတ်တဲ့ လူတွေပီပီ တစ်နေ့ကို ဦးသိန်းဒန်ကြိုက်တတ်တဲ့ ဟင်းတစ်ခွက်ကျ တစ်လှည့်စီ ချက်ပြီးပို့ရှာတယ်။ ဝါးခယ်မတစ်မြို့လုံးမှာ ဦးသိန်းဒန်ရဲ့ ကျေးဇူးမကင်းတဲ့လူတွေ အတော် များတယ်။ ဒီလူတွေကလည်း တတ်နိုင်သလောက် စားကောင်းသောက်ဖွယ် ကလေးတွေကို ဦးသိန်းဒန်ဆီ ပို့ကြတယ်။

သူကလည်း သူများတတွေကို စေတနာကောင်းနဲ့ ကျွေးမွေးခဲ့ဖူးတော့ သူ့မှာ အစားအသောက်ဘက်က လိုလေသေးမရှိပါဘူး။ ဘုန်းကြီးကျောင်း ကိုတောင် တချို့ လှူလိုက်ရသေးတယ်။ ဒါပေမယ့် ဦးသိန်းဒန်ကတော့ မစားနိုင်ရှာဘူး။

သူ့သမီး သုံးယောက်နဲ့ ဖြစ်ပျက်ခဲ့ရတဲ့ အဖြစ်အပျက်တွေဟာ သူ့မျက်စိရှေ့မှာ ဘယ်တော့မှ မဆုံးနိုင်တဲ့ ရုပ်ရှင်ကားကြီးလို ဖြစ်နေတယ်။ ဒီရုပ်ရှင်ကားကြီးကို အစဉ် မြင်နေရတဲ့အတွက် သူ့ဒေါသဟာ ပြေသွားတယ် လို့ကို မရှိတော့ဘူး။ တော်တော်ကြာရင်း အံကြိတ်လိုက်၊ တော်တော်ကြာရင်း လက်သီးဆုပ်လိုက်၊ တော်တော်ကြာရင်း သက်ပြင်းရှူလိုက်၊ သက်မချလိုက်၊ တော်တော်ကြာရင်း ပါးစပ်က ဗျစ်တောက် ဗျစ်တောက်နဲ့ ပြောလိုက်၊ တော်တော်ကြာရင်း လုပ်ကြပေါ့ကွယ်လို့ ညည်းလိုက်၊ တော်တော်ကြာရင်း လမ်းထလျှောက်လိုက်၊ လမ်းလျှောက်ရင်းက တွေးပြီး စဉ်းစားနေလိုက်၊ ထိုင်လိုက်၊ ထလိုက်နဲ့ အတော်ကြီးကို ဂနာမငြိမ်ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဖြစ်နေတဲ့လူတွေဟာ ဘယ်မှာ အစားကောင်းကောင်း စားနိုင်မလဲ။ ဘယ်မှာ အအိပ်ကောင်းကောင်း အိပ်နိုင်မလဲ။ အဲဒါကြောင့် အဲဒီလိုဖြစ်နေတဲ့ ဦးသိန်းဒန်ဟာ မစားနိုင် မအိပ်နိုင်ဖြစ်ပြီး အတော်ချုံးကျသွားတယ်။

သမီးတွေအကြောင်းကို စဉ်းစားနေရင်းက 'လူတွေကတော့ ငါ့ကို သနားမှာ မဟုတ်ပါဘူး၊ ဒင်းမိုက်ပြစ်နဲ့ ဒင်း ခံပစေလို့ ပြောကြမှာပဲ၊ ဒီအထဲမှာ ချစ်ဦးကတော့ ဝမ်းအသာဆုံးနေမှာပဲ' လို့ တွေးနေတဲ့ အတွေးတွေဟာ သိပ်လွန်သွားတဲ့အတွက် လူတွေ သူ့ကို ပြောင်လှောင်နေတာတွေကိုလည်း မျက်စိထဲမှာ မြင်၊ ကဲ့ရဲ့နေတဲ့ အသံတွေကိုလည်း နားထဲမှာကြားပြီး သူ့ဟာသူ စိတ်မချမ်းမသာ ဖြစ်နေပြန်တယ်။

အရင်တုန်းက သူတစ်ဖက်သားကို ပေးကမ်းစွန့်ကြဲခဲ့တဲ့ သူဌေးဟာ အခုအခါ သူများဆီမှာ လက်ဖြန့်တောင်းရလောက်အောင် ဆင်းရဲတဲ့အဖြစ်ကို ရောက်သွားရတာကို မကြာခဏ တွေးမိပြီး လူတွေနဲ့ တွေ့ရမှာကို ရှက်တဲ့စိတ်တွေကလည်း စိတ်မချမ်းမသာဖြစ်နေတဲ့ ဦးသိန်းဒန်ကို တစ်ထောင့်က နေပြီး နှိပ်စက်လိုက်သေးတယ်။

ဒေါ်ရွှေလည်း ဦးသိန်းဒန်ကို ငယ်ငယ်တုန်းက စောင့်ရှောက်ခဲ့သလိုပဲ တတ်နိုင်သလောက် ကြိုးစားပြီး စောင့်ရှောက်တယ်။

ဒေါ်ရွှေဟာ တစ်ခါတစ်ခါ အနားမှာလာထိုင်ပြီး…

"သူဌေးရယ်၊ မြင့်တဲ့အခါလည်း မြင့်၊ နိမ့်တဲ့အခါလည်း နိမ့်ပေါ့၊ ဘုရားရဟန္တာတွေတောင် ဒီလောကဓံတရားတွေက မလွတ်ပါဘူး၊ အဲဒီတော့ ဘာဖြစ်လို့ စိတ်အဆင်းရဲခံနေရသလဲ သူဌေးရယ်၊ တရားနဲ့သာ ဖြေပါလို့"

ပြောရှာပါတယ်။

တစ်ခါတစ်ခါတော့လည်း ဒေါ်ရွှေက…

"သူဌေးဟာ ထမင်းကောင်းကောင်း မစားတာလည်း အတော်ကြာပြီ၊ စိတ်ထောင်းတော့ ကိုယ်ကြေတယ်၊ စိတ်ညစ်စရာတွေကို မေ့ပစ်လိုက်ပါ သူဌေးရယ်"

လို့လည်း သတိပေးရှာပါတယ်။

တစ်ခါတစ်ခါကျတော့လည်း…

"သူဌေးရယ်၊ ဘုရားသော်မှ ဝဋ်တော်က မကင်းနိုင်ဘူး၊ အဲဒီတော့

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ ဝဋ်တွေပါပဲ၊ ဒီဝဋ်တွေကို ဒေါသဖြစ်နေလို့ ကိုယ်ပင်ပန်းရုံသာ ရှိမှာပေ့ါ သူ့ဒွေးရယ်''

လို့လဲ ဖျောင်းဖျရှာပါတယ်။

ဒေါ်ရွှေက ဘယ်လို သတိပေးပေး၊ ဦးသိန်းဒန်ကတော့ သတိမရနိုင်ဘူး။ ဒီသမီးသုံးယောက်ရဲ့ ရက်စက်ပုံတွေကို တမ်းတမ်းစွဲဖြစ်ပြီး အခဲမကြေ ဖြစ်နေတာပဲ။

အဲဒါကြောင့်…

''ဒေါ်ရွှေရေ၊ တရားနဲ့ဖြေလို့ကို မရဘူး၊ ဒင်းတို့ကို သတ်ပြီး စက်တိုင် တက်ရရင် ကောင်းမလား၊ လည်ပင်းမှာ အိုးဆွဲပြီး ဇရပ်ရှေ့က ရေကန်ထဲ ခုန်ချသေရရင် ကောင်းမလား၊ အဲဒီနှစ်ခုပဲ ကျုပ်တော့်စိတ်ထဲမှာ ဖြစ်နေတယ်''

လို့ ဒေါ်ရွှေက တရားချတိုင်း ဦးသိန်းဒန်က ပြန်ဖြေလေ့ရှိတယ်။

လူတွေဟာ ဒုက္ခရောက်နေတဲ့အခါ သူတို့…

''ဒီလိုဒုက္ခရောက်အောင် လုပ်တဲ့ လက်သည်အစစ်ဟာ ဘယ်သူလဲ''

ဆိုတာ တွေ့အောင် မရှာနိုင်ကြဘူး။ ဒီလို လက်သည်အစစ်ကို တွေ့အောင် မရှာနိုင်ကြတဲ့အတွက် 'ဟိုလူ့ကြောင့် ငါ ဒုက္ခရောက်ရတယ်၊ ဒီလူကြောင့် ငါ ဒုက္ခရောက်ရတယ်' လို့ မဆိုင်သူတွေ လက်သည်အစစ် မဟုတ်သူတွေကို လျှောက်စွပ်စွဲပြီး ဒုက္ခရောက်နေတဲ့အထဲ စိတ်ဆင်းရဲရ ပြန်တယ်။

မဆိုင်သူတွေ လက်သည်အစစ်မဟုတ်သူတွေကို ဒီလို လျှောက်စွပ်စွဲရင်းက ဒေါသတွေ ဖြစ်လာပြီး ဒုက္ခရောက်နေရတဲ့အထဲ အကုသိုလ်တွေ အဝင်ခံရပြန်တယ်။ အဲဒါကြောင့် **ဒုက္ခရောက်တဲ့အခါ လက်သည်အစစ်ကို တွေ့အောင်ရှာဖို့ သိပ်အရေးကြီးတယ်။**

ဦးသိန်းဒန်က 'သူ့သမီး သုံးယောက်ဟာ သူ့ဒီလို ဒုက္ခရောက်အောင် လုပ်ပေးတဲ့ လက်သည်အစစ်တွေပဲ' လို့ စွပ်စွဲပြီး မစားနိုင် မအိပ်နိုင်ဖြစ်အောင် ယူပစ်လိုက်သလို ချုံးကျသွားအောင် ဒေါသဖြစ်နေတယ်။

ဒါပေမယ့် သူ့ ဒီလို ဒုက္ခရောက်အောင်လုပ်လိုက်တဲ့ လက်သည် အစစ်ဟာ သူ့သမီးသုံးယောက် မဟုတ်ဘူး၊ သူ့ကို ဒီလို ဒုက္ခရောက်အောင် လုပ်လိုက်တဲ့ လက်သည်အစစ်က သူပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလက်သည်အစစ်ကို ဦးသိန်းဒန် တွေ့အောင် မရှာနိုင်သရွေ့ ဦးသိန်းဒန်ဟာ ဒေါသတွေဖြစ်မယ်၊ စိတ်ဆင်းရဲမယ်။ နောက်ဆုံးမှာ သူ ခဏခဏပြောနေသလို သူ့လည်ပင်း အိုးဆွဲ၊ ရေထဲဆင်းသေရတဲ့အထိ ဒုက္ခ ရောက်သွားနိုင်မယ်။

သူဟာ အစမထင်အောင်ကို ရွှေ့လျားလုတဲ့ သံသရာကြီး တစ်လျှောက်မှာ သူများတွေကို ဒီလိုပဲ ဒုက္ခရောက်အောင် လုပ်ခဲ့ဖူးရမယ်။ ဒီအကုသိုလ်တွေဟာ သူ့ကိုပြန်အကျိုးပေးတာပဲ။ နောက်ထပ် ဘဝပေါင်း ဘယ်လောက်ဆက်ပြီး အကျိုးပေးဦးမယ် မသိဘူး။ ဒါကတော့ ဘုရားမှ ဖြေနိုင်မှာပဲ။ ဒီအကုသိုလ်တွေသာ သူ့မှာ မရှိဘူးဆိုရင် သူ့ဒီလို ဒုက္ခရောက် အောင် သူ့သမီးတွေလည်း မလုပ်နိုင်ဘူး၊ သူ့သမီးတွေရဲ့ ဘိုးအေတွေလည်း မလုပ်နိုင်ဘူး။ ဘယ်သူမှ မလုပ်နိုင်ဘူး။

အကုသိုလ်ရဲ့ အကျိုးပေးဆန်းကြယ်ပုံတွေကို နည်းနည်းပြောပြလိုက် ဦးမယ်။

အပုတ္တကသူဌေးကြီး

မြတ်စွာဘုရားသခင် လက်ထက်တော်တုန်းက သာဝတ္ထိပြည်မှာ အင်မတန်ချမ်းသာတဲ့ အပုတ္တက ဆိုတဲ့ သူဌေးကြီးတစ်ဦးရှိတယ်။ သူ့မှာ ရွှေတွေဟာ တစ်ကုဋေဖိုးလောက် ရှိတယ်။ ငွေက ရွှေထက်တောင် ပိုများသေး တယ်။ သူ့အခိုင်းအစေတွေက အင်မတန်ကောင်းတဲ့ စားကောင်းသောက်ဖွယ် တွေကို ရွှေခွက်ထဲမှာထည့်ပြီး သူ့ကိုကျွေးရင် 'ဒါဟာ လူစားတဲ့အစာလား၊ နင်တို့ ငါ့ကို သူ့ခက်သက် ပြောင်ကြ လှောင်ကြတာပဲ' လို့ ကြိမ်းမောင်းပြီး ဒီသူဌေးဟာ သူ့အခိုင်းအစေတွေကို ခဲတွေ့ ခဲနဲ့ကိုင်ပေါက်၊ တုတ်တွေ့ တုတ်နဲ့လိုက်ရိုက်၊ လှံတွေ့ လှံနဲ့လိုက်ထိုး၊ ဓားတွေ့ ဓားနဲ့ လိုက်ခုတ်တာပဲ။

နောက်ပြီးတော့မှ ဆန်ကွဲထမင်းနဲ့ ပအုန်းရည်ဟင်းကို အယူခိုင်း၊ ရောက်လာတဲ့အခါ 'ဒါမှ လူစားတဲ့ ထမင်းနဲ့ဟင်း' လို့ ဆိုပြီး မြိန်ရေရှက်ရေ စားတယ်။

ပအုန်းရည်ဟင်းဆိုတာ ရေလုံပြုတ် ဟင်းမျိုးပါပဲ။

သူ့အခိုင်းအစေတွေက ကောင်းမေ့ဆိုတဲ့ အဝတ်ပုဆိုး၊ ကောင်းမေ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ရထား၊ ကောင်းမေ့ဆိုတဲ့ ထီးကို သူ့ဖို့ယူလာရင် လုပ်နေကျအတိုင်း လိုက်ပေါက်၊ လိုက်ရိုက်၊ လိုက်ထိုး၊ လိုက်ခုတ်တာပဲ။ ပြီးတော့မှ ပိုက်ဆံလျှော်နဲ့ ရက်ထားတဲ့ အဝတ်ပုဆိုးကြမ်း၊ ဆွေးနေတဲ့ ရထား၊ သစ်ရွက်နဲ့ လုပ်ထားတဲ့ ထီးကို သုံးတယ်။

အဲဒီသူဌေးကြီးသေတော့ အမွေခံမယ့် သားသမီး တစ်ယောက်မှ မရှိတဲ့အတွက် သူ့ဥစ္စာ ပစ္စည်းတွေကို ကောသလမင်းကြီးက မင်းဘဏ္ဍာအဖြစ်နဲ့ သိမ်းရတယ်။

တစ်နေ့ကျတော့ ကောသလမင်းကြီးဟာ မြတ်စွာဘုရားကို ဖူးပြီး…

"အရှင်ဘုရား၊ အပုတ္တက သူဌေးကြီးက အင်မတန်ချမ်းသာပါတယ်၊ သူ့ရွှေငွေဥစ္စာ ပစ္စည်းတွေကို မင်းဘဏ္ဍာအဖြစ်နဲ့ သိမ်းရတာ ခုနစ်ရက်တောင် သိမ်းယူရပါတယ်၊ ဒီလောက် ချမ်းသာပါလျက်သားနဲ့ ကောင်းတာကို မစားနိုင်ဘဲ ညံ့မေ့ဆိုတာတွေကိုမှ ရှာစားတယ်၊ ကောင်းတဲ့ ပုဆိုး၊ ကောင်းတဲ့ ရထား၊ ကောင်းတဲ့ထီး၊ ကောင်းတဲ့ အသုံးအဆောင်တွေကို မသုံးဆောင်နိုင်ဘဲ ညံ့မေ့ဆိုတာတွေကို ရှာသုံးတယ်၊ အဲဒါ ဘာကြောင့်ပါလဲ ဘုရား"

လို့ လျှောက်ထားတယ်။

အဲဒီအခါ မြတ်စွာဘုရားက…

"မြတ်သောမင်းကြီး၊ ဒီအပုတ္တက သူဌေးကြီးဟာ ရှေးတုန်းကလည်း သူဌေးဖြစ်ခဲ့ဖူးပြီ၊ တစ်နေ့ကျတော့ ရှင်ပစ္စေကဗုဒ္ဓါ တစ်ပါး ကြွလာတော်မူတဲ့အခါ ရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းလောင်းကြလို့ သူ့အိမ်သူ့အိမ်သားတွေကို အမိန့်ပေးပြီး တခြား ထသွားတယ်၊ သူဌေးကတော်ကလည်း ငါ့ယောက်ျားဟာ လှူဖို့တန်းဖို့ တစ်ခါမှ မပြောဖူးဘူး၊ ဒီကနေ့ ထူးထူးဆန်းဆန်း ပြောတယ်၊ ငါ စိတ်တိုင်းကျ လှူရတော့မယ်"

လို့ ဝမ်းသာပြီး ရှင်ပစ္စေကဗုဒ္ဓါရဲ့သပိတ် မောက်နေအောင် စားကောင်းသောက်ဖွယ်တွေ လောင်းလိုက်တယ်။

သူဌေး အိမ်ပြန်လာတဲ့အခါ လမ်းမှာ ရှင်ပစ္စေကဗုဒ္ဓါနဲ့ တွေ့တယ်။ အဲဒီအခါ သူဌေးက…

"အရှင်ဘုရား၊ ဆွမ်းရခဲ့ပါရဲ့လား"

လို့ လျှောက်ပြီး ရှင်ပစ္စေကဗုဒ္ဓါရဲ့လက်ထဲက သပိတ်ကို လှမ်းကြည့်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဆွမ်းတွေကို မြင်တဲ့အခါ 'ဒီဆွမ်းတွေကို ဒီရဟန်း လှူမယ့်အတူတူ ငါ့ကျွန်တွေကို ကျွေးလိုက်ရရင် ပိုကောင်းဦးမယ်၊ ငါ့ကျွန်တွေက ဒီထမင်းတွေ ဟင်းတွေကို စားပြီး ငါ့အလုပ်ကို လုပ်ဖော်ရသေးတယ်၊ ဒီရဟန်းကတော့ စားပြီး တစ်နေရာမှာ သွားအိပ်မှာပဲ' လို့ တွေးမိတဲ့အတွက် သူဌေးဟာ စိတ်မချမ်းမသာ ဖြစ်တယ်။

နောက်ပြီးတော့ ဒီသူဌေးဟာ သူ့အစ်ကို သေတဲ့အခါ ပစ္စည်းခွဲပေးရမှာစိုးလို့ သူ့အစ်ကိုရဲ့ သားလေးကို တောင်ပေါ်ခေါ်သွားပြီး ကုပ်ချိုးသတ်ခဲ့ဖူးတယ်၊ ဒီလို သတ်ခဲ့ဖူးတဲ့ အကုသိုလ်ကြောင့် ငရဲမှာ နှစ်ပေါင်း သိန်းပေါင်းများစွာ ခံခဲ့ရပြီးပြီ၊ ငရဲက လွတ်လာတဲ့အခါ ဒီအကုသိုလ်ကံကြွင်းကြောင့် အခုဘဝပါနဲ့ ခုနစ်ဘဝရှိပြီး သားသမီး မရခဲ့ဘူး၊ ရှင်ပစ္စေကဗုဒ္ဓါကို ဆွမ်းလောင်းခဲ့တဲ့ ကုသိုလ်ကံကြောင့် နတ်ပြည်မှာ ခုနစ်ကြိမ်တိုင်တိုင် နတ်ဖြစ်ခဲ့ဖူးပြီ၊ ဒီကုသိုလ်ကံကြွင်းကြောင့် သာဝတ္ထိပြည်မှာချည်းပဲ သူဌေး ခုနစ်ကြိမ်ဖြစ်ခဲ့ဖူးပြီ။ ဒါပေမယ့် ရှင်ပစ္စေကဗုဒ္ဓါကို ပြစ်မှားခဲ့ဖူးတဲ့ အကုသိုလ်ကြောင့် သူဟာ ဘယ်တော့မှ ကောင်းကောင်း မစားရဘူး၊ ကောင်းကောင်း မဝတ်ရဘူး၊ သူဌေးစည်းစိမ်ကို ကောင်းကောင်း မခံစားခဲ့ရဘူး။

သူဌေးဦးသိန်းဒန်လည်း ဘယ်သူကမှလည်း မတောင်းဆိုရဘဲနဲ့ သူဟာ သူ့ပစ္စည်းတွေကို သမီးတွေ ပေးပစ်ပြီး သူ့တိုက်ပေါ်က ကျောကော့ဆင်းခဲ့ရတာ။ သူဌေးကြီး အပုတ္တက ကျူးလွန်ခဲ့ဖူးတဲ့ အကုသိုလ်နဲ့ အလားတူ အကုသိုလ်တစ်ခုခုကို ကျူးလွန်ခဲ့ဖူးလို့ ဖြစ်မှာပဲ။ ဒီလို အကုသိုလ်မျိုးသာ မရှိဘူးဆိုရင် ကိုယ့်ကိုယ်ကို ကြိုးနဲ့တုပ်ပြီး သူခိုးကို စားရိုးကမ်းတဲ့ အကြံအစည်မျိုးဟာ ဦးသိန်းဒန်ရဲ့ ခေါင်းထဲမှာ ဘယ်နည်းနဲ့မှ မပေါ်နိုင်ဘူး။

အကယ်၍ ဒီလိုအကြံအစည်မျိုးဟာ ထူးထူးဆန်းဆန်း ပေါ်လာဦးတော့ ဦးသိန်းဒန်မှာ ဒီလို အကုသိုလ်မျိုးသာ မရှိရင် သူ့ပစ္စည်းပေးလိုက်တဲ့ သမီးတွေဟာ သမီးကောင်းတွေဖြစ်ရမယ်၊ မြိုင်မြိုင်နဲ့ လှိုင်လှိုင်တို့လို သူသတ်နဲ့ တူတဲ့ သမီးမျိုးတွေ မဖြစ်ရဘူး။

မြတ်စွာဘုရားဟာ သက်တော်ထင်ရှားရှိနေရင် ဦးသိန်းဒန်အကြောင်းဟာ မြတ်စွာဘုရားကို လျှောက်ထားဖို့ကောင်းတဲ့ အကြောင်းတစ်ခုဖြစ်မှာပဲ။

အဲဒီနေရာမှာ တစ်ခု သတိပေးချင်တယ်။ ဦးသိန်းဒန်မှာ ဘဝဟောင်းက အကုသိုလ်ကြောင့် ဒီလိုဒုက္ခရောက်ရတယ်။ ဒါကြောင့် သူ့ကို ဒီလိုဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင်လုပ်လိုက်တဲ့ သမီးတွေမှာ အပြစ်မရှိဘူး၊ သူတို့ ငရဲမကြီးဘူးလို့ ယူဆမှာ စိုးရတယ်။ ဒီလို မယူဆရဘူး။ 'ပြုသူမှာ အသစ်၊ ခံရသူမှာ အဟောင်း' ဆိုတဲ့ စကားကို ကြားဖူးကြတယ် မဟုတ်လား။ အဲဒီစကား အတိုင်း ခံရသူဦးသိန်းဒန်မှာတော့ ဘဝဟောင်းတွေက သူလုပ်ခဲ့တဲ့ အကုသိုလ် တွေ အကျိုးပေးတာကို ခံရတာပဲ။ သူ့ကို ဒုက္ခရောက်အောင်လုပ်တဲ့ သမီးက တော့ အကုသိုလ်အသစ်တွေဖြစ်တယ်။ သမီးတွေဟာ အကုသိုလ်တွေ အကျိုး ပေးတာကို နိဗ္ဗာန်မရောက်မီစပ်ကြား ဘဝပေါင်းများစွာ ခံရဦးမယ်။

ဒီအချက်ကို သဘောပေါက်ဖို့-

အဟံ-ငါသည်၊ ကမ္မဿကော-ကံသာလျှင် မိမိဥစ္စာရှိသည်၊ ကမ္မဒါယာဒေါ-ကံသာလျှင် အမွေခံရှိသည်၊ ကမ္မယောနိ-ကံသာလျှင် အကြောင်းရင်းရှိသည်၊ ကမ္မဗန္ဓု-ကံသာလျှင် အဆွေအမျိုး ရှိသည်၊ ကမ္မပ္ပဋိသရဏော-ကံသာလျှင် ကိုးကွယ်ရာ၊ လဲလျောင်းရာ ရှိသည်၊ အမှီ-ဖြစ်၏၊ အလ္လာဏဝါ-ကောင်းသည်လည်း ဖြစ်သော၊ ယံကမ္မံ-အကြင်ကံကို၊ ကရိဿာမိ-ပြုအံ့၊ တဿကမ္မဿ-ထိုကောင်းမှုကံ မကောင်းမှုကံ၏၊ ဒါယာဒေါ-ကောင်းမွေခံ ဆိုးမွေခံသည်၊ ဘဝိဿာမိ-ဖြစ်ရအံ့၊ ဣတိ-ဤသို့၊ အဘိဏှံ-နေ့ညဥ့်မပြတ်၊ ပစ္စဝေက္ခိတဗ္ဗံ-ဆင်ခြင်အပ်၏။

လို့ အဘိဏှသုတ်မှာ မြတ်စွာဘုရားဟောတော်မူထားတဲ့ တရားတော် ကို မကြာခဏ ဆင်ခြင်ပေးရမယ်။

အဲဒီတရားတော်တွေကို ဦးသိန်းဒန်သိရင် သူ့အတွက် သိပ်ကောင်း မယ်။ စိတ်သက်သာရာ ကိုယ်သက်သာရာ ရမယ်။ အကုသိုလ်အသစ်တွေ လည်း ထပ်မဖြစ်တော့ဘူး။ ဒီအချက်တွေကို ဦးသိန်းဒန် မသိဘူး။ ဒါကြောင့် သူ ဒုက္ခဖြစ်အောင် လုပ်ပေးလိုက်တဲ့ လက်သည်အစစ်ကို ရှာမတွေ့ဘဲ သမီး သုံးယောက်အပေါ်မှာ စိတ်အနာကြီး နာပြီး မအိပ်နိုင်၊ မစားနိုင်၊ မနေနိုင် မထိုင်နိုင် ဖြစ်နေရှာတယ်။

အဲဒီလိုနေရင်း ဇရပ်ကို ပြောင်းလာတာ နှစ်လလောက်ရှိတော့ ညတစ်ညရဲ့ တစ်ချက်တီးလောက်မှာ ဦးသိန်းဒန်ဟာ သူ့အခန်းထဲမှာ လမ်း လျှောက်ရင်း မူးပြီး လဲကျသွားတယ်။ သူ လဲတဲ့အသံကြောင့်ရော၊ သူ အော်ခေါ်တဲ့ အသံကြောင့်ရော သူ့လူတွေ ရောက်လာပြီး သူ့ကို ခုတင်ပေါ်ကို ပွေ့တင်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေရဲ့ အကြောင်းကြားချက်အရ ကြိုင်ကြိုင်နဲ့ သူ့ယောက်ျား ချစ်ဦးတို့ဟာ ဆရာဝန်ကိုခေါ်ပြီး ချက်ချင်း ရောက်လာကြတယ်။ ဒါပေမယ့် သူတို့ကိုမြင်ရင် သူ့အဖေ ရောဂါတိုးလာမှာစိုးတာနဲ့ ချစ်ဦးနဲ့ ကြိုင်ကြိုင်ဟာ ဇရပ်ရဲ့နောက်ဖေးကပဲ သတင်းနားထောင်ပြီး ဆရာဝန်သာ သူ့အဖေရဲ့အခန်းထဲ လွှတ်လိုက်တယ်။ ဆရာဝန်လည်း အားဆေးတစ်လုံးထိုး၊ အိပ်ဆေး နှစ်ပြား တိုက်ပြီး ပြန်သွားတယ်။

ခုနစ်ရက်လောက်ကြာတော့ ဦးသိန်းဒန်ဟာ အတော်ကလေး နေလို့ ထိုင်လို့ ကောင်းလာတယ်။ အဲဒီ ခုနစ်ရက်အတွင်း ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့လည်း နေ့စဉ် လာပါတယ်။ ဒါပေမယ့် သူ့အဖေရဲ့ အခန်းထဲကိုမဝင်ဘဲ မီးဖိုထဲကပဲ ဆရာဝန်ဆီမှာပဲ သတင်းမေးပြီး ပြန်သွားကြတယ်။

နောက်သုံးရက်လောက်ကြာတော့ ဦးသိန်းဒန်ဟာ စာတိုက်က စာတစ်စောင် ရတယ်။ ဒီစာဟာ တခြားမဟုတ်ပါဘူး။ ဦးသိန်းဒန်ရဲ့ တိုက်ရှေ့မှာ လာအော်ကြတဲ့အထဲ အရိုက်ခံရတဲ့ သူငယ်ကလေးတစ်ယောက်က သက်သက် နောက်တောက်တောက်လုပ်ပြီး ပစ်လိုက်တဲ့စာဖြစ်တယ်။

ဦးသိန်းဒန် ဖွင့်ဖတ်တဲ့အခါ . . .

**အစီရင်ခံပါသည် သူဌေးခင်ဗျား**

ကျွန်တော်ဟာ သူဌေးရဲ့ ကျေးဇူးမကင်းတဲ့သူတစ်ယောက် ဖြစ်တယ်။ ဒါကြောင့် အခုသတင်းကို အင်မတန် ခိုင်လုံတဲ့နေရာက ကျွန်တော်ကြားလျှင် ကြားချင်း အခုလို အစီရင်ခံလိုက်ရခြင်း ဖြစ်ပါ တယ်။ စီအိုင်ဒီ C.I.D (Crimminal Investigation Departmaent) စုံထောက်ဌာနက ကျင်ဟုတ်ရဲ့ စာရင်းစာအုပ်ကလေးတွေကို သိမ်းသွားပြီး လျှောက်စစ်ကြည့်တဲ့အခါ ထောကန့်တက မသောင်း ဆိုတဲ့ ကောင်မလေးတစ်ကောင်ကို သူဌေးအတွက် ရှစ်ကြိမ်တိုင် ခေါ်ပေးရတယ်။ တစ်ကြိမ်ကို တစ်ရာပေးရတယ်။ သူဌေးအတွက် မြင်းဖြူအရက် လေးဒါဇင်အထိ ဝယ်ပေးရတယ်။ တစ်ဒါဇင်ကို ၁၀၈ ကျပ် ကျတယ်လို့ ရေးထားတာတွေ့ရပါတယ်။ အဲဒီလို ရေးမှတ်ထားတာတွေဟာ သူဌေးကို ကျင်ဟုတ်က လာဘ်ထိုး ရတယ်ဆိုတဲ့ အချက်အတွက် အင်မတန် ခိုင်လုံတဲ့ သက်သေ

www.burmeseclassic.com

www.burmeseclassic.com



အထောက်အထားဖြစ်တယ်လို့ စီအိုင်ဒီက ယူဆတယ်။ ဒါကြောင့် သူဌေးကို လာဘ်စားမှုနဲ့ ဖမ်းပြီး ဥပဒေအရ အရေးယူဖို့ စီအိုင်ဒီ မင်းကြီးဆီမှာ အမိန့်တောင်းပြီးပြီ။ တနင်္ဂနွေနှစ်ပတ်အတွင်း အမိန့် ကျလာလိမ့်မယ်လို့ ခိုင်ခိုင်လုံလုံ သတင်းရပါတယ်။

ကျန်းမာပါစေ၊ ချမ်းသာပါစေ။

**ကျေးဇူးသိတတ်သူ**

လို့ ရေးထားတာ တွေ့ရတယ်။

စာဖတ်ပြီး 'မသောင်းကို ငွေပေးတာ ငါပေးတာပဲ၊ ကျင်ဟုတ် ပေးတာ မဟုတ်ဘူး၊ အရက်လည်း ကျင်ဟုတ်က ဝယ်ရုံတင် ဝယ်ပေးတာ၊ ငါက ပိုက်ဆံပေးရတာပဲ၊ ဒီကောင်ကလည်း ဘယ့်နှယ်ကြောင့် ဒီဟာတွေကို စာရင်းစာအုပ်ထဲတွေထဲမှာ ရေးထားရပါလိမ့်မလဲ၊ တယ်ခက်ပါလားကွယ်၊ ငါ့ကံဟာ သိပ်ဆိုးနေပြီ၊ တိုက်ပေါ်က ဇရပ်ပေါ်ပြောင်း ဆင်းရရုံမကသေးဘူး၊ ဇရပ်ပေါ်ကနေပြီး ထောင်ထဲသွားရဦးတော့မှာပဲ' လို့ တောင်တွေ မြောက်တွေး တွေးရင်း ခေါင်းတွေ မူးနောက်နောက် ဖြစ်လာတယ်။

ဦးသိန်းဒန်ဟာ လက်ထဲကစာကို ထွေးခံထဲ ကပျာကယာဆုတ်ထည့် ပြီး အိပ်ရာပေါ် အသာလှဲနေတယ်။ သမီးသုံးယောက်အပေါ်မှာ ဖြစ်နေတဲ့ သူ့ဒေါသစိတ်တွေနေရာမှာ အဖမ်းခံရမှာကို ကြောက်တဲ့စိတ်တွေ အများကြီး ပေါ်တယ်။ ဇရပ်အပြင်ဘက်က လူသံကြားတိုင်း ဖမ်းမယ့်ပုလိပ်တွေ လာတယ် ထင်ပြီး ဦးသိန်းဒန်ဟာ သူ့အိပ်ရာပေါ်ကနေ လှမ်းလှမ်း ကြည့်မိတယ်။

နာရီဝက်ရှိတော့ ထမင်းစားရအောင် ချစ်ထွန်းလာပြီး အကြောင်း ကြားတယ်။ 'မစားချင်ဘူးကွာ' လို့ ဦးသိန်းဒန် ဖြေလိုက်တယ်။

တစ်အောင့်လောက်ကြာတော့ ဒေါ်ရွှေကိုယ်တိုင် လိုက်လာပြီး…

"သူဌေးရယ်၊ အားကလေးရှိသွားအောင် နည်းနည်းဖြစ်ဖြစ် စားလိုက် ပါဦး"

လို့ လာခေါ်တာနဲ့ ဦးသိန်းဒန် ထလိုက်သွားတယ်။

ထမင်းစားပွဲမှာ သူ့ပန်းကန်ထဲကို ဟင်းတစ်ဇွန်း ခပ်ထည့်ပြီး…

"မစားချင်တော့ဘူး ဒေါ်ရွှေရယ်"

လို့ ငိုသံပါကြီးနဲ့ ဒေါ်ရွှေကို ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



တအောင့်လောက်ကြာတော့ မျက်ရည်တွေ ကျလာပြီး ဦးသိန်းဒန် ထသွားတယ်။ ဒေါ်ရွှေလည်း ငိုပြီး ကျန်ရစ်တယ်။

ဦးသိန်းဒန်လည်း ခုတင်ပေါ်မှာ လှဲ၊ နဖူးပေါ်မှာ ညာဘက်လက်ကို အသာတင်ထားပြီး 'ဒီလာဘ်စားမှုနဲ့သာ အဖမ်းခံရမယ်ဆိုရင် ငါ နေဖို့ မကောင်းတော့ပါဘူး၊ သေဖို့သာ ကောင်းပါတော့တယ်၊ လူတွေကို ငါ့မျက်နှာ ဘယ်လိုလုပ်ပြီး ပြရပါ့မလဲ၊ နေဖို့ မကောင်းတော့ပါဘူး၊ နေဖို့ မကောင်းတော့ပါဘူး၊ ငါ့အရှက်တွေ ကွဲကုန်ပြီ၊ အလိုလိုမှ ဇရပ်မှာနေရတဲ့ သူတောင်းစား ဖြစ်နေရတဲ့အထဲ ထပ်ပြီးအရှက်ကွဲပြန်ပြီ၊ ငါနေဖို့ မကောင်းတော့ပါဘူး၊ နေဖို့မကောင်းတော့ပါဘူး၊ ငါ့အရှက်တွေ ကွဲကုန်ပြီ' ဆိုတဲ့ စကားတွေကိုပဲ ပါးစပ်က တဖျစ်တောက်တောက် ပြောလိုက်၊ သက်မချလိုက်၊ ဟိုဘက် စောင်းလိုက်၊ ပက်လက်လှန်လိုက်၊ ဒီဘက်စောင်းလိုက်၊ ဇရပ်အပြင်ဘက်ကို လူသံတွေ ကြားတဲ့အခါ လှမ်းကြည့်လိုက်နဲ့ အင်မတန်ကြီး ဂနာမငြိမ် ဖြစ်နေ တယ်။

နာရီဝက်လောက်ရှိတဲ့အခါ ဒေါ်ရွှေကိုယ်တိုင် ကော်ဖီနဲ့မုန့်နဲ့ယူလာ ပြီး…

"ကဲ၊ ကော်ဖီပူပူကလေး သောက်လိုက်ပါဦး သူဌေး"

လို့ ပြောတာနဲ့ ဦးသိန်းဒန်လည်း ကော်ဖီကို တစ်ကျိုက် နှစ်ကျိုက် လောက် ထပ်သောက်လိုက်တယ်။ မုန့်ကို မစားဘူး။ ပြီးတော့ အိပ်ရာပေါ် လှဲနေတယ်။

ဒေါ်ရွှေလည်း ခုတင်အောက်က ထိုင်ပြီး…

"စိတ်ထောင်းတော့ ကိုယ်ကြေတယ်တဲ့၊ အဲဒီတော့ သူဌေးရယ်၊ တရားနဲ့ဖြေပါတော့၊ ဒီစိတ်တွေကြောင့် သူဌေးလည်း တော်တော်ပင်ပန်းလှ ပါပြီ"

လို့ ဒေါ်ရွှေက ကြင်ကြင်နာနာ ပြောရှာတယ်။

ဦးသိန်းဒန်က နဖူးပေါ်လက်တင်ရင်း…

"ဒေါ်ရွှေမသိပါဘူး၊ ကျွန်တော် သေဖို့သာ ကောင်းနေပြီ၊ နေဖို့ မကောင်းတော့ပါဘူး"

လို့ ပြောတယ်။

www.burmeseclassic.com



''စိတ်မလျှော့လိုက်ပါနဲ့ သူဌေးရယ်၊ အကုသိုလ်ဝင်တဲ့အခါဆိုရင် ဒီလိုပဲ ခံကြရတာပဲ၊ ဒါပေမယ့် လုံထမ်းလာတာကို မြင်ရတယ်၊ ကံထမ်းလာတာကို မမြင်ရဘူးဆိုတဲ့ စကားရှိပါတယ်၊ လူ့ကံဆိုတာ မသိနိုင်ဘူး၊ သူဌေးဟာ တစ်သက်လုံး ဒီလိုချည်းပဲ နေသွားရမယ်လို့ စိတ်ထဲမှာ စွဲမနေပါနဲ့ သူဌေးရယ်''

လို့ ဒေါ်ရွှေလည်း အားပေးရှာပါတယ်။

ဒါပေမယ့် ဦးသိန်းဒန်လည်း ဘာမှ ဆက်မပြောတာနဲ့ ဒေါ်ရွှေဟာ ပန်းကန်တွေသိမ်းပြီး ထွက်လာခဲ့တယ်။

ဒီအချိန်ကစပြီး ဦးသိန်းဒန်ဟာ သူများတွေနဲ့ တယ်ပြီး စကားမပြောတော့ဘူး။ အိပ်ရာပေါ်မှာပဲ လှဲပြီး 'ငါ့အရှက်တွေ ကွဲကုန်ပြီ၊ ငါ နေဖို့ မကောင်းတော့ဘူး' ဆိုတဲ့ စကားတွေကိုသာ တစ်ယောက်တည်း တဖျစ်တောက်တောက် ပြောနေတော့တယ်။ အစားအသောက်ဆိုရင်လည်း ထမင်း မစားလို့ ဆန်ပြုတ်နဲ့ ငါးကြော်နဲ့ ငါးခြောက်ဖုတ်နဲ့ ဒေါ်ရွှေက လုပ်ပေးရှာပါတယ်။ ဆန်ပြုတ်ကို နှစ်ဇွန်း သုံးဇွန်းလောက်ပဲ သောက်တယ်။ ကော်ဖီလည်း နှစ်ကျိုက် သုံးကျိုက်လောက်ပဲ သောက်တယ်။ မုန့်မစားဘူး။

ဒေါ်ရွှေလည်း စိုးရိမ်လာတာနဲ့ ကြိုင်ကြိုင်ကို ချက်ချင်း အကြောင်းကြားတယ်။ ချစ်ဦးနဲ့ ကြိုင်ကြိုင်လည်း ရှေးတုန်းကလိုပဲ ဆရာဝန်ကိုခေါ်ပြီး ချက်ချင်း ရောက်လာတယ်။

အခုတစ်ခါတော့ ဆရာဝန် ဆေးထိုးတာကိုလည်း မခံတော့ဘူး။ ဆရာဝန်တိုက်တဲ့ ဆေးကိုလည်း မသောက်တော့ဘူး။ ဒီသတင်းကို ကြားရတဲ့အခါ ကြိုင်ကြိုင်လည်း သိပ်စိတ်ပူတယ်။ ဒါပေမယ့် ကိုယ်ဖိရင်ဖိ ပြုစုရအောင် သူ့အဖေရှိရာကိုလည်း မသွားဝံ့ရှာဘူး။

နောက်တစ်နေ့ ညနေကျတော့ ည နှစ်ချက်လောက်အချိန်မှာ ဦးသိန်းဒန်ဟာ ဇရပ်တံခါးကိုဖွင့်ပြီး အပြင်ဘက်ထွက်တယ်။

ဒေါ်ရွှေလည်း တစ်ရေးနိုးနေတာနဲ့ သူဌေး ဘာလုပ်မလို့လဲလို့ သူ့အိပ်ရာ ပေါ်က လှမ်းမေးလိုက်တယ်။

''ဒေါ်ရွှေ မအိပ်သေးဘူးလား၊ အိပ် အိပ်၊ အထဲမှာ အိုက်လွန်းလို့ ဒေါ်ရွှေရေ''

www.burmeseclassic.com

www.burmeseclassic.com



လို့ ဦးသိန်းဒန်က ပြောပြီး ရေကန်ဘက်ဆီကို လျှောက်သွားတယ်။

ဒေါ်ရွှေလည်း ဦးသိန်းဒန် အကူအညီလိုရင် လုပ်ပေးရအောင်ဆိုပြီး ပြန်မအိပ်ဘဲ သူ့နေရာမှာပဲ ဆေးလိပ်သောက်နေတယ်။

တစ်အောင့်လောက်ကြာတဲ့အခါ ရေထဲကို ဝုန်းခနဲ ကျသွားတဲ့အသံကို ကြားရတာနဲ့ ဇရပ်အပြင်ဘက်ကို ထွက်ကြည့်လိုက်တော့မှ…

"လုပ်ကြပါဦး၊ လာကြပါဦး၊ ကယ်ကြပါဦး"

ဆိုပြီး ငယ်သံပါအောင် ဒေါ်ရွှေ အော်တယ်။

သူ့လူတွေလည်း အတင်းပြေးလာပြီး ဦးသိန်းဒန်ကို ရေကန်ထဲမှ ကပျာကယာ ဆင်းဆယ်ကြတယ်။ 'သေကံမရောက် သက်မပျောက်' ဆိုတဲ့ စကားအတိုင်းပဲ ဦးသိန်းဒန်ဟာ သေနေ့မစေ့သေးတဲ့အတွက် နွေရာသီနဲ့ သွားကြုံကြိုက်ပေးရတယ်။ နွေရာသီမှာ ရေကန်ဟာ ရေအတော်ခန်းနေတယ်။ အဲဒါကြောင့် သူ့လူတွေလည်း ဦးသိန်းဒန်ကို အခက်အခဲမရှိဘဲ ဆယ်ယူလာနိုင်ကြတယ်။ အပေါ်ရောက်တော့မှ ဦးသိန်းဒန်ရဲ့ လည်ပင်းမှာ ချည်ထားတဲ့ သံပုံးကြိုး ဖြေပစ်ရတယ်။

ဒေါ်ရွှေ အကြောင်းကြားလိုက်တဲ့အတွက် ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့လည်း ဆရာဝန်ကိုခေါ်ပြီး ချက်ချင်း ရောက်လာကြတယ်။

ကြိုင်ကြိုင်က သူ့အခန်းထဲကို ဝင်ချင်တယ်။ 'ဒီလိုအခါမျိုးမှာ မဝင်ပါနဲ့' လို့ ချစ်ဦးနဲ့ ဒေါ်ရွှေက တားထားတဲ့အတွက် မဝင်ရဘူး။ ခါတိုင်းလိုပဲ နောက်ဖေးခန်းမှာနေပြီး တစ်ယောက်တည်း ငိုနေရရှာတယ်။

ဦးသိန်းဒန်ဟာ ရေထဲခုန်ချတာကြောင့်တော့ မသေတော့ပါဘူး။ မကြာခင် သတိရလာပါတယ်။ ဒါပေမယ့် လူကောင်းပကတိတော့ မဟုတ်တော့ဘူး။ နောက်တောက်တောက် ကြောင်တောင်တောင် ဖြစ်နေတယ်။

ချစ်ဦးရဲ့ ဘိုးအေ ဦးချက်ဖူးရဲ့ ဩဝါဒအရ ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ဟာ ရှေ့မှာ ရေတစ်ခွက်ချပြီး ဘုရားခန်းထဲမှာ ရတနသုတ်၊ အင်္ဂုလိမာလပရိတ်၊ မေတ္တာသုတ် သုံးသုတ်ကို နေ့စဉ် ရွတ်ရတယ်။ အဲဒီ ပရိတ်ရေကို ကြိုင်ကြိုင်က နေ့စဉ် ဒေါ်ရွှေဆီကို ပို့ရတယ်။ ဒေါ်ရွှေက ဦးသိန်းဒန် သောက်တဲ့ ရေအိုးထဲ ထည့်ထားပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုင်ကြိုင်ဟာ သူ့အဖေကို ဆရာဝန်နဲ့ ဂရုစိုက်ပြီး သမားကု ကုတဲ့ အပြင် တစ်ဘက်ကနေပြီး အဲဒီလို ဘုရားကု ကုပေးလိုက်သေးတယ်။

ဦးသိန်းဒန်ရဲ့ဝဋ်က အတော်ကြီးတယ်ထင်တယ်။ ရောဂါကတော့ မတိုးပါဘူး။ ဒါပေမယ့် ကြောင်တောင်တောင်ဖြစ်နေတာကတော့ သိသိ သာသာကြီး လျော့မသွားသေးဘူး။ ဦးသိန်းဒန်ဟာ ဘယ်သူနဲ့မှ စကား မပြောဘူး။ တစ်ခါခါ ခေါင်းညိတ်နေတယ်။ တစ်ခါခါ ဟင်း ဟင်း ဟင်း လို့ အရှည်ကြီး အသံထွက်အောင် ရယ်နေတယ်။ ဆရာဝန်ကပဲ ပြောပြော ဘယ်သူကပဲ ပြောပြော ဦးသိန်းဒန်ဟာ ဘာမှပြန်မပြောဘူး။ အဲဒီလို ခေါင်းညိတ်ချင် ညိတ်တယ်။ အသံထွက်အောင် ရယ်ချင် ရယ်တယ်။ အစား အသောက် ကျွေးရင်၊ တိုက်ရင်၊ ဆေးတိုက်ရင် ဘယ်သူကျွေးတာ တိုက်တာမှ မသောက်ဘူး။ မစားဘူး။ ဒေါ်ရွှေ ကျွေးတာ၊ တိုက်တာမှ စားတယ်။ သောက်တယ်။ သူ့ဝဋ်က အတော်ကြီးတယ်။

ကြိုင်ကြိုင်လည်း သူ့အဖေကို အခန်းထဲမှာ ဝင်တွေ့ချင်တယ်။ ဒါပေမယ့် ချစ်ဦးနဲ့ ဒေါ်ရွှေတို့ကပဲ 'ဒီအချိန်မျိုးမှာ တွေ့ရင် မကောင်းသေး ဘူး' လို့ ဖျက်တာနဲ့ မီးဖိုချောင်ထဲမှာပဲ သူ့အဖေအတွက် ငိုနေရရှာပြန်တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၁၃

## သမီးနဲ့သား အိုအောင် မင်းအောင် ပေါင်းရပါစေ

ဦးသိန်းဒန်နဲ့ ကျင်ဟုတ်တို့ဟာ ကံတူအကျိုးပေးတွေနဲ့ တူတယ်။ ဦးသိန်းဒန် ရေထဲခုန်ချပြီးလို့ ဆယ်ရက်လောက်ကြာတော့ ကျင်ဟုတ်ရဲ့မိန်းမ စိန်ရှင်ဟာ စိန်ရွှေငွေ ပစ္စည်းတွေယူပြီး ကျင်ဟုတ်ရဲ့ညီ ကျင်စိန်နဲ့ ခိုးရာလိုက်ပြေးသွားတယ်။

အမှန်စင်စစ်တော့ ကျင်စိန်နဲ့ စိန်ရှင်တို့ဟာ ကျင်ဟုတ် ထောင်ကျပြီး မကြာခင်ကတည်းက တိတ်တိတ်ပုန်း ဖြစ်နေတယ်။ ကိုယ်ဝန်ရှိလာတော့ မနေရဲလို့ ခိုးရာလိုက်ပြေးရတာပါပဲ။ တပည့်ကြီး အောင်တင့်ဆီကစာရလို့ ဒီအကြောင်းကို ကျင်ဟုတ်သိတဲ့အခါ ညီ ကျင်စိန်နဲ့ မယား စိန်ရှင်ကို စိတ်လည်း အများကြီးနာ၊ ဒေါသလည်း အများကြီးဖြစ်နေတယ်။

ကျင်ဟုတ် ကျင်စိန် ညီအစ်ကိုနှစ်ယောက် ငယ်ငယ်ကတည်းက မိဘတွေ သေဆုံးသွားကြတယ်။ ကျင်ဟုတ်က ညီကျင်စိန်ကို ရှာကျွေးလာရတယ်။ ဒါကြောင့် လုပ်ရက်လေခြင်းဆိုပြီး ညီကို စိတ်လည်း နာ၊ ဒေါသလည်း ဖြစ်တယ်။ သူ ဒုက္ခရောက်နေတုန်း ဒီလိုလုပ်ရသလားဆိုပြီး မယား စိန်ရှင်ကို စိတ်လည်းနာ၊ ဒေါသလည်း ဖြစ်တယ်။

အဲဒါနဲ့ ထောင်က ဝါဒါ (warder) ဆိုတဲ့ အစောင့်ကုလားကို ပိုက်ဆံပေးပြီး ဘိန်းအဝယ်ခိုင်းတယ်။ ဘိန်းမျိုပြီးတဲ့နောက် ကျင်ဟုတ်ဟာ သေဖို့ပဲ၊ သေကံမရောက် သက်မပျောက်ဆိုတဲ့ စကားအတိုင်း ထောင်မှူး

www.burmeseclassic.com

www.burmeseclassic.com



အသိမြန်သွားပြီး ထောင်ထဲက ဆေးရုံ ချက်ချင်းတင်လိုက်တဲ့အတွက် အသက် ချမ်းသာသွားတယ်။ ဆေးရုံက ဆင်းတဲ့အခါ စိတ်အားတွေ အင်မတန် ငယ်နေ တယ်။

ထောင်ထဲမှာ တရားဟောဖို့ လာနေကျ ဘုန်းကြီးက လူကောင်းဖြစ်ဖို့ အထူး ဆုံးမတယ်။ နောက်ပြီးတော့လည်း ဘုန်းကြီးညွှန်ကြားတဲ့ 'ဓမ္မပဒ ဝတ္ထု' တွေကိုလည်း ဖတ်ရပြန်တယ်ဆိုတော့ ကျင်ဟုတ်ဟာ မဟုတ်တာ လုပ်မိခဲ့တာတွေအတွက် အများကြီး သံဝေဂရနေတယ်။

အဲဒါကြောင့် ဦးသိန်းဒန်ဆီကို ဒီလို စာရေးလိုက်တယ်။

**ကျွန်တော် ကျင်ဟုတ် အစီရင်ခံပါသည် သူဌေးမင်းခင်ဗျား။**

အခုလောက်ရှိလျှင် ကျွန်တော့်အကြောင်းကို သူဌေးမင်း ကြားပြီးလောက်ပါပြီ။ ကျွန်တော်သည် ကုသိုလ်ကံ အင်မတန် ဆိုးနေပါသည်။ အဲဒါကြောင့် ကျွန်တော် မသေခင် ကျွန်တော်၏ အပြစ်တွေကို သူဌေးမင်းအား ဝန်ခံပါရစေ။

မောင်ချစ်ဦးသည် ဈေးကိစ္စနှင့် ပတ်သက်၍ ကျွန်တော့် အကြောင်းတွေကို မြူနီစီပယ်အစည်းအဝေးမှာ ပြောသဖြင့် ကျွန်တော်သည် မောင်ချစ်ဦးအပေါ်တွင် အများကြီး ရန်ငြိုးဖွဲ့ခဲ့မိ ပါသည်။ ၎င်းရန်ငြိုးအရ ဦးနှင့် မကွဲ ကွဲအောင် ကျွန်တော် ရန်တိုက် ပေးခဲ့ခြင်း ဖြစ်ပါသည်။ နတ်ညောင်ရေအိုးမှာ စာရေးသောကိစ္စ၊ သူဌေးမင်း၏ ဝင်းထောင့်မှာ ကျီးသေကို မီးနေထဘီဖြင့်ထုပ်ပြီး မြှုပ်ခဲ့သည့်ကိစ္စတွေမှလည်း မောင်ချစ်ဦးကို သူဌေးမင်း အထင်လွဲ အောင် ကျွန်တော့်ဟာ ကျွန်တော် စီစဉ်သောကိစ္စများ ဖြစ်ပါသည်။ မောင်ချစ်ဦးတွင် မည်သည့်အပြစ်မှ မရှိပါ သူဌေးမင်း ခင်ဗျား။

သူဌေးမင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲဖြစ်အောင် လုပ်ခဲ့မိ သမျှသော အပြစ်များမှ ကျွန်တော့်ကို ခွင့်လွှတ်ပါရန် ကျွန်တော် မောင်ကျင်ဟုတ် အလွန် ရှိသေစွာ ခြေတော်ဦးခိုက် ရှိခိုးတောင်းပန် ပါသည် ခင်ဗျား။

သူဌေးမင်း ကျန်းမာ ချမ်းသာစေရန် ကျွန်တော် အမြဲ ဆုတောင်းလျက် ရှိပါသည်ခင်ဗျား။

ကျင်ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဒီစာကို ကျင်ဟုတ်ရေးပြီး အာဏာပိုင်တွေဆီကတစ်ဆင့် ဦးသိန်းဒန်ဆီကို ပို့လိုက်တယ်။

ချစ်ဦးဆီကိုလည်း သူ့အပြစ်တွေက ခွင့်လွှတ်ဖို့ အလားတူ စာတစ်စောင်ကို ကျင်ဟုတ် ပို့လိုက်တယ်။ ချစ်ဦးကတော့ ကျင်ဟုတ်ရဲ့ စာကို ဖတ်ရပါတယ်။ ဦးသိန်းဒန်ကတော့ ကြောင်တောင်တောင် နောက်တောက်တောက် ဖြစ်နေလို့ စာရောက်ရောက်ချင်း မဖတ်ဖြစ်သေးဘူး။

စာရောက်ပြီးလို့ သုံးရက်လောက်ကြာတော့ ဆရာဝန်ရဲ့ခွင့်ပြုချက်အရ ဒေါ်ရွှေက ဦးသိန်းဒန်ကို ကျင်ဟုတ်ရဲ့စာ ဖတ်ပြတယ်။ ဦးသိန်းဒန်ဟာ ဒီစာကို နားမလည်ဘူး။ ခါတိုင်းလိုပဲ ခေါင်းညိတ်လိုက် ဟင်း ဟင်း ဟင်းနဲ့ ရယ်လိုက် လုပ်နေတယ်။ အဲဒါနဲ့ ဒေါ်ရွှေလည်း စာကို ပြန်ယူသွားရတယ်။

သမီးကြီး မြိုင်မြိုင်လည်း သူ့အဖေ ဦးသိန်းဒန် ဇရပ်ကို ပြောင်းဆင်းသွားကတည်းက ဂျွန်လိုက်လာဖို့ အကြိမ်ကြိမ်မှာတယ်။ ဂျွန်ကလည်း ဝါးခယ်မကို လာရမှာကြောက်ပြီး လိုက်မလာရဲဘူး။ ဒါကြောင့် သူ့အဖေ ရေကန်ထဲ ခုန်ချပြီးလို့ လေးရက်အကြာမှ မြိုင်မြိုင်ဟာ ဂျွန်ကို ခေါ်လာဖို့ သူ့လူတစ်ယောက်ကို ရန်ကုန်လွှတ်လိုက်တယ်။ မရ ရအောင် ခေါ်ခဲ့ဖို့လည်း မြိုင်မြိုင်က သေသေချာချာ မှာလိုက်တယ်။ အရက်နှစ်ဆယ်လောက်ကြာမှ ဂျွန် လိုက်လာတယ်။ သူ့မိန်းမနဲ့ကလေး ပါမလာဘူး။ သူ့သဘောက ဝါးခယ်မမှာ ခဏနေမယ်ဆိုတဲ့ သဘောပဲ။

မြိုင်မြိုင်ဟာ ဂျွန်ကို တွေ့တွေ့ချင်း...

“ငါက သိပ်တွေ့ချင်နေတယ်ဆိုလို့ နင်က ဈေးကိုင်နေတာပေါ့လေ”

လို့ ဆီးပြီး ရန်တွေ့တယ်။

“မဟုတ်ပါဘူး မြိုင်မြိုင်၊ ဝါးခယ်မကို လာရမှာ ငါ သိပ်ကြောက်တယ်၊ ဝါးခယ်မကိုရောက်ရင် ငါ အသတ်ခံရလိမ့်မယ်လို့ ငါ့စိတ်ထဲမှာ စွဲနေတယ်”

လို့ ဂျွန်က ပြန်ပြောတယ်။

“ငါ မသေဘဲ နင် မသေရဘူး၊ ငါရှိတယ်၊ ဘာမှ ကြောက်စရာ မရှိဘူး”

လို့ မြိုင်မြိုင်က ပြန်ပြောတယ်။ ဂျွန်လည်း ဘာမှ ပြန်မပြောဘူး ပြုံးနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြိုင်မြိုင်က မနက်စာထမင်းစားပြီးလောက်မှ ဂျွန်နဲ့ တိုက်ပေါ် တက်မယ်လို့ စိတ်ကူးထားတယ်။ ဒါပေမယ့် ထမင်းစားချိန်လောက်ကျတော့ လွှမ်းမောင်ဟာ တောက ပြန်ရောက်လာတယ်။ မြိုင်မြိုင်လည်း 'လွှမ်းမောင်ကို ဘယ်လို အပြင်ထုတ်ရမလဲ' ဆိုတာ စဉ်းစားနေတယ်။

အကြံရတာနဲ့ ထမင်းစားကြရင်း…

"ကိုလွှမ်းမောင်၊ ညက အိပ်မက် မကောင်းဘူး၊ ကမ်းစောက်က စပါးကိုဒေါင်တွေ ပြိုကျပြီး ဦးဘကွန့်ကလည်း စပါးတွေကို ခိုးရောင်းတယ်လို့ မက်တယ်၊ ဦးဘကွန့်ကို ကျွန်မ မသင်္ကာနေတာ ကြာပြီ"

လို့ မြိုင်မြိုင်က အစချီလိုက်တယ်။

လွှမ်းမောင်က…

"ဦးဘကွန့်ဟာ မြိုင်မြိုင်အဖေ လက်ထက်ကတည်းက အလုပ်လုပ်လာတာပဲ၊ အင်မတန် သစ္စာရှိပါတယ်"

လို့ လွှမ်းမောင်က ဖြေတယ်။

"အို၊ ကိုယ်ကကျူး ကိုယ့်ဒူးကိုတောင် မယုံရဘူး၊ ဒီနေ့ တစ်မနက်လုံး ဦးဘကွန့်ရဲ့မျက်နှာကိုချည်းပဲ ကျွန်မ မြင်နေတယ်၊ ဟိုမှာ တစ်ခုခုတော့ ဖြစ်နေပြီထင်တယ်"

လို့ မြိုင်မြိုင်က ပြောတယ်။

"မဖြစ်နိုင်ပါဘူး၊ စိတ်ချပါ မြိုင်မြိုင်ရယ်"

လို့ လွှမ်းမောင်က အာမခံတယ်။

မြိုင်မြိုင်က နှုတ်ခမ်းစူ မျက်လုံးပြူးပြီး…

"ရှင် လူ့အကြောင်း ဘာသိလို့လဲ"

ဝေါက်လိုက်တာနဲ့ လွှမ်းမောင်ဟာ ထမင်းကိုသာ ဆက်စားနေတယ်။ ဘာမှပြန်မပြောတော့ဘူး။

အဲဒီတော့မှ မြိုင်မြိုင်က…

"ဦးဘကွန့်နဲ့ပတ်သက်ပြီး ကျွန်မ စိတ်တွေ ဘယ့်နှယ်ဖြစ်နေတယ် မသိဘူး၊ ထမင်းစားပြီး လိုက်သွားပါဦး"

လို့ မြိုင်မြိုင်က ပြောတယ်။

"မနက်ဖြန်မနက် အစောကြီး ထသွားရင် ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ လွန်းမောင်က ဆင်ခြေတက်ကြည့်တယ်။

"အို၊ အခုလိုက်သွားပါဆိုနေတာပဲ၊ အရေးကြီးလို့ ကြီးမှန်းလည်း မသိဘူး၊ သွားမယ် မဟုတ်လား"

လို့ မြိုင်မြိုင်က ထပ်ပြီး ငေါက်တယ်။

လွန်းမောင်က…

"အင်း"

လို့ ပြန်ပြောပြီး ထမင်းဆက်စားနေတယ်။

ထမင်းစားပြီးတဲ့အခါ သူ့သမီးလေး ခင်လွန်းမြိုင်ကို ငါးမိနစ်လောက် ချီပွေ့ပြီး မော်တော်ဆိပ်ကို လွန်းမောင် ဆင်းသွားရရှာတယ်။

မြိုင်မြိုင် အိမ်ကနှင်ထုတ်ထားတဲ့ အုံးဖေလည်း ဆင်းရဲစုတ်ပြတ်ပြီး စားရမဲ့ သောက်ရမဲ့ ဖြစ်နေတယ်။ ပြန်ပြီးလက်ခံအောင် အစ်ကိုဘတင်ကို ခဏခဏပူဆာပေမယ့် ဘတင်ကလည်း မြိုင်မြိုင်ကို မပြောရဲဘူး၊ ဂျွန် ရောက်လာတဲ့နေ့မှာ ဘတင်နဲ့ အုံးဖေဟာ တရုတ်ရှောင်ပြန်ရဲ့ လက်ဖက်ရည်ဆိုင်ထဲမှာ တွေ့ကြတယ်။

အုံးဖေက…

"အစ်ကိုရယ်၊ ကျွန်တော် သိပ်ဒုက္ခရောက်နေတယ်၊ သူ ထားသလို နေပါ့မယ်၊ ပြန်ပြီးတော့သာ လက်ခံပါလို့ မြိုင်မြိုင့်ကိုသာ ပြောပေးပါ"

လို့ အုံးဖေက ပူဆာတယ်။

"ငါ ထမင်းအိုးကွဲတာကို မင်း ကြည့်ချင်သလား"

လို့ ဘတင်က ပြန်မေးတယ်။

"သူ့ချေးကျူးဆိုလည်း ကျူးပါ့မယ် အစ်ကိုရယ်၊ ကျွန်တော် သိပ်ဒုက္ခ ရောက်နေတယ်၊ အခု ထမင်းမစားရတာ နှစ်ရက်ရှိပြီ"

လို့ အုံးဖေက ပြောတယ်။

"အုံးဖေကလည်း သိပ်ခက်တယ်ကွာ၊ မပြောရဲဘူးကွ"

လို့ ဘတင်က ပြန်ငေါက်လိုက်တယ်။

တစ်အောင့်လောက်ကြာတော့မှ ဘတင်က…

"ဘယ်နည်းနဲ့မှ မင်းကို ပြန်ခေါ်မှာ မဟုတ်တော့ဘူး၊ ညွန့်မောင် ဆိုတဲ့ ကောင်ကလေးတစ်ယောက် မင်းအစားရထားပြီလို့ မင်းကို ငါ ပြောဖူး

www.burmeseclassic.com

www.burmeseclassic.com



သား‌ပဲ၊ ဒီကနေ့ဆိုရင် နောက်တစ်ယောက်တောင် ထပ်ရောက်လာသေးတယ်၊ အပျိုတုန်းက သူနဲ့ဖြစ်ဖူးတဲ့ ဂျွန်ဆိုတာ မင်းကြားဖူးမှာပေါ့၊ ဒီကုလား ဒီနေ့ မနက်ပဲ ရောက်လာတယ်၊ ဆရာလွန်းမောင်လည်း ဒီကနေ့ပဲ တောက ပြန်ရောက်တယ်၊ မြိုင်မြိုင်က ဘယ်လိုများအော်ငေါက်လွှတ်လိုက်တယ် မဆိုနိုင်ဘူး၊ ခုနကပဲ ပြန်ထွက်သွားရပြန်ပြီ''

လို့ ဘတင်က အုံးဖေကို ပြောပြနေတယ်။

''ဆရာလွန်းမောင် မရှိဘူးဆိုရင် ကျွန်တော် အခု အစ်ကိုနဲ့ လိုက်ခဲ့မယ်၊ ပြီးတော့ ကျွန်တော့်ဟာ ကျွန်တော် ဝင်ပြောမယ်၊ မကောင်းဘူးလား''

လို့ အုံးဖေက စုံစမ်းကြည့်တယ်။

''ဟာ၊ ငါနဲ့တော့ မလိုက်နဲ့ကွာ၊ မင့်ဟာမင်းလာ၊ ပြီးတော့ မင်းဟာ မင်း ဝင်ပြော''

လို့ ဘတင်က ပြောတယ်။

အုံးဖေလည်း ဘတင်ဆီက ငွေနှစ်ကျပ်တောင်းပြီး ထွက်သွားတယ်။

ညခုနစ်နာရီလောက် ထမင်းစားပြီးစအချိန်မှာ ဂျွန်ဟာ ကြက်ဥ ဝယ်ရအောင် ညဈေးကို ခဏထွက်သွားတယ်။ မြိုင်မြိုင်လည်း မြန်မြန်ပြန်လာ လို့ ဂျွန်ကိုမှာပြီး ပန်းခြံထဲက ပက်လက်ကုလားထိုင်ပေါ်မှာ ဆေးပေါ့လိပ်ဖွာ နေတယ်။ တစ်နာရီလောက်ကြာတဲ့အခါ အုံးဖေဟာ မြိုင်မြိုင်တို့တိုက်ထဲကို ဝင်သွားတယ်။ တိုက်ထဲမှာ ညွန့်မောင်ဟာ 'မမမြိုင် ပန်းခြံထဲမှာရှိတယ်' ဆိုတာနဲ့ အုံးဖေလည်း ပန်းခြံထဲကို လျှောက်လာတယ်။ အုံးဖေကို မြင်တာနဲ့ တစ်ပြိုင်နက်...

''ရှင် ဘာကိစ္စလာတာလဲ''

လို့ မြိုင်မြိုင်က လှမ်းငေါက်တယ်။ အုံးဖေလည်း မြိုင်မြိုင်ရဲ့ ပက်လက်ကုလားထိုင်ဘေးမှာ ဒူးထောက်ရင်း...

''မမမြိုင်ရယ်၊ ကျွန်တော် သိပ်ပြီး ဒုက္ခရောက်နေပါတယ်၊ ချေးကျုံးဆိုလည်း ကျုံးပါ့မယ်၊ ကျွန်တော့်ကို ပြန်ခေါ်ပါ''

လို့ အုံးဖေက ပြောတယ်။

''ဒီမှာ ရှင့်အတွက် အလုပ်မရှိဘူး၊ ကိုလွန်းမောင်သိသွားရင် ရှင့်ကို သတ်လိမ့်မယ်၊ ရှင့်ပါးစပ်ကလည်း အရက်စော်တွေနံလို့၊ မြန်မြန်သွား''

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နှင်လွှတ်တယ်။

"ကျွန်တော့်ကို မသနားတော့ဘူးလား မမမြိုင်ရယ်"

ဆိုပြီး အုံးဖေဟာ ရှေးက ဖက်နေကျအတိုင်း မြိုင်မြိုင်ကို ဖက်ရအောင် မြိုင်မြိုင်ရဲ့ အပေါ်ကို ကုန်းလိုက်တယ်။

"သွား အရက်သမား၊ ဒီလာမရှုပ်နဲ့"

ဆိုပြီး မြိုင်မြိုင်က အုံးဖေရဲ့ ရင်ဘတ်ကို တအားကုန် တွန်းပစ်လိုက်တယ်။ အုံးဖေဟာ နောက်ကို ဖင်ထိုင်လျက်ကျသွားတယ်။ မြိုင်မြိုင်လည်း ပက်လက်ကုလားထိုင် ပေါ်က ကပျာကယာထ…

"အရက်သမား အဲဒါ နင် မှတ်ထား"

လို့ ပြောပြောဆိုဆို အုံးဖေ မျက်နှာကို ခြေထောက်နဲ့ ဆောင့်ကန်လိုက်ပြီး တိုက်ဘက်ထွက်သွားတယ်။ အုံးဖေလည်း ပါးစပ်က ထွက်လာတဲ့ သွေးတွေကို စမ်းကြည့်ပြီး မြိုင်မြိုင်နောက်ကို အတင်းထလိုက်သွားတယ်။ အုံးဖေ မီလာတာနဲ့ မြိုင်မြိုင်က နောက်ကို လှည့်အကြည့်မှာ အုံးဖေလည်း…

"သောက်--မ"

ဆိုပြီး ဓားမြှောင်နဲ့ ထိုးလိုက်တယ်။

မြိုင်မြိုင်လည်း…

"လာကြပါဦး၊ လာကြပါဦး၊ အုံးဖေ ဓားနဲ့ထိုးတယ်"

လို့ အော်နေတုန်း…

"နင့်ကိုတော့ မသေမရှင် မထားခဲ့ဘူး"

လို့ဆိုပြီး ရင်အုံကို နောက်တစ်ချက် ဆင့်ထိုးလိုက်ပြန်တယ်။ မြိုင်မြိုင်လည်း မအော်နိုင်တော့ဘူး။ ဒီနေရာမှာပဲ လဲကျသွားတယ်။ တိုက်ထဲက လူတွေ အော်ပြီးပြေးထွက်လာတာနဲ့ အုံးဖေလည်း ထွက်ပြေးတာ ဝင်းဝမှာ ဂျွန်နဲ့ ရင်ဆိုင်သွားတိုးတယ်။ အထဲက အော်သံတွေကြားတာနဲ့ ဂျွန်လည်း ပြေးထွက်လာတဲ့ အုံးဖေကို အတင်းဆီးပြီး ဖမ်းလိုက်တယ်။ အုံးဖေဟာ ဂျွန်ရဲ့ဗိုက်ကို ဓားမြှောင်နဲ့တွက်ပြီး ထွက်ပြေးသွားတယ်။ ဂျွန်လည်း ဒီနေရာမှာပဲ ဒူးထောက်လျက်ကျသွားတယ်။ မထနိုင်တော့ဘူး။ မြိုင်မြိုင်နဲ့ ဂျွန် နှစ်ယောက်စလုံးကို ဆေးရုံ ချက်ချင်းပို့လိုက်ရတယ်။ ဆေးရုံရောက်ပြီး တစ်နာရီလောက်အကြာ မြိုင်မြိုင် ဆုံးတယ်။ နောက်နာရီဝက်အကြာမှာ ဂျွန် ဆုံးသွားတယ်။

www.burmeseclassic.com



အုံးဖေကိုတော့ နောက် သုံးရက်လောက်အကြာမှ သတင်းရတာနဲ့ တလိုင်းစုမှာ ပုလိပ်တွေသွားဖမ်းရတယ်။

သမီးလတ်လှိုင်လှိုင်လည်း ဦးသိန်းဒန်ဇရပ်ကို ပြောင်းဆင်းပြီး ခုနစ်ရက်လောက်အကြာမှာ သားအိမ်က မခံမရပ်နိုင်အောင် ကိုက်လာတာနဲ့ ရန်ကုန်ကို လိုက်သွားတယ်။ ရန်ကုန်ကျတော့ ရေဒီယမ်ဆိုတဲ့ ဓာတ်လုံးနဲ့ ကုကြည့်ပါသေးတယ်။ မသက်သာပါဘူး။ တစ်နေ့တခြား ဆိုးသာလာတယ်။

တစ်လလောက်ရှိတဲ့အခါ လှိုင်လှိုင်ဟာ အရိုးပေါ် အရေတင်နေတဲ့ ကမ္ဘောဒီးယားရုပ်လို ဖြစ်သွားတယ်။ ဆရာဝန်တွေကလည်း လက်လွှတ်တာနဲ့ ဝါးခယ်မကို ပြန်ခေါ်ခဲ့ရတယ်။

မြိုင်မြိုင်ဆုံးပြီး ဆယ်ရက်လောက်ရှိတဲ့ ညတစ်ညမှာ လှိုင်လှိုင်ရဲ့ ယောက်ျား လှစိန်ဟာ မိန်းကလေးတစ်ယောက်အိမ်မှာ နောက်ဖေးက ဝင်နေတုန်း ချောင်းနေတဲ့ အစ်ကိုက ရဲတင်းနဲ့ တအားခုတ်လိုက်တာ အဲဒီနေရာမှာပဲ ပုံလျက်သားကျသွားတယ်။ ဆေးရုံရောက်ပြီးမကြာခင် အသက်ထွက်သွားတယ်။ သူ့မိန်းမ လှိုင်လှိုင်လည်း အသည်းအသန်ဖြစ်နေတာနဲ့ အလောင်းကို အိမ်ပြန်မယူဘဲ ဆေးရုံကပဲ သုသာန်ကို ပို့လိုက်ရတယ်။

နောက်သုံးရက်ကြာတဲ့အခါ လှိုင်လှိုင်လည်း ကင်ဆာရောဂါနဲ့ပဲ အနိစ္စ ရောက်သွားတယ်။ သူ့အတွက် ဆေးစွမ်းတစ်ခုကို ရန်ကုန်မှာ လိုက်ရှာနေတယ်လို့ အနားကလူတွေက လိမ်ထားတာနဲ့ လှိုင်လှိုင်ဟာ သူ့ယောက်ျား ရဲတင်းနဲ့ အခုတ်ခံရပြီး သေသွားတာကို ဆုံးတဲ့အထိ သိမသွားဘူး။

ဦးသိန်းဒန်ရဲ့အခြေအနေလည်း ခေါင်းညိတ်လိုက် ဟင်း ဟင်း ဟင်းနဲ့ ရယ်လိုက်ဆိုတဲ့ အခြေအနေမှာပဲ ရှိသေးတယ်။ အဲဒါကြောင့် သူ့ပြောလည်း သူနားလည်မှာ မဟုတ်ဘူးဆိုပြီး သူ့သမီးနှစ်ယောက် သေစတုန်းက သူ့ကို ဘယ်သူမှ မပြောပြကြဘူး။

နောက် တနင်္ဂနွေတစ်ပတ်လောက်ကြာတော့ ဆရာဝန်ရဲ့ အကြံပေးချက်အရ ချစ်ဦး ရန်ကုန်ကို လိုက်သွားပြီး အရှူးထောင်က ဆရာဝန်နဲ့ တိုင်ပင်တယ်။ အရှူးထောင်ဆရာဝန်ပြောလိုက်တဲ့ ထိုးဆေးတွေ ဦးသိန်းဒန်ကို ထိုးပေးတယ်။ စားဆေးတွေလည်း ကျွေးတယ်။ သည့်ပြင် ဦးနှောက်ကြောချက်တွေကိုလည်း လုပ်ပေးတယ်။ ချစ်ဦးရဲ့ဘိုးအေ ဦးချက်ဖူးနဲ့ အဖေ ဦးဘိုးသုံတို့ကလည်း ပရိတ်ကို ကူပြီး ရွတ်ပေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



သုံးလလောက်ကြာတော့ ခေါင်းညိတ်နေတာနဲ့ ရယ်တာပျောက်သွားတယ်။ ဒါပေမယ့် စကားတော့ ကောင်းကောင်းမပြောသေးဘူး။ 'နေကောင်းရဲ့လား၊ ထမင်းစားကောင်းရဲ့လား၊ အိပ်ကောင်းရဲ့လား' လို့ မေးတဲ့အခါတွေမှာ တစ်ခါတစ်ခါ 'ကောင်းတယ်' လို့ ဖြေတယ်။ တစ်ခါ တစ်ခါ 'မကောင်းဘူး' လို့ ဖြေတယ်။

အခုလို နေလာကြတဲ့အတောအတွင်း ကံရဲ့အကျိုးပေးပုံ ဆန်းကြယ်တာလေး တစ်ခု ဖြစ်လာတယ်။

ဦးသိန်းဒန်ဟာ ရှိသမျှ ပစ္စည်းတွေကို နှစ်စုခွဲပြီး မြိုင်မြိုင်နဲ့ လှိုင်လှိုင်ကို တစ်စုစီ ပေးလိုက်တယ်။ ကြိုင်ကြိုင်ကို ဘာတစ်ခုမှ မပေးဘူး။ ဒါပေမယ့် ဒီပစ္စည်းတွေကို ရသော်လည်း ခံစားထိုက် ကုသိုလ်ကံမရှိတော့ မြိုင်မြိုင်နဲ့ လှိုင်လှိုင်တို့ သေပေးရတယ်။ မြိုင်မြိုင်ရဲ့ပစ္စည်းတွေကိုတော့ သူ့ယောက်ျား လွန်းမောင်နဲ့ သမီးကလေး ခင်လွန်းမြိုင်တို့ ရတယ်။

လှိုင်လှိုင်တို့မှာ ယောက်ျားလည်း မရှိ။ အမွေခံ အမွေစား မရှိတဲ့ ပစ္စည်းဟာ အောက်သို့သာ စုန်ရမယ်ဆိုတဲ့ ဗုဒ္ဓဘာသာဓမ္မသတ်အရ လှိုင်လှိုင်ရဲ့ ပစ္စည်းတွေကို ကြိုင်ကြိုင် အားလုံးရတယ်။ ဦးသိန်းဒန်နေသွားတဲ့ တိုက်ကြီးကို လွန်းမောင်နဲ့ ကြိုင်ကြိုင်တို့ တစ်ဝက်စီ ပိုင်တယ်။

အဲဒါကြောင့် လှိုင်လှိုင်နေသွားတဲ့တိုက်ကို လွန်းမောင်ကို ပေးလိုက်ပြီး တိုက်ကြီးကို ကြိုင်ကြိုင်ယူလိုက်တယ်။ ဒီလိုယူပြီး တိုက်ကြီးဟာ သူ့အဖေ နေတုန်းကအတိုင်း ပြန်ဖြစ်အောင် ကြိုင်ကြိုင်နဲ့ ဒေါ်ရွှေတို့ ပြုပြင်ကြတယ်။ တိုက်ကြီးရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင် ပန်းပင်တွေကိုလည်း ပြုပြင်ကြတယ်။ အားလုံး အစီအစဉ်တွေပြီးတာနဲ့ တစ်ပြိုင်နက် ဦးသိန်းဒန်ကို တိုက်ကြီးပေါ် ပြန်ခေါ်လာတယ်။

ဦးသိန်းဒန်လည်း ဘယ်ရောက်လို့ ဘယ်ရောက်မှန်းမသိဘူး။ သူ့စိတ်ထဲမှာ ဒီတိုက်ဟာ သူ့တိုက်ပဲလို့ ထင်ယောင်ထင်မှား ဖြစ်နေတယ်ထင်တယ်။ တိုက်ရဲ့ ဝရန်တာကို ခဏခဏထွက်ပြီး အပြင်ဘက်ကိုကြည့်လိုက် သူ့တိုက်ကို ပြန်ကြည့်လိုက်နဲ့ လုပ်နေတယ်။

သုံးရက်လောက်ကြာတော့ ဦးသိန်းဒန်ဟာ တစ်မနက် စောစောစော သူအိပ်တဲ့ ခုတင်ကို ကိုင်ကြည့်လိုက် သူ့အိပ်ခန်းကို အပြန်ပြန် အလှန်လှန် ကြည့်လိုက်နဲ့ လျှောက်လုပ်နေတယ်။ အတော်ကလေးကြာတော့ သူ့အိပ်ခန်းက

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပြီး တိုက်ရဲ့အတွင်းဘက်တွေကို လျှောက်ကြည့်နေတယ်။ ပြီးတော့ ဘုရားခန်းကို သွားတယ်။ ဘုရားကျောင်းဆောင်ရှေ့မှာ တအောင့်လောက် ရပ်နေပြီး တစ်ခုခုကို သတိရလာတာနဲ့ သောက်တော်ရေကို လဲတယ်။ နောက်ပြီးတော့ ဘုရားရှိခိုးတယ်။ ဘုရားရှိခိုးပြီး အမျှဝေတယ်။ ကြေးစည် တီးတယ်။ သူ အရင်က လုပ်ခဲ့တာတွေကို အဲဒီလို အကုန်လျှောက်လုပ်တယ်။

ပြီးတော့မှ တိုက်အောက်ကို ဆင်းသွားတယ်။ တိုက်အောက်ရောက်တဲ့ အခါ သူ့တုတ်ကောက်တွေ ထားတဲ့နေရာမှာ တုတ်ကောက်တစ်ချောင်း သွားယူပြီး ပန်းခြံထဲကို ဆင်းသွားတယ်။ အဲဒီလို သူ ရှေးကလုပ်ခဲ့တဲ့အတိုင်း လျှောက်လုပ်နေပြန်တယ်။

ကြိုင်ကြိုင်နဲ့ ဒေါ်ရွှေလည်း သူ့အဖေ ပန်းခြံထဲမှာ လျှောက်နေတာကို တိုက်ထဲက ချောင်းကြည့်နေတယ်။ တစ်အောင့်လောက်ကြာတဲ့အခါ ဦးသိန်းဒန် ဟာ တိုက်ထဲ ပြန်ဝင်လာပြီး သူထိုင်နေကျ ကြိမ်ပက်လက် ကုလားထိုင်ပေါ်မှာ အသာ လှဲနေတယ်။ အဲဒီလို လှဲနေတဲ့အခါ သူ့ဆီကို ကော်ဖီနဲ့ မုန့်နဲ့ ယူလာနေကျ မသန်းညွန့်က ကော်ဖီနဲ့ မုန့်ကို ယူလာတယ်။

ဦးသိန်းဒန်က…

"သန်းညွန့်၊ ဒေါ်ရွှေကို လွှတ်လိုက်စမ်း"

လို့ ပြောတယ်။

ကြောင်တောင်တောင်ဖြစ်ပြီးမှ သူ့ကို…

"အိပ်ကောင်းသလား၊ စားကောင်းသလား၊ နေကောင်းသလား"

လို့ မေးရင်…

"ကောင်းတယ်၊ မကောင်းဘူး"

လို့ ဖြေတာကလွဲပြီး ဒါဟာ ပထမဦးဆုံး ဦးသိန်းဒန် စကားပြောတာပဲ။

ဒေါ်ရွှေ ရောက်လာတဲ့အခါ…

"ဒေါ်ရွှေရေ၊ ကျွန်တော်တို့တိုက်ကို ပြန်ရောက်နေသလား၊ ကျွန်တော် အိပ်မက်များ မက်နေသလား"

လို့ မေးတယ်။

"အိပ်မက် မဟုတ်ပါဘူး သူဌေးရယ်၊ တိုက်ကို အဟုတ်ပြန်ရောက် နေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဒေါ်ရွှေက ပြောတယ်။

"ဘယ်လို ပြန်ရောက်ပုံလဲ"

လို့ ဦးသိန်းဒန်က မေးတယ်။

"တခြားအကြောင်းတွေကို မပြောခင် ဦးသိန်းဒန်ဟာ ကျင်ဟုတ်ရဲ့ စာကိုဖတ်ဖို့ အရေးကြီးတယ်၊ ကျင်ဟုတ်ရဲ့စာကိုဖတ်ပြီး ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့အပေါ်မှာ အပြစ်မရှိဘူးဆိုတာ ဦးသိန်းဒန်ရဲ့စိတ်ထဲမှာ ရှင်းသွားတော့မှ ကျန်အပိုင်းတွေကို ပြောမယ်"

လို့ ဒေါ်ရွှေ စိတ်ကူးထားတဲ့အတိုင်း အသင့်ဆောင်ထားတဲ့ ကျင်ဟုတ်ရဲ့စာကို ဦးသိန်းဒန် ပေးလိုက်တယ်။

ဦးသိန်းဒန်လည်း မျက်မှန် အယူခိုင်းပြီး စာကို ဖတ်ကြည့်တယ်။ ဖတ်ပြီးတဲ့အခါ ဦးသိန်းဒန်က သူ့တည့်တည့်ကိုကြည့်ပြီး တစ်ခုခုကို တွေးနေတယ်။

နှစ်မိနစ်လောက်ကြာတော့…

"သူဌေး နေမကောင်းနေတုန်းက ကျင်ဟုတ်မိန်းမ စိန်ရှင်က ကျင်ဟုတ်ရဲ့ညီ ကျင်စိန်နဲ့ ခိုးရာလိုက်ပြေးတယ်၊ အဲဒါနဲ့ ကျင်ဟုတ်လည်း ဘိန်းမျိုတာ ကံကောင်းလို့ မသေတယ်၊ သတင်းစာထဲမှာ ပါလာတယ်"

လို့ ဒေါ်ရွှေက ပြောတယ်။

ဦးသိန်းဒန်ဟာ ရှေ့တည့်တည့်ကို ကြည့်မြဲ ကြည့်ရင်း…

"အင်း၊ သူ့ထိုက်နဲ့ သူ့ကံပေါ့ ဒေါ်ရွှေရယ်"

လို့ ပြောတယ်။

တစ်အောင့်လောက်ကြာတော့မှ…

"ဒီကောင် လူကောင်းမဟုတ်ဘူးဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် အကုသိုလ်ဝင်လာတော့ ဒီအကောင်ရှုပ်နဲ့မှ ကျွန်တော် သွားပြီး ပေါင်းမိအောင် ပေါင်းလိုက်ရတယ်၊ ဒေါ်ရွှေရေ၊ လူရှုပ်တွေ လူမိုက်တွေနဲ့ ပေါင်းရတာ တယ်ကြောက်စရာကောင်းတယ်နော်"

လို့ ဦးသိန်းဒန်က ပြောတယ်။

"သူဌေးရယ် လူမိုက်နဲ့ မပေါင်းနဲ့၊ အဝေးကြီးက ရှောင်ရမယ်ဆိုတာ မင်္ဂလသုတ်မှာ မြတ်စွာဘုရား အရင်ဆုံး ဟောတော်မူတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ ဦးသိန်းဒန် ကို ဒေါ်ရွှေက ထောက်ခံလိုက်တယ်။

တစ်အောင့်လောက်ကြာတော့…

"ဒေါ်ရွှေရေ၊ ကျွန်တော်လည်း ဒေါသဖြစ်ဖြစ်နဲ့ လျှောက်ရမ်းလိုက်တာ လက်တွေလွန်ကုန်ပြီ၊ မောင်ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့တော့ ကျွန်တော့်ကို သိပ်စိတ်နာနေမှာပဲ"

လို့ ဦးသိန်းဒန်က ပြောတယ်။

"စိတ်မနာပါဘူး သူဌေးရယ်၊ သူဌေး ဇရပ်မှာနေတုန်းက မောင်ချစ်ဦးနဲ့ ကြိုင်ကြိုင်က တစ်လ နှစ်ရာထောက်တယ်"

လို့ ဒေါ်ရွှေက စ,လိုက်တယ်။

"သာဓုဗျာ သာဓု"

လို့ ဦးသိန်းဒန်က ရွှင်ရွှင်ပျပျ သာဓု ခေါ်တယ်။

"နောက်ပြီးတော့လည်း သူဌေး နေမကောင်းတဲ့အခါတွေမှာ မောင်ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ပဲ ဆရာဝန်ခေါ်ပေးတာပဲ၊ ရန်ကုန်မှာ ဆေးတွေ ဝယ်စရာ ရှိရင်လည်း မောင်ချစ်ဦးကိုယ်တိုင် သွားဝယ်ပေးတာပဲ၊ သူတို့က တော့ သူဌေးရဲ့အခန်းထဲကို မဝင်ရဲလို့ နောက်ဖေးမှာပဲ နေကြတယ်၊ သူတို့ နေ့တိုင်း လာကြတယ်"

လို့ ဒေါ်ရွှေက ဆက်ပြောတယ်။ ဦးသိန်းဒန်လည်း သာဓုခေါ်ပြန်တယ်။

"ဒီတိုက်ပေါ် သူဌေးပြန်ရောက်လာတာကတော့ ဒီလိုပါ၊ သူဌေး စိတ်ခိုင်ခိုင်သာ ထားပါတော့၊ မြိုင်မြိုင်ရော၊ လှိုင်လှိုင်ရော ဆုံးကုန်ကြပြီ"

လို့ ဒေါ်ရွှေက စ,လိုက်တဲ့အခါ ဦးသိန်းဒန်က…

"သူတို့ထိုက်နဲ့ သူတို့ကံပေါ့ ဒေါ်ရွှေရယ်"

လို့ပဲ စကားပြန်တယ်။

ရှေ့ဆက်မပြောတာနဲ့…

"မြိုင်မြိုင်ရဲ့ ပစ္စည်းတွေကို သူ့ယောက်ျား မောင်လွန်းမောင်နဲ့ သမီးကလေး ခင်လွန်းမြိုင်တို့ ရတယ်၊ လှိုင်လှိုင်ရဲ့ယောက်ျား မောင်လှစိန်လည်း ဆုံးတယ်၊ ဒါကြောင့် လှိုင်လှိုင့်ပစ္စည်းတွေကို ကြိုင်ကြိုင်ရတယ်"

လို့ ဒေါ်ရွှေက ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကံအကျိုးပေးပုံတွေဟာ တယ်ထူးဆန်းတယ်နော်၊ ကျွန်တော်က ပစ္စည်းတွေ ဘယ်သူ့ကိုပဲ ပေးပေး၊ ရထိုက်တဲ့ လူတွေသာ ရတာပဲ"

လို့ ဦးသိန်းဒန်က ပြောတယ်။

"လှိုင်လှိုင်ရဲ့တိုက်ကို မောင်လွန်းမောင်ကို ပေးလိုက်ပြီး ဒီတိုက်ကြီးကို ကြိုင်ကြိုင်က ယူတယ်၊ ဒီတိုက်ကြီးမှာ သူဌေး နေသွားတုန်းကအတိုင်း ဖြစ်အောင် ကြိုင်ကြိုင်ကိုယ်တိုင် ပြင်ဆင်ပြီးတာနဲ့ သူဌေးလည်း ဒီတိုက်ပေါ် ပြန်ပြောင်းလာရတာပဲ သူဌေးရယ်"

လို့ ဒေါ်ရွှေက စကားအဆုံးသတ်လိုက်တယ်။

ဦးသိန်းဒန်လည်း ရှေးနည်းအတိုင်း သာဓုခေါ်ပြီး…

"ကျွန်တော့်သမီးကလေးကို တွေ့ချင်တယ် ဒေါ်ရွှေရယ်၊ ခေါ်ပေးစမ်းပါ"

လို့ ပြောတယ်။

"မောင်ချစ်ဦးရော ကြိုင်ကြိုင်ရော ဒီမှာ ရှိပါတယ်၊ အဆင်သင့်ပါပဲ၊ နှစ်ယောက်စလုံး ခေါ်လိုက်ရမလား"

လို့ ဒေါ်ရွှေက မေးတယ်။

"ကျွန်တော့်ကို မောင်ချစ်ဦး အဟုတ် စိတ်မနာဘူးလား ဒေါ်ရွှေ"

လို့ ဦးသိန်းဒန်က မေးတယ်။

"မနာပါဘူး သူဌေးရယ်၊ သူဌေး နေမကောင်းဖြစ်နေတုန်းက သူတို့နှစ်ယောက် နေ့တိုင်းပရိတ်ရွတ်ပြီး ပရိတ်ရေကို သူဌေးသောက်ဖို့ နှစ်ယောက်စလုံး နေ့တိုင်းလာပို့ကြတာပဲ"

လို့ ဒေါ်ရွှေက ရှင်းပြတယ်။

"ဩော် ဒီလိုကိုး၊ သာဓုဗျာ သာဓု"

လို့ ခေါ်ပြီး…

"မောင်ချစ်ဦးကိုပါ ခေါ်လိုက်ပါ"

လို့ ဦးသိန်းဒန်က ပြောတယ်။

မောင်ချစ်ဦးနဲ့ ကြိုင်ကြိုင်တို့ ထွက်လာပြီး ဦးသိန်းဒန်အနားမှာ ထိုင်တယ်။ ဦးသိန်းဒန်က မျက်နှာခပ်ပွပွဖြစ်နေတာနဲ့ မောင်ချစ်ဦးကပဲ…

www.burmeseclassic.com

www.burmeseclassic.com



"ဦး နေကောင်းရဲ့လား"

လို့ စ လိုက်တယ်။

ဦးသိန်းဒန်လည်း မောင်ချစ်ဦး မေးတာကို မဖြေဘဲ...

"မောင်ချစ်ဦးရေ၊ ဦး အပြစ်တွေဟာ သိပ်ကြီးတယ်ကွယ်၊ ဒီအပြစ်တွေက ခွင့်လွှတ်ဖို့ ဦး တောင်းပန်ပါတယ်၊ သမီးကလည်း ခွင့်လွှတ်ဖို့ ဖေဖေ တောင်းပန်ပါတယ်"

လို့ ပြောပြီး မျက်ရည်တွေကျလာတယ်။ ကြိုင်ကြိုင်လည်း မျက်ရည်တွေ ကျနေတယ်။ ဒေါ်ရွှေကြီးလည်း အနားက မျက်ရည်တွေ ကျနေတယ်။

ချစ်ဦးက...

"ဦးရယ်၊ ကျွန်တော် ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော့်ကို လည်း ဒီကနေ့ကစပြီး သားရင်းလိုပဲ သဘောထားပါ၊ ဆုံးမစရာရှိရင် ဘာမှ အားမနာဘဲ သားရင်းကို ဆုံးမသလို ဆုံးမပါ၊ ကျွန်တော်ကလည်း ဒီကနေ့ ကစပြီး ကျွန်တော့် ဖခင်အရင်းလိုပဲ သဘောထားပါ့မယ်"

လို့ သူ့ကိုယ်ကို အပ်နေတယ်။ BURMESE CLASSIC

ဦးသိန်းဒန်က...

"သာဓုဗျာ၊ သာဓု သာဓု၊ ဖေဖေ့ကို စိတ်ချမ်းသာအောင် လုပ်တဲ့ ကုသိုလ်တွေကြောင့် ငါ့သားနဲ့ ငါ့သမီး နှစ်ယောက်စလုံး ချမ်းသာကြပါစေ၊ ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့်ဘေး ဝေးပါစေ၊ ဒီလင် ဒီမယား အိုအောင် မင်းအောင် ပေါင်းကြရပါစေဗျာ"

လို့ အသည်းထဲက လှိုက်လှိုက်လှဲလှဲ ထွက်လာတဲ့အသံနဲ့ ဆုမွန်ကောင်းတောင်းလိုက်တယ်။

❑

၁၃၊ ၇၊ ၁၉၆၄။ မောင်နု

**နံနက် ၁၀ နာရီ ၁၀ မိနစ်၊ ၁၃၊ ၇၊ ၁၉၆၄၊ တနင်္လာနေ့။**

**၁၃၂၆ ခု၊ ဒုတိယဝါဆိုလဆန်း ၄ ရက်နေ့တွင် ရေးပြီးသည်။**

www.burmeseclassic.com

www.burmeseclassic.com





တာတေစနေသား
တန်ဖိုး– ၄၅၀၀ကျပ်




ရှေ့တန်းခေါင်းဆောင်ဖြစ်လိုသော်
တန်ဖိုး– ၂၀၀၀ကျပ်




www.burmeseclassic.com